


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ရပ်ဝေး မြေခြား စွန့်စားခန်း ဟာသမဟာ ဝတ္ထုတော်ကြီး

# ဝူးမွေအောင်

# ဆလုံးရေဝ

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၅၈၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၀၉၁၀၀၇

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ကိုသိန်းထွန်းဦး |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ဝ၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


# ဓာပုံးရေ ၁

လေးစားခင်မင်ရပါသော ပရိသတ်ကြီးခင်ဗျား . . .

ဟိုး . . ယခင့် ယခင်က ရှေးဦးစွန့်စား မြန်မာသင်္ဘောသားကြီးတွေက ပင်လယ်ကိုဖြတ်ပြီး ကမ္ဘာကိုပတ်ကြတဲ့သကာလမှာ သူတို့တွေ ကြုံဆုံ ဆက်ဆံခဲ့ရတဲ့ ရေခြားမြေခြားက နိုင်ငံပေါင်းများစွာ၊ လူမျိုးပေါင်းများစွာတို့ကို မြန်မာအချင်းချင်းသာသိတဲ့ 'ဗန်း' စကားနဲ့ ပြောဆိုသုံးစွဲကြမယ်လို့ ကြံစည်ကြတော့ . . .

ကိုယ့်မြန်မာလူမျိုးအချင်းချင်း တကောင်းအဘိရာဇာသကျသာကီဝင်တွေကိုတော့ အဖိုးအနဂ္ဂထိုက်တန်အောင်'ရွှေ' နဲ့နှိုင်းပြီး 'ရွှေ' လို့ကင်ပွန်းတပ်ခဲ့ကြပါသတဲ့ . .။

ကမ္ဘာတစ်လွှားက နိုင်ငံပေါင်းစုံနဲ့ လူမျိုးပေါင်းများစွာကိုတော့ ရွှေအချင်းချင်း လွယ်ကူစွာသိရှိသဘောပေါက်နိုင်အောင် နိုင်ငံအမည်ရဲ့အစစာလုံးကို မြန်မာသင်ပုန်းကြီးထဲက ဗျည်းအက္ခရာသုံးဆယ့်သုံးလုံးနဲ့ ဖလှယ်ကာ အစပ်အဟပ်တည့်အောင် တီထွင်ခေါ်ဆိုကြတော့ . . .

မလေးရှားနိုင်ငံ မလေးလူမျိုးကို 'မ'၊ အင်ဒိုနီးရှားကို'အ'၊



www.burmeseclassic.com

www.burmeseclassic.com

# ဂျူးရွှေအောင်

ယိုးဒယား (ထိုင်း)ကို 'ယပက်လက်'၊ ဗီယက်နမ်ကို 'ဗထက်ချိုင့်'၊ ဘင်္ဂလားဒေ့ရှ်ကို 'ဘကုန်း' စသည်ဖြင့် စသည်ဖြင့် လွှဲပြောင်းကာ ခေါ်ဝေါ်ကြတာကြောင့် . .

ကျွန်တော့်ဝတ္ထုအမည်ရှေ့ဆုံးက 'စလုံး' ဆိုတာကလည်း ဘယ်နိုင်ငံကို ရည်ညွှန်းလိုက်ပြီဆိုတာကို ပရိသတ်ကြီး ရိပ်မိလောက်ပြီဟု ထင်ပါသော်လည်း . . . .

ဤဝတ္ထုဇာတ်လမ်းလေးမှာ အဓိကနောက်ခံထားပြီး ကျွန်တော်ရေးသားပြမယ့် ပထဝီဝင်ဒေသကို မိတ်ဆက်ပေးရမယ်ဆိုလျှင်ဖြင့် . . .

သာယာတဲ့နိုင်ငံလိုတစ်မျိုး၊ ဒဏ်ရိုက်တဲ့ နိုင်ငံလိုတစ်သွယ်၊ အဓိပ္ပါယ်နှစ်ခွထွက်ပါတဲ့ Fine City ဆိုပြီး ကျော်ကြားတဲ့ စင်္ကာပူနိုင်ငံလေးပါပဲ ခင်ဗျ . . .။

စတုရန်းမိုင်နှစ်ဆယ်ကျော်သာသာ ကျယ်ဝန်းတဲ့ နိုင်ငံငယ်လေးဖြစ်ပေမယ့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ အင်္ဂလိပ်ဆိုပြီး ဘာသာစကားကြီးလေးမျိုးကို အဓိကထားပြီး သုံးစွဲကြတဲ့အတွက် ပရိသတ်များ နားရှင်း၊ အမြင်ရှင်းအောင် တတ်နိုင်သမျှ ကျွန်တော် မြန်မာလိုပဲရေးပြပါ့မယ် . . (မြန်မာလိုပဲ ကျွန်တော်ရေးတတ်လို့ပါခင်ဗျ)

# စလုံးရေ စ

အနုပညာကို ဝါသနာပါသလို မြတ်နိုးတန်ဖိုးထားတဲ့ ရွှေမြန်မာလေးတစ်ယောက်ဟာ ရေခြားမြေခြားကို စရောက်ရောက်ခြင်း နှစ်ဆယ့်လေးနာရီအတွင်း ဆုံတွေ့ခဲ့ရတဲ့ သူတွေ၊ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်အကြောင်းတွေကို အိပ်သွန်ဖာမှောက် ရေးပြတော့မှာဖြစ်လို့ . . .

ယခုအချိန်မှာ ဘိုတောက်ဆိုတဲ့ ရွှေမြန်မာလေးတစ်ယောက်ဟာ ရေခြားမြေခြားကို ခြေဆန့်ဖို့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းက MAI လေယာဉ်ကြီးပေါ်မှာ ရောက်ရှိနေရာသူပြီးနေပါပြီ။

ရွှေမြန်မာလေးဘိုတောက်အတွက် စင်္ကာပူနိုင်ငံကို ပထမဆုံးအကြိမ်စပြီး ခရီးသွားရမှာဖြစ်သလို၊ လေယာဉ်ပျံဆိုသဟာကြီးကိုလည်း ပထမဆုံးအကြိမ်စပြီး စီးနင်းလိုက်ပါရတာဖြစ်လို့ ရင်တွေတောင် ခုန်နေပါသတဲ့။

ခရီးစဉ်အတွင်းမှာ သူဘာတွေများတွေ့ကြုံပြီး၊ ဟိုနိုင်ငံမှာ ဘာတွေဖြစ်ဦးမှာလဲဆိုတာ သိချင်ကြပြီဆိုရင်ဖြင့် . . .

ကိုင်း . . ပရိသတ်ရေ . . .

"စလုံးရေ . . . စ . . ."



www.burmeseclassic.com

www.burmeseclassic.com





## မြန်မာစံတော်ချိန် ၁၂း၃၀

BURMESE CLASSIC .com

ကျွန်တော်ရောက်ရှိနေတဲ့ လက်ရှိအနေအထားက နှလုံးတုန်၊ ဒူးတုန်ပြီး ရင်ခုန်စရာကောင်းလှပေမယ့် ကျေနပ်ပီတိဖြစ်မိတာတာတော့ အမှန်ပါ။ ငယ်ငယ်လေးတည်းက အထွတ်အထိပ်ကို သိပ်ရောက်ချင်နေခဲ့တဲ့ ကျွန်တော်။ မြင့်မြင့်မားမားကို ရောက်ချင်နေခဲ့တဲ့ ကျွန်တော့်အဖို့ ယခုရောက်ရှိနေတဲ့နေရာက မြေပြင်အထက်ပေ 'သုံးသောင်းကျော်' မှာဆိုတော့ ဟဒယနှလုံးသားခမျာ ဖတ်လတ်၊ ဖတ်လတ်နဲ့ တုန်ခါတဲ့အထိ မြူးတူးပျော် ပါးခံစားမိခဲ့တာကတော့ အမှန်ပါ။

တစ်သက်နဲ့တစ်ကိုယ် ပထမဦးဆုံးအကြိမ် လေယာဉ်ဆိုသဟာကြီးကို စပြီးစီးရလေတော့ ဒီလောက်မြောက်မြားလှတဲ့ လူတွေ၊ အိတ်တွေ၊ ကုန်တွေကို တင်ဆောင်ထားတဲ့ အန္တီလေယာဉ်ကြီး လေထဲကိုကြွမ့ကြွတက်နိုင်ပါတော့မလားရယ်လို့ အတွေးတော်က ဘေးကိုချော်ကာ လူ့မှာလည်း ဇောချွေးတွေပြန်ရုံမက ဒူးတွေတောင်မှ တဆတ်ဆတ်တုန်မိသဗျ။

အဲဒါကြောင့်လည်း "ရှေးရှေးဘဝဘာ အတိတ်တေက စလို့ ယခုလက်ရှိ ငုတ်တုတ်ထင်ရှား အရှင်လတ်လတ်ဘဝအထိ ပြုခဲ့ဖူးသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံတွေ၏ အကျိုးကြောင့် ကျွန်ုပ်လိုက်ပါ စီးနင်းနေသော MAI လေယာဉ်ကြီးသည် နှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေပြင်လွှာအထက်မှ လွယ်ကူစွာဖြင့် ရှန်းကြွလွတ်မြောက်နိုင်ပါစေသား"

လို့ သစ္စာဆိုရင်း အသက်ကိုအောင့်ပြီး ဆုတောင်းမိတာကလည်း တစ်သက်မမေ့ရက်စရာပါပဲ။

မြေတုန်ပြီး မိုးပြိုလုမတတ် ဂျိုးဂျိုးဂျိမ့်ဂျိမ့် ဆူဆူညံညံ အသံတွေနဲ့ အင်ဂျင်စွမ်းအားအပြည့်အဝသုံးရင်း ငှက်အသွင်ပျံကြွလို့ မြေပြင်ကလွတ်မြောက်ကာ လေထဲကို ရှောရှောရှူရှူရောက်နေပေမယ့် မိုးအထက်ဝဋ္ဋာကိုတိုးလို့သာ တက်နေပြန်တာကြောင့် 'သောတအာရုံ' နားအတွင်းမှ 'ဝါယော' ဆိုတဲ့ 'လေ' ဓာတ်တွေက ဖောက်ပြန်ကာ စီစီ . . စီစီနဲ့ မြည်သံတွေပေးပြီး ဝွတ်ဘိုင် . . တာ့တာ . . . လုပ်ရင်း အလုအယက်ထွက်ခွာနေသမို့ ဓာတ်ကြီးလေးပါးရဲ့ Balance ဟန်ချက်တွေ ပျက်ကုန်တဲ့ အပုပ်ကောင်ကြီးခမျာ မျက်စိကိုစုံမှိတ်၊ ကြောက်စိတ်တွေ ငယ်ထိပ်တက်ပြီး . . .

"ဘုရား . . ဘုရား . . လေယာဉ်ကြီးကလည်း တက်မယ့်တက်တော့ အထက်ကိုနင်းကန်တက်နေတာပဲ . . ဆွဲ ဆရာရေ . . . ဆိုတဲ့ စပယ်ယာရဲ့ အသံကိုကြားလိုက်ရုံနဲ့ တစ်ချက်လွှတ်အမိန့်သဏ္ဍာန်ထင်မှတ်ပြီး 'လီဗာ' ကို ကြမ်းပြင်ပေါက်ထွက်သွားလုမတတ်နင်းရင်း နောက်မကြည့် . . ရှေ့မငဲ့ဘဲ အတင်းဖြတ်ကျော်တက်တဲ့ လိုင်းကားသမားကိုများ လေယာဉ်ဒရိုင်ဘာခန့်ထားလေသလားဟဲ့"

ကောင်းကင်ပေါ်မှာ မော်တော်ပီကယ်၊ ယာဉ်ထိန်းရဲမရှိမှန်းဒင်းသိနေလို့စိတ်သွားတိုင်း လီဗာပါဖွတ်ကြီးနင်းကန်တက်နေလို့ကတော့ 'အိုဇုန်းလွှာ' အပေါက်ကြားက ဖြတ်ပြီး စကြာဝဠာမဟာတံတိုင်းနဲ့ဝင်တိုက်မိတော့မှာပါပဲ။





အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးရဲ့ တန်ခိုးတေဇော်ဘုန်းတန်ခိုးအာနုဘော်ကြောင့် မာန်နတ်မင်းကြီး ခေါင်းနဲ့ပြေးဆောင့်မိခဲ့တဲ့ စကြာဝဠာ မဟာရံတံတိုင်းနေရာတည့်တည့်ကိုသာ ဝင်တိုက်မိလို့ကတော့ ဒုက္ခတွေလှလှပပ ကြွေရရကြီးတွေ့ရချည်ရဲ့။ အခုအချိန်ဆို အဲဒီနေရာမှာ အားဖြည့် သံကူကွန်ကရစ်တွေနဲ့ စကြာဝဠာမဟာရံတံတိုင်းကို ဖာထေးဖြတ်ဆက်ပြင်ပြီးသား ဖြစ်နေမှာမို့ အလန့်တကြားနဲ့စိတ်ထဲကနေ . . . .

"အိုး . . မိုးကောင်းကင်မှာ စောင့်ရှောက်နေကြတဲ့ သမ္မာဒေဝနတ်မြတ်နတ်ကောင်း လောကပါလ မော်တော်ပီကယ် ယာဉ်ထိန်းအပေါင်းတို့ ကြည့်ကောင်းကောင်းနဲ့ကြည့်မနေကြပါနဲ့။ သင်မောင်းလိုင်စင်လား၊ သက်တမ်းလွန်လိုင်စင်လား သိရအောင် ဆပ်ပလိုင်းချက်ဝင်တော်မူကြပါ။ အရှိန်တုန့်အောင် ခရာကိုမှုတ်ရင်း လုပ်ဆောင်စရာရှိတာ လုပ်ပေးတော်မူကြပါ။

ပင်လယ်သမုဒ္ဒရာမှာ Bay watch (ကမ်းခြေစောင့်ရှောက်ကြည့်ရှု) တာဝန်ကို ထမ်းဆောင်နေတဲ့ မဏိမေခလာနတ်သမီးခွင့်ယူထားရင်လည်း အချိန်မီ မိခင်ဌာနကို အမြန်ပြန်လာပြီး ကြည့်ရှုစောင်မပေးတော်မူပါ။ လေယာဉ်ဟာ ပင်လယ်ပြင်ပေါ်မှာ ရှိနေသမို့ မတော်တဆပြုတ်ကျလာရင် ပါရမီနုံ့နဲ့တဲ့ သနားစရာအညတြလူသားကို Welcome နိုင်အောင် Stand By အဆင်သင့်နေပေးတော်မူပါ။ ပါရမီအရင့်အမာနဲ့ အလောင်းတော် မဟာဇနက္ကတောင်မှ တစ်ပတ်ကြာမှ ငါကယ်မသဟဆိုပြီး ရွှေထုံးသာစကကြီးကို ပြမနေပါနဲ့။ ကျွန်တော်ဟာ ရေမကူးတတ်သူမို့ ဗွမ်း . . ခနဲ မမြုပ်ခင် . . ဖျတ်ခနဲ သုတ်မှ ရှင်သန်ရမယ့် ဘဝမို့လို့ သနားတော်မူပါလို့ ကယ်ပါ၊ ယူပါ၊ တစာစာနဲ့ မဏိမေခလာထံ တောင်းဆုတွေသာ ချွေနေရတယ် . . ကိုယ့်ဟာကိုယ်လည်း စိတ်ကမလုံ၊ အားလည်းမရလှပါဘူး။ ဘယ့်



www.burmeseclassic.com

www.burmeseclassic.com



နှယ်ဗျာ . . မဟာဇနက္ကကို မေခလာကယ်ချိန်မှာ အလောင်းတော်ကြီးက အတောင်နှစ်ဆယ်ကြီးကို ဝတ်ထားတာမဟုတ်လား။ ကျွန်တော့်မှာတော့ အကြောင်းညီညွတ်လို့ ဘောင်းဘီဝတ်လာရတဲ့ သူဆိုတော့ကာ အရင်လူနဲ့ အသွင်မတူဘူးဟဆိုပြီး မျက်နှာလွှဲရင် ဘယ့်နှယ်လုပ်မလဲလို့ . . အားငယ်စိတ်က ငယ်ထိပ်အထိတက်လာပြန်တာကြောင့် ကယ်မမည့်သူကို ထပ်မံ တွေးကြည့်ပြန်တော့ . . .

အလို . . ပင်လယ်ဆိုတာ ရေငန်၊ ဒါဆိုရင် ရေငန်ပိုင် ဦးရှင်ကြီးကိုသာ တလို့ကတော့ သဘာဝကျပြီဟ။ ဦးရှင်ကြီးဆိုတာကလည်း အများသိတော်မူတဲ့အတိုင်း စောင်းအတီးကောင်းလို့ သူ့ရဲ့ဝမ်းမန်းရှိုးပွဲကို နတ်တွေက သဘောကျပြီး စပွန်ဆာကောင်းကောင်းပေးတာ လူစင်စစ်ကနေ နတ်အသွင်ပြောင်းသွားတဲ့ သူမဟုတ်လား။ သူလည်း ရွှေ ကိုယ်လည်း ရွှေမို့လို့ ရွှေရွှေချင်းတော့ ပစ်မထားရက်ပါဘူးလေ ဆိုပြီး အနည်းငယ်ဘဝင်ကျသွားပေမယ့် ဦးရှင်ကြီးက တကယ့်ကို ဂီတအနုပညာသမားစစ်စစ်ကြီး။ ငါကတော့ ကသာကတတ်ပေမယ့် ရင့်သန်တဲ့ပါရမီကြောင့် ကြေးစည်ကိုတောင်မှ သံစဉ်မှန်အောင် မထုတတ်လေတော့ ဂရုတစိုက်မှရှိပါ့မလားရယ်လို့ စိတ်အားတော်တစ်ဖန် ပြန်ငယ်ပြန်ပါတယ်။

ဒီတော့မှပဲ တကယ့်တကယ် အရေးကြုံလာရင် မေတ္တာတော်အနန္တနဲ့ လူစင်စစ်ကနေ ဘုရားရှင် ဧကန်အမှန်ဖြစ်တော်မူတဲ့ ရှင်တော်မြတ်ဗုဒ္ဓမှတစ်ပါး ကိုးကွယ်ရာအခြားမရှိတော့ကြောင်း ကောင်းကောင်းကြီး သဘောပေါက်လိုက်ပြီမို့ ဂုဏ်တော်ကို လွှမ်းခြုံရင်း ဂုဏ်တော်ကွန်ချာကို အနုလုံပဋိလုံ ရွတ်ဖတ်သရဇ္ဈာယ်လိုက်မှ နောက်ကျိနေတဲ့နှလုံး ပြန်လည်လန်းဆန်းသွားသဗျ။

အဲဒီ့အချိန်မှာ 'ထမင်းကို ဘာနဲ့စားမလဲ' ဆိုတဲ့ မြန်မာသံ လွင်လွင်လေးက ချိုချိုသာသာထွက်ပေါ်လာတာကြောင့် နတ်မျက်စိ





ပုလင်းကွဲကို အတင်းဖြဲကြည့်လိုက်တော့ . . .

အလို . . လေယာဉ်စပယ်ယာမလေးတွေက ထမင်းထုပ်တွေ လိုက်ဝေနေပါရောလား။ ငါ့အဖို့မှာတော့ ဝေဟင်ခရီးကို ပထမဆုံးလေယာဉ်စီးရတာမို့ အသည်းနှလုံးပြောင်းဆန်အောင် ကြောက်လန့်တုန်ရင်နေပေမယ့် ကျန်တဲ့ခရီးသည်အားလုံးကတော့ ရင့်ကျက်တဲ့သဘာနဲ့ စားစရာတွေကိုတောင် သုံးဆောင်နေကြပြီပဲ။ ငါနဲ့ ခုံတစ်တန်းတည်းဘေးနားက ဥရောပသား အဘိုးကြီးနဲ့ အဘွားကြီးဆိုရင် အပူအပင်စိုးစေ့မှမရှိဘဲ ထွေရာလေးပါး စကားပြောရင်း တပြုံးပြုံးနဲ့ ကြည်နူးနေကြတာများ အားကျစရာကြီးပါလား ဟရို့ရဲ့။

ဟော . . အနားရောက်လာတဲ့ လေယာဉ်စပယ်ယာမလေးက ငါ့ကိုပြုံးပြသဟ . . အဲဒါကြောင့် အပြုံးပေးရင် နှလုံးအေးတယ်ဆိုတဲ့စကားများ တယ်မှန်တာပဲ။ မေတ္တာရောင်ပြန်ဟပ်အောင် ကိုယ်က တစ်ဖန်ပြုံးပြလိုက်တာနဲ့ သကာလ လေယာဉ်စပယ်ယာမလေးက

"စားသောက်စရာ ဗန်းတင်ဖို့ ရှေ့က ခေါက်စားပွဲလေးကို ဖွင့်လိုက်ပါရှင့် . . ."

လို့ မြန်မာလို ပီပီသသပြောပြသော်လည်း သူ့စကားကို ကျွန်တော်နားမလည်တာက ကိုယ့်ရှေ့တည့်တည့်မှာ ရှေ့ကလူထိုင်နေတဲ့ခုံကြီးသာ ထီးထီးကြီးရှိပြီး ခေါက်စားပွဲဆိုသဟာကို ရှာမတွေ့လို့ ဒီခုံမှာငါထိုင်ကတည်းက ခေါက်စားပွဲကို မတွေ့မမြင်ခဲ့ပါဘူး ဘယ်သူများယူသွားပါလိမ့်လို့ တအံ့တသြနဲ့ကြောင်အအဖြစ်ပြီး မယုံသင်္ကာနဲ့ ဘေးခုံက ဥရောပသား လင်မယားကို လှည့်ကြည့်မိတော့ သူတို့ လင်မယားက ရှေ့ခုံရဲ့ကျောမှီနေရာက ခလုတ်ကိုဆွဲလှည့်ပြီး ခေါက်စားပွဲကို ခွာထုတ်လိုက်တာမြင်ရမှ တည့်တည့်ကြီးလုပ်ပြလို့ ကောင်းကောင်းကြီးသဘောပေါက်သွားတဲ့ ကျွန်တော်လည်း ထိုနည်းလည်းကောင်းအတိုင်း ခေါက်စားပွဲကိုထုတ်ယူလိုက်တာနဲ့ တစ်ပြိုင်နက် . .



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းကြော်ကို ဝက်သားနဲ့စားမလား ဆီးဖုဒ်(ပင်လယ်စာ)နဲ့စားမလား။ သက်သတ်လွတ်သီးစုံနဲ့ စားမလား"

လို့မေးလာတာကြောင့် ကြက်သီးမွေးညှင်းပါ ထောင်သွားသဗျ။ ဘယ့်နှယ့်ဗျာ မြေပြင်ပေါ်မှာ ဘီးလိမ့်ပြီး သွားနေတဲ့ မော်တော်ကားသမားတွေတောင်မှ ကြောက်လန့်တကြားနဲ့ ဝက်ဆိုတာကို ဝေရာမဏီလုပ်နေချိန်မှာ လေထဲမှာသွားနေတဲ့ဟာကြီးပေါ်မှာ ဝက်သားဟင်းပါလာသတဲ့။ ရိုးရာကို သူတို့မကြောက်ပေမယ့် ကိုယ်ကတော့ ကြောက်ရွံ့တာကြောင့် သီးစုံစားမယ်လို့ စိတ်ကူးသော်ငြားလည်း စားရသောက်ရတာမှာ ပါဏာတိပါတာမပါရင် ဟာတိဟာတာတာကြီး ဖြစ်တတ်တာကြောင့် အနစ်နာခံပြီး 'ဆီးဖုဒ်' လိုက်ရတော့တာပေါ့။

"ဝိုင်နဲ့ဘီယာ ဘာကိုများ သုံးဆောင်ပါမလဲ . ."

လို့ ထပ်မံကာ အမေးရှိလာတာကြောင့် အနစ်နာခံလက်စနဲ့ ထပ်မံပြီး အနစ်နာခံကာ ဝိုင်ကိုပဲ ရွေးချယ်ရပြန်တယ်လေ။

ထမင်းဘူးရဲ့ အပေါ်က ငွေရောင်လွှာ အကာလေးကို အသာဆွဲမကာ ဖွင့်လိုက်တော့ ပူပူနွေးနွေး ထမင်းကြော်ကိုသာ စားချင့်စဖွယ် တွေ့မြင်ရသမျှ အဲသဟာနဲ့ လက်နှစ်လုံးသာသာ ဝိုင်ဖန်ခွက်ကို ဂွတ် . . ခနဲ ကောက်မော့ကာ ခံတွင်းရှင်းပြီး ထမင်းကြော်ကို စားမယ်ပြင်တော့ ဘေးနားက ဥရောပသားကြီးက အလန့်တကြားနဲ့ကျွန်တော့်ကို လှည့်ကြည့်တာမြင်ရတာကြောင့် အယုတ်အလတ် အမြတ်မရွေး၊ အစိမ်းအကျက်မရွေး လူသားမှန်သမျှကို အပြုံးပန်းနဲ့ နှုတ်ဆက်တတ်တဲ့ ညွှဲဝတ်ကျေတဲ့ မြန်မာလူမျိုး ပီပီ သုံးဆယ့်နှစ်ချောင်းကို အကုန်ဖော်လို့ ပြုံးပြလိုက်ပြီး စားစရာရှိတာကို စားရတော့တာပေါ့။

ထမင်းကြော်က ပေါ်ရွှတ်ကြီးဆိုတော့ သိပ်ပြီး ခံတွင်းမလိုက်





ပေမယ့် ကုန်သာသွားတယ် ဗိုက်ကမဝချင်ဘူး။ နောက်ထပ် လိုက်ပွဲတောင်းချင်ပေမယ့် မတောင်းရဲတာကြောင့် အနစ်နာခံပြီး ဝိုင်နောက်တစ်ခွက်ပဲ တောင်းပါတော့မယ်လေလို့ ဆုံးဖြတ်ကာ လှည့်ကြည့်လိုက်တော့ စားသောက်ဖွယ်ရာတွေ ထည့်ထားတဲ့ တွန်းလှည်းလေးကိုတွန်းရင်း ခရီးသည်တွေကို ထမင်းထုပ်ဝေငှနေတဲ့ စပယ်ယာမလေးတွေက နောက်ဘက်ခပ်လှမ်းလှမ်းကို ရောက်ရှိသွားလို့ အလိုက်တသိနဲ့ ကိုယ်ထူကိုယ်ထ သွားတောင်းမယ်ပြင်မှ ဘေးနားက ဥရောပသားကြီးက သူ့ခွဲတမ်းဝေပုံကျ လက်နှစ်လုံးသာသာ ဝိုင်ခွက်လေးကိုနှုတ်ခမ်းစွတ်ရုံ တစ်ငုံလောက်ငုံလိုက်၊ စားစရာကို စားလိုက်၊ နောက်တစ်ငုံလောက်ငုံလိုက် လုပ်ပြနေတာကို မြင်ရမှ ဝိုင်ဆိုသည်မှာ နည်းနည်းလေးပေမယ့် စွတ်ကယ်၊ စွတ်ကယ် ခဏ ခဏသောက်ရတဲ့ ယမကာ တစ်မျိုးပါလားဆိုတာကို ကောင်းကောင်းကြီးသဘောပေါက်သွားသလို ဆတ်ခနဲယူ ဂွတ်ခနဲမော့တဲ့ ငါ့ရဲ့ ဝိုင်သောက်ဟန်ကြောင့် ဒင်းတစ်ယောက် အလန့်တကြားနဲ့ ငါ့ကိုကြည့်တာပါကလား ဆိုတာကိုလည်း တစ်တစ်ခွခွသိရှိပြီမို့ နောက်တစ်ခွက်တောင်းမယ့် အရေးကို လက်လျှော့လိုက်ရပြီပဲလေ။

ဗိုက်က မဝသေးလို့ ဗန်းထဲမှာ ကျန်သေးတဲ့ အထုပ်တစ်ခုကို ဖောက်လိုက်တော့ အရွက်စုံသုပ်ဖြစ်နေလို့ ဘေးနားက ခုံချင်းကပ်တွေကို ဥပေက္ခာပြုကာ သည်အတိုင်းပဲ စားပစ်လိုက်ရပြန်ပါတယ်။ ဒါတောင်မှ တစ်ထွာသောဝမ်းက လာထား၊ လာထားလို့ ကြွေးကြော်နေသလို ခံတွင်းနဲ့ လည်ချောင်းကလည်း စားမှာပဲ၊ စားမှာပဲလို့ မြည်သံတွေပေးနေတာကြောင့် နောက်တစ်ခုကို ဖောက်ကြည့်လိုက်တော့ ရေနွေးကြမ်းပန်းကန်လုံးလောက်သာရှိတဲ့ ပလတ်စတစ်ခွက်ကလေးထဲမှာ ရေထည့်ထားတာကိုပဲ တွေ့လိုက်ရတာမို့ ခေါင်းခါရင်း နောက်ဆုံးလက်ကျန်တစ်ထုပ်ကို ဖောက်ကြည့်လိုက်တဲ့အခါ ဖယောင်းစက္ကူနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတဲ့ တစ်လက်မပတ်လည်ခပ်ပါးပါးအထုပ်ကလေး လေးထုပ်ကိုသာ တွေ့ရှိရပြန်တာကြောင့် အထဲမှာဘာတွေပါမှန်း မသိပေမယ့် ဒီအထုပ်ကလေးတွေက ငါ့ဝမ်းမီးကို ငြိမ်းနိုင်ဖို့ ဝေးစွပါတကားလို့ အားငယ်သွားချိန်မှာ. .

"အိုက်(စ)ခရင်"

ဆိုတဲ့ အသံနဲ့အတူ နောက်ထပ် လေယာဉ်စပယ်ယာမလေးက ရေခဲမုန့်ခွက်ကလေးလာပေးသဗျ။ ငြင်းဆန်လိုက်ရင် တကူးတက လာပေးနေတဲ့ စပယ်ယာမလေးတော့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လတ္တံ့ဟု သနားစိတ်တွေ ယိုဖိတ်ကာ အားနာနာနဲ့ပဲ ယူစားလိုက်ရပါတော့တယ်။ အားနာလို့စားတာ အ,တယ်တော့ မထင်နဲ့ပေါ့လေ။ ဒညင်းသီးတစ်လုံးလောက်သာ အရွယ်အစားရှိတဲ့ ရေခဲမုန့်လေးဆိုတော့လည်း နံကြားတောင်မစွတ်ပေမယ့် မျက်စိအကျင့်၊ ဝမ်းအချင့်ဆိုတဲ့ ရှေးထုံးစကားအတိုင်း ရသတဏှာကို အလိုမလိုက်တော့ဘဲ စားသောက်ခြင်းကိစ္စကို ရပ်ဆိုင်းဖို့ ဆုံးဖြတ်ချက်ကို ချလိုက်ရပါတော့တယ်။ စားပွဲပေါ်မှာ ရှိသမျှစားသောက်ဖွယ်ရာတွေကလည်း ရေနဲ့ အထုပ်သေးသေးလေး လေးထုပ်ကလွဲလို့ ကျန်တာတွေက ကုန်သွားပြီပဲကိုး . . . ။

အဲဒါကြောင့် အစာပိတ်အနေနဲ့ ရေသောက်မယ်ပြင်တုန်း

"ကော်ဖီ၊ တီး၊ ဂျူ့(စ်) ဘာသုံးဆောင်မလဲရှင်"

လို့ နံဘေးနားက အသံထွက်လာလို့ ဝမ်းသာအားရမော့ကြည့်လိုက်တော့ . . .

'ဟုတ်ကဲ့' လှတပတ နောက်ထပ် လေယာဉ်စပယ်ယာမလေးတစ်ယောက် အပြုံးပန်းတွေ ဝေဝေဆာဆာနဲ့ ကျွန်တော့်ကို ကြည့်ရင်း ကော်ဖီသောက်မလား၊ လက်ဖက်ရည်သောက်မလား၊ ဖျော်ရည်သောက်မလားလို့ မေးနေပြန်တယ်လေ။ လိမ္မာလှချည်လား၊



အလိုက်သိလှချည်လားကွယ်ရို့ရဲ့ ငါသာတစ်ခုခုမသောက်လျှင်ဖြင့် ခမျာလေးတော့ ဝမ်းနည်း၊ ကြေကွဲခြင်း ဖြစ်ရလတ္တံ့။ အဲဒါကြောင့် သူစိတ်ချမ်းသာသွားအောင် ကော်ဖီလေးတော့ အားပေးဦးမှပါပဲလေ ဆိုပြီး သူမကို သနားခြင်းကြီးစွာဖြင့် ချီးမြှောက်ရတော့ ပြန်တာပေါ့။

ရေနွေးကြမ်းပန်းကန်သာသာ ကြွေခွက်လေးထဲကို ကော်ဖီရည်တွေထည့်ပေးတာကြောင့် အလိုက်တသိနဲ့ အပြုံးပန်းတွေ ဝေဝေဆာဆာဖူးပွင့်ပြီး ခွက်ကိုယူကာ အနည်းငယ်မော့သောက်ကြည့်တော့

အလိုလေးလေး . . ကော်ဖီမှ ကော်ဖီစစ်စစ် နွားနို့ သကြားဘာမှမပါတဲ့ ခါးသက်သက်ကြီးဗျ။ ရက်စက်လှချည်လား၊ လုပ်ရက်လှချည်လား။ ဒီလောက်ခါးသက်နေတဲ့ ကော်ဖီပလိန်းစစ်စစ်ကြီးကို ငါ့ရဲ့ မြန်မာခံတွင်းကြီးက ဘယ်လိုမှအရသာခံပြီး သောက်လို့ရပါ့မလဲ။

ဝမ်းနည်းကြေကွဲစွာနဲ့ ဘေးခုံကို ငဲ့ကြည့်လိုက်တော့ ဥရောပသူကြီးက ဖယောင်းစက္ကူအထုပ်သေးသေးလေးကိုဖြဲပြီး အတွင်းမှာရှိတဲ့ဟာတွေကို ကော်ဖီခွက်ထဲထည့်နေတာမြင်ရမှ ကျွန်တော်လည်း နောက်ဆုံးလက်ကျန် အထုပ်သေးသေးလေးတွေထဲက တစ်ထုပ်ကို ဖြဲပြီး ကော်ဖီခွက်ထဲကို ထည့်ကြည့်လိုက်တော့ . . .

အလိုလေးလေး . . . ဘော်ငွေရောင်ဖြူလွလွ အမှုန့်လေးတွေက သကြားတွေပါလားဟ။ လက်စသတ်တော့ ဒီအထုပ်သေးသေးလေးတွေက ကော်ဖီတို့၊ လက်ဖက်ရည်တို့မှာ ထည့်သောက်ဖို့ ပေးထားတာကိုး။ လာထားစမ်း . . . နောက်တစ်ထုပ် ဖြူဖြူဖွေးဖွေး အမှုန့်လေးတွေဟ . . ဒါဟာ နို့မှုန့်တွေဆိုတာ ပြေးကြည့်စရာတောင် မလိုဘူး ထည့်ကြည့်နေတာနဲ့သိနေပြီ . . ဟောဒီ နောက်တစ်ထုပ်ကရော အောင်မယ် . . . မည်းမည်းနက်နက် မကျေ့တကျေ အမှုန့်လေးတွေပါလား။ ဧကန္တ ချောကလက်တို့၊ ကိုကိုးတို့ကို အမှုန့်ကြိတ်ထားတာဖြစ်မယ်။ ကိုင်း . . လာစမ်း နောက်တစ်ထုပ် . . ဟ . . ဒါက

www.burmeseclassic.com

www.burmeseclassic.com



လည်း သကြားတွေပဲ . . ဒါပေမယ့် ပထမသကြားတစ်ထုပ်ထက်ပိုပြီး တော့ အပွင့်ကြီးတယ်။ ဩော် . . လူတွေ . . လူတွေ နည်းပညာ ကို တတ်ကျွမ်းလွန်းတော့ သကြားကိုတောင်မှ ဆိုဒ်မျိုးစုံနဲ့ ထုတ်လုပ် ကြတယ်။ ကိုင်း နောက်ဆုံးအနေနဲ့ အထုပ်လေးထုပ်ရှိသမျှ အ့ကုန် ထည့်ထားတဲ့ ကော်ဖီခွက်ကို ပလတ်စတစ်ဇွန်းသေးသေးလေးနဲ့ ရောသမမွှေပြီး စတိုင်ကျကျတစ်ကျိုက်လောက် မော့ချလိုက်တဲ့ သကာလ . . .

"အောင်မလေးလေး ကယ်တော်မူကြပါ . . အရပ်ကတို့ . . ခါးသက်သက် ချိုတိုတို ဆိမ့်တိန့်တိန့် ငန်တန်တန် စပ်တတ်တတ်ကြီး ပါလားဟ . . ။ အနံ့အသက်ကလည်း ကာဖီအနံ့ရော၊ ငရုတ်ကောင်း မှုန့်အနံ့ကြီးပါ တထောင်းထောင်းထနေတာပဲ . ."

လူလည်း ထူပူရှုံ့မဲ့သွားပြီးနောက် အထုပ်လေးတွေကို တစ်ခု ချင်း သေသေချာချာပြန်စစ်ကြည့်တော့ အထုပ်ရဲ့တစ်ဘက် စာမျက် နှာမှာ ခပ်ဖျော့ဖျော့အရောင်ဖြင့် ရေးထားသောစာများကို တွေ့လိုက် ရသည်။

Sugar သကြားထုပ်၊ Milk ဒါက နို့မှုန့်ထုပ် ဟုတ်သားပဲ Pepper ပိုက်ပါတဲ့ ပိုက်ပါဆိုတာဘာလဲ။ ချောကလက်နဲ့ ကိုကိုးမ ဟုတ်တာတော့ သေချာနေပြီဆိုပြီး အထုပ်ထဲကို အနံ့ခံကြည့်တော့ အလိုလေးလေး ငရုတ်ကောင်းနံ့ကြီး ဒါငရုတ်ကောင်းထုပ်ကြီးပဲ။ လက်ကျန်တစ်ထုပ်ကိုဖတ်ကြည့်လိုက်တော့ Salt ဒါကဆားထုပ်ကြီး ပဲ။ အပွင့်ကြီးပါတယ်လို့ မှတ်တာ။ ဆားပဲ သကြားထက် အပွင့်ပိုကြီး မှာပေါ့။

ထိုအခါကျမှ ထမင်းကြော်စားစဉ်က ဆားမပါ၍ပေါ့ရှတ် ရှတ်ဖြစ်ခဲ့သည်ကို သတိရကာ လက်စသတ်တော့ ဆားနဲ့ငရုတ် ကောင်းနဲ့က ထမင်းကြော်မှာဖြူးပြီး စားဖို့ပေးတာ။ သကြားနဲ့နို့မှုန့်





ထုပ်က ကော်ဖီအတွက်ပေးတာ။ ငါက အဲဒါတွေအားလုံးကို ရောသမ မွှေပြီး သောက်မိတာပဲ။

တော်ပါသေးရဲ့ . . တစ်ကျိုက်ပဲသောက်ရသေးလို့ ဒါတောင် မှ ငရုတ်ကောင်းတန်ခိုးနဲ့ ချွေးဖြိုင်ဖြိုင်ကျပြီး နှုတ်ခမ်းတွေပါ ပူလောင်စပ်တတ်တတ်ဖြစ်နေပြီ။ ကျန်တာတွေအားလုံးကို အကုန်လုံး သာ သောက်မိလို့ကတော့ မတ်တတ်ကနေ ပစ်လဲကျသွားမယ် ထင်တယ်။

အင်း . . သွန်ပစ်ရအောင်ကလည်း သွန်စရာနေရာမရှိ။ ဒီအတိုင်းပဲ ချထားလိုက်ရရင်ကောင်းလေမလားရယ်လို့ အတွေး များစွာနဲ့ ခွက်ကိုကိုင်ရင်း ဘေးကိုလှည့်ကြည့်လိုက်တော့ မျက်လုံး ပြူး၊ မျက်ဆံပြူးနဲ့ အံ့သြမှုတွေပြည့်လျှမ်းနေတဲ့ ဥရောပမျက်နှာဖြူဖြူ ဖွေးဖွေးကြီးနှစ်ခုနဲ့ တည့်တည့်ကြီးကို တိုးမိတော့တာပါပဲ။

ကျွန်တော့်ရဲ့ လုပ်ပုံကိုင်ပုံအလုံးစုံကို အနီးကပ်မြင်တွေ့ထား ပုံရတဲ့ ဥရောပသား အိုကြီးအိုမဇနီးမောင်နှံက ကျွန်တော့်မျက်နှာကို တစ်လှည့်၊ ကျွန်တော့်လက်ထဲမှာ ကိုင်ဆွဲထားတဲ့ ခွက်ကိုတစ်လှည့်၊ အပြန်ပြန်အလှန်လှန်ကြည့်ရှုနေကြတာကို မြင်လိုက်ရတဲ့ သကာလ ပေါက်ပြီ။ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်သွားပြီ။

ခွက်ကိုမသောက်ဘဲ ဒီအတိုင်းချထားလိုက်လို့ကတော့ ငါ ဟာ အ,အကြီးမှန်း၊ ငတုံးကြီးမှန်းဆိုတာကို ကိုယ့်အထုပ်ကိုယ်ဖြည်ပြ လိုက်သလိုဖြစ်သွားတော့မှာပဲ ငါဘာလုပ်ရမလဲ။ ငါဘာလုပ်ရင် ကောင်းမလဲနဲ့ အတွေးပဟေဋ္ဌိကို အပြေးအဖြေညှိလိုက်တော့ ကိုင်း . . ဒီနေရာမှာ အရှက်ကို အသက်နဲ့လဲကာ ကိုယ့်သိက္ခာကိုယ်ပြန် ဆယ်မှပဲလို့ ဆုံးဖြတ်ချက်ကို မသက်မသာချပြီး ခွက်ကို လူဖြူလင် မယားမြင်အောင် အနည်းငယ်မြှောက်ပြလိုက်ရင်း . .

"For My Health" "အကျွန်ုပ် ကျန်းမာရေးအတွက်ပါကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိ”လို့ ပဋိသန္ဓာရစကားကိုဆိုမြည်ကာ လက်ထဲတွင်ကိုင်ဆွဲထားသော ခွက်ကို ဆတ်ခနဲ ကောက်မော့လိုက်ရပါလေတော့သည်။

အံ့ဩခြင်းအထွတ်အထိပ်ကိုရောက်သွားသည့် လူဖြူမောင်နှံကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းတညိတ်ညိတ် ဖြစ်နေကြစဉ်ဝယ် အရှာသာပေါင်းစုံ၏ တန်ခိုးကြောင့် အန်မကျစေရန် စိတ်ကိုတင်းရင်း ဇွတ်မှိတ်မျိုချလိုက်ရသော ကျွန်တော့်ကို ငရုတ်ကောင်းက ဒုက္ခကောင်းကောင်းကြီးပေးလိုက်ပုံက လူတစ်ကိုယ်လုံး ချွေးများထွက်လာသလို နှုတ်ခမ်းတွေပါ ပူလောင်၍ တရှူးရှူး၊ တရှဲရှဲဖြစ်ရုံမကသေး မျက်ရည်များပါ စီးထွက်လာသဖြင့် ဒင်းတို့မမြင်စေရန် တစ်ဖက်ကိုလှည့်ပြီး ပခုံးစွန်းဖြင့် မျက်ရည်စကို သုတ်ရင်း မချိမဆန့်ဝေဒနာကို အံကြိတ်ကာ ခံစားနေရပါတော့တယ် ခင်ဗျာ . . .

ဥရောပတိုက်သား လူဖြူတွေဟာ တစ်ယောက်နဲ့တစ်ယောက် မျက်မှန်းတန်းမိရင်တောင်မှ မိတ်ဆက်ပေးသူမရှိလျှင် အရေးတယူ ဂရုတစိုက် စကားပြောခြင်းမပြုဟု သူတို့ဓလေ့စရိုက်ကို ကြားဖူးနားဝထားပါသော်လည်း ဤဥရောပသားအဘိုးကြီးကတော့ အစဉ်အလာဓလေ့ထုံးစံကို ချိုးဖောက်ကာ ကျွန်တော့်လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းရင်း . . .

‘အိတ်(စ)စကျူမိ’ ‘တဆိတ်လောက်ခင်ဗျာ’ ဟု နှုတ်ခွန်းဆက်လာပါသဖြင့် လွဲထားသောမျက်နှာကို လက်ပူတိုက်ပြီး နဂိုအတိုင်းဖြစ်အောင် ပြုပြင်လိုက်ပြီးမှ ကန္တြေရရဖြင့် သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်နှင့် . . .

“ခင်ဗျားက ကျန်းမာရေးအတွက်လို့ပြောသွားတယ်။ တော်ရုံလူမသောက်နိုင်တဲ့ဟာကြီးကို ဇွတ်ကြိတ်မှိတ်ပြီး သောက်တယ်ဆိုတော့ယောက်ျားထုကြီးတစ်ရပ်လုံးနဲ့ဆိုင်တဲ့ ကျန်းမာရေးမျိုးများလား”





ဆိုသည့်စကားကို သူက ကျွန်တော်နားလည်စေရန် တစ်လုံးချင်း ဖြည်းညင်းစွာပြောရုံမက လက်ဟန်ခြေဟန်ဖြင့်ပါ ရှင်းလင်းပြသသည်။ ဒီကြားထဲ သူ့မိန်းမကြီးက သူတို့အသုံးမပြုခဲ့ရသေးသော ငရုတ်ကောင်းထုပ် နှစ်ထုပ်ကိုယူ၍ သူမ၏ စလင်းဘက်ထဲသို့ တရိုတသေထည့်နေသည်ကို မြင်လိုက်ရသည်နှင့် ကိုယ့်ဝေဒနာကိုယ့်ဒုက္ခနှင့်ကိုယ် မချိမဆန့်ခံစားကာ အန်မကျအောင် မနည်းကြီးကို စိတ်ထိန်းနေရသော ကျွန်တော့်အဖို့ ပိုပြီး ‘အော်ဂလီ’ ဆန်သွားသဖြင့် အသက်ကိုပင် အောင့်ပြီးတောင့်ခံထားရသည်။

စကားပြောချင်စိတ်၊ ရှင်းပြချင်စိတ် လုံးဝမရှိ၍ ပြီးစလွယ် ခေါင်းညိတ်ကာ “အင်း . . ” လို့ လုပ်ပြလိုက်ချင်ပါသော်ငြားလည်း ကိုယ့်ကြောင့် တစ်ပါးသောသူ ဒုက္ခရောက်အောင် မပြုလုပ်ရက်သည့် အမျိုးသားကောင်းပီပီ ခေါင်းကို ဖြည်းညင်းစွာယမ်းရင်း နိုး(NO) ဆိုသည့်စကားတစ်လုံးကို အင်အားအကုန်သုံးပြီး နှုတ်ဝက ဖွင့်ထုတ်ပြလိုက်ရသဗျ။

ကျွန်တော့် ‘နိုး’ အဆုံးမှာ ငရုတ်ကောင်းနှစ်ထုပ်ကို စားပွဲပေါ်သို့ ‘ဖုတ် . . ခနဲ” မြည်အောင် ပစ်ချသူက အဘွားကြီး၊ အလိုက်တမ်းဆိုးမသိတဲ့ အဘိုးကြီးကလည်း . . .

“ဒါဆိုဘာကြောင့် အဲဒါကြီးကို သောက်တာပါလဲ”

ဆိုပြီး ထပ်ဆင့်မေးခွန်းနဲ့ နှိပ်စက်သမှုပြုသေးသဗျ။ အမေးကောင်းကျောင်းသား၊ အဖြေ ဘုရားလောင်းဆိုစကားအရ ဆိုရေးရှိကဆိုအပ်စွတည်း ဆိုပေမယ့် တစ်ထိုင်တည်းနဲ့ ‘စူဖကာ’ရဲ့ စံချိန်ကို ချိုးသွားတဲ့ ထမင်းကြော်၊ ဝိုင်၊ သီးစုံရေခဲမုန့်နဲ့တကွ ရောသမမွှေ အစ်ခွက်တို့ရဲ့ ဗိုက်အတွင်းမှာ နေရာလုပွဲကြီးကို ခြိမ့်ခြိမ့်သည်းသည်း ကျင်းပနေမှုကြောင့် ခါးစည်းခံနေရတဲ့ အပုပ်ကောင်ကြီးခမျာ သောကနဲ့ ဝေဒနာတွေက တရိပ်ရိပ်နဲ့ ဆပွားတိုးလာလို့ . . .



www.burmeseclassic.com

www.burmeseclassic.com



ထင်ချင်သလိုသာ ထင်ကြပေတော့ကွယ်ရို့ရေ . . . မင်း အမေးကိုသာဖြေရှင်းနေရရင် လေထဲမှာတင် ခန္ဓာစဲပြီး သေပွဲဝင်ရ တော့မယ့် ဝေဒနာတွေ ဗရပွနဲ့မို့ အထဲရောက်ပြီးသားဟာတွေ အပြင်ပြန်ရောက်အောင် အရင်လုပ်မှ နေရာကျမကွ။ အဲဒါကြောင့် ထိုင်ရာမှအသာထလိုက်ရင်ပဲ အူမှ လည်ချောင်း၊ လည်ချောင်းမှ ပါးစပ်နဲ့ နှာခေါင်းတိုင်အောင် မီးစနဲ့မြှိုက်လိုက်သလို လေပူကြီးက တိုးတက်လာပြီး 'ဂေ့ခနဲ' မြည်သွားတဲ့အထိ လေချဉ်တက်လိုက်တာ ကြောင့် ပါးစပ်ကိုလက်နဲ့ပိတ်ရင်း ယူရိုပီယံ မလေ့ထုံးစံနှင့် အညီ Sorry ဆောရီးလို့ မိမိကိုယ်မိမိ တောင်းပန်သမှုပြုကာ အိမ်သာ ရှိရာသို့ မနှေးအလျှင် အပြေးပင်အရောက်လှမ်းခဲ့ရပါတော့တယ်။

အိမ်သာအတွင်းဝင်ရောက်လို့ တံခါးပိတ်ပြီးပြီးချင်း အိမ်သာခွက်အဝကို မျက်နှာကပ်လို့ ဝမ်းသာအားရ အန်ချပါသော် လည်း သံယောဇဉ်ကြီးတဲ့အတွင်းပစ္စည်းတွေက တွယ်ကပ်ကာ နေရာ မရွှေ့ပေမယ့် ငရုတ်ကောင်းနံ့ သင်းပျံ့ကြိုင်လှိုင်နေတဲ့ ပူစပ်ပူလောင် လေပူကြီးတွေသာ တဂေ့ဂေ့ တအော့အော့နဲ့ မြည်သံတွေပေးကာ အစာအိမ်၊ အူ၊ လည်ချောင်း၊ ပါးစပ်နှင့် နှာခေါင်းတိုင်အောင် လာရာ လမ်းတစ်လျှောက်ကို တွေ့ထိပွတ်သပ်ပြီးမှ နှုတ်ဆက်ထွက်ခွာသွား လေတော့ လူတစ်ကိုယ်လုံး ဇောချွေးတွေ ဖြိုင်ဖြိုင်သီး၊ မျက်ရည် ပါချောင်းစီးလာတာကြောင့် "နှုတ်မဆက်နဲ့ ငိုချင်တယ်" သီချင်းကို လေချွန်ရင်း ညည်းနေမိတော့တာပါပဲ။

ဘယ်လိုမှ အန်ချလို့မရတော့တဲ့သကာလ ဖြစ်ပုံပျက်ပုံ အလုံးစုံကို စေ့စေ့တွေးတော့ ရေးရေးပေါ်လာတာက ဩော် . . အထဲ ရောက်နေတဲ့ဟာတွေကလည်းအဝင်ဟာအဝင်၊ အထွက်ဟာအထွက် တစ်လမ်းစီပဲမို့၊ လာရာလမ်းကိုပြန်လှည့်ပြီး မထွက်နိုင်ဘူးကွလို့ စည်းကမ်းတွေရှိပြနေလိုက်ကြတာ ငါ့မှာတော့ အလူးအလဲပါပဲ။





ကဲ . . ကဲ . . အပေါ်ကိုခေါ်လို့မရရင် သွားနေကျလမ်း အတိုင်း အောက်ကပဲထွက်ကြပါတော့လို့ သဘောထားကြီးကြီးနဲ့ ဘောင်းဘီချွတ်ပြီး ဘိုထိုင်အိမ်သာခွက်ပေါ် တက်ထိုင်ပေးပါသော် ငြားလည်း သူတို့က မထွက်ချင်၊ ကိုယ်ကိုယ်တိုင်ကလည်းအားမရ။

အားမရဆို အိမ်သာတက်ရင် ဆောင့်ကြောင့်ထိုင်နဲ့က ခေါက်ရိုးကျိုးပြီးသားမဟုတ်လား။အခုလိုငုတ်တုတ်ကြီးထိုင်ရတာ ဆို တော့ လုကနေသားမကျဘူး တင်ကလိန်ချိတ်ပြီးပဲနေရကောင်း နိုးနိုး။ ခြေဆန့်ပြီးပဲထားရကောင်း နိုးနိုးနဲ့ . . .

ဩော် . . ဒုက္ခများမြောင် လူတို့ဘောင်မှာ ဒုက္ခကိုမကြောက် လို့ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်အောင်သွားမလို့ဟာ ဟိုမရောက် ခင် ရေခြားမြေခြားရဲ့အငွေ့အသက်လို့ပြောရမယ့် ဘိုထိုင်အိမ်သာ ခွက်ပေါ်ထိုင်ရတာတောင်မှ အချိုးမကျလို့ ဒုက္ခလှလှကြီးတွေ့နေပါ ရောလား။

လို့ စိတ်အားတော်ငယ်ပေမယ့် ကိုယ်ထူကိုယ်ထ လုပ်ဆောင် မှ ဖြစ်မယ့်အရေးဆိုတော့ကာ အားတင်းပြီး ကိုယ့်ကိစ္စကိုယ် ရှင်းရ တော့တာပေါ့။ သူတို့ကလည်း ပေကပ်ကပ်လုပ်၊ ကိုယ်ကလည်း ဇွတ် အတင်းထွက်အောင် အားကြိုးမာန်တက်ကြိုးစားရင်း လူတစ်ကိုယ်လုံး လည်း ရေချိုးထားသလို ချွေးတွေကရွှဲ၊ လည်ချောင်းနဲ့ပါးစပ်က ပူလို့ ရှဲရှဲ၊ ရှူးရှဲနဲ့ ဟစ်၊ ဟစ်ဖြစ်ကာ ကြီးစွာသော ဒုက္ခကို ခံစားနေရ တာကြောင့် ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်ကစပြီး လူဖြစ် အောင် တိုက်ကျွေးခဲ့တဲ့ အမေနို့ဖိုးကို ကျေအောင် ဆပ်နိုင်ဖို့ အသာ ထား မွေးကျေးဇူးကိုတောင် ကျေအောင်ဆပ်နိုင်ဖို့ မလွယ်တဲ့အ ကြောင်း ကောင်းကောင်းကြီး ရိပ်မိသွားလို့ သံဝေဂတွေ တနင့်တပိုး ရပြီး ကိုယ့်အားကိုယ်ဆက်ကိုးရင်း တဖြည်းဖြည်း အထဲကဟာတွေရဲ့ ရွေ့လျားလာမှုကို သတိပြုမိလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင့်ထားကွ။ အားလေးနည်းနည်းစိုက်လိုက်စမ်း နီးလာပြီ။ နီးလာပြီနဲ့ အားပေးရင်း အောင်မြင်မှုပန်းတိုင်က လက်တစ်ကမ်းအရောက် ပြုန်းခနဲ အိမ်သာတံခါးကြီး ပွင့်သွားပြီး . . .

"ဟာ . . အိမ်သာထဲမှာ လူကြီးဟ . ."

ဆိုတဲ့ မြန်မာအသံနဲ့အတူ လူတစ်ယောက်ရဲ့ မျက်ခွက်ကြီးက တံခါးဝမှာပေါ်လို့ အလန့်တကြားနဲ့ ဒိုင်ဗင်ထိုးပြီး တံခါးကို ပြန်ပိတ်ရင်း . .

"လူမရှိလို့ ဘာရှိရမှာလဲဟ"

လို့ ပြန်အော်လိုက်တော့ . . .

"လူရှိရင်လည်း အိမ်သာထဲမှာ လူရှိတဲ့အကြောင်း Occupied အောက်ကျူပိုင်း (လူဦးထားသည်) ခလုတ်ကို ရွှေ့ထားပါလား"

လို့ပြန်အော်သွားမှ ကျွန်တော်လည်း တံခါးရွက်ကို သေသေချာချာ ကြည့်ရပြန်တာပေါ့။ တံခါးမှာက လက်လှည့်ပြီး ဖွင့်လို့ရအောင် ဘုသီးတပ်ထားပေမယ့် 'လော့ခ်' (Log) လို့ခေါ်တဲ့ တံခါး 'ချက်' ချတဲ့ ဘုသီးကလည်း မပါ။ 'ဘောက်ချိတ်' တွေ၊ 'ကလန့်'တွေ၊ 'မင်းတုပ်' တွေကလည်း မရှိ။ ပြောင်တလင်းကြီး။

လေယာဉ်ပျံဆိုတာ အရေးပေါ်ရင် ထွက်လို့ရအောင် တံခါးမှာ ကလန့်မထားတာကို သဘောပေါက်ပေမယ့် ခုနက တံခါးဖွင့်မိတဲ့လူက မြန်မာလို ပီပီသသပြောသွားတဲ့ လူဦးထားသည်ဆိုတဲ့ ခလုတ်ကိုလည်း ရှာမတွေ့။

ကိစ္စကလည်း ထိပ်ဝရောက်နေပြီဆိုတော့ ခါးပတ်ကိုချွတ်၊ တံခါးလက်ကိုင်ဘုသီးမှာ ပတ်ချိတ်လိုက်ပြီး ခါးပတ်အဖျားကို လက်နဲ့ဆွဲထားလိုက်မှ စိတ်ထဲမှာအားရသွားသလို ခါးပတ်ကို ကိုင်ဆွဲထားမှပဲ လူမှာလည်း အားပိုရှိသွားလို့ စည်းဝါးကျကျ သေသေသပ်သပ်နဲ့





ရှောရှောရှူရှူအောင်မြင်သွားသတဲ့။

ကိုင်း . . အထဲမှာ ပေကပ်နေတဲ့ဟာတွေ အခုတော့ ခွက်ထဲကို ရောက်သွားပြီ မဟုတ်လား။ နင်တို့ မျက်ခွက်တစ်သက် မကြည့်ချင်ဘူးဆိုပြီး ဒေါဖောင်းဖောင်းနဲ့ ရေလောင်းချမယ်ပြင်တော့ ရေပုံးနဲ့ ရေခွက်ကလည်း အခန်းထဲမှာ ပေးမထား။ ရေဆွဲချစရာ ဇလုတ်ကြိုးတိုလည်း ရှာမတွေ့။

ငါနှယ် ခက်(စ)တော့၊ ခက်(စ)နေပြီ စကားပြောသင်တန်းနဲ့ လုပ်ငန်းခွင်သင်တန်းတွေသာ လိုမ့်ပိန့်ပြီးတက်ခဲ့မိတယ်။ လေယာဉ်ပေါ်မှာ စားနည်း၊ သောက်နည်း၊ ဘိုထိုင်အိမ်သာတက်နည်း၊ လေယာဉ်ပေါ်က အိမ်သာအသုံးပြုနည်း သင်တန်းတွေကို တစ်ခုမှ မတက်မိခဲ့ဘူး။ အခုတော့ ပေသောင်းကျော်မှာ အဆင့်မြင့်မြင့်နဲ့ ကိုယ့်ကိစ္စကြီးကို ဘယ်လိုသုတ်သင် ရှင်းလင်းလို့ရမလဲဆိုတာ မသိဖြစ်နေပါပေါ့လား။

ခက်(စ)ပြီ . . ခက်(စ)ပြီ . . . ။

ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ အကြံညာဏ်တွေကို ညှစ်ထုတ်ရင်း ဘိုထိုင်အိမ်သာခုံကို အနုလုံပဋိလုံ စေ့စေ့ကြည့်မိတော့ ထိုင်ခုံရဲ့ နောက်တည့်တည့်နံရံမှာ ဘီလပ်ရည်ပုလင်းအဖုံးသာသာလောက်ရှိတဲ့ စတီးရောင် ပြောင်လက်လက် နှိပ်စရာခလုတ်တစ်ခုကို တွေ့မိလို့ ဝမ်းသာအားရနှိပ်ချ လိုက်မယ်ဟလို့ ဟန်ပြင်ပြီးမှ . . .

ဘုရား . . ဘုရား . . စိတ်နောက်ကိုယ်ပါ လျှောက်လုပ်ပြီး ဘာမှန်း၊ ညာမှန်းမသိတဲ့ တွေ့ကရာခလုတ်ကို ရမ်းသမ်းနှိပ်လို့ လေယာဉ်ပျံကြီး ပျက်ကျသွားရင် ဘယ့်နှယ်လုပ်မလဲ။ လေယာဉ်ပေါ်မှာက ခရီးသည်တွေ တစ်လေ့ကြီးဆိုတော့ သူ့အသက်သတ်ခြင်း ဆိုတဲ့ ပါဏာတိပါတာကံတွေနဲ့ ကံကြီးထိုက်မှာကတစ်မျိုး ကိုယ့်အသက်ကိုယ်လုပ်ကြံမှုက အဖန်ငါးရာငါးကမ္ဘာဆိုတော့ကာ နောက်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ချိန်ရောက်ရင်တောင်မှ (လောဟကုမ္ဘီ) ငရဲမှာ ဒု၊ သ၊ န၊ သော သူဌေးသားလေးယောက်နဲ့ တူယှဉ်တွဲပြီး မြုပ်လိုက်၊ နစ်လိုက်၊ နစ်လိုက် မြုပ်လိုက်နဲ့ တစ်အိုးတည်းသားချင်းတွေ ဖြစ်တော့မှာပဲ။ ငရဲအိုးပေါ် ခေါင်းပေါ်လာရင်တောင်မှ ဘယ်လိုစကား၊ ဘယ်လိုစာသားကို ဘာ သံစဉ်နဲ့ အော်ရမှန်းမသိတဲ့ဘဝ . . .

ဆိုပြီး ဝမ်းပန်းတနည်း တွေးမိနေသလို လေယာဉ်ပျက် ကျနိုင်လောက်တဲ့ ခလုတ်ကိုတော့ အိမ်သာထဲမှာ တပ်မထားလောက် ပါဘူးလို့ ယထာဘူတကျကျ တွေးမိသွားပြီး ဂုဏ်တော်ကိုးပါးကို အသက်အောင့်ရွတ်ရင်း ခလုတ်ကိုနှိပ်ချလိုက်တဲ့ သကာလ . . .

"ဖြီး . . ဖြ . . ဖြ . . " ဆိုတဲ့ လေတိုးသံကြီး မြည်ဟိန်းသွား လို့ အလန့်တကြားနဲ့ ကိုယ့်ကိုယ်ကိုယ်ဖက်ထားမိတဲ့အချိန်မှာ အိမ်သာ ခွက်အတွင်းမှပစ္စည်းတွေကို ရေနည်းနည်း၊ လေအားများများနဲ့ ဒလဟောဆွဲချသွားတာကိုမြင်လိုက်ရမှ သက်ပြင်းချမိတော့သဗျ။

ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျှော့ကျသွားလို့ စိတ်အေးလက် အေးဖြစ်သွားပြီးတဲ့နောက် နံဘေးနံရံမှာကပ်ပြီးလုပ်ထားတဲ့ 'ဗေဆင်' လို့ခေါ်တဲ့ လက်ဆေးကန်အပေါ်က မှန်သားပြင်ကို လှမ်းကြည့်လိုက် တော့ ဇောချွေးတွေဖြိုင်ဖြိုင်သီးလို့ ဖရိုဖရဲပြိုကွဲပြီး ရှုံ့တွတွနဲ့ ကြည့် မဝ၊ ရှုမဝ ကိုယ့်မျက်နှာအလှကို မြင်လိုက်ရရင်ပဲ . . .

"အလို . . ဘုရား . . ဘုရား . . . ရေခြားမြေခြားကိုသွားလို့ ဟိုက ဒုက္ခတွေကို မြိုးမြိုးမြက်မြက်မခံစားရသေးခင် လမ်းတစ်ဝက်မှာ တင် ငါ့ရုပ်သွင်က ချက်ခြင်း အသွင်ပြောင်းသွားပါရောလားဟ . . "

ဟိုနိုင်ငံလေဆိပ်ထဲ လူဝင်မှု လ. ဝ. ကတွေကလည်း သူတို့ နိုင်ငံထဲ ဝင်လာသူကို အမေးအမြန်းထူထူနဲ့ တရားခံလို စစ်ကြတယ် ဆိုတဲ့ စကားကြားဖူးထားလေတော့ ငွေကုန်ကြေးကျမြောက်မြားစွာ အကုန်ခံလို့ ဝမ်းသာအားရနဲ့ သူ့နိုင်ငံကို ကျွန်ခံအောင်လာတဲ့ ငါလို





လူစားကို ရုပ်အသွင်မြင်ရုံနဲ့ ခိုးအောင် ဝှက်အောင် လာလေသလား လို့ အထင်မှားပြီး သူ့နိုင်ငံထဲ အဝင်မခံရင် ဒုက္ခပါပဲ . . .

အဲဒါကြောင့် အခွင့်သာတုန်း လက်ပူတိုက်ပြီး ငါ့ရုပ်အသွင် ပြင်ဆင်လေမှဟု ဆုံးဖြတ်ကာ . . .

ဗေဆင်မှာပင် မျက်နှာသစ်၊ အဲဒီ့အခန်းထဲက တစ်ရှူး စက္ကူတွေနဲ့ မျက်နှာကိုခြောက်အောင်သုတ်၊ စိတ်ရှိတိုင်း အားရ အောင်လုပ်လိုက်လေတော့ သုံးပြီးသား တစ်ရှူးစက္ကူတွေဆို အဖွေး သားပေါ့။ စက္ကူတွေထည့်ရမယ့် အမှိုက်ပုံးကလည်း အခန်းထဲမှာ မတွေ့တာကြောင့် အားလုံးကိုစုဝိစုပြီးမှ အိမ်သာခွက်ထဲထည့်ပြီး ခလုတ်နှိပ်ချမကွလို့ စိတ်အတွင်းမှာတေးမှတ်ပြီး ဇောချွေးတွေ တသွင်သွင်စီးခဲ့တဲ့ လည်ကုတ်နဲ့ကျောပြင်ကို အကျီအတွင်းမှ လက် သွင်းကာ တစ်ရှူးစက္ကူတွေနဲ့သုတ်သင်ရင်း အားမရနိုင်လို့ ဗေဆင် ကို လက်အထောက် . . .

ရုတ်တရက် ဗေဆင်မျက်နှာပြင်က အောက်ကိုနိမ့်ဆင်းသွား လို့ ထောက်ထားတဲ့လက်ကြီး ကျွံဝင်သွားလိုက်တာ မှန်နဲ့နှာခေါင်း ထောင့် အနမ်းမိုးတွေ ခွေမိသွားတယ်။

အလန့်တကြားနဲ့လက်ကို ဆွဲထုတ်ပြီး ပြန်ကြည့်မိတော့မှ (Push) တွန်းပါလို့ ဗြိတိသျှစာကို မြင်တွေ့ရလို့ အမှိုက်ပုံးကို ဗေဆင် မျက်နှာပြင်အောက်မှာ အံဝှက်နဲ့ထည့်သွင်းတပ်ဆင်ထားမှန်း သိသွား ပြီး သုံးပြီးသား စက္ကူစတွေကို ဝမ်းသာအားရ အမှိုက်ပုံးထဲထည့်တုန်း

"အထဲကလူ မြန်မြန်လုပ်ဗျာ . . အပြင်မှာ လူတွေတန်းစီ ကုန်ပြီ လေယာဉ်လည်း ဆိုက်ကာနီးပြီ . . "

ဆိုတဲ့စကား နားနဲ့ဆတ်ဆတ်ကြားလိုက်ရမှ ကသောကမျော နဲ့ အိမ်သာခန်းအတွင်းမှ အပြေးထွက်ပြီး ကိုယ့်ခုံရှိရာ ကိုယ်ပြန်လာ ခဲ့ရတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတန်းထဲအဝင် ဥရောပသားကြီးက မျက်လုံးပြူး မျက်ဆံပြူးနဲ့ ကျွန်တော့်ခါးအောက်ပိုင်းကို လက်ညှိုးထိုးပြလို့ ငုံ့ကြည့်လိုက်တော့ . .

ဟုတ်ကဲ့ . . ဘောင်းဘီကအပေါ်ကြယ်သီးသာ တပ်ထားတယ်။ ဇစ်ကိုမဆွဲရသေးဘူး . . ကျွန်တော်က မတ်တတ်၊ သူက ထိုင်လျက်ဆိုတော့ မလွှဲသာမရှောင်သာဖြစ်သွားမှာပေါ့။ အဲဒီ့တော့လည်း Sorry လို့ပြောပြီး ဇစ်ကို ဆွဲတင်လိုက်သလို Thank You လို့ပြောပြီး ထိုင်ချလိုက်တဲ့သကာလ လေယာဉ်စပယ်ယာမလေးက အမြန်လျှောက်စနစ်နဲ့ကျွန်တော့်အနားရောက်လာပြီး ကျွန်တော့်လက်အတွင်းသို့ ထည့်ပေးလိုက်တာက ကျွန်တော့်ခါးပတ်ကြီးခင်ဗျ။

တံခါးလက်ကိုင်ဘုမှာ ချည်ထားခဲ့တဲ့ ကျွန်တော့်ရဲ့ခါးပတ်လေ။ ပြန်ယူဖို့မေ့သွားခဲ့တာ။ အဲဒီ့တော့လည်း Thank You နဲ့ Sorryပဲပေါ့။ ဥရောပသားလင်မယားကတော့ ခေါင်းတယမ်းယမ်းဖြစ်နေပါပြီ။ အဲဒီ့အချိန်မှာပဲ အနားမှမခွာသေးတဲ့ လေယာဉ်စပယ်ယာမလေးက ကျွန်တော့်လည်ကုတ်နေရာ အင်္ကျီကော်လံကြားကို လက်ညှိုးထိုးပြနေပြန်တာကြောင့် လက်နဲ့စမ်းကြည့်လိုက်တော့ တသွင်သွင်စီးကျခဲ့တဲ့ဖောချွေးတွေကို အိမ်သာသုံး တစ်ရှူးစက္ကူနဲ့ သုတ်တုန်းက တစ်ပိုင်းတစ်စပြကျန်နေခဲ့တဲ့ တစ်ရှူး အပိုင်းအစကြီး တစ်စဗျ။

အဲဒီ့တော့လည်း Thank You နဲ့ Sorry မှတစ်ပါး အခြားဘာများ ပြောနိုင်ပါအုံးမည်နည်းပေါ့ ခင်ဗျ။

ကျွန်တော့်ရဲ့ Sorry နဲ့ Thank You၊ Thank You နဲ့ Sorry ပါဖော့မင့် ဝမ်းမန်းရှိုးပွဲကြီးကို ကံကောင်းထောက်မစွာနဲ့ အနီးကပ်ကြည့်ရှုခွင့်ရထားတဲ့ ဥရောပသားအဘိုးအဘွားခမျာမှာလည်း အဘိုးကြီးက ကျွန်တော့်အနားကခွာလို့ သူ့မိန်းမဘက်ကိုတိုးကပ်သွားသလို





အဘွားကြီးကလည်း လင်တော်မောင်ရဲ့လက်ကို သူ့လက်နဲ့ ဆုပ်ကိုင်ရင်း ဖျစ်ညှစ်ကာ အားပေးသမှုတွေ ပြုနေတာမြင်လိုက်ရတော့ . . .

ရောသမမွှေတစ်ခွက်ကစပြီး အီးကုန်းစက္ကူလည်ကုတ်ကထွက်လာတဲ့အထိ တစ်ဆင့်ပြီးတစ်ဆင့် ဇာတ်ရှိန်မြင့်မြင့်နဲ့ တင်ဆက်ပြသမှုကို အစ၊ အလယ်၊ အဆုံးအားလုံးကို မြင်တွေ့ထားတဲ့ လူမျိုးခြားနှစ်ယောက်ကတော့ ကျွန်တော့်ကို အရူးလို့ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်မိပါပြီ။

ကိုင်း . . . ရှိစေတော့ . . . ရှိစေတော့ . . ပုထုဇနော . . ဥမ္မတ္တကောလို့ ဘုရားဟောရှိသားပဲ . . ပုထုဇဉ်မှန်သမျှ မရူးတဲ့သူရှိမှမရှိဘဲကိုး . . ငါ့ကို အရူးထင်ပြီး စကားမပြော၊ မေးလားမြန်းလားလုပ်တော့မှာမို့ ငါကတောင် ကြိတ်ပြီးသဘောကျသေးသဗျ။ မတော်အဆ သူကမေးလာလျှင်လည်း သူပြောကြားတဲ့ဗြိတိသျှစကားကိုရမ်းသမ်းပြီး ဘာသာပြန်ရတာကတစ်မျိုး၊ ကိုယ်ပြန်ပြောမယ့်စကားကိုလည်း အင်္ဂလိပ်လိုစာပြန်စီတော့ ဆပ်ဘဂျက်၊ ဘတ်၊ ဩဘ်ဂျက်၊ တန့်(စ)ဆိုတဲ့ လုပ်သူ၊ ကြိယာ၊ ခံသူနဲ့ ကာလဆိုတာကြီးတွေကြားမှာ ဗျာများနေလို့ အ . . အ အိပ်မက်အပြောရခက်သလို အိုင် . . အိုင် . . နဲ့ အိုင်ထဲကကို မတက်နိုင်ဘဲ အမောဖောက်နေတဲ့ လူမမာလို မေးကြီးတထိုးထိုးဖြစ်နေရတဲ့ ဒုက္ခတွေက အခုတော့ ကျွတ်ရော မဟုတ်လား။

စိတ်လက်ချမ်းသာစွာနဲ့ မသောက်လိုက်ရသေးတဲ့ ရေတစ်ခွက် သောက်မယ်ပြင်တော့ အားလုံးကိုသိမ်းပြီးသွားပြီဗျ။ နောက်မှပဲ ရေတောင်းပါတော့မယ်လေဆိုပြီးသေးသေး၊ကျဉ်းကျဉ်း လေယာဉ်မှန်ပြတင်းက တစ်ဆင့်အပြင်ကိုမျှော်ကြည့်တော့ တလိမ့်လိမ့်၊ တရွေ့ရွေ့နဲ့ မိုးလုံးပြည့်မျှ ဖြန့်ကျက်နေရာယူထားတဲ့ တိမ်စိုင်တိမ်လိပ်ကြီးတွေကို မျက်စိတဆုံးမြင်တွေ့ရတဲ့ သကာလ . . . .



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . တိမ်တွေ . . တိမ်တွေ . . အမြဲတမ်း ငါ့ခေါင်းပေါ်မှာနေတဲ့တိမ်တွေ အခုတော့ FEC သုံး၊ လေးရာပေးပြီး လေယာဉ်စီးလိုက်ရုံနဲ့ ငါ့ရဲ့ ဖင်အောက်ကို မင်းတို့တွေရောက်ကုန်ပြီ မဟုတ်လား။ အဲဒါကြောင့် သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ၊ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ဆိုတဲ့ စကားဥပမာတွေက အလကားထားခဲ့တာမှ မဟုတ်ပဲကလား။

တွေ့ရုံ၊ မြင်ရုံနဲ့ မဖြစ်နိုင်ပါဘူးဆိုပြီး စိတ်ပျက်အားငယ်စွာနဲ့ နည်းလမ်းကိုလည်းမရှာ။ ကိုယ်တိုင်ကိုယ်ကျလည်း လုပ်မကြည့်ဘဲနဲ့ လက်လျှော့အရှုံးပေးပြီး သွားတတ်တဲ့ လူပျင်း၊ လူပျော့တွေအတွက်ကလည်း လှိုင်းကြီးလေ့အောက်၊ တောင်ကြီး ဖဝါးအောက်၊ လင်ကြီးမယားအောက်လို့ဆိုပြီး စကားဥပမာ၊ ဥပမေယျတွေနဲ့ အားပေးအားမြှောက်ပြုထားတယ် မဟုတ်လား။

ဒါ့ကြောင့်မို့လို့ တိမ်ကြီးတော့ လေယာဉ်အောက်ဆိုပြီးတော့ တောင် ထပ်ဖြည့်လိုက်ချင်သေးတယ် . . .

စသည်ဖြင့် စသည်ဖြင့် အတွေးတွေ လေလွင့်လိုက်တာနဲ့ မဖိတ်ခေါ်ပါဘဲ အတွေးကန့်လန့်ကာကို မ,လို့ ဇွတ်ကြီး ဝင်ရောက်လာသူက မမလှိုင် . . . .

ကျွန်တော့် နှလုံးသားမြေမှာ အချစ်အောင်လံကြီးကို နက်ရှိုင်းစွာ စိုက်ထူခဲ့တဲ့ အချစ်ဧကရီ မမလှိုင် . . .

အချစ်ဆိုသည်မှာ အရည်လား၊ အဖတ်လား၊ အမှုန်လား၊ အငွေ့လား၊ မာတောင်တောင်ကြီးလား၊ ပျော့စိစိကြီးလားဆိုတာတောင်မှ သဲသဲ ကွဲကွဲမသိသေးတဲ့ အချစ်အူအရိုင်းလေး ကျွန်တော့်ကို 'ဤဟာသည် . . . အချစ်ဖြစ်ပါသည်။' လို့ အနီးကပ်ဂိုက်လုပ်ပြီး ဝမ်းဘိုင်ဝမ်း သင်ကြားပြသပေးသွားခဲ့တဲ့ မမလှိုင် . . . .

အချစ်ဆိုသဟာကြီးနဲ့ တို့ထိခွင့်ရခဲ့လို့ ဖြူစင်သန့်ရှင်းတဲ့





ကျွန်တော့်မွေးရာပါအသည်းနှလုံးလေးခမျာ . . . ပန်းနုရောင်မရင့်တရင့်အသွင်သို့ အချစ်အရောင်အသွေးတွေ တစ်စတစ်စပြောင်းစပြုလာကာမှ အက်စစ်နဲ့ပက်ပြီး အချစ်အစွန်းတွေကို ချွတ်ပစ်ရက်ခဲ့တဲ့ မမလှိုင် . . .

အက်စစ်နဲ့ ပက်ရုံမကလို့ ကော်ပတ်နဲ့စား၊ ကျောက်စက်နဲ့ တိုက်ရုံမက မီးနဲ့ပါ မြှိုက်ပါစေဦးတော့ ဟောဒီ့က ကျွန်တော့်ရင်ထဲမှာ အချစ်တွေနဲ့ လွှမ်းခြုံပြီး၊ မေတ္တာတွေနဲ့ ဖုံးလွှမ်းထားတဲ့ နှလုံးသားလေးက အချစ်ကိုယ်ခံအားတွေ ကောင်းခဲ့လေတော့ . . . . .

အစိတ်စိတ်အမြွာမြွာကွဲပြီး အရောင်အဆင်းကင်းမဲ့သွားဖို့ နေနေသာသာ အရာမထင် အရောင်မပြောင်းဘဲ 'လိုက်ကာ' နဲ့ မှုတ်ထားလိုက်သလို ပန်းနုရောင် တောက်ပလျက်ရှိဆဲပါ။ 'ပေါလစ်' တင်ထားလိုက်သလို ဝင်းဝင်းလက်လက် တောက်ပြောင်လျက်ရှိဆဲပါ မမလှိုင် . . . .

သို့ပါသော်လည်း မမလှိုင်ရဲ့မငဲ့ကွက် ထောက်ထား ညှာတာမှု ကင်းမဲ့စွာနဲ့ ရက်စက်ခဲ့မှုတွေကြောင့် ချစ်တတ်ပြီးမှ အချစ်ငတ်ခဲ့တဲ့ ကျွန်တော့်နှလုံးသားလေးခမျာ ပျဉ်းတွဲတွဲ၊ ပျော့ပြဲပြဲနဲ့ ထိုင်မရ၊ ထမရဖြစ်သွားခဲ့ရတာကတော့ ကျွန်တော့်နှလုံးသားရင်ခွင် ဗဟိုမှသာမက အမိမြေမှပါ မမလှိုင် ထွက်ခွာသွားခဲ့လို့ပါပဲ . . . .

ကန့်လန့်ကာကို မလို့ ဇာတ်လမ်းမစခင် ဇာတ်စင်ကျိုးကျလို့ ဇာတ်သိမ်းမကောင်းခဲ့ရတဲ့ ကျွန်တော့်နှလုံးသားလေးကတော့ အမှတ်မရှိဘဲ မမလှိုင်မှ မမလှိုင်ကိုပဲ ပြင်းပြင်းပြပြ အာသီသတွေနဲ့ တမ်းတတာ အငမ်းမရဖြစ်နေတာကြောင့် မမလှိုင်ရှိနေမယ့်နေရာသစ်ကို MAI ကြီးကိုစီးလို့ ကျွန်တော်လာရောက်နေပြီ မမလှိုင် . . .

ရိုးသားလှတဲ့ မိဘနှစ်ပါးနဲ့ဆွေမျိုးညာတကာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကတော့ အမိအဘကို တစ်ဖန်ပြန်လှန်ပြီး လုပ်ကျွေး



www.burmeseclassic.com

www.burmeseclassic.com



သမ္မုပြုဖို့အတွက် ဘိုတောက်တစ်ယောက်တော့ ရေခြား၊ မြေခြားကို စွန့်စွန့်စားစားနဲ့အလုပ် လုပ်အောင်သွားလေပြီလို့ ထင်မြင်ယူဆပြီး နှစ်ဘောင်းအားရနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပေမယ့် ....

တကယ့်တကယ်တော့ မမလှိုင်ကိုတွေ့ချင်ဇောနဲ့ အရဲစွန့်ပြီး သူများအိမ်ကွင်းအတွင်းကို ကျွန်တော်အရောက်လှမ်းလာခြင်းပါ မမလှိုင် ..

မြင်းမိုရ်တောင်ဦး မကကျူးတဲ့ အမိအဘတို့ရဲ့ ဂုဏ်ကျေးဇူးကို ပြန်ဆပ်တော့မယ့်အရိပ်အယောင်တွေပြပြီး ရေခြား၊ မြေခြားကို ကျွန်တော်လာရခြင်းဟာ အချစ်ပျောက်ရှာပုံတော်ဖွင့်ဖို့ အတွက်လို့သာ သိသွားကျရင်ဖြင့် လူတကာတံတွေးခွက်မှာ ပက်လက်မျောရှိမက ခွေးကူးလေးပါကူးနေရပါစေဦးတော့ ကျွန်တော် မမှုပါဘူး မမလှိုင် ...

ဒါပေမယ့်လည်း ဝေဟင်ခရီးကို လေယာဉ်စီးပြီး သွားရမယ့် အရေး ဖြစ်နေလေတော့ ခြေကြွခဟာလည်း နည်းရော့သလားဗျာ .. ဒါတင်မက သူ့ပြည်ဌာနမှာ ရှောရှောရှူရှူ လုပ်ကိုင်ခွင့်ရဖို့အတွက် ပြင်ရဆင်ရတာတွေနဲ့ အချိန်နဲ့တပြေးညီ အချိတ်အဆက်မိအောင် ဆောင်ရွက်ရတဲ့ အခကြေးငွေတွေအတွက် မိဘနှစ်ပါးရဲ့ ဘဏ်တိုက်မှာ အပေါင်လက်မှတ်က အောင်လံစိုက်ခဲ့ရတာတွေကိုလည်း မသိကျိုးနွံပြုလို့မှ မသင့်လျော်လေတော့ စိတ်အလိုကိုလိုက်ပြီး နှလုံးသားရေးကို ဦးစားပေးဖို့ဆိုတာကလည်း ဘယ်လိုနည်းနဲ့မျှ မလျော်ကန်၊ မသင့်မြတ်၊ မဖြစ်နိုင်တော့ပါဘူး မမလှိုင် ...

မာတာပီတု ဥပဋ္ဌာနံ ပုတ္တသာရသ သင်္ဂဟောလို့ မင်္ဂလာတရားတော်နှင့်အညီ အမိအဘတို့ကို တစ်ဖန်ပြန်လည်၍ လုပ်ကျွေးသမ္မုပြုမှသာလျှင် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ကျွန်တော့်အတွက် လူ့နတ်နှစ်ဖြာ နှစ်သက် ရွှင်လန်း ဝမ်းမြောက်





ခြင်းဖြစ်မယ် မဟုတ်ပါလား ခင်ဗျာ ...

အဲသဟာကြောင့် မမလှိုင်ဟူသောစကားကြီးသုံးခွန်းကို ကျွန်တော့် နားတွင်မကာ အသည်းနှလုံးကပါ မကြားရအောင် တတ်နိုင်သမျှ ရှက်ဆောင်ရင်း မမလှိုင်ဟူသော အချစ်၏သမီးပျိုကို ကျွန်တော့်ရဲ့နှလုံးသားမြေမှာ အနက်ရှိုင်းဆုံး ဖုံးအုပ်လို့ မေ့ပျောက်ထားတော့မယ်ဟူသော အမြင့်မားဆုံး ဆုံးဖြတ်ချက်ကြီးကို ပေသောင်းတော်မြင့်တဲ့ လေထုအတွင်းမှာ ချမှတ်လိုက်ပြီးဖြစ်လို့ .. သာဓု .. သာဓု .. သာဓု လို့သာ ခေါ်လိုက်ကြပါတော့ခင်ဗျာ။

ဩော် .. မတတ်သာလွန်းလို့ အမိအဘဘက်ကို ချိန်ခွင်လျှာ အလေးသာခဲ့ရပေမယ့် ရင်ထဲမှာ စစ်ခနဲ၊ စစ်ခနဲ၊ ကျင်ခနဲ၊ ကျင်ခနဲနဲ့ခံစားနေရတဲ့ အာဝေနိက ဝေဒနာကိုလည်း မျက်စိကိုစုံမှိတ်၊ ခေါင်းလေးကို ဘယ်ညာယမ်းလို့ နှလုံးသားလက်ကျန်တွေကို ရှင်းထုတ်နေရင်းမှ အတွေးဝက်ဘာထဲကနေ လွန်မြောက်လို့ ပစ္စုပ္ပန်တည့်တည့်ကို ရောက်ရှိလာတဲ့သကာလ မှိတ်ထားတဲ့ မျက်ဝန်းအစုံကို ဖွင့်ကြည့်လိုက်လျှင်ပဲ ကျွန်တော့်မြင်ကွင်းထဲမှာ ရောက်လာသူတွေက

ရင်ချင်းဆက်အမြွှာကို ခွဲစိတ်ခန်းထဲသွင်းတော့မယ့်အတိုင်း တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်မသွားအောင် တင်းကြပ်စွာ ဖက်ထားရင်း မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် ကျွန်တော့်ကိုကြည့်နေကြတဲ့ ဥရောပသား အဘိုး၊ အဘွားတို့ပါပဲ ....

သူတို့နဲ့ နံဘေးချင်းကပ်ခုံမှာ ငူငူကြီးထိုင်နေသူက မျက်စိကို စုံမှိတ် ခေါင်းကြီးတယမ်းယမ်း လုပ်ပြမိနေလေတော့ ခများတွေမှာလည်း ကြောက်အားပိုကြတော့မှာပေါ့ ...

သင်းတို့တွေ စိတ်သက်သာရာရစေရန် ရည်သန်ပြီး အပြုံးလေးကာ ရှင်းပြလိုက်မယ်လို့ ကြံစည်မိသေးသော်လည်း ကျွန်တော့် ပါးစပ်'ဟ'လိုက်ရုံနဲ့၊ ကျွန်တော့်အပြုံးမြင်လိုက်ရုံနဲ့ ခရစ်တော်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှောက်မှာ တစ်ခါတည်း အိပ်ကြတော့ရန်အတွက် ပြင်ဆင်ပြီး သားဖြစ်နေတာကို သတိပြုမိလေတော့ သူတို့နှစ်ဦးအတွက် အသနား ပိုပြီး ဥပေက္ခာပြုကာ မျက်နှာကိုလွှဲလိုက်တဲ့သကာလ မျက်နှာချင်း ဆိုင် ထပ်မံဆုံတွေ့ရသူက လှတပတ လေယာဉ်စပယ်ယာမလေး ခင်ဗျ။

ဘယ်အချိန်ကတည်းက ကျွန်တော့်အနားကို ရောက်လာပြီး ကျွန်တော့်ကို ကြည့်နေသည်ကိုမသိ မျက်လုံးချင်းဆုံလိုက်သည်နှင့် တစ်ပြိုင်နက် ခမျာလေးက တံတွေးကို မျိုချရင်း . . .

"ထိုင်ခုံ ခါးပတ်,ပတ်ပါတော့ရှင် . . လေယာဉ်ဆင်းဖို့ ပြင်နေပါပြီ . . ."

လို့ ပြောပြောဆိုဆို ပြေးပြေးလွှားလွှားနဲ့ ထွက်သွားတာကြောင့် . .

ကျွန်တော်လည်း ထိုင်ခုံခါးပတ်ကိုပတ်ရင်း MAI ကြီး သူများအိမ်ကွင်းအတွင်းကို ဘေးမသီရန်မခ ဆင်းနိုင်စေရန်အတွက် ငါးသိန်းလေးသောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ပွင့်ပြီး သမ္ဗုဒ္ဓဘုရားရှင်များကို ဦးထိပ်မှာပန်ဆင်ရင်း စိတ်ဝယ်တမ်းတ ဖို့အတွက် အသင့်ပြင်ရင်း မျက်စိကိုစုံမှိတ်လိုက်ပြီလေ . . . .



WEST COAST ဟုခေါ်သော စင်္ကာပူနိုင်ငံ၏အနောက်ဘက်ကမ်းခြေရှိ 'ကလင်မင်တီ' MRT Mass Rapid Transit မီးရထားဘူတာရုံမှနေ၍ MRT ရထားကြီးက ဆက်လက်ထွက်ခွာလာသည်။ ကလင်မင်တီက နှစ်ဆယ့်လေးထပ်မြင့်သော စုပေါင်းအိမ်ရာတိုက်ခန်းကြီးများ ရာနှင့်ချီ၍ရှိသည့်ရပ်ကွက်ကြီးဖြစ်၍ ဆေးရုံ ဆေးခန်း၊ဈေး၊ ကုလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့်တကွ ရေကူးကန်၊ အားကစားရုံပါမကျန် အစုံအစေ့ရှိကာ ရွှေမြန်မာအများစု နေထိုင်ရာရပ်ကွက်ကြီးလည်းဖြစ်သဖြင့် ကလင်မင်တီဈေးနားရှိ စုပေါင်းစားသောက်ဆိုင် Food Stall ၌ ဝင်ရောက်စားသောက်လျှင် မြင့် စားဝိုင်းတစ်ဝိုင်းမဟုတ် တစ်ဝိုင်းမှနေ၍ တကောင်းအဘိရာဇာ သကျမဟာသာကီဝင် မြန်မာစကားကို မကြားမဖြစ်ကြားရမည့်နေရာဖြစ်သည်။

MRT ဆိုသည်မှာလည်း စင်္ကာပူနိုင်ငံအတွင်းရှိ အလွှာ ပေါင်းစုံလူပေါင်းစုံအတွက် သယ်ယူပို့ဆောင်ပေးနေသော တွဲခြောက်တွဲပါသည့် ရထားဖြစ်ကာ အရှေ့အနောက်၊ အစိမ်းရောင်ရထား

www.burmeseclassic.com

www.burmeseclassic.com



လိုင်းတွင် မိုးပျံလမ်းအပိုင်းနှင့် မြေအောက်လမ်းအပိုင်းနှစ်ခုစလုံးမှ မောင်းနှင်၍ တောင်မြောက် ခရမ်းရောင်ရထားလိုင်းကတော့ မြေအောက်လမ်းသက်သက်သာရှိသည်။

ယခုရထားလိုင်းက အရှေ့အနောက်လိုင်းပိုင်းဖြစ်၍ ပေငါးဆယ်လောက်အမြင့်တွင်ရှိသော ရထားလမ်းပေါ်မှ မောင်းနှင်နေသောကြောင့် လမ်းများပေါ်တွင် သွားလာလှုပ်ရှားနေသော ကားများ၊ လူများကိုအပေါ်စီးမှနေ၍ ရှုချင့်စဖွယ်တွေ့မြင်နိုင်သလို တရိပ်ရိပ်ဖြင့် ကျန်ရစ်ခဲ့သည့် တစ်ပုံစံတည်း ဆောက်လုပ်ထားသော စုပေါင်းအိမ်ရာတိုက်ကြီးများကိုလည်း မျက်စိတဆုံး သေသပ်လှပစွာ မြင်တွေ့နေရပါသော်လည်း မော်လမြိုင်သားကြီး ကိုမန့်ကတော့ ဤအရာများကို စိတ်ဝင်စားခြင်းအလျဉ်းမရှိပါ။

အမြဲတမ်းမြင်တွေ့နေရ၍ ရိုးနေပြီမဟုတ်ပါလား။ ဤပတ်ဝန်းကျင်အလှအပထက် တုန္ဒိုင်းလို့မရသည်က MRT ရထား၏ ဝင်ပေါက်ထွက်ပေါက်တံခါးကိုမှီရင်း MP4ပါသည့် NOKIA နိုကီရာဖုန်းကို BLUE TOOTH ဘလူးတု ဟုခေါ်သော ကြိုးမဲ့နားကျပ်ဖြင့်တွဲ၍ သီချင်းနားထောင်နေသည့် အလွန်တရာလှပသော ဆယ့်ရှစ်နှစ်အရွယ် လှသွေးကြွယ်နေသည့် ကောင်မလေးတစ်ယောက်။

ကောင်မလေးက ဘေးတစောင်းအနေအထားဖြင့် တံခါးဘေးရှိဘောင်ကို ပခုံးဖြင့်မှီရင်း ပြတင်းပေါက်မှန်မှတစ်ဆင့် ပြင်ပရှုခင်းတွေကို ငေးကြည့်နေသည်။ ရထားအတွင်းရှိ အလင်းရောင်၊ ပြတင်းပေါက်မှန်မှတစ်ဆင့် ဝင်လာသော အလင်းရောင်များက ကောင်မလေး၏အလှကို ပိုပြီးပြည့်စုံပေါ်လွင်နေသည်ဟု ကိုမန့်တွေးမိလိုက်သလို ဒီနေရာကို ငါယူမိတာ မှန်သွားပါလား . . အင်း . . ဒါကတော့ စေတနာမှန်တဲ့ ကံတရားပဲလေ . . ဟု သူ့စိတ်ကို သူဖြေလိုက်သည်။





ရထားတွဲတစ်တွဲတွင် ဝင်ပေါက်ထွက်ပေါက်ဘေး၊ ဘယ်၊ ညာလေးပေါက်ရှိပြီး ထိုအပေါက်များ၏ နံဘေးနံရံတွင် အသေကပ်ထားသော ပလတ်စတစ်နှစ်ယောက် ထိုင်ခုံနှစ်လုံးစီရှိသည်။ ဝင်ပေါက်ထွက်ပေါက်၏အလယ်တွင် လူနှစ်ဆယ်ကျော်စီဆန့်သော ခုံတန်းရှည်နှစ်ခုက မျက်နှာချင်းဆိုင်ရှိသည်။ ထိုခုံများတွင် ထိုင်နေကြသော လူငယ်၊ လူလတ်အပေါင်းက သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ ရထားတွဲအတွင်းသို့ဝင်လာပါက နေရာဖယ်ပေးရမည်စိုး၍ ဘလူးတုများ(သို့မဟုတ်) စွမ်းရည်မြင့် စပီကာပါသော နားကျပ်များကို နားတွင်တပ်ဆင်၍ မျက်စိမှိတ်ကာ စီးနင်းလိုက်ပါလေ့ရှိသည်။

ဂါရဝေါစ၊ နိဝါတောစ ဟူသည့် ကြီးသူကို ရိုသေလေးစားတန်ဖိုးထားတတ်သော မလေ့ထုံးတမ်းအစဉ်အလာက ရင်ထဲမှာ အမြစ်ဆွဲနေသော မြန်မာအမျိုးကောင်းသား ကိုမန့်ကတော့ မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်၍ မျက်စိကိုစုံမှိတ်ပြီး မနေတတ်ပါ။ ထို့ကြောင့် ကိုယ်ခန္ဓာ အတ္တဘောကြီးကို မနိုင်ဝန်ထမ်းလာသည့် အသက်ငါးဆယ်နီးပါး မိန်းမဝဝ၊ တုတ်တုတ်ကြီးအတွက် သူ့နေရာကို ဖယ်ပေးခဲ့ပြီး ဝင်ပေါက်ထွက်ပေါက်ကြားရှိ လက်ကိုင်ရန် ပြုလုပ်ထားသော စတီးပိုက်လုံးကို ကျောမှီ၍ ရပ်နေခြင်းဖြစ်သည်။

"တန်ဂျုပတ်ကား" ဘူတာရုံရောက်တော့ ကလေးကို တွန်းလှည်းထဲထည့်၍ တွန်းလာသော ကလေးအမေအတွက် ဤကောင်မလေးက နေရာဖယ်ပေးကာ သူနှင့်လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခြင်းဖြစ်သဖြင့် သူတို့နှစ်ဦး၏ စေတနာမှန်သောကံတရားများကြောင့် မိုးနတ်မင်းကမနေသာဘဲ လက်တစ်ကမ်းအကွာသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်မည်ဟုတွေးကာ ကိုမန့်ပီတိတွေဖြာနေသည်။

ကောင်မလေးက တရုတ်မလေးဖြစ်၍ ပခုံးစွန်းထိရုံသာ



www.burmeseclassic.com

www.burmeseclassic.com



ရှည်သော မည်းနက်တောက်ပြောင်၍ ပျော့ပျောင်းနူးညံ့နေသည့် ဆံနွယ်များက ပိုးသားလေးလို နူးညံ့နေမည်မှာ သေချာသည်။ နှုတ်ခမ်းကို စွတ်စိုနေစေရန် အရောင်အနုဆုံး နှုတ်ခမ်းဆိုးဆေးကို လိမ်းထားရုံမှတစ်ပါး မျက်နှာပြင်ပေါ်တွင် ဘာမှလိမ်းခြယ်ထားခြင်း မရှိသော်လည်း မျက်နှာလေးမှာ ဖြူဖြူနုနုဖြင့် ပြောင်ပြီး ကျော့ရှင်းနေသည်။ စံပယ်တင်မှဲ့မျှပင်လျှင် မရှိ။ ရှည်လျားကော့ညွတ်သော မျက်တောင်ကြီးများအောက်မှ သမင်မျက်လုံးကလည်း သောက်ရှူး ကြယ်လို လင်းလက်တောက်ပြောင်နေသည်။

စက်ဘ်ပူရှိတရုတ်မတော်တော်များများ၌ မျက်ရစ်မရှိသည့် အတွက် အမှတ်တမဲ့သာကြည့်ပါက ယခုမှ အိပ်မှုန်စုံမွှားဖြင့် နိုးထ လာသလိုလို၊ မျက်ခမ်းနှစ်ခုကြားမှာ မျက်လုံးကိုထည့်ပြီး ချောင်းကြည့် နေသလိုလို ပုံစံမျိုးဖြစ်နေတတ်သည်။ ယခုကောင်မလေးကတော့ ထူးခြားစွာမျက်ရစ်ပါရှိသဖြင့် သူမ၏မျက်လုံးအလှကို ပိုပြီးတော့ ဝံ့ကြွားစေသည်၊ ပေါ်လွင်စေသည်ဟု ကိုမန့် မှတ်ချက်ချလိုက်သည်။

ဝတ်ထားသည့်အကျီက ပန်းနုရောင်စွပ်ကျယ်ချိုင်းပြတ်လေး ဖြစ်၍ဆင်စွယ်ရောင်ပခုံးနှင့်လက်မောင်းအလှက ထူးခြားစွာပေါ် လွင်နေပြန်သည်။ စလုံးမှာရှိတဲ့ အမျိုးသမီးငယ်ငယ်ကြီးကြီး တော် တော်များများဟာ သူတို့ခန္ဓာကိုယ်ကိုပိုပြီး လှအမြင်ကောင်းအောင် ဖွံ့ဖြိုးစရာရှိတာတွေ၊ ပိုပြီး ဖွံ့ထွားလာအောင် အားကစားလုပ်ထားကြ ပေမယ့် လက်မောင်းကနေ လက်ဖျံအထိကတော့ ဘာအသားမှမရှိဘဲ အရိုးဂေါက်ဂက်ကြီးဖြစ်နေတတ်၏။ ဒီကောင်မလေးကျတော့ လက် မောင်းကလည်း လက်မောင်းအလျောက် လက်ဖျံကလည်း လက်ဖျံ အလျောက် အသားတွေ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ အလွန်အင်မတန်မှ ကြည့် ကောင်းပါပေရဲ့။ မင်းကသာ ငါ့ကို ရည်းစားတော်ချင်တယ်ဆိုရင် တော့ ငါ့မှာငြင်းနိုင်တဲ့အင်အား တစ်ပြားသားမှမရှိတော့ပါဘူးကွယ်။





ပခုံးပေါ်မှာ လက်တစ်လုံးနီးပါးလောက်သာရှိတဲ့ စွပ်ကျယ် အစလေးရဲ့ အောက်မှာလည်း ဘရာစီယာ၊ ဘော်လီတို့ရဲ့ ပခုံးကြိုးကို လုံးလုံးမတွေ့ရလို့ ဘာမှခံဝတ်မထားဘူးလားဆိုပြီး တွေးလိုက်မိသေး သမယ့် ငါတို့ရုံးက အငယ်ဆုံးမြန်မာလူငယ် 'ကိုင်ဇာ' ရဲ့ သက် ငယ်စကား၊ သက်ကြီးကြားအရ ပခုံးသိုင်းကြိုးမပါလို့ အောက်မှာ ဘာမှခံဝတ်မလာဘူးလို့ အထင်တော်မလွဲလေနဲ့ ကြိုးပျောက်ရှင်မီး အကျီ၊ ဒါမှမဟုတ် ကပ်ခွာအတွင်းခံအကျီတော့ပါသဗျ ဆိုပြီး အွန်သင်မိန့်မှာထားချက်ကြောင့် ခေါင်းကိုညိတ်ရင်း . . .

အင်း. . ကိုင်ဇာ. . ကိုင်ဇာ . . လူသာငယ်သလောက် ဒါမျိုး ဗဟုသုတ ဒင်းမှာအားကြီးရှိသမို့ စက်ာပူရေပြင်တစ်လွှားမှာ သဘော် နဲ့ လုပ်စားသူမှန်သမျှ ဒင်းကို ဆရာတင်ကြတာလည်း မဆန်းပေ ဘူးပေါ့။ ဟုတ်တယ်ဟုတ်။

ဆရာတစ်ဆူအဖြစ်မင်းမူနေတဲ့ ဒင်းရဲ့ခွဲခြမ်းစိတ်ဖြာ သိဝရီ နဲ့ ဒီကောင်မလေးကို ဘယ်နိုင်ငံသူလဲလို့ ဝေဖန်သုံးသပ်ရန်အတွက် အောက်ပိုင်းကိုကြည့်လိုက်တဲ့သကာလ သရီးကွာတားလို့ခေါ်တဲ့ ခာကီရောင် ဒူးဖုံးဘောင်းဘီနဲ့ အဖြူတစ်ကွက်၊ အနက်တစ်ကွက်၊ အားကွက်သဏ္ဍာန်အကွက်ဖော်ထားတဲ့ Adidas တံဆိပ် ခပ်ပါးပါး ဘင်းဘတ်ရှူးကြားမှာ ထင်လင်းစွာ အမြင်ရှင်းနေတဲ့ ဆင်စွယ်ရောင် မှူလွလွ ခြေသလုံးသားလေးက ဝင်းလက်လို့နေပါတယ်။

ရွှေမြန်မာမိန်းကလေးတွေရဲ့ ခြေသလုံးသားမှာ အလွန် ဆရာနူးညံ့တဲ့ မွေးညှင်းနုနုလေးတွေက ပါလေကာလေးမို့ စေ့စေ့ ကြည့်မှ ရေးရေးသာပေါ်သတဲ့၊ 'မနဲ့အ' တွေကျတော့ အနက်နုရောင် ရှိတာကြောင့် အသားဖြူလေထင်ရှားလေတဲ့. . ဟော . . ယပက်လက် နဲ့ စလုံးတွေကျတော့ ကပ်ခွာတွေ၊ ဂျုတ်ဓားတွေ၊ စက်တွေနဲ့ အပြောင် ရှင်းစနစ်ကျင့်သုံးထားတဲ့အတွက် အမွေးတစ်မျှင်တောင် မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဝင်းဝင်းလက်နေတယ်ဆိုပဲ။

ကိုင်ဇာရဲ့သီဝရီကို ခေါင်းတုံးမ(ဂတုံးမ) လို့ခေါ်တဲ့ စိုးမင်းနဲ့ ကုလားလေးတို့က ထောက်ခံအတည်ပြုထားပေမယ့် သန်းအောင်တို့ ဘိုစောတို့အုပ်စုတွေကတော့ အဲဒီ့သီဝရီဒိတ်အောက်သွားခဲ့ပါပြီတဲ့။ နှစ်ဆယ့်တစ်ရာစုမှာ ခေတ်မီသူတိုင်း အပြောင်ရှင်းစနစ်ကို ကျင့်သုံးကြလို့ ခြေသလုံးမြင်ရုံနဲ့ ဘယ်နိုင်ငံသူဆိုတာ သက်သေထူလို့ မရတော့ပါဘူးဆိုပြီး ကန့်ကွက်လွှာတွေ တင်သွားတာကြောင့် သည်အရေးကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲလို့ စကားပူမှာ ခြေချကာ အနေကြာပြီဖြစ်တဲ့ ကိုဝင်းမြင့်နဲ့ကိုအေးထွန်းတို့ အိုးဆားဗစ်ညီအစ်ကိုကို သက်သေထူခိုင်းတော့။ အဲဒါက အဓိကမဟုတ်ပါဘူးလေဆိုပြီး သွားကြပြန်တယ်လေ။

ဘာပဲဖြစ်ဖြစ်ပေါ့။ ကြုံတောင့်ကြုံခဲရလာတဲ့ အခွင့်အရေးဆိုတော့ မွေးညှင်းနုလား၊ အနက်နုလား၊ အပြောင်ရှင်းလားဆိုတာကို ကွဲပြားအောင် စေ့ငုရတော့မှာပေါ့။ ဟုတ်တယ်ဟုတ်။ ကောင်မလေးရဲ့ ခြေသလုံးနဲ့ မိမိရဲ့မျက်လုံးကလည်း လေးဆယ့်ငါးဒီဂရီ အနေအထားဖြစ်သလို ပြတင်းပေါက်က အလင်းတန်းကလည်း မျက်စိကို အနှောင့်အယှက်ပေးနေတာကြောင့် သူ့ခြေထောက်နားရောက်သွားပြီး လေးဘက်ထောက်ကြည့်မှ ထင်ရှားစွာ မြင်သိရမှာမို့ အပွေးကြည့်ရုံနဲ့ အပင်ကိုသိသလို၊ အမွေးကြည့်ရုံနဲ့ လူမျိုးကို သိတယ်ဆိုတဲ့ ဒွိဟပွားဖွယ်သီဝရီမှာ ဝင်စွက်ဖို့အရေးကို လက်လျှော့လိုက်ရပြီပဲလေ။

အဲဒါကြောင့်လည်း ဘာမဟုတ်တဲ့ အမွေးအတွက်နဲ့ အကြည့်လွှဲခဲ့ရတဲ့ ကောင်မလေးရဲ့ရွှေရုပ်အသွင် မျက်နှာပြင်ကိုသာ မျက်လုံးကျွတ်ထွက်လုမတတ် ကြည့်ကောင်းကောင်းနဲ့ ငေးမောနေတုန်း သူ့ဘောင်းဘီ နောက်အိတ်ထဲမှာ ထည့်ထားတဲ့ ဟန်းဖုန်းက တစ်ဖက်မှ



ဆက်သွယ်လာတဲ့ အကြောင်း Vibrator လို့ခေါ်တဲ့ တုန်ခါမှုနဲ့ စတင်နှုတ်ဆက်ပြီး သကာလ . . .

"ကိုကို . . ဖုန်းလာနေတယ် . . "

ဆိုတဲ့ ကန္တဲ့ကလျမြန်မာသံစစ်စစ်ကြီး ပေါ်ထွက်လာတာကြောင့် အလန့်တကြားနဲ့ ဖုန်းကိုဆွဲထုတ်ရင်း ကျိန်ဆဲပစ်လိုက်တယ်။

ဘယ့်နှယ်ဗျာ Nokia နိုကီရာ ကုမ္ပဏီကလည်း သူ့ဖုန်းတွေ သုံးများအောင် ဈေးကွက်သုတေသနလုပ်ပြီး ဝန်ဆောင်မှုကောင်းကောင်းတွေ ပေးထားတာမို့ သူတို့ဖုန်းကို မြန်မာအမျိုးသားကောင်းများကိုင်ရင် အဆင်ပြေနိုင်ဖို့အတွက် ကလင် . . ကလင် . . တီတီ . . တီတီ . . ဖုန်းမြည်သံတွေအစား 'ကိုကို . . ဖုန်းလာနေတယ်' ဆိုတဲ့ ကန္တဲ့ကလျနဲ့ မြန်မာအမျိုးသမီး အသံစစ်စစ်ကို ထည့်ပေးထားသဗျ။

တစ်ခါပြောရုံနဲ့ ဖုန်းမကိုင်သေးရင် ဒုတိယမွှိ ထပ်မံကြားရမှာက 'ကိုကို့ . . ဖုန်းလာနေတယ် . . ' ဆိုပြီး ခပ်ညည်းညည်းလေး အသံထွက်လာဦးမယ်။ ဒါကိုမှ ဖုန်းမကိုင်သေးရင် 'ကိုကိုး . . ဖုန်းလာနေတယ်' လို့ ဆူဆူဆောင့်ဆောင့်အသံလေးက ထပ်ပြီးထွက်လာသေးသဗျ။

အဲ . . .တတိယမွှိမှာ ဖုန်းမကိုင်လို့ကတော့ စတုတ္ထနဲ့ ပဥ္စမ အချီတွေမှာ 'ဖုန်းလာနေတယ်'၊ 'ဖုန်းကိုင်ပါတော့လား' ဆိုတဲ့ စကားတွေများ ထပ်ပြီးထွက်လာလေဦးမလားမသိ။ ကိုမနဲ့ကတော့ အဲဒီ့အသံကိုနားယားလွန်းလို့ သုံးကြိမ်မပြည့်ခင် ဖုန်းကိုင်နိုင်အောင် အမြဲကြိုးစားလေ့ရှိပါတယ်။

အဲဒီ့ကန္တဲ့ကလျ ညည်းညည်းညူညူ ဆူဆူအောင့်အောင့် အသံကိုမကြားချင်လို့ ရိုးရိုးသားသား ဖုန်းမြည်သံကို ခလုတ်ပြောင်းပြီး ထည့်ထားပါသော်ငြားလည်း ကိုယ့်ထက်တစ်ရက်ငယ်ရင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်တဲ့ 'ကိုင်ဇာ'တို့က သူ့အလစ်မှာ သူ့ဖုန်းကိုယူပြီး သူမကြိုက်တဲ့အသံကို ပြောင်းပြောင်းထားတတ်တာကြောင့် ကိုကို့ဖုန်းလာနေတယ် အသံကြားကတည်းက ကိုင်ဇာကို စိတ်ထဲမှနေ၍ ကျိန်ဆဲလိုက်ခြင်းလည်းဖြစ်သည်။

တတိယမြို့ အသံမထွက်ခင် ဖုန်းကိုဖွင့်ပြီးတဲ့ သကာလ စိတ်တိုတိုနဲ့ပဲ . . . .

"ဘယ်သူပြောနေတာလဲ . . ."

လို့ ခပ်တင်းတင်းလေးမေးလိုက်တဲ့ သကာလ . . .

"ဘယ်သူလဲလို့မေးနေမယ့်အစား မင်းဖုန်း'စကရင်'မြင်ကွင်းမှာပေါ်နေတဲ့ ငါ့နာမည်နဲ့ ငါ့ဖုန်းနံပါတ်ကို ကြည့်ပါတော့လား"

ဆိုတဲ့ အသံကြားလိုက်ရုံနဲ့ ဖုန်းမြင်ကွင်းကို ကြည့်စရာမလိုဘဲ ကိုရဲကြီးမှန်း ကိုမန္တ ကောင်းကောင်းကြီးသိလိုက်သည်။ ကိုရဲကြီးဆိုသူက ရုပ်ရှင်မင်းသမီးကြီး သန်းသန်းနွယ်၏ အိမ်ဦးနတ်ဖြစ်ပြီး စက်ပူရေပြင်ကို ခြေတင်နေသည့် အိုးဆားဗစ်ကြီးလည်းဖြစ်ကာ အရပ်ခြောက်ပေနီးပါး ထောင်ထောင်မောင်းမောင်း ဝဝတုတ်တုတ် ခန္ဓာကိုယ်အတ္တဘောရှိသူဖြစ်၍ . . .

"ဩော် . . ဖိုးပါကြီးလား . . ဖုန်းစကရင်ကို မကြည့်နိုင်ဘူးလေ . . ရှေ့က ကောင်မလေးက လှမှလှဆိုတော့ ကျွန်တော့်မျက်လုံးက သူ့ဆီကခွာမရဘူး ဟုတ် . ."

"အောင်မယ် . . အောင်မယ် မင်းမျက်လုံးက ခွာမရလောက်အောင် လှပနေတယ်ဆိုတော့ ကောင်မလေးက ဘာလူမျိုးလဲဟ"

"ဘာလူမျိုးလဲတော့မသိဘူးလေဗျာ . . ကျွန်တော့်ဘက်ကတော့ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးကို Welcome ပါပဲ"

"နောက်မှ Welcome ကွာ၊ အခု မင်းဘယ်မှာလဲ။ ဘာလုပ်နေလဲ"





"MRTပေါ်မှာ ပင်နင်စူလာပလာဇာကိုသွားမလို့ ကွမ်းရွက်ကုန်နေလို့ သွားဝယ်မှာ။ နောက်ပြီး 'တီးတိုး' မှာလိုက်လို့ 'ငါး' လည်း ဝယ်ရဦးမယ် . ."

"ဘာကွ . . တီးတိုးက မဟုတ်တာတွေ လုပ်မလို့လား"

"အထင်မလွဲပါနဲ့ ဖိုးပါကြီးရယ် 'တီးတိုး' မှာတဲ့ငါးက ရေချိုငါးလေးတွေပါ . . တစ်ကောင် တစ်ကောင်ကို ရှစ်ဆယ်မီလီလောက်ရှိတဲ့ အကောင်လေးတွေလေ။ ရေကျိုငါးပိလုပ်ဖို့ သိတယ်ဟုတ်"

"အေး . . ဒါဆိုရင်လည်း တစ်လက်စတည်း 'ဘိုတောက်' ကိုသွားကြိုကွာ၊ ဒီကောင် ဒီနေ့ စက်ာပူကို ရောက်လာလိမ့်မယ်"

"အိုး . . ကြိုစရာလား . . သူက ဆေးကုရအောင်လာတာမှ မဟုတ်ဘဲ။ သူ့ခြေ၊ သူ့လက်တွေက အကောင်းကြီးတွေ သူ့ဟာသူ လာလိမ့်မယ်"

"ဟာကွာ မင်းကလည်း . ."

"မင်းကလဲ . . ငါက မထနိုင်တွေနဲ့ သနားအောင်ပြောမနေနဲ့ ကျွန်တော့်သဘောက တီးတိုး ဒေါက် (သဘောကျင်း)မှာ ရပ်ထားတယ်။ ညနေကျရင် ပိုင်ရှင်သူဌေးတွေက နတ်တင်အောင်လာမှာ၊ နတ်တင်တယ်ဆိုပြီး သေတာကြာလို့ အရိုးဆွေးနေတဲ့ သူတို့ဘိုးဘေးတွေကို အမွှေးတိုင်တွေထွန်းပြီး နားငြီးအောင် ပူဆာကြတော့မယ်လေ။ အဲဒီ့မှာ ကျွန်တော်မရှိရင် ဖြစ်မှာမဟုတ်ဘူးဆိုတာ သိတယ်ဟုတ်"

"သိတယ် . . သိတယ် . . ပွဲတော်ကျတွေကို စားသောက်ပြီး ဗိုက်မင်းစည်းစိမ်ခံစားမလို့ မဟုတ်လား . ."

"ဒီလောက် စားစရာတွေအများကြီး ကျွန်တော်မစားရင် အားနာစရာဖြစ်ကုန်မှာပေါ့။ အားနာလို့စားတာ။ အ,တယ်တော့ ထင်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမအားရင် မင်းညီ 'အချိုမှုန့်' ကိုသွားကြိုခိုင်းလိုက်ကွာ"

"အချိုမှုန့် သင်္ဘောက 'မရိန်နာဘေး' မှာ ဒီကောင့်ကို ဖုန်းဆက်လို့မရဘူး။ သူ့ဖုန်းရေထဲကျသွားတယ်လို့ပြောတာပဲ။ အင်း . . ဒါပေမယ့် ကုလားလေးနဲ့ ကိုင်ဇာကတော့ ပြောတယ်။ ဖုန်းရှိရင် ရုံးကလည်း ခဏ ခဏခေါ်ပြီးခိုင်း၊ နောက်ပြီး ခင်ဗျားတို့လို အလိုက်ကမ်းဆိုးမသိတဲ့သူတွေလည်း အားတိုင်းခိုင်းနေလို့ တမင်သက်သက် ရေထဲကို ဖုန်းပစ်ချလိုက်တာတဲ့ . . ကိုင်း . . ရှင်းရော . . ဟုတ် . ."

"အေး . . ရှင်းချက်ကတော့ မင်းညီက သူရသမျှ လခတွေ အကုန်လုံး မင်းကိုအပ်ရပေမယ့် သူ့ကျတော့ လူတောမတိုးတဲ့ ဖုန်းအစုတ်ကြီးပဲ ဝယ်ပေးထားလို့ အဲဒီဖုန်းကို ရိုက်ခွဲမယ်လို့ ကြိမ်းနေတာကြာပါရောလား . ."

"အိုး . . ကျွန်တော့်ညီ အချိုမှုန့်က လူမှန်းမသိအောင် အရက်သောက်ပြီး မူးရမ်းတတ်တာကလွဲလို့ လူကောင်းလေးပါဗျာ။ သူများအသက်ကို သတ်ဖို့ဆိုရင် ကြက်ဥကိုတောင်မှ မခွဲရဲတာ $H_5N_1$ ရောဂါတွေစပေါ်ကတည်းကပဲလေ။ ဒါကို ခင်ဗျားသိရဲ့သားနဲ့၊ ကျွန်တော်တို့ ညီအစ်ကိုရဲ့ချစ်ခြင်းကို ကွေကွင်းအောင်လုပ်ဖို့ ခင်ဗျားမကြံပါနဲ့ . . ခွေးမသား အချိုမှုန့် တွေ့ရင်တော့ နားရင်းကို အုပ်ပစ်လိုက်ဦးမယ်"

"မနဲ့ မင်းကအကြီး၊ အချိုမှုန့်ကအငယ် ညီအစ်ကိုအချင်းချင်း လက်လွတ်စပယ်တော့ မလုပ်ပါနဲ့ကွာ . . နည်းနည်းပါးပါး ရိုက်မောင်းပုတ်မောင်းလုပ်ပြီး ဆုံးမမယ်ဆိုရင်လည်း . . တီးတိုးတို့ ဒေါက်က စတိုခန်းဘေးမှာ ငါးမူးလုံးစတီးပိုက်တွေ အလောတော် ဖြတ်ပြီး ပုံထားတာအများကြီးပဲ။

"အာ . . အဲဒါတွေက ထိလို့မရဘူးလေ။ တီးတိုးတို့ 'ဖိုမင်'





တရုတ်ကြီးနဲ့ သူတို့အုပ်စုတွေ စုပေါင်းအပိုရန်ပုံငွေရှာဖို့ လုပ်ထားတဲ့ဟာတွေဗျ။ ခင်ဗျားကို ဖုန်းပြောနေရတာနဲ့ အသည်းလေးကိုတောင် မျက်ခြည်ပြတ်သွားတယ်။ ကြည့်ရတာ အသည်းလေးက မြေနီကုန်းဘူတာမှာ ဆင်းတော့မယ်ထင်တယ်။

"ဘာကွ . . မြေနီကုန်းဘူတာ ဟုတ်လား။ 'ဘွန်လေး' ဘူတာကနေစပြီး 'ချန်ဂီ'ဘူတာထိအောင် အရှေ့အနောက် ရထားလိုင်းမှာ မြေနီကုန်းဘူတာရှိတယ်လို့ ငါတစ်ခါမှမကြားမိ၊ မတွေ့မိခဲ့ပါလား"

"ဦးထွန်းပ ဘူတာမရောက်ခင် တစ်ဘူတာအလိုဟာ မြေနီကုန်း ဘူတာပေါ့ဗျ"

"ဦးထွန်းပ ဟုတ်လား။ မြန်မာနာမည်စစ်စစ်ကြီးပါလား။ အဲဒါလည်း ငါမကြားဖူးဘူး။ အာ . . Outam Park အူထမ်ပတ်(ခ) ပါကွ။ ဒါပေမယ့် မြေနီကုန်းဘူတာ လုံးဝမရှိဘူး"

"ခက်တယ် . . ခက်တယ် . . ခင်ဗျားကလည်း စင်္ကာပူကို ရောက်တာ အို့သေတော့မယ် . . ဒီဘူတာနာမည်တွေတောင် မသိရအောင် ခင်ဗျား MRTစီးရင် ဘူတာနာမည်တွေကို သတိထား မကြည့်ဘဲ ဘယ်ဟာတွေကိုပဲ စိတ်ဝင်စားပြီး ငေးနေလို့တုံးဗျာ။ မိန်းကလေး မြင်တိုင်း လည်ပင်းရဲ့အောက်မှာ ခေါင်းနဲ့မျက်နှာရှိတယ်ထင်ပြီး အကြည့်ရဲတဲ့ ခင်ဗျားလို လူမျိုးတွေများလွန်းလို့ စလုံးက ခေတ်ကာလသမီးတွေခမျာ စကတ်အတိုအစား သရီးကွာတားဘောင်းဘီကို ပြောင်းဝတ်ကုန်ကြတာပေါ့"

"ဟဲ့ကောင် . . မော်လမြိုင်ဘေးက ကျိုက္ခမိရွာသား မင်း ဘာမဟုတ်တရုတ်တွေ လျှောက်ပြောနေတာလဲ။ ငါဟာငါ MRT စီးရင်း ကြည့်ချင်ရာကို ကြည့်ပေမယ့် မင်းပြောတဲ့ မြေနီကုန်းဘူတာ လုံးဝမရှိတာကိုတော့ ငါကောင်းကောင်းကြီး သိတယ်ဟေ့"

"RED HILL ဘူတာကို မြေနီကုန်းလို့ ဘာသာမပြန်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကြီးတော်ကုန်းလို့ ဘာသာပြန်ရမှာလား။ အဲဒါကြောင့် ဗြိတိသျှ အ,သုံးလုံးကျေအောင် ပေါ်လီမူကြိုကျောင်းကို တက်ပါလို့ ပြောတော့လည်း ခင်ဗျားက မကြိုက်၊ အေ၊ ဘီ၊ စီ၊ ဒီကိုတောင်မှ အကြီးစာလုံးနဲ့အသေးစာလုံး မခွဲတတ်လို့ ယာဉ်မောင်းလိုင်စင် စာမေးပွဲကို ခင်ဗျားတဖုန်းဖုန်းကျနေတာဟုတ်။ ကြွားချင်လွန်း အားကြီးလို့ အကောင်းစား မော်တော်ဆိုင်ကယ်ကြီး ဝယ်ထားပြီးကာမှလူ လိုင်စင်ကမရ၊ မစီးရဲလို့အားအားရှိ ဆိုင်ကယ်ကြီးကို ရေဆေး၊ ဖုန်သုတ်ရင်း အလုပ်ရှုပ်နေတာကို အဟုတ်ကြီးထင်မနေပါနဲ့ . . အားလားမား. . (မလေးစကား 'အလိုလေး'ဟု အဓိပ္ပာယ်ရသည်) ခင်ဗျားရဲ့ ကောင်းနိုးရာရာ အတင်းတွေကိုပြောနေရတာနဲ့ အသည်းလေးတောင် ဆင်းဖို့လုပ်နေပြီ"

"သွားခါနီး ဖလိုင်းကစ်(စ်)တစ်ချက်ပေးသွားလေကွယ်. . သွားလမ်းသာလို့ လာလမ်းများ ဖြောင့်တန်းသွားအောင်ဆုတောင်းပေးမှာပေါ့. . အိုး . . အသည်းလေးက မျက်လုံးကို ထောင့်ကပ်ပြီး သမင်လည်ပြန်နဲ့မျက်စောင်းထိုးကြည့်နေတယ်ဗျို့ . . ကျွန်တော်ရဲ့ ယောက်ျားပီသတဲ့ အလှကွန်ယက်ကြားမှာ သူ ရုန်းမထွက်နိုင်တော့ဘူးထင်တယ် . . ဟီ . . ဟိ"

ရထားဘေးတံခါးပွင့်သွားပြီးနောက် အပြင်သို့ထွက်ရန် ပြင်လိုက်သော ကောင်မလေးက ကိုမန္ဲကိုလှည့်ကြည့်လိုက်ရင်း. .

"အကောင်ကြီးပြီး အချိန်မစီးဘူး. . "

လို့ မြန်မာလိုပီပီသသကြီးပြောကာ ရထားပေါ်မှဆင်းသွားသဖြင့် ကိုမန္ဲ ကြက်သေသေသွားပြီးနောက် တံတွေးကို ဂလု . . ခနဲ မျိုချရင်း. .

"အား . . ကိုရဲရေ . . ကောင်မလေးက ရွှေမြန်မာလေးဗျ။ ကျွန်တော့်ကို အကောင်ကြီးပြီး အချိန်မစီးဘူးလို့ ပြောသွားတယ်"





"ဘာကွ . . မင်းကို အဲဒီလို ပြောသွားတယ်ဟုတ်လား . . . မခံနဲ့ . . ငြိမ်ခံမနေနဲ့ . . ငါက အကောင်ကြီးပေမယ့် အချိန်မစီးတာက ထမင်းမစားဘဲ ဟိုဒင်းတွေ စားနေလို့ပေါ့ . . ပြန်ပြောပစ်လိုက်စမ်း မန္ဲ . . မင်းဘက်ကနေ ငါမခံနိုင်လွန်းလို့ပါကွာ . . "

www.burmeseclassic.com

www.burmeseclassic.com





မြန်မာစံတော်ချိန် ၁၄း၃၀



စင်ကာပူစံတော်ချိန် ၁၆း၀၀
ညနေ လေးနာရီ

လေယာဉ်ဆိုက်လို့ သူများတွေနောက်က ရောယောင်လိုက်ရင်း လေယာဉ်တံခါးဝမှာ ချိတ်ဆက်ထားတဲ့ ပြွန်ချောင်းကြီးထဲရောက်မှ . .

"လေယာဉ်ဆိုက်ကတည်းက ခရီးသည်တွေကို ကြိုဖို့လာတဲ့ ဘတ်(စ)ကားတွေ မမြင်ပါလားလို့ တွေးမိတာ လက်စသတ်တော့ ဒီလို လူသွားစကြံန်ပြွန်ချောင်းကြီးတွေရှိလို့ ဘတ်(စ)ကားမလာတာကိုး။ ဩော် . . စလုံး . . စလုံး . . ကပ်စေးနည်းချက်ကတော့ ခရီးသည်တွေကို ဘတ်(စ)ကားနဲ့ခေါ်ရင် ဆီကုန်မှာစိုးလို့ ဒီလိုစကြံန်ပြွန်ချောင်းကြီးတွေလုပ်ပြီးခရီးသည်တွေကို ခြေလျင်လျှောက်ခိုင်းထားတာကိုး။ ခေတ်မီတာလား၊ ဘိတ်ချေး ကပ်တာလား ခွဲခြားလို့တောင် မရနိုင်အောင်ပါပဲလားကွယ်ရို့"

တာမင်နယ်လို့ခေါ်သော လူသွားစကြံန်ပြွန်ချောင်းကြီးအဆုံး ဆိုက်ရောက်ခန်းမအရောက် . . .

"အလို . . ကုန်ပစ္စည်းတွေရောင်းတဲ့ စတိုးဆိုင်တွေက မှိုလိုပေါက်ပြီး ရောင်းသူ၊ ဝယ်သူ၊ သွားသူ၊ လာသူနဲ့ တစ်မိုးအောက်မှာ တိုးမပေါက်အောင် စည်ကားချင်တိုင်း စည်ကားနေပါရောလားဟ။





သူပြည်ရွာနသာလေစွတွေကို ဟိုငေးသည်ငေး ငေးရင်း လေယာဉ်စီးဖော်တွေနဲ့ ကွဲခဲ့ပါရောလား။ ကြက်ပျံမကျအောင် ခြေချင်းလိမ်နေကြတဲ့ ထောင်သောင်းချီနေတဲ့လူထုကြီးထဲမှာ မျက်နှာသိတစ်ယောက်မှမပါဘဲ မျက်နှာစိမ်းတွေကြီးပဲမို့ ရွှေအားတော်တောင်ငယ်မိပါရောလား။ အသားဖြူဖြူ နီနီစပ်စပ်၊ မည်းမည်း ချိပ်ချိပ်၊ နက်နက်ပြောင်ပြောင် လူသူပရိသတ်ကြားထဲမှာ တကောင်းအဘိရာဇာသကျသာကီဝင် ရွှေမြန်မာငါတစ်ယောက်က ဘယ်အပေါက်ကို ဝင်လို့၊ ဘယ်အပေါက်က ထွက်ရပါ့မလဲဟ . . ။

ဟော . . ဟော . . ဟိုမှာ . . ငါနဲ့ ခုံတစ်တန်းတည်း ထိုင်ခဲ့တဲ့ အိုကြီးအိုမ မျက်နှာဖြူလင်မယား ခပ်သုတ်သုတ်သွားနေကြပါလား။ သူတို့နောက်ကိုအမီလိုက်ပြီး ငါ့ရဲ့ ထွက်ရပ်စခန်းလမ်းပြခိုင်းရ ကောင်းလေမလားဆိုပြီး ခြေဟန်ကိုပြင်ရုံရှိသေး ဒင်းတို့လင်မယားက ငါ့ကိုတစ်ချက်လှည့်ကြည့်ပြီးတဲ့သကာလ ကိုယ့်အသက်ကိုယ်မှ မငဲ့ညှာ၊ ကိုယ့်အရွယ်ကိုမှမထောက် ခြေထောက်ကို Speed စပိဒ်တင်ပြီး မိုင်ကုန်နှင်နေလိုက်ပုံက သူတို့နောက်ကို သေမင်းလိုက်နေသလိုပါပဲလား။

သိပြီ . . သိပြီ . . အဲဒီ့လောက်ဆို ငါသဘောပေါက်ပြီ။ ငါကိုယ်တော်မြတ်ကို အရူးမှတ်လို့ ဖနောင့်နဲ့ တင်ပါးတစ်သားတည်းကျအောင် ဒင်းတို့လင်မယား ပြေးလွှားနေကြတာမဟုတ်လား။ အားကိုးတကြီးနဲ့ သူတို့နောက်ကို ငါဆက်လိုက်လို့ကတော့ ဥရောပသားလင်မယားက ကြောက်အားလန့်အားနဲ့ သူတို့နောက်ကို ဒ . . လိုက်နေပါတယ်ဆိုပြီး ရဲကိုသာ လက်တို့လိုက်ရင် ဘုရား . . ဘုရား . . ဗြိတ်သျှစကားနဲ့ဖြေရှင်းရမယ့်အရေးမှာ မေးကြီးတထိုးထိုးနဲ့ တအိုင်တည်းသာအိုင်နေလို့ကတော့ ပြည်တော်ကိုပြန်ရရုံမက ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံအထိ ခလုတ်မထိဆူးမငြိဘဲ ရောက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



အရေးပေမို့ ခြေထောက်ကို ဘရိတ်အုပ်ပြီး စိတ်ရှုပ်ရှုပ်နဲ့ ဘာလုပ်ရမှန်းကို မသိဘဲဖြစ်နေတုန်း။

သူတော်ကောင်းကြီးရဲ့ စိတ်ဇောအဟုန်ကြောင့် သမာဓေ၀နတ်မြတ်နတ်ကောင်းတွေက မနေသာလို့ မှိုင်းမလိုက်ပြီထင်ပါရဲ့။ ကျွန်တော့်ရဲ့မြင်လွှာအောက်ကို ဝင်ရောက်လာသူက လေယာဉ်ပေါ်မှာ အိမ်သာတံခါးကို ဆွဲဖွင့်မိတဲ့သူပါပဲ။ သူက ကျွန်တော့်ကို ဂရုမထားမိဘဲ ကျော်တက်သွားတာနဲ့ တစ်ပြိုင်တည်း ငါ့ရဲ့ထွက်ရပ်စခန်းကို လမ်းပြမယ့်သူတွေ့ပြီဟလို့ တက်တက်ကြွကြွနဲ့ လမ်းမသိတဲ့ကျွန်တော်က သူ့နောက်ကို ကောက်ကောက်ပါအောင် လိုက်တော့တာပေါ့။

ခမျာကြီးကလည်း ဟိုဝင်သည်ထွက်နဲ့ဆိုတော့ သူသွားရင်ကိုယ်သွား၊ သူရပ်ရင် ကိုယ်ရပ်နဲ့ စတိုးဆိုင်တွေ၊ ဂျူတီဖရီးဆိုင်တွေကို တော်တော်တောင်နှံ့ခဲ့ရသဗျ။ နောက်ဆုံး လူသွားစကြံန်ပေါ်ပြန်ရောက်တော့ . . .

အလို . . ဘုရား . . ဘုရား လူသွားစကြံန်ကြီးက သူ့အလိုလိုအော်တော်မီးတစ်ကြီးရွေ့နေသဟ . . ဒီကိုမလာခင် အလုပ်အကိုင်အဆင်ပြေစေဖို့အရေး ဘုရားကိုအပူကပ်ရင်း ရွှေတိဂုံစေတီပေါ်မှာ ယန္တြာချေတော့ ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်းက စက်လှေကားကို အသက်စေ့နီးပါး စီးဖူးထားသော်ငြားလည်း ဒီစက်လှေကားက အထစ်မရှိဘဲ ရေပြင်ညီကြီးမို့ တအံ့တဩတောင်ဖြစ်မိတာပေါ့။ တရွေ့ရွေ့သွားနေတဲ့ ရေပြင်ညီစက်လှေကားပေါ်မှာ နောက်ပြန်သာလျှောက်လိုက်လို့ကတော့ မိုက်ကယ်ဂျက်ဆင်ရဲ့ မွန်းဝေါ့ (Moon Walk)ဆိုတဲ့ နောက်ပြန်လမ်းလျှောက်အကနဲ့ နင်လား ငါလားပဲလေ။

ရေပြင်ညီစက်လှေကားကို စီးကောင်းကောင်းနဲ့ စီးနေတုန်း





မြန်းဆိုပြီး စက်လှေကားဆုံးသွားတော့ အရှိန်မထိန်းနိုင်ဘဲ ရှေ့ကလူဝင်တိုးမိသဗျ။ သူကလည်း ကျွန်တော့်ကို ဘုကြည့်ကြည့်ရင်း . . .

"ဘာကိစ္စနဲ့ မင်းက ငါ့နောက်ကို တကောက်ကောက်နဲ့ လျှောက်လိုက်နေတာလဲ . ."

လို့ ခပ်ဆတ်ဆတ်မေးလိုက်တာနဲ့ ကျွန်တော်လည်း ရှက်ရှက်နဲ့ ညာချိန်တောင်မရလိုက်ဘဲ . . .

"အပြင်မထွက်တတ်လို့ ခင်ဗျားနောက်ကို လျှောက်လိုက်နေမိတာပါဗျာ။ ခင်ဗျားကလည်း အပြင်ကိုထွက်မှာမဟုတ်လား"

ဆိုပြီး မျက်နှာငယ်လေးနဲ့ ဖြေလိုက်တဲ့ သကာလ ထိုသူက ပါးစပ်ကြီးကိုဟပြီး သုံးဆယ့်နှစ်ကောဋ္ဌာသကို ထင်ရှားအောင်ပြရင်း

"ငါက ထရန်ဆစ်ဟ . . အခုညနေမှာ နောက်လေယာဉ်တစ်စီးနဲ့ ဩဇီကို သွားမှာ . ."

"ဗျာ . . ဩဇီ . . ဟုတ်လား . . စင်္ကာပူမှာ ချန်ဂီလေဆိပ်အပြင် ဩဇီလေဆိပ်ရှိသေးတယ်လား။ အခု ကျွန်တော်ရောက်နေတာ ချန်ဂီလေဆိပ် ဟုတ်ပါတယ်နော်"

ထိုသူက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် သူ့ရင်ဘတ်ကိုဖိရင်း

"စင်္ကာပူတစ်နိုင်ငံလုံးရဲ့ ဧရိယာက ရန်ကုန်လောက်ပဲကျယ်တာမို့လို့ ဘယ်လိုလုပ်ပြီး လေဆိပ်နှစ်ခုရှိမှာလဲ။ ချန်ဂီလေဆိပ်တစ်ခုပဲရှိတာ။ ငါပြောတဲ့ ဩဇီဆိုတာ ဩစတြေးလျကို အတိုကောက်ခေါ်တာ . . အင်း . . မင်းရဲ့ ပုံပန်းသဏ္ဌာန်ကို မြင်ကတည်းက ဘယ်လောက်ထိ လည်လည်ဝယ်ဝယ်ရှိတယ်ဆိုတာကို ငါရိပ်မိပါပြီ။ ဘယ်ကနေဘယ်လိုသွားရမယ်လို့ ငါလမ်းညွှန်ပြနေရင်လည်း အာပေါက်ရုံပဲရှိတော့မှာမို့ ကိုင်း . . လာ လာ မင်းထွက်ရမယ့် အပေါက်အထိ ငါပဲ လိုက်ပို့ပါ့မယ်ကွာ"

လို့ဆိုညည်းလေးနဲ့ ရှေ့ကနေ သူက လမ်းပြတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ လိုက်ရတော့တာပေါ့။ သွားရင်းလာရင်းနဲ့ သူက ဒခင်တာဗျူးသေးသဗျ။

"မင်း စက်ာပူမှာ အလုပ်လုပ်ရအောင်လာတာလား"

"ဟုတ်ကဲ့ ခင်ဗျ"

"လုပ်ငန်းနဲ့ပတ်သက်ပြီး Certificate လို့ခေါ်တဲ့ ကျွမ်းကျင်တဲ့ လက်မှတ်တွေ၊ အောင်လက်မှတ်တွေရော တစ်ပါတည်းယူခဲ့ရဲ့လား"

"အဲဒါတွေတင်မက ထူးချွန်လွန်းလို့ရရှိခဲ့တဲ့ ဂုဏ်ပြုလက်မှတ်ကြီးတောင်ယူခဲ့ပါတယ်ခင်ဗျ"

"ထူးချွန်လွန်းလို့ ဂုဏ်ပြုလက်မှတ်တောင် ရခဲ့တယ်ဆိုတော့ ငါ့ညီက တယ်ဟုတ်ပါလားကွ။ 'စာရင်းကိုင်၊ အကောင့်တင်း'တွေမှာ တို့ရွှေမြန်မာတွေကလည်း ကမ္ဘာ့အဆင့်မှာ တော့ပ်တန်းစာရင်းကို ဝင်ရုံမက ပထမတောင်ရခဲ့ကြတာ ကြားသိရလို့ ကိုယ်ရွှေကိုယ်မျိုးတွေအတွက် မုဒိတာပွားပြီး ငါ့မှာဝမ်းသာလုံးတောင်ဆို့မိသကွ၊ အဲဒီလို ထူးချွန်ပြောင်မြောက်တဲ့ သူတွေကိုကမ္ဘာတစ်လွှားက ကုမ္ပဏီကြီးတွေက သူတို့ကုမ္ပဏီတွေမှာ အလုပ်ဝင်စေဖို့အရေး လစာငွေဒေါ်လာတွေကို ဖောဖောသီသီပေးပြီး မျက်နှာချိုသွေးကာ အမြဲတမ်း Welcome နေကြတာမို့ အလုပ်အတွက် နည်းနည်းမှကို အခက်အခဲမရှိတော့ဘူးပေါ့။ လူသာငယ်ပေမယ့် ထူးချွန်ပြောင်မြောက်တဲ့ မင်းအတွက် ငါလည်း ဂုဏ်ယူမိပါတယ်ကွာ . . ဒါနဲ့ မင်းရခဲ့တဲ့ ဂုဏ်ပြုလက်မှတ်က ဘယ်ဘာသာရပ်မှာလဲကွ"

တပြုံးပြုံးနဲ့ မုဒိတာဖုံးနေတဲ့ လမ်းပြကြီးအတွက် ဝမ်းသာလုံးဆို့အောင် အမောတကောနဲ့ ကျွန်တော်က ပြောပြတော့တာပေါ့။

"တစ်မြန်နှစ်က 'ဆိုကရေးတီး' ပြိုင်ပွဲမှာ အကဘာသာရပ်နဲ့ ထူးချွန်ပြောင်မြောက်စွာ ပထမဆုကြီးကို ဆွတ်ခူးလိုက်လို့ ရွှေတံဆိပ်





နဲ့တကွ ချီးကျူးဂုဏ်ပြုလက်မှတ်ကြီးကို ရရှိထားတာပါ ခင်ဗျ . . ဟ . . အာ"

ကျွန်တော့်စကားအဆုံး လမ်းပြကြီးခမျာ . . လေသင်တုန်းဖြတ်ခံလိုက်ရသလို မတ်တတ်ကြီးရပ်ရင်း မလှုပ်မယှက်နဲ့ ကြက်သေသေသွားပြီးသကာလ အသက်ကိုပြင်းပြင်းရှူရင်း မျက်စိကိုပေကလပ်၊ ဆေကလပ်လုပ်ကာ လေပြေကလေးနဲ့ . . .

"နောက် . . နောက်နေတာလား ဟင်"

လို့ မယုံသင်္ကာဟန်အပြည့်ဖြင့် မေးလိုက်တာကြောင့် မခံချင်စိတ်များတဖွားဖွားပေါ်သွားပြီး တရွတ်တိုက်ဆွဲလာခဲ့တဲ့ ဘီးပါတဲ့ နိုင်ငံခြားဖြစ် ထန်းခေါက်ဖာအိတ်ကိုတောင် ဘယ်ခြေကို ရှေ့ထိုး၊ ခါးကိုနွဲ့၊ လက်နှစ်ဖက်ကို လှလှပပလေး ပိုက်၊ ခေါင်းလေးကို အသာငဲ့ဆောင်းလိုက်ရင်း . . .

"ငါးပါးပဥ္စသီကို ခါးဝတ်မှာ အမြဲတမ်းချည်သူမို့ ညာပါ့မလားဗျာ။ ရေခြားမြေခြားမှာ လုပ်ရမယ့်လုပ်ငန်းနဲ့ မပတ်သက်ပေမယ့် ကျွန်တော့်ဝါသနာအရ မိဘနှစ်ပါးရဲ့ အားပေး၊ အားမြှောက်မှုနဲ့အတူ ကျွန်တော်ကိုယ်တိုင် အစွမ်းကုန် ကြိုးစားအားထုတ်လို့ ရရှိလာခဲ့တဲ့ ဂုဏ်ပြုလက်မှတ်နဲ့ ရွှေတံဆိပ်ကြီးကိုတော့ အသက်နဲ့အမျှ တန်ဖိုးထားကာ မြတ်နိုးလွန်းလို့ ကိုယ်နဲ့မကွာ ယူဆောင်လာခဲ့တာပါ ခင်ဗျ။ နောက်ပြီးတော့လည်း အဲဒီ့ ပထမဆုအတွက် ကျွန်တော် အပြိုင်အဆိုင်ကရစဉ်က အကဲဖြတ်ဒိုင်နဲ့တကွ ကြည့်ရှုသူ ပရိသတ်က လက်ခုပ်သံညံမစဲနဲ့ အားပေးခဲ့တာကိုတောင် ပြန်မြင်ယောင်မိသဗျ။ အဲသဟာကြောင့် ဟောဒီ့က အစ်ကိုကြီး မယုံရင်လည်း အခုလို ဆောင်စုံမီးတွေထိန်ထိန်ငြီးပြီး ထောင်သောင်းချီတဲ့ လူသူပရိသတ်ကြားထဲမှာ တစ်ပိုဒ်တစ်ပါဒလောက် ကပြအသုံးတော်ခံပါရစေလား ခင်ဗျာ။ ခေါင်းခါးခြေလက် ဤလေးချက် မပျက်စေရသုခုမ ဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



အရိုးပေါ်အရွက်မဖုံးအောင် မြန်မာ့ယဉ်ကျေးမှုစစ်စစ်ကို ဖော်ထုတ်ပြသမှာမို့ မျက်တောင်မှမခတ်ဘဲ တစိုက်မတ်မတ်သာကြည့်ပေတော့ ဗျာ"

"သိရိမ္ဗာ . . သောက . . မဟာရာဇာ . . ရေတွင်းပေါင်း"

ကျွန်တော့်မှာ သီချင်းလေးကို စပြီးဆိုရုံရှိသေး လက်တောင်မချိုးရသေးဘူး . . လမ်းပြကြီးက ကျွန်တော့်ကို အတင်းဝင်ဖက်ရင်း ဝမ်းသာလုံးဆိုတဲ့ တုန်တုန်ရင်ရင်အသံကြီးနဲ့ . . . .

"ရပြီ . . ရပြီ . ."

လို့ ခိုညည်းသလို ညည်းနေတာကြောင့် . . .॥

ဘာမှမကရသေးဘဲနဲ့ သူကနေ ဇွတ်ကြီးရပြီ၊ ရပြီလို့ပြောတာ ဘယ်လိုမှ သဘာဝမကျဘူးလေ . . အဲဒါကြောင့် . . .

"ဒီမှာ အစ်ကိုကြီး ကျွန်တော်က ဘောင်းဘီလက်ရှည်ကြီးနဲ့ဆိုတော့ အစ်ကိုကြီးကြည့်ဖူး၊ မြင်ဖူးထားတဲ့ လူလား၊ မျောက်လားမကွဲပြားအောင် ရှေ့ကျွမ်း၊ နောက်ကျွမ်း ကျွမ်းပေါင်းစုံနဲ့ ခုန်ပျံကျော်လွှား မဟားဒယားတွေ ကပြလိမ့်မယ်လို့များတွေးထင်မိနေလို့ ရပြီ . . ရပြီဆိုပြီး တားမြစ်နေတာလား ခင်ဗျာ . ."

"ရိုးရာ အမွေအနှစ်ကို စနစ်တကျသင်ယူတတ်မြောက်ထားသူပါဗျ။ တောင်ရှည်ခါးပုံစကို ညာခြေခွင်နဲ့ ဝိုက်ခပ်ပြီး ကိုယ်ကိုနွဲ့က တစ်ပတ်လှည့်ရင်း တောင်ရှည်ခါးပုံစက ကျောဘက်ကနေ လူကို တစ်ပတ်အပတ်မှာ ဘယ်လက်ဖျံနဲ့ ဖတ် . . ခနဲ ဖမ်းပြီး မင်းသားဟန် အပြည့်နဲ့ တစ်ကွက်လောက်ပြလိုက်မှသာလျှင် ကျွန်တော့်ရဲ့ အနုပညာအတိမ်အနက်ကို ထောက်ချင့်လို့ရမှာပေါ့ . . အဲဒါကြောင့် . .

"အစ်ကိုကြီးလည်ပင်းမှာ ချိတ်ဆွဲထားတဲ့ ကြောင်လျှာသီး နက်(ခ)တိုင်(လ်) ခဏချွတ်ပေးဗျာ။ ကျွန်တော့်ခါးပတ်ခေါင်းထိပ်မှာ ချိတ်ဆွဲပြီး တောင်ရှည်ခါးပုံစလို ဖားလျားချထားမယ်။ ဒါမှ အစ်ကို





ကြီး ပိုပြီးတော့ အမြင်ရှင်းသွားမယ် မဟုတ်လား"

ထိတ်လန့်နေပုံရတဲ့ လမ်းပြကြီးက လက်ကာပြရင်း . . .

"မင်းရဲ့ ပြောပုံ၊ ဆိုပုံ၊ လုပ်ပုံ၊ ကိုင်ပုံ မြင်ရရုံနဲ့ ဆရာကောင်း တပည့်မှန်း တန်းပြီးသိပါတယ်ကွာ . ."

လို့ လေပြေထိုးပြန်တော့ . . .

"ကျွန်တော့်ရဲ့ဆရာက မန္တလာက ပန်တျာဦးတင်နိုင်ဝင်း ခင်ဗျ။ ဈေးချိုထဲမှာတောင် ဝင်းဝင်းစိန် ပိန်အိတ်ရောင်းဝယ်ရေး လုပ်ငန်းကြီးဖွင့်ထားတာ . . ဟီး . . လို့ ဆရာ့စကားကို မြေဝယ်မကျ နားထောင်လေတော့ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတဲ့ စကားနဲ့အညီ . . ."

"အေး . . ပါ . . အေး . . ပါ . . ငါက မင်းဆရာအကြောင်း မေးနေတာ မဟုတ်ဘူး . . မင်း . ."

"ကျွန်တော့်ဆရာအကြောင်းကိုမမေးပေမယ့် ပဥ္စဂုဏ်အဟံ ဗုဒ္ဓါမိ ဆိုပြီး အနန္တာ အနန္တငါးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်နေလေတော့ကာ ဂုဏ်ကျေးဇူးရှင်ဆရာသခင်ကို ဦးထိပ်မှာပန်ဆင်ပြီး မေးသော်လည်း ဖြေကြားလေမှ တပည့်ကောင်းပီသမှာ မဟုတ်ပါလား ခင်ဗျာ"

"အေး . . ပါ . . အေး . . ပါ . . ငါ့စကားလေးများ ဆုံးအောင်နားထောင်ပါဦးလား . ."

"အပြောကိုနောက်မှာထားပြီး အလုပ်နဲ့ သက်သေပြရမှာက အခုင်လေ အစ်ကိုကြီးရဲ့ . ."

"ဟော့ကောင် . . မင်းဟာ မင်းသွားချင်တဲ့နေရာသွား၊ ဝင်ချင်တဲ့ အပေါက်ကိုသာ ဝင်ပေတော့ . . ငါလည်း သွားပြီ"

ကျွန်တော်က သူ့ရဲ့လက်ကိုဆွဲရင်း မျက်နှာကို အချိုသာဆုံးပြုလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မလုပ်ပါနဲ့ အစ်ကိုကြီးရယ် . . ဒီတစ်ခေါက်ပဲ နိုင်ငံခြားကို ကျွန်တော်ရောက်ဖူးတာပါ။ လူမျိုးပေါင်းစုံ မျက်နှာစိမ်းတွေကြားထဲမှာ ဘယ်သူ့ကို ဘယ်လိုမေးရမှန်း မသိလို့အားငယ်နေတုန်း အားကိုးစရာ အစ်ကိုကြီးနဲ့တွေ့လို့ စကားလက်ဆုံကျလိုက်တာနဲ့ ဝမ်းသာအားရ ထိန်းမနိုင်သိမ်းမရဖြစ်သွားတာပါ . . စိတ်မဆိုးပါနဲ့ဗျာ . . ဘယ်နေရာက ထွက်ရမယ်ဆိုတာကို ကျွန်တော် တကယ်မသိပါဘူး . . . ကူညီပါဗျာ"

သူက ကျွန်တော့်ကို တွေတွေကြီး ကြည့်ပြီးမှ . . .

"ဒါဆို စကားတစ်ခွန်းမှ မဟနဲ့ . . ငါ့နောက်က လိုက်ခဲ့"

ဟုတ်ကဲ့လို့တောင်ပြန်မပြောတော့ဘဲ ဖဝါးထပ်မျှ သူ့နောက်က လိုက်ရတာပေါ့။ 'တာမင်နယ်ဝမ်း' ဆိုတာကြီးရောက်တော့ သူက အပေါ်ကနေ အောက်ကိုလက်ညှိုးထိုးပြရင်း . . .

"ဟော . . ဟိုမှာ အင်မီဂရေးရှင်းလို့ခေါ်တဲ့ လူဝင်မှုကောင်တာကနေထွက်ရမှာ မင်းက အေးဂျင့်(ပွဲစား) နဲ့လာတာလား။ ကိုယ့်ဟာကိုယ် လာတာလား"

"စလုံးအေးဂျင့်နဲ့ အပ်ထားတယ်လို့ ကျွန်တော့်အစ်ကိုဝမ်းကွဲက ပြောပါတယ်။ ကျွန်တော့်အစ်ကိုဝမ်းကွဲက ဒီကိုရောက်နေတာကြာပါပြီ။ ရွာတောင်ပိုင်းက ဖိုးသံလုံးဆိုရင် ဘယ်သူ့ကိုမေးမေး ရပါတယ်။ ဒီမှာတော့ နာမည်တောင်ပြောင်းထားသလား မသိပါဘူး . . အရိုးလေး မလှည့်နဲ့ဘကြီးကိုသံဒိုင်အကြောင်းပါပြီး ကျွန်တော့်ထွေးလေးကိုဘိုးလူနဲ့က မောင်လှယ်၊ နှမလှယ်တွေဆိုတော့ နှစ်ဖက်စပ်၊ နှစ်ဖက်တော်တွေပါခင်ဗျ။ ဒီကြားထဲ ကျွန်တော့်အဖေရဲ့ညီဘုန်းဘုန်း ဦးသုမနနဲ့ကလည်း ပြည်ဗာရာဏသီကျောင်းတိုက်က တိုက်အုပ်ဆရာတော်ကြီးရယ်၊ ဦးထေရရယ်၊ ဦးသီတလာရယ်နဲ့ ကျန်းမာရေးမကောင်းဘူး၊ မကောင်းဘူးလို့ ညည်းပြီး မြန်မာတစ်ပြည်လုံးကို ခေါင်းမြည်အောင် လျှောက်သွားနေတဲ့ ဆရာတော် ဦးဓမ္မနဲ့ကလည်း ဘယ်ဘက်က လှည့်စပ်စပ် အမျိုးတွေကြီးပါပဲခင်ဗျ . . နောက်ပြီး"

ကျွန်တော့်စကားပင် မဆုံးသေး . . .

"အေးပါ . . အေးပါ . . မင်းရဲ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ကို အပြင်ရောက်မှ ဆက်ပြီးစပ်တော့ . . မင်း လူဝင်မှုတွေဆီ သွားခင် ဟောဟိုမှာ ဖုန်းတွေမြင်လား။ အဲဒါ စင်္ကာပူနိုင်ငံအတွင်းကို အလကားကြိုက်သလောက်ဆက်လို့ရတဲ့ ဖုန်းတွေ၊ အဲဒီဖုန်းနဲ့ မင်းအစ်ကိုဝမ်းကွဲ ရွာတောင်ပိုင်းက ဖိုးသံလုံးကို ဖုန်းဆက်ပြီး မင်းရောက်နေကြောင်းပြောလိုက် . . ကဲ . . ငါသွားပြီ"

"နေ . . နေပါဦး အစ်ကိုကြီးရဲ့ . . အောင်လံ သာသနာပြုကျောင်းက စာရေးဆရာဘုန်းကြီး ဦးဣန္ဒြေနဲ့ကလည်း စပ်မယ်ဆိုရင် အမျိုးတော် . . . တော် . . ."

သူက နောက်ကိုတစ်ချက်တောင် လှည့်မကြည့်ဘဲ သုတ်ခြေတင်သဖြင့် . . .

"အစ်ကိုကြီး နာမည်ပြောခဲ့ပါဦး . . ကြုံလို့ရှိရင် ကျေးဇူးဆပ်ချင်လို့ပါ . ."

"နောက်ဘဝတောင် ဆပ်ဖို့မစဉ်းစားနဲ့ . ."

လို့ တစ်ချက်လှည့်အော်ပြီး လူကြားထဲ ဝင်ရောက်ပျောက်ကွယ်သွားသဖြင့် ကျွန်တော်လည်း အလကားပြောလို့ရတဲ့ ဖုန်းကိုတောက်ကိုင်ရင်း ကျွန်တော့်အစ်ကိုဝမ်းကွဲရဲ့ ဖုန်းနံပါတ်ကို ခေါ်လိုက်တဲ့ သကာလ . .

"ဟဲ့ . . နွားလေး . . မင်းဘယ်တွေ သဝေထိုးနေတာလဲ . . . မင်းလေယာဉ်နဲ့ပါလာတဲ့ လူတွေအကုန်ထွက်သွားပြီ။ အေးဂျင့်ကလည်း စိတ်တိုနေပြီ သွား . . သွား . . လူဝင်မှုအပေါက်ကို အမြန်သွား . . . မင်းရဲ့စာရွက်စာတမ်းတွေ အကုန်ပို့ထားပြီးသား . . .






www.burmeseclassic.com

www.burmeseclassic.com



လေ့ကားပေါ်က ဆင်းဆင်းခြင်း မင်းရဲ့ ဘယ်ဘက်ဆုံးအပေါက်ကို သွားတော့ . . . "

ဆိုပြီး ဖုန်းချသွားတာနဲ့ ရွှေ့လျားစက်လှေကားပေါ်ကနေ အိတ်ကြီးကိုဆွဲလို့ အပြေးတစ်ပိုင်းဆင်းပြီး အစ်ကိုဝမ်းကွဲပြောလိုက်တဲ့ ဘယ်ဘက်ထောင့်ဆုံးက အပေါက်ကိုသွားတော့ စလုံး လ. ဝ. ကကြီးရဲ့ကောင်တာနဲ့ မလှမ်းမကမ်းမှာ ကြောင်တောင်တောင်ရပ်နေတဲ့ လူသုံးလေးယောက်ကို မနည်းရှောင်ကွင်းပြီးသွားနေတုန်း စလုံး လ. ဝ. ကကြီးက ရေးကြီးသုတ်ပြာနဲ့ အပြေးအလွှားလာနေတဲ့ ကျွန်တော့်ကိုကြည့်ရင်း . . .

"ကြူ . . ကြူ . . "

လို့ မြန်မာလို ပီပီသသကြီး အော်ခေါ်တာကြောင့် . . .

"ကျွန်တော့်နာမည် ဘိုတောက်ပါခင်ဗျ။ ကြူကြူ မဟုတ်ပါဘူး လို့ . . "

ပြန်ဖြေကာ သူ့အနားသွားပြီး ပတ်စပို့ကို ထိုးပေးလိုက်တော့ မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ အရာရှိမင်းက ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း . .

"Do You Know Q?"

"မင်း 'ကျူ' ကိုသိလား" လို့ ဗြိတိသျှစကားနဲ့ မေးမြန်းလိုက်တာကြောင့် ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းဆိုသလို လ. ဝ. က အရာရှိမင်းကတော့ ငါ့ရဲ့အင်္ဂလိပ်စာတတ်ကျွမ်းမှုအခြေအနေကို စစ်နေပြီပေါ့။ ဒီလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်ဆိုပြီး ဂုဏ်ယူဝံ့ကြွားစွာနဲ့ . .

"Yes I Know, Q is Between P and R"

သိပါတယ်ခင်ဗျ . . Q ဆိုတာ P နဲ့ R ကြားမှာပါလို့ မေးကို နှစ်ခါလောက် ထိုးပြီးဖြေကြားလိုက်တဲ့ သကာလ အရာရှိမင်းက ဖား





ပေါင်စင်းကြီးလို ခါးကိုကုန်းရင်း ကျွန်တော့်နောက်မှာ ကြောင်တောင်တောင်ရပ်နေတဲ့ လူသုံးလေးယောက်ကို လက်ညှိုးထိုးကာ . .

" I Talk to Q is QUEUE Q, Don't You?"

ငါပြောတဲ့ 'ကျူ' ဆိုတာက တန်းစီတဲ့ 'ကျူ' မင်းမသိဘူးလား" လို့ သဟောက်သဟာလုပ်လိုက်မှ QUEUE 'တန်းစီခြင်း' ဆိုတဲ့ စာလုံးပေါင်းရဲ့ အသံထွက် 'ကျူ' ကိုပြောမှန်း တည့်တည့်ကြီး ပြောလို့ ကောင်းကောင်းကြီး ရိပ်မိသွားလိုက်တာနဲ့ . . "

"Sorry Sir, I am Very Sorry တောကြီးမြိုင်လယ်ပါ Sir"

လို့ ဗြိတိသျှလို တောင်းပန်စကားမှာ မြန်မာစာတွေပါရောညှပ်ပြောပြီး ပတ်စပို့စာအုပ်ကို ပြန်ယူကာ ကြောင်တောင်တောင်ရပ်နေတာလို့ ထင်မှတ်ခဲ့တဲ့ လူတန်းနောက်မှာဝင်ပြီး တန်းစီရတော့တာပေါ့။ ရွာမှာ စားအုန်းဆီတိုးရင် ဒီလိုပဲ ကျော်ခွသွားနေကျဆိုတော့ အကျင့်တပါနေတာလေ။

ကြိတ်မှိတ်ပြီး သည်းခံစောင့်စားရင်း ကျွန်တော့်အလှည့်ရောက်လာတော့ အရာရှိမင်းက ကျွန်တော့်မျက်နှာကို မော့်ဖူးဖော်တောင်မရဘဲ ထိုးပေးလိုက်တဲ့ ပတ်စပို့စာအုပ်ပေါ်မှာ တံဆိပ်တုံးနဲ့ ဆောင့်ကြီးအောင့်ကြီး ထုချပြီးတဲ့ သကာလ သူ့လက်အတွင်းမှာ ကြိုတင်ရောက်ရှိနေတဲ့ စာရွက်တွေကိုပါ ပတ်စပို့နဲ့အတူရောပြီး ကျွန်တော့်ကိုပေးရင်း . .

"ဂိုး . . ဂိုး . . "

ဆိုပြီး နှစ်ဂိုးကျောပေးလိုက်တာမို့ "Thank You, ရှဲရှဲနီ၊ အရိဂတ်တော ကိုဇိုင်းမတ်' လို့ ဗြိတိသျှ၊ တရုတ်၊ ဂျပန် ဘာသာကြီး သုံးရပ်နဲ့ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သူ့ရှေ့ကနေ ရင်ကော့ပြီး ထွက်ခဲ့ရပြီလေ။

လ. ဝ. ကကောင်တာကထွက်ထွက်ခြင်းမှာပဲ မလှမ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ခန်းလုံးပြည့် မှန်အကြည်နဲ့ ကာထားတဲ့ ခန်းမကြီးကို မြင်နေရပြီ။ မှန်နံရံကြီးရဲ့နောက်မှာ လက်ညှိုးတထိုးထိုးနဲ့ ညွှန်ကြားပြသနေတဲ့ အစ်ကိုဝမ်းကွဲကို မြင်တွေ့လိုက်ရပြန်တော့လည်း လူမှာအားရှိသွားလို့ လက်မြှောက်ပြကာ နှုတ်ဆက်လိုက်ပြီး . . .

"လက်ညှိုးကြီး တထိုးထိုးနဲ့ လူသိက္ခာကျအောင် လုပ်ပြမနေပါနဲ့ . . ဟိုရှေ့က အကောက်ခွန်ကောင်တာဘေးမှာ ထွက်ပေါက်က တစ်ပေါက်ပဲရှိလို့ လမ်းမှားစရာ မရှိတော့ပါဘူးဗျ။ အဲဒီ့လောက်ထိ အစ်ကို့ညီက မအသေးပါဘူးဗျ"

လို့ စိတ်ထဲမှာ ပြောရင်းရင်ကော့ကာ အကောက်ခွန်ကောင်တာရှေ့ကို လျှောက်လာခဲ့ပါတယ်။ အကောက်ခွန်အရာရှိမင်းကလည်း သူ့ရှေ့မှာလာရပ်တဲ့ ကျွန်တော့်ကိုကြည့်ပြီး စကားတစ်ခွန်းမှ မြွက်ဟမဆိုဘဲ ခေါင်းတစ်ချက်ညိတ်ကာ ထွက်ပေါက်ရှိရာဘက်သို့ သူ့မေးကို နှစ်ခါလောက်ထိုးပြတာမို့ . . .

အလို နှုတ်ခမ်းမွေးတကားကားနဲ့ ကုလားအရာရှိမင်းရဲ့ မေးထိုးလေးက လှပသေသပ်လိုက်တာကွယ်ရို့။ ပန်တျာကျောင်းဆင်းများလားမသိ။ အတုခိုးဖို့ ကောင်းလိုက်ပါဘိသနဲ့ ဆိုပြီး အားကျငေးမောနေတုန်း အရာရှိမင်းက အပေါက်ဘက်ကို လက်ညှိုးထိုးရင်း ဂိုး . . ဂိုး . . နဲ့ ထပ်မံပြီး နှစ်ဂိုးကျောပေးလေမှ အပြေးတစ်ပိုင်းနဲ့ သူညွှန်ပြရာ အပေါက်ကနေထွက်ပြီး ဧည့်ခန်းမဆောင်အတွင်းမှာ လက်ညှိုးတထိုးထိုးလုပ်နေရှာမက၊ လက်သီးလက်မောင်းပါတန်းပြနေတဲ့ ကျွန်တော့်အစ်ကိုဝမ်းကွဲ ရွှာတောင်ပိုင်းက ဖိုးသံလုံးကို အပြုံးပေးရင်း လက်တစ်ဖက်ကို မြှောက်ကာ 'ဟိုင်း . .' လို့ ဘိုဆန်ဆန် နှုတ်ဆက်လိုက်တဲ့ သကာလ . . .

အပေါက်ဝမှာရောက်ရှိနေတဲ့ကျွန်တော့်အနားအထိ အစ်ကိုဝမ်းကွဲက အပြေးအလွှားလာရင်း . . .





"ဟဲ့ . . နွားလေး . . ဘယ်မှာလဲလတ်ဂိတ် (တန်ဆာဆောင်မွှေး) လုပ်ပြီးယူလာတဲ့ အိတ်ကြီး . ."

လို့ ဒေါသတကြီးနဲ့ မေးမြန်းလိုက်တာကြောင့် . . . .

"ဘယ်သိမလဲဗျ . . ကျွန်တော်က အခုမှ ထွက်လာခဲ့တာပဲ။ အစ်ကိုက ကြိုပြီးရွေးမထားလိုက်ဘူးလား . ."

ကျွန်တော့်စကားအဆုံး အစ်ကို့ပါးစပ်ဖျားကနေ နွားကြီး၊ နွားလေး၊ နွားပိစိကွေးပါမကျန် နွားမျိုးကာကို အကျယ်တဝင့် ဖွဲ့နွဲ့ပြီးမှ

"အသုံးမကျတဲ့ နွားလေး . . ဟိုမှာ ကြည့်စမ်း . . ကာစတန်ဆောင်တာမရောက်ခင် 'ကွန်ဘေရာဘဲလ်' လို့ခေါ်တဲ့ လေယာဉ်ပေါ်ကချလာတဲ့ အိတ်တွေကိုစက်ခါးပတ်ပြားကြီးနဲ့သယ်ပေးနေတဲ့နေရာမှာ မင်းအိတ်ကိုရွေးယူဖို့အတွက် လက်ညှိုးတထိုးထိုးနဲ့ ဒီလောက်ငါပြနေတဲ့ကြားက ကိုယ့်အိတ်ကိုယ် ကိုယ်ထားပစ်ခဲ့တယ်။ နလပိန်းတုံးနွား"

"သိမှ မသိဘဲကိုးဗျ။ ကဲ . . ကဲ . . ပြန်ယူလိုက်ဦးမယ်"

ဆိုပြီး ချာခနဲလှည့်ကာ အခန်းအတွင်းကို ပြန်ဝင်တော့ ကျွန်တော့်လက်ကိုလှမ်းဆွဲပြီး အစ်ကိုက တားသေးသဗျ။ မရဘူး ဒီက စိတ်ကြီးတဲ့အကောင်ပဲ ကိုယ့်အိတ်ကျန်နေခဲ့တဲ့ ကိစ္စ ကိုယ်ပဲပြန်ယူရမှာပေါ့။ အလကားသက်သက် အစ်ကို့ကို ဒုက္ခမပေးရက်ပါဘူး။

အခန်းအတွင်းပြန်ဝင်လို့ ခြေလှမ်းတောင် ငါးလှမ်းမပြည့်သေးပါဘူး . . အထက်အောက် အပြာရောင်ဝမ်းဆက်ဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားတဲ့ အလုပ်သမားသုံးယောက်က ကျွန်တော့်ကို ဝိုင်းဆွဲကြတော့တာပါပဲ။

"ဩော် . . ဒီမှာကလည်း အိတ်ကိုသယ်ဖို့အရေး အလုပ်သမားတွေကလည်း အလုအယက်နဲ့ အားကြိုးမာန်တက်ရှိကြတာပါပဲလား။ သူတို့ လုပ်အားခအတွက်ပေးချေဖို့ရာ ဘာငွေအသပြာမှ



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ကျပ်တစ်ပြားမှ မပါလေတော့ အားနာလိုက်တာ မောင်တို့ရာ။ ကိုယ့်အားကိုယ်ကိုး စီးပွားတိုး ကောင်းကျိုးအဆင့်ဆင့် ဆိုတဲ့ စကားဥပမာအရ ကိုယ့်ဟာကိုယ်ပဲ သယ်ပါရစေတော့ကွာလို့ စိတ်ထဲမှပြောရင်း နှုတ်အားဖြင့်လည်း . . .

"Never Mind ..I do Myself"

"ကိစ္စမရှိပါဘူး . . ငါ့ဟာငါပဲလုပ်ပါမယ်"လို့ ဗြိတိသျှစကားနဲ့ပြောကြားမိလိုက်တာနဲ့ ကျွန်တော့်လက်ကိုအတင်းဆွဲပြီး အတွင်းထဲကို အတင်းခေါ်နေလို့ ဒီနိုင်ငံကအလုပ်သမားတွေ ရိုင်းလှချည်လားလို့တွေးရင်း အားကိုးတကြီးနဲ့ အစ်ကို့ကိုလှည့်ကြည့်လိုက်တော့ မျက်စိမျက်နှာပျက်နေတဲ့ အစ်ကိုက အသားနီစပ်စပ်၊ ပုပြတ်ပြတ် တရုတ်တစ်ယောက်ကိုစကားပြောရင်း ကျွန်တော့်ကို လက်ညှိုးညွှန်ပြနေတာကိုတွေ့လိုက်ရသဗျ။

ကာစတန်ကောင်တာနားကို အပြေးအလွှားရောက်လာတဲ့ အလုပ်သမားခေါင်းဆီ ကျွန်တော့်ကိုတွန်းပို့လိုက်တဲ့သကာလ အလုပ်သမားခေါင်းက ကျွန်တော့်ရဲ့ ပတ်စပို့တွေ၊ စာရွက်စာတမ်းတွေ၊ လေယာဉ်လက်မှတ်၊ ဘိုးရင်းပါတ်(စ)မကျန် အကုန်ယူကြည့်ရင်း လက်ညှိုးကို ဘေးထိုး၊ မိုးထိုးနဲ့ ဗြိတိသျှစကားကို မိုးမွှန်အောင် ပြောတော့တာပါပဲ။

တရုတ်သံဝဲတဲ့ သူ့ရဲ့ဘိုစကားတွေထဲမှာ အိပ်(ခ)ဇစ်၊ စီစီတီဗွီ၊ မော်နီတာဆိုတဲ့ စကားသုံးလုံးကိုပဲ ကျွန်တော်နားလည်သဗျ။ အိပ်(ခ)ဇစ်ဆိုတာက ထွက်ပေါက်၊ စီစီတီဗွီက တရုတ်နိုင်ငံ ရုပ်မြင်သံကြားသတင်းဌာန၊ မော်နီတာဆိုတာက အတန်းခေါင်းဆောင် ဒါမှမဟုတ် ကွန်ပျူတာမှာပါတဲ့ တီဗွီလိုဟာမျိုးမို့ အဓိပ္ပါယ်တွေကို ဘယ်လိုမှ ဆက်စပ်လို့မရဘဲ ခေါင်းကုတ်နေတုန်း . . .

ကျွန်တော် ဝင်ထွက်ခဲ့တဲ့ အပေါက်ဝကနေပြီး အသားနီ





စပ်စပ်၊ ပုပြတ်ပြတ် တရုတ်ကခေါင်းပြူရင်း တရုတ်စကားနဲ့ လှမ်းပြောသဗျ။ သူတို့ တရုတ်အချင်းချင်းဝံသာနုလိုက်ကြတော့ ဘိုးရင်းတ်(စ)လို့ခေါ်တဲ့ လေယာဉ်ပေါ်တက်ခွင့်လက်မှတ်မှာ ကပ်ပေးတိုက်တဲ့အိတ်ကို တန်ဆာဆောင်ထားတဲ့ ဖြတ်ပိုင်းလေးကို အလုပ်သမားတစ်ယောက်ကဖြုတ်ယူပြီး ပစ္စည်းတွေသယ်တဲ့ ကွန်ဗယ်ရာလ်လို့ခေါ်တဲ့ ချာချာလည်နေတဲ့ စက်ခါးပတ်ပြားကြီးပေါ်ကနေ ကျွန်တော့်အိတ်ကိုရွေးယူလာပြီး ကာစတန်ကောင်တာမှာ ဖွင့်တော့တာပါပဲ . . .။

အိတ်ကြီးရဲ့ အဖုံးကို လှပ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း လတ်စတစ်တွေနဲ့ အထပ်ထပ်ထုပ်ထားတဲ့ ကြားထဲကနေ ငရုတ်သီးကြော်၊ ချဉ်ပေါင်ကြော်၊ ဘာလချောင်ကြော်အစရှိတဲ့ မြန်မာခံတွင်းတွေ့ဖွယ်ရာ နတ်သုဒ္ဓါများရဲ့ မွှေးရနံ့တွေက တထောင်းထောင်းထအောင် သင်းပျံ့ကာကြိုင်လှိုင်သွားတာမို့ စုရုံးနေသူအပေါင်းမှာ မျက်နှာရှုံ့သူရှုံ့၊ နှာခေါင်းပိတ်သူပိတ်နဲ့ လှုပ်လှုပ်ရွရွဖြစ်သွားကြပေ ထုံသင်းလာတဲ့ ငါးပိကြော်ရနံ့အတွက် ကျွန်တော့်မှာတော့ သွားရည်တောင် စို့မိလို့လာပါတယ်။

ဒီကြားထဲမှာ 'ကိုမနဲ့' မှာလို့ တကူးတက သယ်ဆောင်လာတဲ့ သံမနိုင်၊ ကျောက်မနိုင် အစည်းကြီးကို လက်ညှိုးထိုးရင်း . . .

"ဒါ ဘာလဲ . . ဘာလုပ်ဖို့လဲ. . " လို့ . . .

အမေးတွေရှိလာပြန်တာကြောင့် . . .

"Iron cannot well, Stone cannot well"

သံကိုလည်း မနိုင်၊ ကျောက်ကိုလည်း မနိုင်တဲ့ သံမနိုင်၊ ကျောက်မနိုင်ဖြစ်ကြောင်းကို ဗြိတိသျှလို ရှင်းပြတာတောင်မှ ဟုသုတနံ့နဲ့လှတဲ့ သူတို့တွေက နားမလည်သဘောမပေါက်ကြလို့ းစပ်အတွင်းကို လက်သွင်းပြီး ပါဖော့မင့်အတတ်နဲ့ စားသောက်ရန်



www.burmeseclassic.com

အတွက်လို့ ပြသလိုက်မှသာလျှင် ပါးစပ်အဟောင်းသားတွေနဲ့ ခေါင်းကို ပြိုင်တူညိတ်ကာ . . .

လုပ်သားမောင်၊ ကွမ်းရွက်ပုံ၊ ဦးချိန်တီကအစ အပြည့်အစုံထည့်သွင်းထားတဲ့ ကျွန်တော့်ရဲ့ခရီးဆောင်အိတ်ကြီးကို ခပ်မြန်မြန်ပဲ ပြန်လည်ဖုံးဖိရင်း အကောက်ခွန်အဖွဲ့က နှစ်ဂိုးကျော်ပေးသလို၊ ကုန်တင်ကုန်ချအဖွဲ့ကတော့ ထွက်ပေါက်နားအထိရောက်အောင် ကျွန်တော့်ကို ခြံရံကာလိုက်ပါပို့ဆောင်ရင်း ဂိုးကျော်တွေ တစ်ထောကြီးပေးကြပါတယ်။

အလုပ်သမားခေါင်းကလည်း သွားရာလမ်းတစ်လျှောက်မှာ ဘေးနားကကပ်လိုက်ရင်း တရုတ်သံဝဲတဲ့ ဗြိတိသျှစကားတွေနဲ့ နှုတ်ခွန်းတွေချွေနေတာကြောင့် တစ်လုံးတစ်ပါဒမျှ နားမလည်သော်လည်း သိက္ခာအကျမခံဘဲ သူ့စကားဆုံးသည်ဟုထင်တိုင်း၊ စကားဆက်ပြတ်ပြီး သူ့ပါးစပ်ပိတ်လိုက်တိုင်း Yes, Yes နဲ့တစ်လျှောက်လုံး ကျွန်တော့်မှာ 'ရက်စ်'ရတော့တာပေါ့။ ကျွန်တော့်အိတ်ကို ကူဆွဲမ,ပေးတဲ့အတွက် တစ်ကျပ်တစ်ပြားမှ မပေးဘူးလို့ ဆုံးဖြတ်ချက်ကို ချထားသူမို့ အပေါက်ဝကနေလွတ်မြောက်လျှင် လွတ်မြောက်ခြင်း မကောင်းတတ်သည့်အတွက် Thank You လို့နှုတ်ဆက်ပြီး ကျောကော့ကာ အစ်ကို့ဆီအရောက် နားမလည်ပါးမလည် အစ်ကိုကလည်း ကျွန်တော့်နားရင်းကို တစ်ချက်တီးရင်း . . .

"မင်းကြောင့် ရှုတ်ရှုတ်သဲသဲတွေ ဖြစ်ကုန်ပြီ"

လို့ ဘာမဆိုင်၊ ညာမဆိုင် ကျွန်တော့်ကိုအပြစ်ပုံချတဲ့အတွက် ဒေါသတွေထွက်သွားပြီး . . .

"ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ။ အဲဒီ့အထဲက အလုပ်သမားတွေက ပစ္စည်းသယ်ချင်လွန်းလို့ ငမ်းငမ်းတက်ဖြစ်ကုန်တဲ့ ဥစ္စာ"

ကျွန်တော့်နားရင်းကို သူ့လက်နဲ့ထပ်မံမိတ်ဆက်ရင်း . .





"ဟဲ့ နွားလေး အဲဒါပစ္စည်းသယ်တဲ့ အလုပ်သမားတွေမဟုတ်ဘူး။ လေဆိပ်မှာတာဝန်ကျတဲ့ လုံခြုံရေးဝန်ထမ်းတွေနဲ့ရဲတွေဟ"

"ဗျာ . . အဲဒါ ရဲတွေဟုတ်လား။ ဝတ်ထားတဲ့ ဝတ်စုံကလည်း ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားတွေလို အပေါ်အောက် နက်ပြာရောင် ဝမ်းဆက်ကြီးဝတ်ထားတဲ့ဟာကို မီးသတ်ဝတ်စုံဆိုရင်လည်း တော်သေး . . အခုတော့ ရဲတဲ့လား"

"သူတို့ခါးမှာ ချိတ်ထားတဲ့ ဖျောက်တွေ၊ နံပါတ်တုတ်တွေ၊ ဆက်သွယ်ရေးစက်တွေကို မင်းမမြင်ဘူးလား"

"သူတို့ခါးကိုတော့ မကြည့်မိဘူး အစ်ကိုရေ . . သူတို့ခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်ကိုပဲ ကြည့်မိတယ်။ ဘယ့်နှယ်ဗျာ . . ကျွန်တော်တို့ဆီက ဗီဒီယိုရုပ်ရှင်တွေထဲက လူမိုက်တွေဆောင်းတဲ့ ဦးထုပ်လေ၊ ကောင်းဘွိုင်တွေဆောင်းတဲ့ ဦးထုပ်အသေးစားမျိုး၊ နဖူးဘာ နေကာကို ရှေ့ကိုစိုက်ချထားပြီး နောက်ကဟာကို ကော်လံထောင်သလို ထောင်ထားတဲ့ဦးထုပ်ကြီး နောက်ပြီးတော့ ဦးထုပ်နားပတ်မှာလည်း အဖြူတစ်ကွက်၊ အနက်တစ်ကွက်နဲ့ မော်တော်ကားပြိုင်ပွဲ၊ မော်တော်ဆိုင်ကယ်ပြိုင်ပွဲတွေမှာ ကားတွေ၊ ဆိုင်ကယ်တွေကို ဒေါ့သိမ်းပြတဲ့ အဖြူတစ်ကွက်၊ အနက်တစ်ကွက် အလံကိုဖြဲပြီး ဦးထုပ်နားပတ်အဖြစ် ချုပ်ထားလားမသိပါဘူး။ ဒါနဲ့နေပါဦး သူတို့က ပစ္စည်းသယ်ဖို့အရေး အလုအယက်ကြီးတောင် ဖြစ်နေတယ်ဆိုတော့ ရဲရန်ပုံငွေ အတွက်လား"

"ငါတယ် . . ဆဲမိတော့မယ်။ ပစ္စည်းသယ်ဖို့မဟုတ်ဘူးဟေ့ . . မင်းကို ဖမ်းဖို့ဟ ဖမ်းဖို့ . . ."

"ဖမ်းရအောင် ကျွန်တော်က ဘာပြစ်မှုကို ကျူးလွန်မိလို့လဲ"

"အခုအထိ ကိုယ်ဘာမှားခဲ့သလဲဆိုတာ မသိဘူးလား။ ဆလယာဉ်နဲ့ ပါလာတဲ့သူတိုင်းကို တစ်ယောက်ချင်းစီ စိစစ်ပြီးမှ သူတို့



www.burmeseclassic.com

www.burmeseclassic.com



[illegible]ထဲကို ဝင်ခွင့်ပြုလိုက်တဲ့သူတွေကိုသာ အဲဒီ့အပေါက်တစ်ပေါက်တည်းကနေ အပြင်ကိုထွက်ခွင့်ပေးလိုက်တာ။ အဲဒီ့အပေါက်ကနေထွက်ပြီးရင် စင်္ကာပူတစ်နိုင်ငံလုံး သွားချင်တဲ့ နေရာသွားပေတော့ပဲ"

"နားမလည် ပါးမလည် အူတူတူ အတတ မင်းက အဲဒီ့အပေါက်ကြီးကနေ အပြင်ကိုထွက်ပြီးမှ အဲဒီ့အပေါက်ကြီးကနေပဲ အထဲကိုပြန်ဝင်လိုက်တာကြောင့် ရှုတ်ရှုတ်သဲသဲတွေဖြစ်ကုန်တာ။ အဲဒီ့အခန်းရဲ့ နံရံတွေ၊ မျက်နှာကျက်တွေမှာ ဖုံးကွယ်ပြီးတပ်ထားတဲ့ CCTVလို့ခေါ်တဲ့ လျှို့ဝှက်တီဗွီကင်မရာတွေအများကြီးပဲ။ မော်နီတာမှာ လာပေါ်နေတဲ့ အဲဒီ့လျှို့ဝှက်ကင်မရာတွေက ရိုက်ထားတဲ့ ပုံတွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ အဖွဲ့ရှိတယ်"

"လျှို့ဝှက်ကင်မရာတစ်ခုက အဲဒီ့အပေါက်ကနေ ထွက်မယ့်ခရီးသည်တွေရဲ့ ရှေ့ဘက်ပိုင်းမျက်နှာတွေကို ရိုက်ယူနေရင် မော်နီတာပေါ်မှာ ခရီးသည်တွေရဲ့ မျက်နှာတွေပဲပေါ်နေရမှာ အဲဒီ့မှာ မင်းက ပြောင်းပြန်ကြီး ပြန်ဝင်သွားတော့ မင်းနောက်စေ့နဲ့ ကျောဘက်ကြီးပဲပေါ်နေမယ်။ နောက်ကင်မရာတစ်ခုက အဲဒီ့အပေါက်ကထွက်မယ့် ခရီးသည်ရဲ့ကျောဘက်ကိုရိုက်ပြီး မှတ်တမ်းတင်ရင် ခရီးသည်တွေရဲ့ကျောတွေကြီးပေါ်ရမယ့်ဟာမှာ မင်းမျက်ခွက်ကြီးက ထင်းထင်းကြီးပေါ်နေမယ်"

"အဲဒါကြောင့် တာဝန်ကျအရာရှိကိုယ်တိုင် အပြေးအလွှားနဲ့ မင်းဆီလာရတာပေါ့"

ထိုအခါကျမှ အလုပ်သမားခေါင်းလို့ ထင်မိခဲ့သောသူက တာဝန်ကျအရာရှိမှန်း သိလိုက်ရသလို လက်ညှိုးကြီး ဟိုထိုး၊ သည်ထိုးဖြင့် ပြောပြခဲ့သော စကားတွေထဲက ကျွန်တော်နားလည်ခဲ့သော စကားကြီးသုံးခွန်းကိုလည်း အခုမှအမှန်အတိုင်း သဘောပေါက်တော့သည်။ သို့သော်လည်းပေါ့လေ . . .





"ဒါကတော့ အစ်ကိုရယ်။ ကျွန်တော်က မသိလို့ဝင်လာမိတာပဲ"

"မင်းက မသိလို့ပေမယ့် သိထားတဲ့လူတွေအဖို့ အလုပ်တွေရှုပ်ကုန်တာပေါ့။ ငါထင်တယ်။ သူတို့တွေရဲ့ သက်တမ်းတစ်လျှောက်မှာ ထွက်ပေါက်ကနေ ပြန်ဝင်လာတာ မင်းတစ်ယောက်ပဲရှိလိမ့်မယ်ထင်တယ်။ အခုကတည်းက မင်းကို ငါသတိပေးလိုက်မယ်။ စင်္ကာပူမှာရှိသမျှ ဘတ်(စ)ကားမှန်သမျှ ရှေ့အပေါက်ကနေတက်ပြီး နောက်ပေါက်ကနေပဲ ဆင်းရိုးထုံးစံရှိတယ်နော် . . "

ထုံးတမ်းအစဉ်အလာရှိတယ်လို့ပြောရင်လည်း မယုံလေနဲ့လို့ ရှင်တော်မြတ်ဗုဒ္ဓက ကာလမသုတ်မှာ အတိအလင်းဟောခဲ့တာပဲဆိုပြီးအစ်ကို့ကို အထွန့်မတက်ချင်တော့ပါဘူး။ နောက်ကျမှ ကိုယ်တိုင်စမ်းကြည့်ဦးမယ်လို့တွေးရင်း အစ်ကိုစိတ်ပြေအောင် . . .

"ကဲ . . ကဲပါအစ်ကိုရယ် . . ကျွန်တော်ဟာ ရိုးရိုးသားသား မသိလို့ မှားခဲ့တဲ့အကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းလိုက်တော့ ခလုတ်မထိ၊ ဆူးမငြိဘဲ အခုတော့ အပြင်ကိုရောက်ခဲ့ပြီပဲ . . "

"ဘာကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းတာလဲ။ နားရင်းကို ထပ်အုပ်မိတော့မယ်။ မင်းကိုလာကြိုတဲ့ တရုတ်အေးဂျင့်ကို ငါမှာရှင်းပြပြီး အကူအညီတောင်းရတာ၊ စလုံး၊ စလုံးချင်းက တစ်ယောက်နဲ့တစ်ယောက် သိပ်လေးစားပြီး အချင်းချင်းဝံသာနုလို့ မင်းအခု ဒီနေရာကိုရောက်လာတာမှတ်၊ ကဲ . . မင်းအိတ်တွေယူ အပြင်ကားပါကင်မှာ မင်းရဲ့အေးဂျင့်ကားနဲ့စောင့်နေတယ်။ မင်းသူနဲ့လိုက်သွားတော့. . . "

"အစ်ကိုပြောတော့ ဒီည အစ်ကို့အိမ်မှာ လိုက်အိပ်ပြီး မနက်ကျမှ ရုံးကိုလိုက်ပို့မယ်ဆို အခု ဘယ်လိုဖြစ်ပြန်ရတာလဲ . . "

"ဖြစ်ပုံကတော့ မင်းကို တကယ်လာကြိုရမယ့် အေးဂျင့်စစ်စစ်က ကိုယ်တိုင်လာမကြိုဘဲ လက်ခွဲအေးဂျင့်ကို လွှတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ မင်းအတွက် သူမှာတာဝန်ရှိလို့ မင်းကိုငါနဲ့မထည့်နိုင်ဘူးတဲ့ . . မင်းက မနက်လေယာဉ်နဲ့ မဟုတ်ဘဲ၊ နေ့လယ်လေယာဉ်စီးလာလို့ မင်းကို တစ်ခါတည်း ဆေးစစ်ဖို့ကိစ္စ လုပ်လို့မရတော့ဘူးတဲ့။ အဲဒါကြောင့် မနက်ဖြန်မှာလည်း လုပ်စရာတွေ တစ်ပုံကြီးရှိလို့ မင်းကို သူခေါ်ထားမှဖြစ်မယ်တဲ့ . . ."

"ကျွန်တော် မြန်မာပြည်က အယူးကုဆေးခန်းကြီးမှာ ဆေးစစ်လာတဲ့ စာရွက်ပါတယ်အစ်ကို . . ဆေးစစ်ထားတာ သုံးရက်ပဲရှိသေးတယ်။ တော်တော်ဈေးကြီးတယ်ဗျ"

အစ်ကိုကမျက်ထောင့်နီကြီးဖြင့် ကျွန်တော့်ကိုကြည့်ရင်း . .

"ဈေးကြီးရင်လည်း အဲဒီစာရွက်ကို ပလတ်စတစ်လောင်းပြီး ခေါင်းအုံးအောက်မှာထားအိပ်ပေါ့ကွာ . . အခုဟာက မင်းကိုဆေးစစ်ဖို့ အချိန်မရှိလို့ မင်းပတ်စပို့ကို သူယူထားပြီး မင်းဒီညအိပ်ဖို့စားဖို့အတွက် စိတ်ချရတဲ့ဟိုတယ်တစ်ခုကို ပို့ပေးထားမယ်တဲ့။ မနက်ကိုးနာရီ အဲဒီဟိုတယ်မှာ မင်းကိုဝင်ခေါ်ပြီး ဆေးရုံမှာ ဆေးစစ်ခိုင်းလို့ပြီးတာနဲ့ မင်းအလုပ်ဝင်ရမယ့် နေရာကို တန်းပို့ပေးမယ်တဲ့ . ."

အောင်မလေးလေး . . ရှေးဘုန်းရှေးကံတွေက စုပုံအကျိုးပေးချက်ကတော့ စင်္ကာပူနိုင်ငံကဟိုတယ်ကြီးမှာ တည်းခိုစားသောက်ရတော့မယ်တဲ့။ ရန်ကုန်မစိုးရိမ်ကျောင်းတိုက်က ဘုန်းဘုန်းဦးသုမနရဲ့ ခုတင်ဘေးမှာ ဝင်ကွေးရတာတောင်မှ နတ်ပြည်ခြောက်ထပ်ရောက်နေသလားလို့ မယုံသင်္ကာစိတ်နဲ့ ကိုယ့်အသားကိုယ်စိတ်ကြည့်မိတဲ့ ငါ့အဖို့တော့ အာရှကျားကြီးတစ်ကောင်လို့တောင်ခံယူထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ ဒီနိုင်ငံရဲ့ဟိုတယ်တစ်ခုမှာ တည်းခိုရမယ်ဆိုတော့ ဝဲပေါက်မလားတောင်မသိဘူး။ မြွေနှစ်ကောင်ပွေးဆေးယူလာခဲ့လို့ တော်ပါသေးရဲ့"

အဲဒီလို ကမ္ဘာကျော် ဟိုတယ်ကြီးတွေမှာ ဧည့်ခံတည်ခင်း





ကျွေးမွေးနိုင်တဲ့ စားသောက်ဖွယ်ရာ အမည်တွေကလည်း များလွန်းတာကြောင့် ကမ္ဘာလတီမဂ္ဂဇင်းဆိုဒ်လောက်ကို ထူထဲတဲ့စားသောက်ဖွယ်ရာ မီနူးစာရင်းစာအုပ်ကြီးကို ငါ့လက်ထဲလာပြီး ထည့်ပေးလို့ကတော့ မော်ဒန်ကဗျာတွေကို ဖတ်လိုက်ရသလို ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့ အာမထိ၊ လျှာမထိဖြစ်တော့မယ် ဆိုတာကလည်း မလွဲဧကန်ပါပဲ။

ကိစ္စတော့မရှိပါဘူး။ လူတွေစားလို့သောက်လို့ရတဲ့ စားသောက်ဖွယ်ရာတွေကြီးပဲဆိုတော့ တွေ့ကရာကို လက်နဲ့ထောက်ပြလိုက်ရင်လည်း စားသောက်ဖွယ်ရာတွေကတော့ ရောက်လာမှာပါပဲ။ ကုသိုလ်ကံကွက်ကြားလို့ ငါ့လက်ညှိုးနဲ့ ထောက်ပြမိတဲ့ဟာတွေ အကုန်လုံးက ဟင်းချိုတွေကြီးဖြစ်ကုန်ရင်လည်း For My Health ကျွန်ုပ်၏ကျန်းမာရေးအတွက်ပါကွယ်ရို့ဆိုပြီး ဟင်းချိုကို အဝသောက်ပြီး ဗိုက်မှောက်နေရုံပဲပေါ့ . .။

ကိုယ့်အတွေးနဲ့ကိုယ် ကြည်နူးနေချိန်မှာ မျက်နှာမသာမယာနဲ့ အစ်ကိုက . . .

"မင်းကို ထားမယ့်ဟိုတယ်ရဲ့ နာမည်ကိုတောင်မှ မေးလို့မရ။ ပြောလည်းမပြလို့ 'ခွ' ကျတယ်ကွာ။ စိတ်ထဲမှာလည်း တအံ့ခွေးခွေးဖြစ်နေလို့ မင်းကို ပိုက်ဆံပေးလိုက်မှပဲ ဖြစ်မယ်"

ပြောပြောဆိုဆိုနဲ့ အစ်ကိုက သူ့ပိုက်ဆံအိတ်ကြီးကို ထုတ်ယူနေတာကြောင့် ကျွန်တော့်မှာ တစ်ကိုယ်လုံးတုန်လှုပ်ပြီး ဝမ်းသာလုံးဆို့သွားတာပေါ့။ အဆင့်မြင့်ဟိုတယ်ကြီးမှာ အိပ်၊ စား၊ ကိစ္စက သေချာသွားပြီဆိုတော့ ကျန်တဲ့လိုအင်ဆန္ဒကိုဖြည့်ဆည်းရန်အတွက် အစ်ကိုပေးမယ့် ငွေအသပြာက ထိုကိစ္စမှာ မသုံးမဖြစ်သုံးရတော့မှာပေါ့။

စိတ်အလိုကိုလိုက်ဖို့ကလည်း ဆုံးဖြတ်ချက်ချပြီးသား မဟုတ်လား။ ချပြီးသားဆုံးဖြတ်ချက်ကို အမြန်ဆုံးအကောင်အထည်ဖော်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မယ့်အကြောင်းကလည်း စီးလေ့စီးထမရှိဘဲနဲ့ ဘွတ်ရှူးကြီးကို စီးပြီးတစ်နေ့လယ်လုံး ခြေတိုအောင်လမ်းလျှောက်ထားတော့ ဖိနပ်က ပေါက်ပြီး ထောက်ကြွ၊ ထောက်ကြွဖြစ်နေရတာကြောင့် အကြောင်း မသိသူဆိုရင် ဘိုတောက်တစ်ယောက် စလုံးကိုရောက်မှ မြှောက်ကြွ၊ မြှောက်ကြွနဲ့ ခြေထောက်တောင် မြေမထိဘဲ အောက်ခြေလွတ်စပြု နေပြီလို့ အတင်းပြောလည်း ခံရမယ့်ဘဝမျိုးမဟုတ်လား။

အစ်ကို့ဆီက ငွေသာရလို့ကတော့ ဘောင်းဘီလက်ရှည်နဲ့ လိုက်ဖက်ညီမယ့် ကွင်းထိုးဖိနပ်တစ်ရံတော့ မျက်စိကိုမှိတ်ပြီး ဝယ်ပစ် လိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကြီးနဲ့ လက်ဖဝါးနှစ်ဖက်ကို ကားကား ကြီးဖြန့်ပြီး အစ်ကို့ရှေ့ကို ထိုးပေးလိုက်တဲ့ သကာလ ဘော်ငွေရောင် မြူလွလွ အကြွေစေ့ဒင်္ဂါးငါးစေ့က လက်ဖဝါးထဲကို ကျလာသဗျ။

တအံ့တသြနဲ့လက်ထဲရောက်လာတဲ့ ငွေအသပြာကို သေချာ စွာ စေ့ငုလိုက်တော့ တစ်ခုကိုဆယ်ဆင့်စီတန်တဲ့ အကြွေစေ့ငါးစေ့ မို့လို့ အသပြာ ဒင်္ဂါးပြားငါးဆယ်တိတိနဲ့ ရုတ်ခြည်းချမ်းသာသွားတာ ကြောင့် ဟဒယကို လေခသွားကာ မတ်တတ်ကပစ်လဲကျမသွား အောင် ကိုယ့်စိတ်ကိုအနိုင်နိုင်ထိန်းရင်း ငိုမဲ့မဲ့နဲ့ . . .

"ဒီအပြားငါးဆယ်နဲ့ ကျွန်တော်က ဘာကိုဝယ်ရမှာလဲ။ သောက်ရေသန့်ဗူးအသေးတစ်ဗူးကိုတော့ တစ်ဒေါ်လာနဲ့ ဆင့်နှစ် ဆယ်တိတိပေးဝယ်ကာသောက်ခဲ့သကွလို့ စက္ကူပူမှာ သုံးရက်နဲ့ တစ် မွန်းတည့်တိတိနေဖူးခဲ့တဲ့ စက္ကူပြန် သူငယ်ချင်းတင့်လွင်ကြွားသွား တဲ့စကားက နားဝမှာ မထွက်သေးတာကြောင့် အောင်မလေး . . . အစ်ကိုရဲ့ လုပ်ရက်လေခြင်း . . ဟင်း . . ဟင်း . . ဟင်း . ."

"ငါ ဆောင့်ကန်မိတော့မယ်. . အခုထိ ဇာတ်ဟန်က မ ဖျောက်နိုင်သေးဘူး။ လက်ထဲပိုက်ဆံလေးရောက်ရုံလေးရှိသေးတယ်။ သုံးဖို့ဖွဲ့ဖို့ကပြင်နေပြီ။ မင်းလို လက်ဖွာဖွာနဲ့ အသုံးအစွဲကြမ်းတမ်း





တဲ့ကောင် အချိုးမပြင်သရွေ့တော့ ကြီးပွားဖို့လမ်းမစဉ်းစားနဲ့။ ဒီ ငွေတွေက မင်းအလေနတောသုံးဖို့ပေးတာမဟုတ်ဘူး။ စလုံးအေးဂျင့် ထားတဲ့နေရာမှာ မင်းနေလို့မရရင် ငါ့ဆီအကြောင်းကြားနိုင်အောင် ဖုန်းဆက်ဖို့ပေးတာ။ ဆယ်ပြားစေ့တစ်စေ့ တစ်ခါထည့်ရင် သုံးမိနစ် တိတိ စကားပြောလို့ရတဲ့ ဖုန်းတွေက နေရာတိုင်းမှာရှိတယ်"

လို့ ဆိုစကားကြောင့် သုံးမကုန်၊ စွဲမကုန်ဘဲ ကုံလုံကြွယ်ဝ နေတဲ့ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားကြီးနဲ့ ဖြစ်သွားချိန်မှာ အသားနီစပ်စပ်၊ ပုပြတ်ပြတ် အေးဂျင့်က အနားသို့ရောက်လာပြီး ဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံဖြင့် ကျွန်တော့်ကိုကြည့်ရင်း . .

"ကမ်း . . ကွစ် . ."

"လာစမ်း မြန်မြန်" ဆိုတဲ့ စကားကို ဒေါသသံပါပါနဲ့ပြော ကြားလိုက်တဲ့အတွက် အလန့်တကြားနဲ့ ကြောက်အားပိုသွားတဲ့ ကျွန်တော့်မှာလည်း စူဇကာပုဏ္ဏားလက်ကို ဝကွက်အပ်ခံလိုက်ရတဲ့ ဇာလိနဲ့ဂဏှာတို့လို အားကိုးအားထားရလိုရငြား ကောက်ရိုးတစ်မျှင် ကို လှမ်းဆွဲလိုက်သကဲ့သို့ ဖခင်ဝေဿန္တရာဘက် တစ်ချက်ငဲ့ကြည့် သလိုမျိုးနဲ့ အစ်ကို့ကို လှည့်ကြည့်လိုက်တော့ ရင့်သန်တဲ့ပါရမီအပြင် စေတနာသုံးတန် ပြတ်ပြတ်သားသားနဲ့ လှူဒါန်းပြီးဖြစ်လေတော့ တားမြစ်ဖို့ဝေးစွ . . .

"မြန်မြန်လိုက်သွားလေကွာ။ ငူတူတူ၊ ငိုင်တိုင်တိုင်နဲ့ ဘာ ကြောင်တောင်တောင်လုပ်နေတာလဲ။ ငါနားရင်းကို တီးမိတော့မယ်"

ဆိုတဲ့ မေတ္တာစကားတွေကြောင့် စိတ်တိုတိုနဲ့ ခြေကိုဆောင့် ပြီးအထွက် ဖိနပ်ပေါက်နေတဲ့နေရာက မီးစနဲ့ထိုးသလို ပူသွားတာမို့ ကုန်းကုန်းကွကွဖြစ်သွားပြီးနောက် ဘယ်ဘက်ပခုံးစွန်းမှာ အိတ် တစ်လုံးကိုထမ်း၊ ညာဘက်လက်နဲ့ အိတ်တစ်လုံးကိုဆွဲလို့ စူဇကာရဲ့ နောက်ကို ထောက်ကြွ၊ ထောက်ကြွနဲ့ လိုက်ဟန်ပြင်ရင်း အစ်ကို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ချက်လှည့်ကာ . . .

“ဘုန်းသဘာအရှိန်က ညှိုးကာမှိန်မှတော့ နယ်ခဲ့သူအလိုကျ ဂေါဝိန်ဆိပ်ကနေ စကြာရေနန်းနဲ့ နန်းရပ်ကခွာတော့မှာမို့ ကိုယ်တော်ကြီး ခြေမကြွခင် အားရအောင်ကန်တော့ပန်းဆင်ကြပေတော့ . . ကန် . . တော့ . . ပန်း . . တွေ . . ဆင် . . ကြ . . ပေ . . တော့ . . ဟော့ . . ဟော့”

ဖာတ်စာလေးတောင်မှ စာပေါင်ပဲ ပဲ့ မရွတ်ရသေးဘူး . . တင်ပါးကို ဆောင့်အကန်ခံလိုက်ရတာကြောင့် ကော့လန်၊ ကော့လန်ဖြစ်သွားလို့ ရာဇက္ကန္ဒြေကိုတောင်မှမထိန်းနိုင်တော့ဘဲ ဖနောင့်နဲ့ တင်ပါးတစ်သားတည်းကျအောင် အေးဂျင့်နောက်ကို ပြေးလိုက်ရတော့တာပေါ့။





**တော်ပွဲခံတော်ချိန် ၁၈း၃၀**
**ညနေ ခြောက်နာရီခွဲ**

အေးဂျင့်ရဲ့ကားကလည်း Light Truck ကားဖြစ်ပြီး နောက်ခန်းမှာ အမိုးကိုင်းတပ်ထားပေမယ့် ထိုင်စရာခုံမပါပါဘူး။ အိတ်နှစ်လုံးကိုပစ်တင်လိုက်ချိန်မှာ “အဲဒီ့ကပဲစီး”လို့ အမူအရာပြတဲ့ အေးဂျင့်နဲ့ အလိုကျ နောက်ခန်းမှာတက်ပြီး ကျယ်ကျယ်ဝန်းဝန်း စီးစေချင်တဲ့ စေတနာလို့ သတ်မှတ်ကာ လမ်းဘေးဝဲ၊ ယာကိုကြည့်ရင်း တအံ့တသြနဲ့ ရင်သပ်ရှုမော ဖြစ်ရတော့တာပေါ့။

အလို . . ဟိုဘတ်(စ)ကားကြီးက နှစ်ထပ်ပူးကြီးပါလားဟ။ ဝယ်ယာခများတော့ အောက်ဆင်း၊ အပေါ်တက်နဲ့အသက်ထွက်အောင်ပင်ပန်းတော့မှာပဲ။ ဟဲ့ . . ဟဲ့ ဒီဘက်ကဘတ်(စ)ကားက ကားဘော်ဒီတစ်ခုလုံးကို ကြော်ငြာတွေနဲ့ ဖုံးလွှမ်းထားပါလား။ ဟောဟိုကတက္ကစီတွေမှာလည်း ကြော်ငြာတွေပြည့်နေတာကြောင့် ဒီနိုင်ငံမှာ အငှားယာဉ်မှန်သမျှကြော်ငြာမကပ်ရင် လိုင်စင်ချမပေးဘူးထင်ပါရဲ့။

ဟောဟိုလမ်းဘေးကတိုက်ကြီးဆိုရင် မြင့်ချက်ကတော့ မော့သာကြည့်ရင် ဖနောင့်နဲ့နောက်စေ့တောင်ထိလောက်တယ်။ ဒီလောက်အမြင့်ကြီးမှာနေသူတွေတော့ မီးသာပျက်ရင်ဒုက္ခတွေလှလှပပ ကန္ဒြေရှုကြီးတွေ့တော့မှာပဲ။ အောင်မလေး . . လေး ငါစီးလာတဲ့ကား



www.burmeseclassic.com

www.burmeseclassic.com



မြေမျိုသွားသလို မြေကြီးအောက်ကိုရောက်သွားပါရောလား။ မြေအောက်လမ်းဆိုသဟာ ဒါကိုပြောတာထင်ပါရဲ့။ ကြည့်ကြစမ်းပါဦး . . မြေအောက်လမ်းတစ်ခုလုံးကို အဝါရောင်ဖန်ချောင်းတွေ နဘေထပ်ဆက်ပြီး မီးထွန်းထားလိုက်တာများ နေ့နဲ့ညကို မကွဲပြားအောင်ပါပဲလား။ ဖြူန်းတီးချက်ကတော့ ကမ်းကုန်ပါပေရဲ့။ ကားတွေမှာမီးပါရဲ့သားနဲ့သူ့မီးသူထွန်းပြီး မောင်းပါစေပေါ့။ မသကာ မြေအောက်လမ်းအဝင်၊ အထွက်နဲ့ အလယ်မှာတင် မီးတစ်လုံးစီထားပြီးထွန်းပေးရင်ရရဲ့သားနဲ့ သက်သက်မဲ့လျှပ်စစ်ကို ဖြုန်းတီးပစ်နေကြတာ။ လျှပ်စစ်ဓာတ်အားတစ်ယူနစ်အတွက် စွမ်းအင်အရင်းအမြစ် ဘယ်လောက်အသုံးပြုရတယ်ဆိုတာ ဒင်းတို့မသိကြဘူးလား။

ဖွံ့ဖြိုးတယ်။ တိုးတက်တယ်ဆိုပြီး မဆင်မခြင်နဲ့ ရုပ်ကြွင်းစွမ်းအင်တွေ ဖြုန်းတီးပစ်လို့ ကမ္ဘာကြီးခမျာ အိုဇုန်းလွှာပေါက်လိုပေါက်၊ ရေခဲပြင်တွေအရည်ပျော်လိုပျော်နဲ့ ဖန်လုံအိမ်အာနိသင် ဆိုးကျိုးတွေ၊ ခါးစည်းခံပြီး ခုခံအားတွေကျကာ အမောဖောက်တဲ့ လူမမာလိုမျက်ဖြူလန်ပြီး ဟောဟဲဆိုက်နေလေတော့ ဂလိုဘယ်လိုက်ဇေးရှင်းလို့ခေါ်တဲ့ သူ့အိုးသူနှာ ကမ္ဘာ့ရွာကြီးမှာ အတူတကွနေထိုင်ရတဲ့ ငါတို့ခမျာလည်း နိုင်ငံကြီးတွေရဲ့ မဆင်မခြင်အတိုင်းအဆမဲ့ထုတ်လွှတ်နေတဲ့ မီးခိုးမှိုင်းဒဏ်တွေကြောင့် မဆီမဆိုင်သူများအပူတွေကို ကိုယ့်အပူလုပ်ပြီး အပူလှိုင်းဒဏ်ကို ကျောကော့အောင်ခံနေရတော့တာပေါ့။

ရှေ့လျှောက်သာ အပူချိန်တွေ ပိုတိုးလို့ကတော့ ကမ္ဘာကြီးပွက်ပွက်ဆူပြီး မြစ်ချောင်းတွေတောင် ခန်းခြောက်ကုန်လေမလားဟ။ အင်း . . လက်ဝဲသုန္ဒရအမတ်ကြီးသာ နှစ်ဆယ့်တစ်ရာစုအလယ်မှာသာ မွေးဖွားခဲ့ရင် ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေရဲ့ ကောင်းမှုနဲ့ အငွေ့တထောင်းထောင်းထနေတဲ့ ဖန်လုံအိမ်အာနိသင်တွေကြောင့် ကမောက်ကမဖြစ်နေတဲ့ ရာသီဥတုကြားမှာ ပိုဒ်စုံရတုကြီးကို ရေးသား





ခယ်ပြင်တော့ အင်္ကျီလေးကိုချွတ်၊ ယပ်ကလေးကို တဖျပ်ဖျပ်ခပ်ရင်း

"မဲဇာတောင်ခြေ . . ရေ . . လည်းမရှိ ဆီးနှင်းပေါက်လည်း . . တစ်ခါမှ မမြင်ဖူးဘူး . . "

နဲ့ ကာရံအချိတ်အဆက်တွေကိုတောင် ရှာလို့မရအောင်ချွေးတလုံးလုံးနဲ့ ဦးနှောက်တွေပူနေမှာကြောင့် မဲဇာမှာတင် အရိုးဆွတ်ရမယ့်ဘဝ မဟုတ်လားရယ်လို့ အတွေးတော်တွေက ဘေးချော်သွားတာကလည်း မြေအောက်လမ်းမှ တက်တက်ခြင်း မြင်လိုက်ရတဲ့ စင်္ကာပူကောင်းကင်ယံမြင်ကွင်းကြောင့်ပါပဲ။

မိုးကောင်းကင်တစ်ခုလုံးကြွပ်ခိုးဆွဲထားသလို အုံ့မှိုင်းနေတဲ့ မီးခိုးမြူတံတိုင်းကြီးက ဟိုတစ်နေ့ကဖတ်ခဲ့ရတဲ့ သတင်းစာအရဆိုရင် အင်ဒိုနီးရှားက စတေးရှောင်လာတဲ့ တောမီးခိုးတွေဖြစ်ကြောင်း သိသားလေတော့ ခေတ်မီပါတယ်။ ဖွံ့ဖြိုးပါတယ်။ တိုးတက်ပါတယ်ဆိုတဲ့ အာရှကျားကြီးခမျာလည်း သူ့ခေါင်းပေါ်မှာ ဝဲပေါက်တော့လည်း ဘာမှမတတ်နိုင်ပါကလားလို့ သံဝေဂတွေရနေတုန်း ကားရပ်သွားပြီးတဲ့သကာလ သူ့နောက်ကနေလိုက်လာရန် အချက်ပြနေတဲ့ အေးကျင့်ရဲ့ လက်ဟန်ခြေဟန်အမိန့်တော်ကြောင့် ဘုမသိဘမသိနဲ့ ကားပေါ်တဆင်းလို့ သူ့နောက်ကိုလိုက်ရင်း ဟိုဟိုသည်သည် မျှော်ကာကြည့်တော့ ကိုယ့်နိုင်ငံက တရုတ်တန်း၊ လသာလမ်းဘက်က သုံးထပ်တိုက်တွေနဲ့ တစ်ပုံစံတည်းတူတဲ့ ဘေးချင်းကပ်ပြီး ဆောက်ထားတဲ့ တိုက်တန်းလျားတွေမှတစ်ပါး အထပ်မြင့်အဆောက်အဦနဲ့ ဟိုတယ် ဆိုသဟာကို လုံးဝမတွေ့ရလို့ အံ့သြနေတုန်း တိုက်အောက်ထပ်က ဆိုင်ထဲမှာ ထိုင်ခိုင်းပြီး မှန်ကောင်တာမှာ ဘာသွားပြောလိုက်တယ် မသိပါဘူး။

ဘုန်းကြီးတွေ 'သင်းပိုင်' ဝတ်သလို ပုဆိုးကိုအလယ်မှာလုံးပြီး ဝတ်ထားတဲ့ ပုဆိုးဝတ်ကုလားတစ်ဦးက ပန်းကန်ပြားတစ်ချပ်လာချ



www.burmeseclassic.com

www.burmeseclassic.com



ပေးသမျှ ပန်းကန်ထဲမှာလည်း ဆီမပါပြားမပါတဲ့ ထမင်းဖြူဖြူ အေးအေးပေါ်မှာ ခြောက်လက်မပေတံနဲ့ ထုထည်လုံးပတ်အရှည်က အစ ထပ်တူကျနေတဲ့ ငါးကြော်က တစ်ကောင်၊ မကျက်တကျက်ကြော်ထားတဲ့ ကြက်ဥက တစ်လုံး၊ အုန်းသီးရနံ့တွေသင်းပျံ့နေတဲ့ ငရုတ်သီးချက်က ငွန်းနဲ့တစ်ကော်အစရှိသဖြင့် ခံတွင်းပျက်စရာ ဖွယ်ဖွယ်ရာရာတွေအပြည့်ပါတဲ့ ပန်းကန်ကိုကြည့်ရင်း တအံ့တသြဖြစ်နေတုန်း . . .

"ကိုကာကိုလာ" တစ်ဗူးကို စားပွဲပေါ်မှာ လာတင်ပေးတဲ့ အေးဂျင့်ကလည်း မြိန်ရေရှက်ရေနဲ့ အားပါးတရသုံးဆောင်ပါရန် လက်ဟန်ခြေဟန်ဖြင့် အချက်ပြရုံမက ပါးစပ်ကလည်း 'ကွစ် . . ကွစ် . . ကွစ် . . ကွစ်' နဲ့ဘဲထီးများ မိတ်လိုက်ကာနီး ကြွေးကြော်တဲ့ သံစဉ်ကို မရပ်မနားဆိုပြနေတာကြောင့် . . .

မြန်မြန်ထက်ထက်သာ မသုံးဆောင်ရင်တော့ ငါ့ရဲ့ဝမ်းရေးရင်လေးဖွယ်ရာဖြစ်လတ္တံ့လို့အတွေးပေါက်စွာဖြင့် ငါးကြော်ကို ခက်ရင်းနဲ့ထိုးတော့ မယ်အိုဇာလာဆက်တဲ့ ကွမ်းတစ်ယာနဲ့ရေတစ်မှုတ်ကို မစားမသောက်ရမခြင်း ဓားနဲ့ထိုး ဓားကျိုး၊ လှံနဲ့ထိုးလှံခွေအောင် အစွမ်းတွေပြခဲ့တဲ့ ဗျတ်ဝိနဲ့သွေးသောက်ညီအစ်ကိုဖွဲ့ထားပုံရတဲ့ ကိုရွှေငါးကြော်ရဲ့ ကာယသိဒ္ဓိကြားမှာ ငွန်းကျိုးလို့ ခက်ရင်းခွေတော့မည့်တိုင်အောင် မာရေကြောရေရှိနေတာကြောင့် . . .

စိတ်ရှိလက်ရှိ ခက်ရင်းနဲ့ဖိထိုးလိုက်လို့ကတော့ ခက်ရင်းပဲခွေမလား၊ ငါ့ပန်းကန်ပြားပေါ်ကနေ သံမဏိငါးကြော်က ခုန်ပေါက်ပြီး လွင့်ထွက်သွားလေမလားဆိုတဲ့ နည်းလမ်းနှစ်သွယ်က ငါရွေးချယ်ရန်မလိုဘဲ အော်တော်မစ်တစ်ဖြစ်လာတော့မှာက မလွဲဧကန်၊ ခက်ရင်းကိုတောင်မှအာခံနိုင်တဲ့ အာဂငါးဟာငါ့ရဲ့လှုတပတ သုံးဆယ့်နှစ်ကောဋ္ဌာသကို နည်းနည်းမှမမှုဘဲ အလဲထိုးအနိုင်ယူကာ အောင်လံကြီးထူတော့မှာမို့ . . . .





အစားတစ်လုတ်အတွက်နဲ့ သွားတွေတော့ အနုတ်မခံပါရစေနဲ့ကွယ်ရို့။ နှလုံးအေးအောင် ငါ့ဘက်က အရှုံးပေးလိုက်ပြီမို့ ဖောက်သည်အသစ်ကိုစောင့်မျှော်ကာ နေရစ်ပေတော့ . . . နေရစ်ပေတော့လို့ စိတ်အတွင်းမှာ ဆိုညည်းလေးညည်းရင်း အားမတန်လို့ မာန်လျှော့ပြီးသကာလ Super Fish ကို မျက်စောင်းပင်မထိုးတော့ဘဲ ဆားလုံးဝမပါတဲ့ သက်သတ်လွတ်ကြက်ဥကြော်ကိုသာလျှင် အဖော်ပြုကာ ထမင်းနှစ်လုတ်၊ သုံးလုတ်ကို အံကြိတ်လို့ မျိုဆို့ရင်း 'ကိုကာကိုလာ' နဲ့မျှောချလိုက်ရတော့တာပေါ့။

ပထမဆုံးအကြိမ် စလုံးရေစပြီး စားလိုက်ရတဲ့အာဟာရဆိုတော့ကာ တစ်သက်မမေ့ဘူးကို ဖြစ်သွားတော့တာပါပဲ။ ဒါတောင်မှ ကြယ်တစ်ပွင့်မှ အဆင့်မရှိတဲ့ စားသောက်ဆိုင်မို့လို့ပေါ့။ ကြယ်ငါးပွင့်လောက်အဆင့်ရှိတဲ့ စားသောက်ဆိုင်ဆိုရင် သွားတုတွေ၊ အံပုံတွေတောင်မှ ပရိုမိုးရှင်းလုပ်ပြီး ကံစမ်းမဲအဖြစ်ပေးဦးမလား မသိဘူး။

ကြက်ဥကြော်ကုန်သွားတော့ အုန်းသီးနံ့သင်းနေတဲ့ ငရုတ်သီးချက်နဲ့ ထမင်းဖြူဖြူအေးအေးကြီးကို ဘယ်လိုမှ 'အပင်းသွင်း'လို့မရတာကြောင့် စားခြင်းကိစ္စကို တစ်ခန်းရပ်ကာ အပြီးသတ်လိုက်တဲ့အခါ နှုတ်ခမ်းနှစ်လွှာမှာ စိုစိုစွတ်စွတ်ဖြစ်နေတာကြောင့် ပါးစပ်ကို သုတ်သင်ရန်အတွက် ဟိုဟိုသည်သည် ကြည့်ပါသော်ငြားလည်း လက်သုတ်ပဝါက ဝေးစွ၊ တစ်ရှူးစက္ကူကိုတောင်မှ မတွေ့ရလို့။

"တစ်ရှူး ပလိစ်"

လို့ ဗြိတိသျှအသံပီပီသသရွတ်ဆိုလိုက်တော့ ကျွန်တော့်ကို ကြည့်နေပုံရတဲ့ ဆိုင်ကြီးရှင်ကအလိုက်တသိနဲ့ တစ်ရှူးစက္ကူထုပ်ဘလေးကို လာပေးတာကြောင့် . . . .

"Thank You"

လို့ ကျေးဇူးတင်ကြောင်းကို ဗြိတိသျှလိုပဲ ထပ်မံပြောကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အခါ ဆိုင်ကြီးရှင်က ကျွန်တော့်ကို စေ့စေ့ပြန်ကြည့်ရင်း . . .

"Ten Cents တန်းဆင့် (ဆယ်ဆင့်)"

ဆိုပြီး ဖြီတီသျှလို ရေရွတ်ပြသဗျ။

ဘာအဓိပ္ပါယ်လဲဆိုတာကို နားမလည်တဲ့အတွက် အေးဂျင့်ကို လှည့်ကြည့်လိုက်တော့ သူနဲ့ဘာမှမဆိုင်သလို ပေါ်တင်ကြီးကျောပေးထိုင်နေတာကို တွေ့မြင်ရချိန်မှာပဲ ပုဆိုးကိုသင်းပိုင်လိုဝတ်ထားတဲ့ ကုလားကြီးက . . .

"One packed tissue is ten cents"

တစ်ရှူးတစ်ထုပ်ကို ဆယ်ဆင့်တိတိကျသင့်တဲ့အကြောင်း သတင်းကောင်းကိုပေးရင်း ကျွန်တော့်မျက်ခွက်တည့်တည့်ကို သူ့လက်ကြမ်းကြီးထိုးပေးနေတာကြောင့် ရှိစုမဲ့စု ချမ်းသာသမျှ အသပြာပြားငါးဆယ်တိတိထဲကနေ အသပြာဆယ်ပြားတိတိကို တုန်တုန်ရင်ရင်နဲ့ ထုတ်ယူကာ နှမြောတသ သုံးကြိမ်ရွတ်ဆိုပြီးသကာလ မတန်တရာအတွက် ရေစက်ချလိုက်ရတော့တာပါပဲခင်ဗျာ။

ကိုယ့်နိုင်ငံက စားသောက်ဆိုင်တချို့တလေ တော်တော်များများမှာ စားပြီးသောက်ပြီးလျှင် သောက်တော်ရေအတွက် တစ်ခွက်တလေတောင်မှခပ်ပေးဖော်မရဘဲ ရေသန့်ဗူးကိုသာ တွင်တွင်ထိုးပေးနေတာမို့ ရေအကျိုးဆယ်ပါးနဲ့ ကိုယ့်ဟာကိုယ်ပြည့်စုံအောင် ရေသန့်ဗူးယဉ်ကျေးမှုအတွက် အသပြာငွေပေးပြီး ရေစက်သွန်းချခဲ့ရပေမယ့် . . .

ပါးစပ်နဲ့လက်ကို သုတ်သင်ရန်အတွက် တစ်ရှူးစက္ကူတွေကို ဗူးလေးထဲမှာထည့်ပြီး ဖောဖောသီသီ သုံးခွင့်စွဲခွင့်ပြုတဲ့အတွက် စေတနာတွေ သိပ်ပြီးမခေါင်းပါးသေးကြောင်း ကောင်းကောင်းကြီး သိခွင့်ရမိသလို၊ ဒီနိုင်ငံက စက္ကူဖြူတစ်ရှူးယဉ်ကျေးမှုသာ အမိနိုင်ငံကို ကူးစက်သွားပါက စားသောက်ဆိုင်ကိုသွားလျှင်ဖြင့် သောက်ရန်





ရေဗူး၊ သုံးရန်တစ်ရှူး၊ သွားကြားထိုးတံတို့ကို ကိုယ်နဲ့မကွာ တစ်ပါတည်းဆောင်ယူမှသာ နေရာကျပြီးအကုန်သက်သာတော့မယ် မဟုတ်ပါလားလို့လည်း တွေးမိပါသဗျ။

အသပြာငွေဆယ်ဆင့်တိတိနဲ့ပေးဝယ်ထားရတဲ့ ပါးပါးလျလျ တစ်ရှူးထုပ်ကလေးကို တရိုတသေနဲ့ အိတ်ကပ်ထဲ ထည့်တုန်း . . . .

"Finish Lah? Come Quick"

"ပြီးပြီလား . . လာ . . မြန်မြန် . ."

ဆိုတဲ့ ဖြီတီသျှ၊ စကာပူဖက်စပ်လိုတိုရှင်းစကားကို ပြောကြားတာ ကွတတ ခြေလှမ်းတွေနဲ့ဆိုင်အပြင်ကိုထွက်သွားတဲ့ စလုံးအေးဂျင့်နောက်ကို ကသောကမျောနဲ့ လိုက်ရပြန်တော့တာပေါ့။

ဟိုတယ်ကြီးတွေက ဒိုင်းနင်းရွမ်း (စားသောက်ခန်းမ) မှာ ငါ မစားသောက်တတ်မှာစိုးလို့ ထမင်းစားတဲ့ ငါ့ပါးစပ်နဲ့ အံကျဖြစ်အောင် ဒီဆိုင်ကို ခေါ်လာတယ်ထင်ပါရဲ့။ လူလူသူသူ အနားယူပြီး အိပ်စက်တာကတော့ လူတိုင်းနီးပါးတတ်တဲ့ပညာရပ်မို့လို့ ဘယ်ဟိုတယ်မဆို ငါနဲ့သင့်မြတ်လျော်ကန်မှာကိုတော့ သူသိလောက်တာမို့ ဘယ်လိုဟိုတယ်ကြီးမျိုးကိုများ ငါ့ကို သူခေါ်သွားလေမလဲလို့ အတွေးတောင် မဆုံးသေးဘူး။

" Take Your Bags, Come, Quick"

"မင်းအိတ်တွေကိုယူ။ လာ . . မြန်မြန်" ဆိုပြီး ဆိုင်ဘေးက လူနှစ်ယောက်ရှောင်သာရုံ အခန်းပေါက်ထဲဝင်သွားလို့ ကပျာကယာ အိတ်နှစ်လုံးကို ပခုံးပေါ်ထမ်းရင်း သူဝင်သွားတဲ့ အခန်းပေါက်ထဲ ဝင်လိုက်ရင်ပဲ . . .

အောင်မလေး . . လေး၊ ထောင်မတ်နေတဲ့ လှေကားကြီးနဲ့ တည့်တည့်ကြီးကို တိုးတော့တာပါပဲ။ ကျွန်တော်တို့ဆီက ကန်ထရိုက်တိုက်တွေမှာရှိတဲ့ လှေကားက၊ လှေကားပေါ်တက်တဲ့သူ သက်သာစေ



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက်တစ်ဆစ်ချိုးလေးတွေလုပ်ပြီး ဆောက်ပေးထားတာခင်ဗျ။

ဒီလှေကားကတော့ အစီစိကနေ နတ်ပြည်အထိ အကွေ့အကောက်မရှိဘဲ ထောင်ထောင်မတ်မတ်နဲ့ တောက်လျှောက်ကြီး တစ်ဆက်တည်း ဆောက်လုပ်ထားတာမို့ ဖိနပ်ပေါက်နေတဲ့ ခြေထောက်ကငိုချင်လျက် လက်တို့နေသော်လည်း မစာနာမထောက်ထားနိုင်ဘဲ အိတ်နှစ်လုံးကိုထမ်းရင်း ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် အမောဆို့လုမတတ် သုံးထပ်ကိုရောက်တဲ့အထိ တောက်လျှောက်ကြီးတက်ရတော့တာပေါ့။

လှေကားဆုံးတဲ့ သုံးထပ်ကိုရောက်တော့ ဇောချွေးတွေ တသွင်သွင်စီးပြီး လူမှာလည်း သာခွေယိုင်ကာ၊ အမောဆို့လို့ ဟစိဟစိဖြစ်နေတုန်း နီစပ်စပ်၊ ပုပြတ်ပြတ်က အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်ရင်း အပေါက်ကျဉ်းတဲ့ သူ့မျက်စိကို မပွင့်တပွင့်ဖွင့်ကာ ကျွန်တော့်ကိုကြည့်ပြီး. .

“ဒါ မင်းနေရမယ့် နေရာ၊ မင်းပတ်စပို့က ငါယူသွားမှာမို့ လမ်းပေါ်ကို ခြေတစ်လှမ်းတောင်မကျော်လေနဲ့။ ရဲအဖမ်းခံရလို့ကတော့ မင်းပြဿနာ မင်းရှင်းရမယ့်အကြောင်း ကောင်းကောင်းကြီးသဘောပေါက်ထား”

လို့ စလုံးသံထွက်တဲ့ ဗြိတိသျှစကား အကျိုးအပဲ့တွေနဲ့ ရှင်းရှင်းလင်းလင်းပြောကြားရုံမက လက်ဟန်ခြေဟန်နဲ့ပါ ဘာသာပြန်ပြပြီး တံခါးဖွင့်အောင်တောင်မှ မစောင့်ဆိုင်းဘဲ ‘တဒုန်းဒုန်း’ ခွာသံပေးလို့ လှေကားပေါ်က ဆင်းသွားပါလေရောလား . .။

မျက်စိသူငယ်၊ နားသူငယ်နဲ့ အားကိုးရာမဲ့နေတဲ့ မလည်မဝယ် ကျွန်တော်တစ်ယောက် ရခြားမြေခြားက သူများအိမ်တံခါးဝမှာ ငေါင်တောင်တောင်ကြီးရပ်ပြီး ကြောင်အအနဲ့ ငါဘာဆက်လုပ်ရပါ့မလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတော့တာပေါ့။





ပရိသတ်အစုံနဲ့ ဇာတ်ခုံပေါ်မှာသာဆိုရင် အားရပါးရ ချင်းချလို့ကတော့ ကြည့်ရှုသူ့ရွှေပွဲလာတွေတောင်မှ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးတဲ့အထိ ဇာတ်ကနာနေပြီ မဟုတ်လား။

ဇာတ်နာချက်ကလည်း ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးဆေးဆေးမနေနိုင်ဘဲ ကိုယ့်ငွေကိုယ် အကုန်အကျခံပြီး ခြားစွာခံလို့ နိုင်ငံကိုအလုပ်လုပ်အောင် လာမိလေမှ အာရှကျားကြီးရဲ့ ရေမှာ ခောက်လျက်လဲရုံမက ကျားပါးစပ်ထဲအထိ ခေါင်းဝင်မိနေလေတော့ ထုတ်ရင်လည်း ခေါင်းပြတ်မယ်၊ ဒီအတိုင်းထားရင်လည်း ခေါင်း တစ်ခြား ကိုယ်တစ်ခြားနဲ့ မလူးသာ မလွန့်သာညှပ်ပူး ညှပ်ပိတ်မိနေ သတဲ့အဖြစ်ဆိုတော့ ဇာတ်ကလည်းနာမှနာ၊ မင်းသားအတွက် ချင်းချလို့ကလည်း ကောင်းမှကောင်းပေါ့။

ဘယ်ခြေလေးကို ရှေ့တစ်လှမ်းတိုး၊ တောင်ရှည်ခါးပုံစ တင် ထားတဲ့ ဘယ်လက်ကလေးကို နောက်မှာ ခပ်ရှိုရှိုထား၊ ခါးလေးကို ခွဲ့တရို့ညွှတ်ရင်း ညာလက်သီးဆုပ်နဲ့ရင်ဘတ်ကို တအုန်းအုန်းထုပြီး

“ကြမ္မာရယ်ငင် . . တိန်တိန် . . တိန်တိန် . . ကြမ္မာငင်ကာ သမင်းတံခါးဝမှာ ရောက်နေပါပေါ့ . . ဟော့ . . ဟော့ . . ကံ . . တံငယ်ဖျင်း . . ဟင်း . . ဟင်း . . ကံငယ်ဖျင်း . . ဟင်း . . အင်း . . အောင်မယ်လေး . . ကံဖျင်း . . ဟင်း အင်း . . ”

လို့ ခုနစ်သံချီ ဟစ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဘယ် ခြေကို ခပ်သွက်သွက်လေး နောက်ဆုတ်၊ တောင်ရှည်ခါးပုံစ တင်ထား တဲ့ ဘယ်လက်ကို ရှေ့ကို ခပ်ကွေးကွေးလေးထုတ်၊ အဲဒီ့ဘယ်လက် ပေါ်ကို ခေါင်းလေးခပ်ငုံ့ငုံ့စောင်းငုံ့လို့ မျက်ရည်သုတ်နေပုံလုပ်ရင်း ညာလက်ကို လေးကိုင်းသဏ္ဌာန် ခါးထောက်ဟန်လုပ်လိုက်တဲ့ အချိန် မှာ အောက်ကဆိုင်းဝိုင်းကြီးကလည်း . . .

“တုန် တုန် တုန် တုန် ဂျိမ့် ဂျိမ့် ဂျိမ့် ဂျိမ့်”



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခုနစ်သံချီ ဝိုချင်းသွားအတိုင်း မြိုင်မြိုင်ဆိုင်ဆိုင်ကြီးသ
ထွက်လိုက်လို့ကတော့ ဘာပြောကောင်းမလဲ ဆိုကာ၊ရေးတီးက အ
ဖြတ်ဒိုင်တွေ အကုန်လုံးက ငါ့အတွက် အမှတ်တွေ တစ်ပြုံတစ်ခေါ
ကြီး ဝိုင်းပေးကြတာနဲ့တင် နောက်လူတွေအတွက် ပေးစရာ အမှ
တောင် ကျန်မှာမဟုတ်တော့ဘူး . . .

အင်း . . ဒါပေမယ့် အခုကြုံတွေ့နေရတာက လော
ဇာတ်ခုံပေါ်မှာဆိုတော့ ငါဘာလုပ်ရကောင်းမလဲ။ လုပ်စရာဆို
အေးဂျင့်လုပ်ပြသွားတဲ့အတိုင်း တံခါးကိုခေါက်ဖို့ပဲရှိတာပေါ့။

တံခါးကို အသံပြင်းပြင်းလေး ခေါက်လိုက်တော့ အိပ်ချ
မှုးတူးနဲ့ ကုလားလေးတစ်ယောက်က တံခါးကိုလာဖွင့်ပေးရုံပေးပြ
ဘာစကားမှမဆိုဘဲ အထဲကိုပြန်ဝင်သွားတာကြောင့် အခန်းထဲ
ခေါင်းပြူကြည့်လိုက်တော့ . . .

အလို . . အကျယ်တစ်ဆယ့်ငါးပေ၊ အလျားပေ ငါးဆ
သာသာ ကန်ထရိုက်တိုက် (Hall Type)ပုံစံ၊ ဟိုတယ်ခန်းမဆောင်ကြ
က ထင်မှတ်စိတ်ကူးလို့ မရလောက်အောင် မြင်မကောင်း ရှုမကော
နဲ့ ခန့်ညားထည်ဝါလှချည်လားကွယ်ရို့ရဲ့ . . .

ညှော်ကြိုကောင်တာနဲ့စားပွဲကုလားထိုင်အစရှိတဲ့ 'ဖန်နေချာ
တွေ ဘာတစ်ခုမှ မရှိလောက်အောင် ပြောင်ရောင်နေတဲ့ကြားထ
အခန်းရဲ့ ဟိုးဘက်အဆုံးမှာ မျက်နှာကြက်က ခပ်စောင်းစောင်းလေ
တွဲလျားကျနေတဲ့ ခန်းမကြီးရဲ့ တစ်ခုတည်းသော အလင်းပေးစနစ်
နှစ်ပေချောင်းရဲ့ ပသာဒကလည်း ပြုံးပြုံးပြက်ပြက် ရောင်စုံထွက်နေ
တဲ့ မျက်နှာကြက်မီးပန်းဆိုင်းကြီးနဲ့တူနှိုင်းလို့ကို မရအောင်ပါပဲက
လား။

အလွှားလိုက်၊ အဖတ်လိုက် လန်ပြန်ကာကွာကျ ပေါက်ပြ
နေတဲ့ နံရံကပ်စက္ကူ ညစ်ထေးထေးနဲ့ အလှဆင်ထားတဲ့ နံရံကြီးက





ည်း ဘာပန်းချီကားမှ ချိတ်ဆွဲစရာမလိုလောက်အောင် ပါဖော့မင့်၊
င်စတော်လေးရှင်း အတတ်တွေနဲ့ စနစ်တကျစီရင်ကာ ဖန်တီးထား
လိုပါလားဟဲ့။

မူလအရောင် ဘာမှန်းမသိလောက်တဲ့အထိ ကြေးလက်
းသစ်၊ ငါးကြင်းကွက်တွေတောထနေတဲ့ ကြမ်းခင်းဖယောင်းပုဆိုး
့ထည်ဝါမှုကလည်း ငါ့ရဲ့ခြေကို မချရဲလောက်အောင် သွေးဆောင်
နေသမို့၊ ညီတော် လက္ခဏာဆွဲသားတားမြစ်ထားရစ်ခဲ့တဲ့ စည်း
ဘန်ကိုကျော်သင့်မ၊ ဟျော်သင့် ချင့်ချိန်နေတဲ့ သီတာဒေဝီ မင်းသမီး
သို့ ချီတုန်ချတုန်နဲ့ ရင်တွေတောင်ခုန်နေရပြီပေါ့။

တက်ကြွ၊ ငယ်ရွယ်နုနုနယ်နယ် သီတာဒေဝီ အမျိုးကောင်း
မီးခမျာမှာလည်း အသိတွေမကြွယ်ဝလေတော့ ကြည်ညိုဖွယ်ရာ
သေ့အသွင်နောက်မှာ အစွယ်ပြူးပြူး၊ ခေါင်းဆယ်လုံးဘီလူးကြီး
ရှိနေတာကို ဘယ်လိုလုပ်ပြီးသိနိုင်ပါ့မလဲဗျာ။ အဲဒီ့တော့လည်း
သဂီရိရဲ့ ဘီလူးတို့မာယာကွန်ယက်အတွင်းမှာ သက်ဆင်းမိတော့
တာပေါ့။

ဩော် . . သီတာဒေဝီ . . သီတာဒေဝီ . . မြို့ကြီးသား
ဒသရဲ့ သွေးဆောင်ဖြားယောင်းမှုကို ခံလိုက်ရတာက ညည်းက
တောအရပ်မှာနေခဲ့ရတဲ့ အမျိုးသမီးပီပီ အသိဉာဏ်မကြွယ်ဝလို့၊
ယိလို့ခံလိုက်ရလေခြင်းဆိုပြီး တရားနဲ့ဖြေခွင့်ရှိပါသေးတယ်ကွယ်. .

ငါ့မှာတော့ နှစ်ဆယ့်တစ်ရာစု ဘောင်းဘီဝတ် ယောကျ်ား
ပီ အသိဉာဏ်တွေကြွယ်ဝလွန်းတာကြောင့် 'ခွေးကိုက်တတ်သည်'
ဆိုတဲ့ သတိပေးဆိုင်းဘုတ်ချိတ်ဆွဲထားတာ မတွေ့လေတော့၊ ကိုယ့်
အတွက် ခွေးအန္တရာယ်မရှိဘူးဆိုပြီး ရဲရဲရင့်ရင့်နဲ့ ရင်ကော့ကာ ခြံထဲ
ကို အရောက်လှမ်းမိခဲ့ကာမှ ခွေးတစ်ကောင်တောင် မနေနိုင်အောင်
မွှေးတူးပျော်ပါးဆော့ကစားနေကြတဲ့ ကျားအုပ်ကြီးနဲ့ တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတိုးပြီး ချောင်ပိတ်မိသွားတဲ့ ဘဝမျိုးဆိုတော့ အင်း . . တရား
ဖြေရင် သံသရာရှည်ပါတယ်လေ . . . .

အေးဂျင့် ကျားရဲ့လက်သည်းဝှက်ပြီး ဘယ်ခြောက်ကာ ညာ
လှမ်းတဲ့ တိုက်ကွက်ကြီးကို သိသိကြီးနဲ့ ဖွတ်တိုးကာ အခန်းအတွင်းကို
ဝင်ရောက်တော့မှာမို့ . . .

ကိုင်း . . ရှာစား . . ကျားဝမ်းသာအောင် မတိမ်းမစောင်းနဲ့
'ဗိန်းဗောင်း' သာ တိုက်ပေတော့ဗျို့ . . လို့ ကြုံးဝါးရင်း . . .

အခန်းထဲကိုသာ ဝင်ခဲ့ရတယ် ကြုံဆိုသူမဲ့နေတဲ့ ကျွန်တော်
လည်း ခပ်လှမ်းလှမ်းက တစ်ခုတည်းသော နှစ်ပေချောင်းရဲ့အလင်း
ရောင်နဲ့ ဟိုဟိုသည်သည်ကိုကြည့်မိတော့ အခန်းရဲ့တစ်ဖက်စွန်းမှာ
ငါးကြင်းကွက် ဖယောင်းပုဆိုးပေါ်ကို လူတစ်ကိုယ်စာသာသာ မွေ့ယာ
လေးတွေခင်းပြီး ခြေထောက်ချင်းဆိုင်အိပ်နေကြတဲ့ မနုဿ လေး
ယောက်ကို တွေ့လိုက်ရတယ်ခင်ဗျ . .

ရှပ်အဆင်း ရှုပကာက အာရှသားတွေဆိုတာ သိသာပေမယ့်
ဘယ်နိုင်ငံသားလဲရယ်လို့တော့ ဝေခွဲမရဘူးပေါ့။ ကျွန်တော့်အဖို့
စိတ်အားပျက်ဖွယ် သည်အခန်းဟာ သူတို့အတွက်တော့ နတ်ဘုံနတ်
နန်းမှာစံစားနေတယ်လို့များထင်ထားလေသလားမသိ 'ဟောက်'သံ
တွေ တညံညံပေးနေတာမို့ အားကျစိတ်ကလေးတောင်ဝင်လာပြီး
သူတို့လေးဦးနဲ့ ဆန့်ကျင်ဘက် ခပ်လှမ်းလှမ်းက မွေ့ယာပုံကြီးနားမှာ
တစ်ဦးတည်းစံစားနေတဲ့ ကျွန်တော့်ကို တံခါးလာဖွင့်ပေးတဲ့ ကုလား
လေးရဲ့အနားကိုသွားပြီး အိတ်တွေကိုအသာချ သူ့ဘေးနားမှာထိုင်
ရင်း သူ့ကိုစောင်းငဲ့ကြည့်တော့ သင်းကတစ်ကျော့ပြန် အိပ်စက်ခြင်းနဲ့
အလွမ်းသင့်ပြီး တခူးခူးနဲ့သံစဉ်တွေတောင် တိုင်မင်ကိုက်နေပြီပဲလေ။

အခန်းရဲ့ နောက်ဆုံးနံရံမှာ တကျိုကျိုမြည်ရင်း လည်ပတ်
နေတဲ့ လေထုတ်ပန်ကာအိုကြီးကလည်း အိတ်နှစ်လုံးကို ထမ်းပြီး





လှေကားပေါ်ကို အပြေးတက်လာရလို့ ဇောချွေးတွေ တသွင်သွင်စီး
နေတဲ့ ကျွန်တော့်အတွက် အအေးဓာတ်ကို ပေးစွမ်းနိုင်မှုမရှိပါဘူး. .

အဲဒီ ပန်ကာအိုကြီးရဲ့ဘေးမှာ ခပ်ဟဟတံခါးကြားကနေ
မဝံ့မရဲနဲ့ အလင်းရောင်ထိုးထွက်နေတဲ့ အခန်းတစ်ခုကိုတွေ့လို့သွား
ပြီး စေ့ငုလိုက်တော့ ငါးတိုင်အားမီးလုံးအောက်က ခြောက်ပေပတ်
လည်ကျယ်ဝန်းတဲ့ အခန်းငယ်ဟာ ရေချိုးခန်းလား၊ အိမ်သာလား
ဆိုတာတောင် ခွဲခြားလို့မရပါဘူး . .

နံရံမှာကပ်ထားတဲ့ (ဗေဆင်) မျက်နှာသစ်ခွက်နဲ့အတူ တွဲ
လျက်တပ်ဆင်ထားတဲ့ ရေပိုက်ခေါင်းကလည်း 'စီးတိပ်'အဖြူတွေ
အဖွေးသားနဲ့ ထာဝရအငြိမ်းစားယူခဲ့တာကြာပြီဆိုတဲ့အကြောင်းကို
သူ့ကိုယ်စားဗေဆင်နံရံပေါ်မှာ မတ်မတ်ထောင်ပြီး အသေတပ်ဆင်
ထားတဲ့ အက်ရာတွေဗရပွနဲ့ ပြဒါးမဲ့လုလုနီးပါး မှန်ကြီးက ပြောပြလို့
နေတယ်လေ . . .

လက်နဲ့ကိုင်ပြီး ရေချိုးလို့ရတဲ့ ရေပန်းခေါင်းတပ်ထားတဲ့
ရေပိုက်ပျော့ခများမှာလည်း နံရံမှာချိတ်ဆွဲဖို့လုပ်ထားတဲ့ ညှပ်ကလစ်
က ဘယ်ဆီကိုထွက်သွားမှန်းမသိဘဲ နတ္ထိဖြစ်နေလို့ ကမ္ဘာမြေရဲ့
ဆွဲအားကို မလွန်ဆန်နိုင်ဘဲ ကြွေပြားတချို့ ကွာနေ၊ ကွဲနေတဲ့ကြမ်းပြင်
မှာ လဲလျောင်းရင်း ဘိုထိုင်အိမ်သာခွက်ရဲ့ခြေတော်ရင်းမှာ မျက်ရည်
တစ်စက်စက်နဲ့ မှေးစက်လို့ပေါ့ . . .

ဝါညစ်ညစ်အရောင်တွေ စွန်းထင်းကာ ဂျွတ်တက်နေတဲ့
ဘိုထိုင်လို အိမ်သာခွက်အိုကြီးကလည်း ပါးစပ်အဟောင်းသားဖွင့်
ရင်း သူ့အပေါ်ကို ဖုံးအုပ်ပြီး ဖင်ချထိုင်ဖို့ လုပ်ပေးထားတဲ့ ပလတ်
စတစ် ဖင်ထိုင်ခွက်နဲ့ သေခန်းဖြတ်ခဲ့တာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့
ပေမယ့် ဖင်ထိုင်ခွက်မရှိတဲ့သူ့အပေါ်ကို ကုတ်ကပ်ပြီး ရအောင်တက်
တာ ပါလို့ကတော့ သူ့တာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးတဲ့အကြောင်းကို သူ့ဇလုတ်အတွင်းက ရေလေးတွေကိုလှုပ်ပြီး ပြောပြနေတာကြောင့် . . .

ခမျာကြီး အားရအောင် မတ်တတ်ကြီး ရှုးရှုးဖလားဝါးပေးလိုက်ရပေမယ့် မျက်နှာသစ်ပြီး ရေပတ်တိုက်မယ်ဆိုတဲ့ အစီအစဉ်ကိုတော့ စိတ်လျှော့လိုက်ရပြီပဲလေ။ ဒီလောက်ချမ်းသာနေတဲ့ နိုင်ငံကြီးမှာ ဒီလောက်စုတ်ပြတ်သပ်နေတဲ့အခန်းကို တကူးတက၊ မရမကရှာဖွေပြီး နေရာချထားပေးခြင်းခံရလို့ စိတ်ပျက်ပျက်နဲ့ ရေချိုးခန်းအိမ်သာထဲက ထွက်လိုက်ပြီးတဲ့သကာလ နှစ်ခြိုက်စွာအိပ်ပျော်နေကြတဲ့ အာရှသားငါးဦးကိုကြည့်ရင်း အထူးပင်အားကျလာတာကြောင့် . .

"ပတ္တမြားမှန်ရင် နွံနစ်ရိုးထုံးစံမရှိပါဘူး။ ပတ္တမြားမှန်ရင် နွံမနစ်တာကြောင့် ကိုင်း . . ငါဟဲ့ ယောကျ်ား သူတောင်းစားဖြစ်မှတော့ ခွက်မရွေးနေတော့ပါဘူးလေ. ."

လို့ ကိုယ့်စိတ်ကိုယ်လျှော့ရင်း စနစ်တကျပစ်စလက်ခတ်ပုံထားတဲ့မွေ့ယာအပုံကြီးနားသွားပြီး၊ ကောင်းနိုးရာရာမွေ့ယာကို ရှာကြည့်တော့ လက်နှစ်လုံးလောက်ထူပြီး၊ လူတစ်ယောက်အိပ်ရုံသာကျယ်တဲ့ ရေမြှုပ်ဖော့ကိုအတွင်းမှာထားပြီး၊ အဝတ်စနဲ့ပတ်ချုပ်ထားတဲ့ မွေ့ယာတွေကလည်း မိုးကြိုးပစ်ရစေ့ မွေ့ယာယောင်ဆောင်ထားတဲ့ မွေ့ယာတွေပါပဲခင်ဗျ။

မူလအရောင်အသွေးဟာ ဘာလဲဆိုတာတောင်မှ ခွဲခြားလို့မရအောင် ကြေးလက်ငါးသစ်၊ ခြောက်သစ်လောက်တက်နေတဲ့ ဖုံ[illegible] (ဖုတ်)ရောင်တပြောင်ပြောင်နဲ့ တင့်တယ်နေတဲ့အတွက် [illegible] သုတ်တဲ့ ခြေနင်းဖုံကမှ သူ့ထက်သာပါသေး[illegible] အရွယ်အစားကြီးမားလို့သာလျှင် ခြေနင်းဖုံမလုပ်ဘဲ လူအိပ်ဖို့သာလုပ်ထားလို့ သဘောပေါက်စွာဖြင့် အပေါ်ဆွဲ၊ အောက်လှန်ကာ ကိုယ်နဲ့သင့်တော်မယ့် အနည်းငယ်လတ်မယ့်မွေ့ယာကို ရှာကြည့်တော့ အသွေး





အရောင်ဆင်တူမွေ့ယာတွေကလည်း ဘာစွန်းထားမှန်းမသိတဲ့ အတွက် အကွက်တွေကတောင် ရွေးမရအောင် ဆင်တူနေလေတော့ စိတ်ပျက်ပျက်နဲ့မွေ့ယာပုံကို ဖွလိုက်လို့ထွက်လာတဲ့ အနံ့အသက်ကြောင့် နှာခေါင်းကိုပိတ်ရင်း . . .

"ကိုယ့်ခွန်၊ ကိုယ့်အားနဲ့ ရင်းနှီးခဲ့ရလို့ ချွေးနံ့သင်းနေတဲ့ ထမင်းတစ်လုတ်ဟာ နတ်သုဒ္ဓါထက်တောင် အရသာရှိပါသေးတယ် သားရယ်"

လို့သွန်သင်ခဲ့တဲ့ မွေးသဖခင်ကျေးဇူးရှင်ကိုတောင်မှ သတိရသွားပြီး . . .

"အို . . အဖေ . . အဖေရဲ့ . . ကိုယ့်ချွေးနံ့တော့ ကိုယ်ခံနိုင်ပေမယ့် ဒီမွေ့ယာပုံက တထောင်းထောင်းထနေတဲ့ သူများချွေးနံ့ကြီးတွေကတော့ အော်ဂလီဆန်လွန်းလို့ အခုနေ နတ်သုဒ္ဓါချကျွေးရင်တောင်မှ အရသာခံနိုင်ဖို့ဝေးစွ မျိုလို့တောင် ရနိုင်မယ်မထင်ပါဘူး အဖေရဲ့"

လို့ ငိုကြီးချက်မဖြစ်သွားပါသော်လည်း ခြေထောက်နဲ့နင်းရမှာတောင် မသတီစရာကောင်းတဲ့ ကြမ်းခင်းဖယောင်းပုဆိုးပေါ်မှာ သည်အတိုင်း အိပ်ရမှာထက်စာရင် မွေ့ယာပေါ်မှာအိပ်ရတာက အပုံကြီးသာသေးတယ်လို့ ထင်မှတ်ယူဆတာကြောင့် နီးရာမွေ့ယာကို ဆွဲယူကာခင်းမယ်ပြင်တော့ . .

မွေ့ယာပေါ်မှာ အကွက်ဖော်ထားတဲ့ အနက်စက်ကလေးတွေ လှုပ်ရှားသွားလေသလားလို့ ထင်မြင်မိလို့ မသဲမကွဲအလင်းထဲမှာ မျက်စိကို အတင်းဖြဲပြီး အနီးကပ်ကြည့်လိုက်တဲ့သကာလ အမြင်ရှင်းစွာနဲ့ ထင်လင်းစွာမြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မွေ့ယာကို လွှတ်ချပြီး ကိုယ့်အိတ်ပေါ်ကိုယ်ခုန်တက်ကာ မင်းညီနောင် 'ဝက်' နဲ့တွေ့သလို ဆွေ့ဆွေ့ကိုခုန်သွားတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အနက်စက်ကလေးတွေက မွေ့ယာရဲ့နံဘေးချုပ်ရိုးတွေအတိုင်း ဘယ်တောင်ပံ၊ ညာတောင်ပံခွဲကာ ဂဏန်းလက်မသဏ္ဌာန်စစ်ချီနေကြရုံမက အလယ်မှာအုံခဲပြီး မည်းနက်နေတဲ့ အဖွဲ့ကြီးကလည်း 'ဘလစ်ဇကရစ်' လို့ခေါ်တဲ့ 'ဥဿဘ' ဗျူဟာနဲ့ လျှပ်တစ်ပြက်တိုက်စစ်ဆင်ရန်အတွက် မည်းမည်းလှုပ်အောင် ပြင်ဆင်နေကြတဲ့ ကြမ်းပိုး (ဂျပိုး)အုပ်စုကြီးတွေဖြစ်နေတာကြောင့် အကြောင်းညီညွတ်လို့ ဘောင်းဘီဝတ်ခဲ့ရတဲ့ သာကီဝင်တစ်ယောက် အသည်းယားကာ ရာဇက္ကန္ဒြေတောင်မှ ထိန်းဖို့မေ့သွားခဲ့ပါသဗျ။

"ရေခြားမြေခြား နိုင်ငံခြားကို မင်းသွားရလို့ကတော့ မမြင်စဖူး၊ ထူးဆန်းထွေလာတွေကို အံ့ဩဘနန်းနဲ့ မျက်ဝါးထင်ထင် မင်းတွေ့မြင်ရလိမ့်မယ်"

လို့ ရဲရဲတောက်ဟောပြောခဲ့တဲ့ဗေဒင်ဆရာကြီးကိုလည်း . .

မှန်လိုက်တာဆရာရယ်။ ဆရာ့ဟောချက်သွေးထွက်အောင် မှန်ဖို့အတွက် လက်တစ်လုံးသာလိုတော့ကြောင်း ထောက်ခံစာကို ကိုယ်တိုင်ရေးသားလက်မှတ်ထိုးကာ ပို့ပေးဦးမှာမို့ စက်ာပူပြန် တစ်ယောက်ရဲ့ထောက်ခံချက်ဆိုပြီးဂျာနယ်၊မဂ္ဂဇင်းအသီးသီးမှာ ကြော်ငြာသမှုပြုကာ လုပ်စားနေကျတိုင်း လုပ်စားပါလေတော့ ဆရာလို့ ဗေဒင်ဆရာကို ဂါရဝပြုရင်းမှ . . . .

ဒီကိုမလာခင် ဖတ်ဖူး၊ မှတ်ဖူးခဲ့တဲ့ နာမည်ကြီးမဂ္ဂဇင်းကြီးက ခရီးသွားဆောင်းပါးရှင်တစ်ဦးရဲ့ လမ်းညွှန်ချက်မှာ စက်ာပူဆိုတာ သန့်ရှင်းလွန်းလို့ ကြွက်၊ ခြင်၊ ယင်၊ ကြမ်းပိုး၊ ပိုးဟပ် ကင်[illegible]လို့ ရေးသားထားချက်ကိုလည်း အစာမကြေတာ[illegible] .

ကိုယ့်မျက်နှာကိုယ် အိုးမည်းသုတ်ပြီး ဇာတ်တူသား အိမ်ကြက်အချင်းချင်း 'ကလောင်အတက်' နဲ့ 'ခွပ်ရေးပြင်ကာ' စိန်ခေါ်တွန်သံ တညံညံပေးတာတွေကိုမှ ဝမ်းသာအားရဖော်ပြတတ်တဲ့ ဟို





မဂ္ဂဇင်းကြီးထဲကို ခရီးသွားဆောင်းပါးရှင်ရဲ့ ဘာမဟုတ်တဲ့ မှားယွင်းမှု အသေးအမွှားအားနည်းချက်တစ်စိတ်ကို သုံးတင်းဝင် တစ်အိတ်လုပ်လို့ 'ခရီးသွားဆောင်းပါးရှင်သို့ အိတ်ဖွင့်ပေးစာ' ဆိုပြီး ပေးပို့ကာ 'ခွပ်လက်ချ' ရရင်ကောင်းလေမလား။

ဒါမှမဟုတ် ကြမ်းပိုးတစ်သုတ်လောက် စာအိတ်ထဲထည့်ပြီး 'ဇင်ပယ်' (Sample) နမူနာအနေနဲ့ ဆောင်းပါးရှင်ထံ အရောက်ပို့လို့ လူမသိ၊ သူမသိ တိတ်တိတ်ဖြေရှင်းရရင်ကောင်းလေမလားလို့ တွေးရင်း တွေးရင်းနဲ့ . . .

အောင်မလေး . . ဘုရား . . ဘုရား . . ကိုယ်ထင်ရာတွေ စွတ်လုပ်လွန်းလို့ အများတွေ ထောင်သောင်းမကနဲ့ ပြဿနာတွေ ဇရပ္ပဖြစ်ခဲ့တာကိုအမှတ်မရှိဘဲ စိတ်သွားတိုင်းကိုယ်ပါလုပ်ဦးမလို့လား ဘိုတောက်ရဲ့ . .

ပုစွန်ဦးနှောက်လောက်တောင် မပြောင်ရောင်တဲ့ မင်းဦးနှောက်နဲ့ သေသေချာချာစဉ်းစားကြည့်ဦးဟဲ့ . . စာအိတ်ထဲမှာ ပိုးနဲ့တကွ ထောင့်သန်းဗိုင်းရပ်စ်ပိုးပါမကျန် ထည့်သွင်းကာ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုပြီး အကြမ်းဖက်ကြလို့ မဆိုင်သူတွေ သေကြေအတိဒုက္ခရောက်ကုန်တာကြောင့် တစ်ကမ္ဘာလုံးက ရတက်မအေးနဲ့ လုံခြုံရေးတွေတင်းကြပ်ပြီး မျက်လုံးဒေါက်ထောက်ကြည့်နေတဲ့အချိန်ကြီးမှာ ကြမ်းပိုးတွေအပြည့်ပါတဲ့ စာအိတ်ကိုသာ တွေ့လိုက်လို့ကတော့ . . .

"ထူးခြား၊ ဆန်းကြယ်၊ အံ့မခန်းလောက်သော နည်းပညာများဖြင့် ညစ်ညမ်းဗုံး (Dirty Bomb) လုပ်ရန်အတွက် မျိုးရိုးဗီဇနည်းပညာဖြင့် အဆင့်မြှင့်ထားသော သက်ရှိဇီဝမျိုးစိတ်များကို စာအိတ်အတွင်းထည့်သွင်းပို့ဆောင်သူကိုမိပြီ"

ဆိုပြီး 'စက်ာပူစထရိတ်တိုင်း' သတင်းစာကြီးမှာ လေးရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြယ် ( 4 Colour) နဲ့ ငါ့ဓာတ်ပုံကြီးကို တခမ်းတနားနဲ့ မျက်နှာပြည့် ထည့်သွင်းဖော်ပြခံရလို့ နေရင်းထိုင်ရင်း မျက်နှာဖုံးရှင်ဖြစ်ရတော့မယ်။

စက်ဘုပူနိုင်ငံ ချန်ဂီထောင်ရဲ့ ကမ္ဘာကျော်နာမည်ကြီး ကြိမ်စကြာအဖွဲ့ကြီးရဲ့ ပြောင်မြောက်တဲ့လက်သံကို ကျောကော့အောင်ခံပြီး ထိုင်မရ၊ ထမရနဲ့ ထောင်ထဲမှာ တစ်သက်လုံးအရိုးထုတ်ရမယ့် ဒုံး အပြင် . .

ကံထူးလျှင်လည်း ကံထူးရှင်အဖြစ်နဲ့ တစ်ကမ္ဘာလုံးပွက်ပွက်ညံအောင် ကန့်ကွက်သံတသွင်သွင်ပေးနေတဲ့ CIA လို့ဝှက်လေယာဉ်ကြီးကိုစီးပြီး 'ဂွာတာနာမို' စခန်းသာကို လေ့လာရေးခရီးစေလွှတ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲကွာ. . ဂွာတာနာမို စခန်းသာနဲ့ ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုအဖြာဖြာကို ပြန်တွက်စစ်ရင် . . .

ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးခြောက်သန်းကျော်ကို စနစ်တကျ အပျောက်ရှင်းခဲ့တဲ့ နာဇီဖက်ဆစ်တွေရဲ့ 'အော့ရှဝက်'၊ 'ဒါချောင်'အစရှိတဲ့ လူမဆန်တဲ့ အကျဉ်းစခန်းသာတွေရဲ့ အဆင့်အတန်းကို ဂွာတာနာမို အကျဉ်းစခန်းမီဖို့ရန်ကလည်း မီးသဂြိုလ်စက် ဆောက်ပေးရန်သာလိုတော့ကြောင်းကို ကမ္ဘာတစ်လွှားက မီဒီယာတွေမှာ ဓာတ်ပုံနဲ့တကွ ဖော်ပြပေးနေသလို . . .

အီရတ်နိုင်ငံ 'အဘူကာရစ်' အကျဉ်းထောင်က အထူးလေ့ကျင့်ထားတဲ့ ဝန်ထမ်းတွေရဲ့ 'ပါဖော့မင့်' အတတ်နဲ့ အနုပညာပြောင်မြောက်စွာ အကျဉ်းသားတွေကို နှိပ်စက်သမှုပြုမှုပုံတွေကို သက်သေ၊ သက္ကာယ အထောက်အထားစုံစုံနဲ့ ဓာတ်ပုံပြပွဲကြီးခင်းကျင်းပြသလိုက်တာကြောင့် သူတို့တွေရဲ့ လက်ရာမွန်တွေကိုမြင်ပြီး ကမ္ဘာတစ်ဝှမ်းက သန်းပေါင်းခြောက်ထောင်သော လူထုကြီးတောင်မှ ရင်သပ်ရှုမောအံ့သြဘနန်းဖြစ်ကုန်ကြရတာကိုလည်း





ဖြူကျော်သိန်းရဲ့ သီချင်းအတိုင်း 'ဒီက . . မေ့လို့ . . မရတော့ဘူး' ဖြစ်နေတာကြောင့် . . .

ကိုင်း . . ကြမ်းပိုးတစ်အုပ်အတွက်နဲ့ ကိုယ့်ဒုက္ခကိုယ်မရှာချင်တော့ပါဘူး။ ဒီအခန်းထဲမှာ အိပ်စက်ရင်လည်း မနက်ဖြန် ဆေးစစ်ဖို့အတွက် သွေးဖောက်ရင်တောင် သွေးတစ်ပေါက်မှ ထွက်လာစရာမရှိအောင် အားပေးကြမယ့် ကြမ်းပိုးထုကြီးရဲ့ အန္တရာယ်ကြောင့် အေးဂျင့်ကြီးရဲ့စကားကို မြေဝယ်ချဖနောင့်နဲ့ပေါက်ပြီး လမ်းမပေါ်ကိုခြေကျော်ကာ ရွာတောင်ပိုင်းက ကိုဖိုးသံထံ ဖုန်းဆက်လို့ သံတော်ဦးတင်တော့မှာမို့ရှိသမျှ ငွေအသပြာတွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး သကာလ လူမသိအောင် ခြေဖျားထောက်လို့ အခန်းပေါက်ကအထွက် အလှမ်းမတော်တစ်လှမ်းမှ မချော်ရလေအောင်. .

ကိုင်း . . ရွာစား . . မဆိုင်းမတွနဲ့ 'ချွတ်နင်းသံ' ပြ . .

www.burmeseclassic.com





စတော်ပွဲတော်ချိန် ၂၀:၃၀
ည ရှစ်နာရီခွဲ

စက်ဘ်ပူနိုင်ငံ၏ အနောက်ဘက်ကမ်းခြေ West Coast (သို့) Aye(အေး)လမ်းအတိုင်း အဖြူရောင်မာစီးဒီးတက္ကစီက လျှင်မြန်သောအရှိန်ဖြင့် မောင်းနှင်နေသည်။

ကားဒရိုင်ဘာ၏ဘေး ဘယ်ဘက်ထိုင်ခုံတစ်ခုလုံးအပြည့်၊ ကျပ်သိပ်စွာထိုင်နေသူက အရပ်ခြောက်ပေနီးပါး အသားမည်းမည်း ဝဝပြဲပြဲ ခန္ဓာကိုယ်အတ္တဘောနှင့်မလိုက် အမြဲတမ်းအပြုံးပေးနေတတ်သည့် ကိုရဲကြီး။ သူ၏ကျောဘက်နောက်ခုံတွင် ထိုင်နေသူက ကိုမနဲ၊ ၎င်း၏ဘေး၌ထိုင်ရင်း ကားပြတင်းမှတစ်ဆင့် မီးပင်လယ်ကြီးအလား ထင်မှတ်မှားလောက်အောင် လင်းထိန်နေသည့် စက်ဘ်ပူညချမ်းအလှကို ဣန္ဒြေရရကြည့်ရှုနေသူက ကျွန်တော် . . .

စလုံးကို ခြေချလို့ နာရီပိုင်းမျှသာရှိသေးသဖြင့် သူ့ပြည်၌ နာသာလေစွကို တအံ့တသြငေးမောနေသော ကျွန်တော့်၏ စိတ်အာရုံ ခံစားမှု ပျက်သုဉ်းအောင် လုပ်ဆောင်နေကြသည်က ကိုရဲနှင့် ကိုမနဲ၊ ယခုလည်း မိုးပျံတံတားပေါ်မှ မောင်းနှင်သွားသော ရထားကြီးကို ကြည့်ကောင်းနေဆဲ ကိုရဲကြီးက နောက်သို့လှည့်ကာ ထန်းသီးလုံး





ပမာဏခန့်ရှိ၍ နံပါတ်-၁၂ သံစားကော်ပတ်လောက်ကြမ်းသော သူ့လက်ကြီးဖြင့် ကျွန်တော့်ပခုံးကိုပုတ်ရင်း . . .

"မင်းအစ်ကိုဝမ်းကွဲ ရွာတောင်ပိုင်းကကိုဖိုးသံက မင်းအတွက်ပေးရမယ့် အေးဂျင့်ခကို အပြည့်အဝပေးပြီးသား အဲဒီ့အထဲမှာ မင်းကိုကြိုဖို့ အချိန်မမီရင် ညအိပ်ဖို့၊ စားဖို့သောက်ဖို့၊ ဆေးစစ်ဖို့ နောက်ဆုံး WP (ဝပ်ပါမစ်) ရတဲ့အထိ သုံးဖို့စရိတ်တွေပါတယ်"

"အဲဒါကို မင်းရဲ့အေးဂျင့်က သူကိုယ်တိုင်မကြိုတော့ဘဲ မဖြစ်စလောက်ငွေလေးနဲ့ နောက်ထပ် အေးဂျင့်ကို ထပ်ငှားပြီးကြိုခိုင်းတယ်။ အဲဒီ့အေးဂျင့်ကလည်း သူရတဲ့မဖြစ်စလောက်ငွေကို တတ်နိုင်သမျှ ချွေတာပြီး ဈေးအသက်သာဆုံး မလေးရှား 'နာစီလားမား' ထမင်းဆိုင်မှာကျွေးတယ်။ ရေပူရေအေး၊ အပေါ်စက်အောက်စက်နဲ့ ကော်ဖီပါတိုက်တဲ့ ခပ်လတ်လတ်ဟိုတယ်က သုံးဆယ့်ခုနစ်ကျပ် လောက်ပဲပေးရတာတောင် မင်းကိုမထားဘဲ ဒီမှာ လာအလုပ်လုပ်နေတဲ့ အလုပ်ကြမ်းသမားတွေအိပ်တဲ့ တစ်ညကို ရှစ်ကျပ်၊ တစ်ဆယ် လောက်သာပေးရတဲ့ အခန်းကိုပို့ထားတယ်ဆိုတော့ . . အင်း . . . မင်းရဲ့ကုသိုလ်ကံက ကြီးလှချည်လား ဘိုတောက်ရယ်"

"ဒါကတော့ဗျာ သူ့ရုပ်ဆင်းသဏ္ဌာန်ကိုမြင်ကတည်းက ဒီကောင်ဟာ ရွာမှာ နွားကျောင်းရင်း ကောက်ရိုးပုံမှာ အိပ်လာတဲ့ အကောင်။ ဒါမှမဟုတ် လယ်ကန်သင်းရိုးကို ခေါင်းအုံးပြီး အိပ်နေတဲ့ ကောင်ဆိုတာ အေးဂျင့်က ရိပ်မိသွားလို့ တန်ရာတန်ရာကို ပို့ပေးတာ ဖြစ်မှာပေါ့ ဟုတ်တယ်ဟုတ်"

ကိုရဲကြီးက တခွီးခွီးရယ်နေစဉ် ကျွန်တော်က ကိုမနဲ့ကို မျက်စောင်းထိုးရင်း . . .

"ဒီစကားတွေသာ ခင်ဗျားညီမကြားရင်တော့ အစ်ကိုကြီး အဖအရာ အားကိုးရမယ်ထင်ထားကာမှ နှမလေးမျက်နှာကိုမှ မ



www.burmeseclassic.com

www.burmeseclassic.com



ယောက် တစ်ခြုံကွယ်ရုံနဲ့ တစ်ရှူးပေါက်တဲ့ အစ်ကိုကြီးရဲ့ အရှက်မရှိတဲ့ အပြောအဆိုတွေကြောင့် ကျွန်မ ချစ်သူမျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်ဝံ့တော့ပါ့မလဲ အစ်ကိုကြီးရဲ့ဆိုပြီး ရင်ဘတ်စည်တီး ငိုနေတော့ မှာပဲဗျာ။ အဲဒါကြောင့် အမျိုးဘာသာသာသနာကို စော်ကားဝံ့တဲ့ ကိုမနဲ့အပြုအမူအပြောအဆိုတွေကို ကိုရဲကြီးရယ် တဆိတ်လောက် သည်းခံပြီး သူစိမ်းတရံဆန်တွေကို ပြန်မပြောပါနဲ့ဗျာ”

“ဘာအမျိုးဘာသာ သာသနာကို စော်ကားတာလဲ ပါးစပ် စည်းမရှိတိုင်း တွေ့ကရာလျှောက်ပြောတဲ့ မင်းမျက်ခွက်ကြီးကို ငါ့ညီမ မပြောနဲ့ ငါတောင်မကြည့်ချင်ဘူးဟေ့ . . ဝေါ့ . . .”

“ဆင်ဖြူ့မျက်နှာ ဆင်မည်းမကြည့်ဝံ့ ဆိုစကားအရ ကျွန်တော့်လိုဖြူနုညက်ညောတဲ့အဆင်းရှိသူကို ကျွဲနဲ့ကျီးကန်းကတ္တရာ ပုံးထဲမှာ သားစပ်ပြီးပေါက်ဖွားလာတဲ့ အသားအရေရှိသူ ခင်ဗျားက ဘယ်ကြည့်ဝံ့ပါ့မလဲ။ ယောကျ်ားတို့ရဲ့ လှ့လဉ္စသဟ စွမ်းရည်ဆိုတာ ကလည်း မျက်ခွက်က အဓိကမဟုတ်မှန်း အသည်းလေးက သိပြီး သားပါဗျာ။ ကျွန်တော်တို့ချစ်သူနှစ်ယောက်ရဲ့ကြားထဲ ခင်ဗျားဝင်ဖို့ မကြိုးစားပါနဲ့။ ကျွန်တော်က အခုအထိ ရေမချိုးရသေးဘူးဗျ”

ကိုရဲကြီးက တခွီးခွီး ရယ်နေသလောက် ကိုမနဲ့ကတော့ သူ့ရဲ့ ရှိရင်းစွဲ မိဆိုင်၊ ဖဆိုင်များကို တိုင်တည်၍နေစဉ်မှာပင် အငှားယာဉ် က ‘ပန်ဂျူးရိုးလိမ်း’ လမ်းထဲသို့ ဝင်သွားပြီးနောက် လမ်းဆုံးနေရာ တွင် ရပ်လိုက်သဖြင့် . . .

“ကဲ . . ငါပြောတဲ့ တီးတိုးတို့ရဲ့ ဒေါက်(သဘော်ကျင်း)ကို ရောက်ပြီ . . . ဆင်းတော့ . .”

ကိုရဲ စကားအဆုံး ကျွန်တော်က ထိုင်ခုံခါးပတ်ကို ချွတ်၍ ကားပေါ်မှ ဆင်းရင်း . . .

“ကိုင်း . . ကိုမနဲ့ ခင်ဗျား ပါးစပ်က အရသာခံပြီးပြောနေ





တဲ့ အလုံးကြီးတွေလည်း တော်ပါတော့ဗျာ။ အမိယုတ်တော့ နှုတ်ကြမ်း လို့ အပြောမခံချင်စမ်းပါနဲ့။ မိကောင်းဖခင်လူယဉ်ကျေးရဲ့ သားသမီး ပီပီ၊ မှားမှားမှန်မှန် ကျွန်တော်က တောင်းပန်တဲ့အပြင် အသည်းလေး မျက်နှာထောက်ထားပြီး အစ်ကိုကြီးကိုမနဲ့ကို ဦးစားပေးလိုက်ပါ့မယ်

ကျွန်တော့်အိတ်နှစ်လုံးကို ခင်ဗျားသယ်ပြီး နောက်ကလိုက် ခဲ့ ဒါပဲ။ ဟာ . . ကိုရဲကြီးကို အားနာစရာကောင်းနေပြန်ပါပြီ . . ကဲ . . ကဲ . . ကိုမနဲ့ ကိုရဲကြီးကို တစ်လုံးလောက်သယ်ခိုင်းလိုက်ပါဗျာ။ ခင်ဗျားက အနစ်နာခံပြီး ကြီးတဲ့အိတ်ကို ကိုရဲကြီးပေးလိုက်ပေါ့”

သူတို့နှစ်ဦး မဆဲခင် ဝင်းတံခါးကြီး၏ မလွယ်ပေါက်တံခါးမှ တစ်ဆင့်သဘော်ကျင်းထဲသို့ ကျွန်တော် ဝင်လိုက်သည်။ ဝင်ဝင်ချင်း ဘယ်ဘက်အခြမ်း ပိတောက်ပင်ကြီး၏ အောက်ရှိ လူနေရန်ပြုလုပ် ထားသော အဲယားကွန်းတပ်ဆင်ထားသည့် ‘ကွန်တိန်နာ’ ကြီး၏ဘေး တွင် စားသောက်ဖွယ်ရာများ အပြည့်တင်ထားသည့် စားပွဲဝိုင်းကြီး ကို တွေ့လိုက်ရသည်။

ထိုစားပွဲဝိုင်းတွင် ထိုင်နေသောသူက ကျွန်တော့်ကိုမြင်လျှင် ထိုင်ရာမှထ၍ ကျွန်တော့်ထံသို့ လျှောက်လာသည်။

ထိုသူက ကွင်းထိုးဖိနပ်တစ်ဖက်၊ ခြေညှပ်ဖိနပ်တစ်ဖက်ကို စီးထားသည်။ သရီးကွာတားဘောင်းဘီ ဝတ်ထားသော်လည်း သူ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှုန်းကြောင့် ဘောင်းဘီလက်ရှည်ဝတ်ထားသကဲ့သို့ ထင်မြင်ရသည်။

စပို့ရှပ်အင်္ကျီအကောင်းစားကိုဝတ်ထားသော်လည်း အဖေ့ အင်္ကျီ၊ သားယူဝတ်ထားသလို မတန်တရာ ပွတတကြီးဖြစ်နေသည်။ ဆံပင်ကကောက်သည်။ အနည်းငယ် အဖြူရောင်သမ်းသော မျက်နှာ တာ ဥသျှစ်သီးကို ကော်ပတ်စား၍ ဆီသုတ်ထားသကဲ့သို့ ပြောင်ပြောင် ရောင်ရောင်ရှိပါသော်လည်း မေးစေ့၏နေရာ၌ နှစ် စင်တီမီတာ



www.burmeseclassic.com

www.burmeseclassic.com



ခန့်တစ်ညီတည်းရှည်သော မုတ်ဆိတ်တောကြီးက လူမျိုး ခြားတစ်ယောက်ဆိုသည်ကို မပြောဘဲနှင့်သိနိုင်နေသည်။

သူက ပြုံးပြသဖြင့် ကျွန်တော်က အပြုံးပြန်ပေးလိုက်ပြီး အနောက်တိုင်းယဉ်ကျေးမှုအရ 'မသတီ'သော်လည်း ကျွန်တော့်လက်ကို သူ့ထံထိုးပေးရင်း . . .

"How do you do"

"ကျန်းခံ့သာလို့မာပါစ အဆွေတော်' လို့ ဗြိတိသျှလို နှုတ်ခွန်းဆက်သလိုက်ပါသော်လည်း ဒင်းကတစ်ခွန်းမှပြန်မဟဘဲ မျက်လုံးကြီးသာ ပြူးလာသဖြင့် ဗြိတိသျှစကားကို နားမလည်ရှာသည့် လူမျိုးခြားကို အသနားကရုဏာပိုသွားပါသော်လည်း တတ်သမျှ၊ မှတ်သမျှ ဘာသာစကားနှစ်မျိုးနဲ့သာလျှင် သင်းကိုနှစ်သိမ့်ရပေတော့အံ့ဟု အတွေးဝင်လာပြီး . . .

"I Glad to Meet You"

"အစိုးမရတဲ့ သံသရာဝဲဩဃမှာ အကြောင်းအကျိုး တိုက်ဆိုင်လို့ အရှင်လတ်လတ်ဆုံတွေ့ခွင့်ရတဲ့အတွက် အတိုင်းမသိ၊ အနှိုင်းအဆမရှိအောင် ဝမ်းမြောက်ကြောင်းပါ အဆွေတော်ငဲ့ . . ."

လို့ ဗြိတိသျှလိုတစ်မျိုး၊ သာကီဝင်စကားနဲ့တစ်သွယ် ဖွယ်ဖွယ်ရာရာ နှုတ်ခွန်းဆက်သလိုက်ပါသော်လည်း ခမျာကြီးက စကားတစ်ခွန်းတောင်မှ ဖွင့်ဟမဆိုဘဲ မမှိတ်မသုန်မျက်လုံးအစုံဖြင့်သာလျှင် ကျွန်တော့်ကို စိမ်းစိမ်းကြီးကြည့်ရင်း မတ်တတ်ကြီးအသက်ထွက်သွားသလိုဖြစ်နေဟန်ကြောင့် ကိုရဲကြီးတို့ဘက်သို့ ကျွန်တော်တစ်ချက်လှည့်ကြည့်လိုက်ပြီး . . .

"ဗြိတိသျှစကားကိုလည်း မတတ်၊ တကောင်းအဘိရာဇာ သာကီဝင်စကားကိုလည်း နားမလည်တဲ့ ဒီသတ္တဝါဟာ ဘယ်ဘုံသားအဲလေ . . ဘယ်နိုင်ငံသားလဲဗျာတို့၊ စကားသာမပြောတတ်တယ်။





စိမ်းစိမ်းကြီးကြည့်နေတဲ့ သူ့မျက်ဝန်းအစုံကြောင့် ဟောလီဝုဒ်ရဲ့ နာမည်ကျော် 'ဘရုတ်ဘက် မောင်တိန်း' ဇာတ်ကားကြည့်လိုက်ရသလို ယောကျ်ားအချင်းချင်းတောင်မှ ကျောမပေးရဲလောက်အောင် ရင်ခုန်ပါဘိတော့တယ်ဗျာတို့"

ကိုရဲကြီးက မျက်လုံးအပြူးသားဖြင့် ကျွန်တော့်ကိုကြည့်ရင်း

"အဲဒါ ဒီသဘောကျောင်းက ဒေါက်သူကြီး တီးတိုး . . တဲ့"

"ကျွတ် . . ကျွတ် . . ကျွတ် . . ဗြိတိသျှလို တစ်လုံးမှမတတ်တဲ့သူက ဒေါက်သူကြီးရာထူးရတယ်ဆိုတော့ ဗြိတိသျှစကားတွေကို သံစဉ်ခုနစ်ပါးနဲ့ ရွတ်ဆိုပြတတ်တဲ့ ကျွန်တော်သာဆိုရင် ဒေါက်သူကြီးထက်သာတဲ့ ဒေါက်မြို့စား၊ ဒေါက်နယ်စားလောက်ကတော့ ပြေးမလွတ်ပေဘူးပေါ့"

ကျွန်တော့်စကားအဆုံး လူမျိုးခြားက ကျွန်တော့်လက်ကို ဆောင့်ဆွဲလိုက်ရင်း . . .

"ဘိုတောက် လာမယ် . . ဘိုတောက် လာမယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်။ လက်စသတ်တော့ ငတောက် မင်းကိုးကွ . . အသက်ကြီးလာတာတောင် အခုအထိအကျင့်က မပျောက်သေးဘူး"

ဟု သကောင့်သားက မြန်မာစကားကို ပီပီသသကြီးပြောလိုက်သဖြင့် ကျွန်တော်လည်း တအံ့တဩနှင့် မျက်လုံးကို ပွတ်သပ်၍ ဒင်းကို စေ့စေ့ကြည့်လိုက်ရင်း . . .

"ဟာ . . စိန်သက်နိုင် . . ပါလား . . မင်းက လူလွန်မသားအဝတ်အစားတွေဝတ်ထားတဲ့အပြင် ငါးပြေမကို ရေထိုးထားသလို တင်းမာပြောင်လက်နေတဲ့ မင်းမျက်ခွက်အောက်က တိုနံ့နံ့မုတ်ဆိတ်ဗရပွတွေကြောင့် မင်းမျက်ခွက်ကို မမှတ်မိရတဲ့အထဲ အကျင့်မပြောင်းဘဲ နာမည်ပြောင်းထားတဲ့ တီးတိုးဆိုတဲ့ မင်းကို ငါဘယ်လိုလုပ်ပြီး မှတ်မိပါ့မလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . မင်းတို့နှစ်ယောက်က အသိတွေလား"

ကိုရဲကြီး၏အမေးစကားကို တီးတိုးက ခေါင်းညိတ်ရင်း . . .

"ငယ်ငယ်တုန်းက ကျောင်းနေဘက်တွေ . ."

"ဟုတ်ပ . . . ဟုတ်ပ . . . ငယ်ငယ်တုန်းက ရွာမူလတန်းကျောင်းမှာ ကျွန်တော်က ကျောင်းတက်လို့ ဒင်းက ကျွန်တော်တို့ကျောင်းဘေးမှာ အမြဲတမ်း နွားလာကျောင်းနေကျ အဲဒါကြောင့် ကျောင်းနေဘက်တွေ"

"မင်းရဲ့ အဲဒီ့လို မဟုတ်တမ်းတရမ်း ဘလွတ်ရွှတ်တတွေနဲ့ ငယ်ကျိုးငယ်နာတွေ ဖော်လွန်း၊ ပြောလွန်းလို့ ဟောဒီ့ စက်ာပူမှာ ရောက်နေကြတဲ့ မင်းနဲ့ပတ်သက်ဖူးတဲ့အသိုင်းအဝိုင်းတွေက မင်းလာမှာကိုကြောက်နေကြတာကွ။ ဒီမယ် ဘိုတောက် အခုဒီနေရာက ငါ့ရဲ့ခွင်၊ ငါ့ရဲ့ပိုင်နက်၊ ငါက ဒီဒေါက်ကသူကြီး ငါမှမဆုံးမရင် မင်းကို ဆုံးမမယ့်ကောင်မရှိတော့ဘူး။ အဲဒါကြောင့် ငါ့ထမင်းငါစားပြီး မင်းရဲ့အကျင့်ဆိုးတွေပျောက်အောင် ဆုံးမပေးရမယ့်တာဝန်ကို ငါယူမှဖြစ်တော့မယ်"

"အောင်မယ်လေး . . လေး . . လေး ကြားရ ကြားရ နားဝမှာ မသက်သာ၊ ငယ်သူငယ်ချင်း အချင်းချင်းရက်စက်တော့မှာလား စိန်တီးတိုးရဲ့။ ငယ်ကျိုးငယ်နာတွေ ဖော်တယ်လို့ပြောရအောင်ကလည်း ကြောင်ပါးကြီးနဲ့ ရွှေညာတို့ရဲ့အစ်မအပျိုကြီးမမခင်က သူ့အဖေရဲ့ ဘန်ကောက်ပုဆိုးတွေကို တစ်ထည်ချင်းဖျက်ချုပ်လို့ လိုက်ကာကြီးလုပ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းမှာ လှူထားတာကြီးကို မင်းကခိုးပြီး တောင်ရှည်ပုဆိုးလုပ်ဖို့ ဖျက်ချုပ်တာကိုလည်း ငါမပြောရသေးပါလား"

"အဲဒါက ရွာဘုံကထိန်မှာ မင်းသားအဖြစ် မင်းဝင်ကချင်လွန်းလို့ တောင်ရှည်ပုဆိုးမရှိလို့ ကူညီပါဟဲ့ တီးတိုးရဲ့ဆိုပြီး ငိုကြီးချက်မနဲ့ မင်းအပူကပ်လို့ ငါ့မှာမနေသာဘဲနဲ့ လုပ်ပေးရတာလေ. .

မမခင်တိုင်လို့ ဘုန်းကြီးသိသွားပြီး ဆရာတော်ရဲ့ ကြိမ်ကြောအောက်မှာ ငါ ပြားပြားကြီးမှောက်နေချိန်မှာ "မင်္ဂလာပြောသံ . . ပြောသံ" ဆိုပြီး မင်္ဂလာပြောသီချင်းနဲ့ ကွေးနေအောင် က,တာက မင်းလေ"

"ငါက,တာကို မင်းအပြစ်ပြောလို့ရမလားကွ . . ဘုံကထိန်မှာ ငါက,လို့ဆုချတဲ့ငွေတွေရရင် တစ်ယောက်တစ်ဝက်လို့ ကတိထားပြီးတာမှ မင်းက အကုန်လုံးယူသွားတာကိုးကွ"

"ဘာ ငါယူတာလဲ . . ဘာ ငါယူတာလဲ . . မဟုတ်ကဟုတ်ကတွေ မင်းလျှောက်သုံးမှာစိုးလို့ ငါကခဏသိမ်းပေးထားတာကွ။ ဆရာတော် ရိုက်တာတောင်မှ မင်းကိုမဖော်ဘဲ ငါတစ်ယောက်တည်း ကြိတ်ခံတာလေ။ အရိုက်ခံရတာကြောင့် မောမောနဲ့ ငါအိပ်ပျော်သွားတုန်း အဲဒီ့ငွေတွေ အကုန်လုံး မင်းပြန်ခိုးပြီး ပွဲတော်ဈေးထဲမှာ မင်းတစ်ယောက်တည်း မုန့်တွေဝယ်စားလို့ ကုန်ရောမဟုတ်လား"

"အဲဒါကိုက မင်းငါ့ကိုကျေးဇူးတင်ရမှာ။ ရေခဲမုန့်နဲ့ အာတာပူစီတွေ ငါဝယ်စားမိလို့ သုံးရက်လောက် ဝမ်းလျှောပါရောလား။ ငါနဲ့အတူမင်းပါစားရင် မင်းလည်း ဝမ်းလျှောမှာလေကွာ။ အခုတော့ ငါတစ်ယောက်တည်း အနစ်နာခံပြီး ဝမ်းလျှောရတဲ့ကိစ္စကြီးကို မင်းက ကျေးဇူးတောင်မတင်တဲ့အပြင် ကျေးဇူးကန်းချင်သေးတယ်ပေါ့။

ကျေးဇူးရှင်ကို စော်ကားရင် မြေမျိုလိမ့်မယ်နော် . . တီးတိုး။ မင်းမြေမျိုမှာစိုးလို့ပါကွာ . . ကိုရဲကြီးနဲ့ကိုမန့် တီးတိုး မြေမမျိုအောင် သနားသောအားဖြင့် သူ့လက်ထဲက သံတုတ်ကြီးကို ယူထားလိုက်ကြပါဗျာ။ ခင်ဗျားတို့ကလည်း အားပေးအားမြှောက်နဲ့ ဒီအတိုင်းရပ်ကြည့်နေကြသလား"







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သူတို့သုံးယောက် ကြောင်တောင်တောင်ဖြစ်ကာ တီးတိုးလက်ထဲကိုင်ထားတာကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့်ကြည့်ရင်း ကိုမနဲ့က တီးတိုးလက်ထဲမှ စတီးရောင်ပြောင်လက်နေသော သံတုတ်ကလေးကိုယူ၍ အရင်းရှိအဖုခလုတ်ကလေးကို နှိပ်လိုက်ရာသံတုတ်ဟု ထင်ထားသော သံပိုက်လုံးလေး၏ အဖျားမှ မီးတောက်လေးထွက်ပေါ်လာပြီးနောက် . . .

"ဂက်စ်မီးဖိုကို မီးမွှေးတဲ့ မီးခြစ်ဟာ တုတ်မဟုတ်ဘူး။ အဲဒီလောက်အထိ အတဲ့၊ နတ်တဲ့ ကောင်မျိုးက စကြာပူကိုရောက်လာသေးတယ်"

ကိုမနဲ့၏ စကားမဆုံးခင်ကိုရဲကြီးက ကြားဝင်၍ . . .

"ကိုင်း . . ကိုင်း . . တော်ကြပါတော့ကွာ . . ငါတို့ မင်းသားလေးခမျာလည်း စင်္ကာပူနိုင်ငံကို စရောက်ကတည်းက ငိုချင်းတွေကြီးချနေရလို့ ပင်လည်းပင်ပန်း၊ ဆာလည်း ဆာရောပေါ့ . . ကဲ . . ကဲ . . ဟိုမှာ စားစရာတွေ အဆင်သင့်ပြင်ပြီးသား တစ်ခါတည်း စားပေတော့ တစ် . . ခါ . . တည်း . . သာ . . စား . . ပေ . . တော့ . . ကွာ"

ပြုံးဖြီးဖြီးလုပ်နေသော သူတို့သုံးဦးကို ကျွန်တော်တစ်ချက်ကြည့်ရင်း . . .

"သူငယ်ချင်း အချင်းချင်း ကိုယ့်ပြည်အတွင်းမှာ လက်ရည်တပြင်တည်းနေခဲ့ကြပေမယ့် ရေခြားမြေခြားကိုရောက်ရင် ရေ၊ မြေလိုက်ပြီး ဇာတ်တူသားတောင်မှမရှောင်ဘဲ ပွဲတော်တည်ခဲ့ကြတဲ့ အကြောင်းကလည်း သိဖူးကြားဖူးပြီးသားဖြစ်နေတော့ အဲဒီစားစရာတွေထဲမှာ အဆိပ်ခတ်မထားဘူးလို့ ဘယ်သူပြောနိုင်ပါ့မလဲ . . ."

ကျွန်တော့်စကားအဆုံး စိန်သက်နိုင်ခေါ် တီးတိုးဆိုသည့်ဒေါက်သူကြီးက ဒေါသအမျက် ဟူးဟူးထွက်ရင်း . . သူ့လက်ကြမ်းကြီးဖြင့် ဘဲကင်တစ်ခြမ်းကို လှမ်းအနိုက် ကျွန်တော်က သူ့လက်ကို





ဖုတ်ထုတ်လိုက်ရင်း . . .

"ပွေးကုတ်၊ ဝဲကုတ်တဲ့လက်၊ အိမ်သာတက်ရင် သုံးတဲ့လက်ကြီး ဖယ်စမ်း မင်းဟာမင်း မနေနိုင်လို့ အဆိပ်ရှိမရှိ အရင်စားပြမယ်ဆိုရင်လည်း ဟိုဘက်ပန်းကန်ထဲက အချဉ်ရည်စိမ်ထားတဲ့ ရှောက်သီးတောင့်လေးတွေပဲ စားပြ။ ငါကတော့ သဒ္ဒါလို့ကျွေးရင်သေဆေးတောင် စားရတယ်ဆိုတဲ့ ရှေးထုံးအရ သေသေကျေကျေ ဘဲကင်နဲ့ ဝက်ခေါင်းသုပ်ကို အဝစားပြီးမှ အသေခံမယ်"

ကိုမနဲ့က မီးပူမတိုက်ဘဲ ထိုးသိပ်ထည့်ထားသော ရှပ်အင်္ကျီတဲ့သို့ ရှုံ့တွနေသည့် သူ့မျက်ခွက်ကြီးကို အားရပါးရထပ်ရှုံ့ရင်း . . .

"အားကြီးကြီးကျယ်တဲ့ကောင်၊ ဒီဟင်းတွေထဲမှာ အဆိပ်ခတ်ရင် ငါ့သူဌေးရဲ့ နတ်တွေအရင်ဆုံးသေပြီ။ အဲဒါနတ်ပွဲအကျတွေ။ ငါတို့ သုံးယောက်စားလို့ မကုန်လို့ မင်းဖို့ချန်ထားတာ"

"ဩော် . . ဩော် . . လက်စသတ်တော့ ဒါ တရုတ်နတ်သုဒ္ဓါတွေပေါ့ . . . မှန်း . . တရုတ်နတ်တွေအကြိုက် ချက်ပြုတ်ထားတဲ့ နတ်သုဒ္ဓါကို မြည်းစမ်းကြည့်ရအောင် လာစမ်း . . ဘဲကင် . . အလို . . ထန်းလျက်၊ သကြား၊ ပျားရည်တွေကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဘဲကင်မှာ ဆမ်းထားလိုက်သလို ချိုရဲရဲကြီးပါလားဟ . . အောင်မယ်လေး . . ဝက်ခေါင်းသုပ်ထဲ ဆားပုလင်းမှောက်ကျထားသလို ငန်တူးနေတာပဲ . . ဘုရား . . ဘုရား . . ကုသိုလ်ကံအကြောင်းလှပြီး စိတ်ရင်းစေတနာကောင်းတဲ့ ကျွန်တော်တစ်ယောက် နောက်ဘဝမှာနတ် ဖြစ်ခဲ့ရင်တောင်မှ တရုတ်နတ်မဖြစ်ပါရစေနဲ့ဘုရား . . နေ့စဉ်နေ့တိုင်း ချိုချိုရဲရဲ၊ ငန်ငန်တူးတူး တရုတ်နတ်သုဒ္ဓါတွေကိုသာ ပွဲတော်တည်ရရင် ဆီးချို၊ သွေးတိုးဖြစ်ပြီး နတ်ဘဝကနေ မြန်မြန်ကြီး စုတေမှာစိုးလို့ ရိုးရာမပျက်အောင်အတွင်းနဲ့အပြင် ဘယ်မှာဖြစ်ဖြစ် နေရာလပ်တဲ့နေရာမှာသာ ရိုးရာနတ်အဖြစ် ခန့်ထားပေးတော်မူပါ ဘုရား . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ရိုးရာနတ်တွေက ဝက်ဆိုရင် လေသံတောင်မကြားချင်လောက်အောင် ဝက်ကြောက်တဲ့နတ်တွေ၊ မင်းကလည်း ဝက်ဆိုတဲ့ အသံကြားလိုက်တာနဲ့ တုန်တုန်ရင်ရင်ဖြစ်ပြီး တစ်တုံးလောက်ကိုက်လိုက်ရမှ နေ ားကျတဲ့ကောင်ဆိုတော့ မင်းသာ ရိုးရာနတ်ဖြစ်ရင် စားရေး၊ သောက်ရေး ဒုက္ခရောက်မှာပေါ့"

"အိုဗျာ . . ဝက်မစားရရင်လည်း ဘာဖြစ်လဲ။ ကြက်ကြော်ရှိနေ…ပဲ"

"ဟ . . ကြက်ငှက်တုပ်ကွေးရောဂါနဲ့ အစိမ်းသေ,နတ်ကနေ အကျက်သေ,နတ်ဖြစ်ချင်လို့လား"

"ကြက်အကောင်လိုက်မကလို့ ဥကအစ သေသေချာချာ နူးနပ်တဲ့အထိ ချက်ပြုတ်ကြော်လှော်ရင် $H_5N_1$ ကြက်ငှက်တုပ်ကွေးရောဂါကို ကြောက်စရာမလိုဘဲ စားသုံးလို့ရကြောင်း ကမ္ဘာတစ်လွှားက ဆရာဝန်ကြီးတွေက မှတ်ချက်တွေပေးပြီးထောက်ခံထားတာ လူတိုင်းသိတဲ့ကိစ္စကြီးပါဗျာ"

"အေး . . ချက်တဲ့၊ ပြုတ်တဲ့၊ ကြော်တဲ့၊ လှော်တဲ့သူတွေနဲ့တကွ . . အဲဒီအကောင်ပလောင်တွေနဲ့ လက်ပွန်းတတီး ထိတွေ့တဲ့သူတွေကို မင်းပြောတဲ့ရောဂါကြီးက လွယ်လင့်တကူ ကူးစက်နိုင်တဲ့ အကြောင်းကိုလည်း သတင်းထုတ်ပြန်ထားတယ်လေကွာ။ သူတို့အတွက် မင်းထည့်မတွက်တော့ဘူးလား"

"အကောင်အထည်မရှိလို့ မသိမမြင်နိုင်တဲ့ ရိုးရာကိုတော့ နင်းကန်ကြောက်ပြီး မိုက်ခရိုစကုပ်လို အဏုကြည့်မှန်ပြောင်းနဲ့ကြည့်မှသာတွေ့မြင်နိုင်တဲ့ ဗိုင်းရပ်စ်ပိုးကို သာမန်မျက်စိနဲ့ မမြင်ရလို့ အကြောက်အရွံ့မရှိဘဲ ကြော်လှော်ချက်ပြုတ်တင်မြှောက်ပသတဲ့ သူတွေကို ပေယျာလကန် နင့်ထိုက်နင်ခံဆိုပြီး မျက်နှာလွှဲရက်ပါ့မလားဗျာ။

သူတို့တင်မြှောက်တာတွေကို အန္တရာယ်ကင်းစွာနဲ့ စား





သောက်ရင်း ဘယ်ဘက်ကတစ်ဆုပ်ကြလို့ ညာဘက်က တစ်လှည်းဝင်ခို့မှာ တစ်မိုးအောက်မှာ ဟုန်းဟုန်းတောက်အောင် စီးပွားဂုဏ်ရှိန်တထိန်ထိန်တိုးကာ . . အကြံအစည်အလုပ်အကိုင်မှန်သမျှ လိုတိုင်းတလို့ ပြည့်စုံပြီးလျှင် အသက်ရာကျော်ရှည်တဲ့အထိ စောင့်ရှောက်လို့နေမယ့်အကြောင်း နတ်ကတော်တွေကတစ်ဆင့် သတင်းကောင်းတွေပေးဦးမှာပေါ့ဗျာ"

ကျွန်တော့်စကားအဆုံး သုံးဖက်သော လက်ကြမ်းကြီးတွေက မော့ဖယောင်းတဲ့သို့ နူနယ်ပျော့ပျောင်းလှသော ကျွန်တော့်၏ ငယ်ထိပ်၊ လည်ကုတ်နှင့်ကျောပြင်တို့ကို တစ်ပြိုင်တည်း ကျရောက်လာသောကြောင့် အငိုက်မိသွားတဲ့ ကျွန်တော့်ခမျာမှာလည်း ကိုက်ထားတဲ့ ဘဲကင်ပင် ပါးစပ်ကနေ ထွက်ကျလို့သွားတော့တာပေါ့ . . အဲဒါကြောင့် . . .

လုပ်ရက်လိုက်ကြတာ။ ရက်စက်လိုက်ကြတာ။ အဝီစိတွင်းလောက်မှဇောက်မနက်တဲ့ အသားထဲက လောက်ထွက်တွေရဲ့ ထမင်းတစ်လုတ်၊ တုတ်တစ်ချက်ပဲ ကြားဖူးပါတယ်။ ဘဲကင်တစ်ကိုက်နားရင်းသုံးချက်ဆိုတာ ရေခြားမြေခြားရောက်မှ အရှင်လတ်လတ်ကြီး တွေ့ရှိခံစားလိုက်ရတာကြောင့် ကဲ . . ကံငယ်ဖျင်းသူမို့ . . . အပင်းတောင် ဝင်အောင်မသွင်းနိုင်ဘဲ "အောင်မယ်လေး . . ဟဲ့ တီးတိုး ရေသွားခပ်ကွာ . . အချိုတွေ၊ အငန်တွေ စားထားလို့ လည်ချောင်း ခြောက်ကပ်ကပ်နဲ့ ငိုချင်းချလို့ မကောင်းဘူးကွ"

တီးတိုးက မျက်နှာကို ရှုံ့မဲ့၍ မီးဖိုဆောင်ဘက် ထွက်သွားသောအခါ ကိုရဲကြီးက ဘဲကင်နှင့်ဝက်ခေါင်းသုပ်ကို မြည်းကြည့်ရင်း

"ဘဲကင်မှာ ဆမ်းထားတဲ့ ပဲငါးပိရည်တွေက ချိုလွန်းနေတာကွ။ ပဲငါးပိဆမ်းမထားတဲ့ဟာပဲစား၊ ဝက်ခေါင်းသုပ်က မနဲ့ကိုယ်တိုင်သုပ်ထားတာ မင်းဖို့ခွဲပြီးချန်တော့ အပေါ်အုပ်ထားလိုက်တဲ့

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်က ဆားပန်းကန် ဖြစ်နေလို့ပါကွာ . . အောက်ပိုင်း မငန်ပါဘူး။ ဒါနဲ့ မင်းနဲ့တီးတိုးခေါ် စိန်သက်နိုင်နဲ့က ငယ်ပေါင်းတွေလား။ ငါတို့ကတော့ ဒီကိုရောက်မှ သိကြတာ"

"သူနဲ့ ကျွန်တော့်အကြောင်းပြောပြရရင် ဇာတ်လမ်းက အရှည်ကြီးပဲ . . ဒီကြားထဲ . . ဟီး . . ဟီး . . သူ . . သူ့အစ်မနဲ့ ကျွန်တော်နဲ့က ဟီး ဟီး ဟီး ဘယ်လိုပြောရမှန်းတောင်မသိဘူး တကယ် . . တကယ် . . ဟီး . . ဟီး သူ့အစ်မကို ခင်ဗျားတို့မြင်ဖူးလား"

"မြင်ဖူးတယ် တကယ်လှတာပဲ . . တီးတိုးနဲ့ကတော့ တခြားစီပဲ"

"တခြားစီချက်ကတော့ သူ့အစ်မက ဒေဝဠာရာနတ်သမီးလို လှပြီး တီးတိုးရုပ်ကတော့ ကျွန်စုပ်ပြီးလွှင့်ပစ်ထားတဲ့ သရက်စေ့ကို ကြက်ယက်ပြီး ဝက်နင်းထားတဲ့ ရုပ်မျိုး"

"ဟုတ်ပ . . ဟုတ်ပ . . ဟဲ . . ဟဲ . . မင်းနဲ့တီးတိုး အစ်မတို့က ဇာတ်လမ်းတောင်ရှိတယ်ပေါ့ . . ကိုင်း . . ပြောစမ်းပါဦး . . ဟဲ ဟဲ"

"ဟာဗျာ . . ခင်ဗျားတို့ကလည်း ဇွတ် . . ကျွန်တော် ဘယ်ကိုပြောရမှန်းတောင် မသိပါဘူးဆို . . ဟီး . . ဟီး . . ဟီး . . ဘာမှ မဖြစ်လို့ပေါ့ဗျ"

ကိုရဲကြီးတစ်ယောက် တာနေ့ာယကွဘီလူး ငရုတ်သီးကို ကိုက်လိုက်မိသလို ရှူးရှူးရှဲရှဲဖြစ်သွားစဉ် သူ့ဘောင်းဘီအိတ်ထဲမှ "ကိုကို . . ဖုန်းလာနေတယ် . . " ဟူသော အသံထွက်လာသဖြင့် ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ယူလိုက်စဉ် . . .

"ဟော . . လက်ပွူးလက်ကြပ်ကိုမိတာပဲဟေ့။ မြန်မာပြည်မှာရှိတဲ့ ခင်ဗျားမိန်းမအတွက် Hot News ပဲ။ ခင်ဗျားသိက္ခာကို





ယုံလို့မမြင်ကွယ်ရာ စက်ာပူနိုင်ငံကို စိတ်ချလက်ချ လွှတ်ထားခဲ့တဲ့ ခင်ဗျားမိန်းမကို ဒီသတင်းမပေးလို့ကတော့ ကျွန်တော် လူဖြစ်ရ ဘျိုးနပ်မှာမဟုတ်ဘူး။ ကိုမန့် ခင်ဗျားကရော ဒီအတိုင်းမသိချင်ယောင်ဆောင်ပြီး ကိုရဲကြီးကို လွှတ်ထားတယ်လား။ နည်းနည်းပါးပါးလေးတောင်ဆုံးမမယ်လို့ မတွေးမိဘူးလား"

"အလကား . . ထင်တာတွေ လျှောက်ပြောမနေနဲ့။ အဲဒါ တီတီတီ . . ကလင် . . ကလင် . . ဖုန်းခေါ်သံတွေလိုမျိုး နောက်ပေါ်တဲ့ ဖုန်းတွေမှာပါတဲ့ ဖုန်းခေါ်သံဟ"

ကိုမန့်က ကျွန်တော့်ကို ဟောက် . . . လိုက်စဉ်တွင် သူ့ဘောင်းဘီအိတ်ထဲမှနေ၍ 'ကိုကို . . ဖုန်းလာနေတယ်" ဆိုသော အသံထွက်လာသည်နှင့် တစ်ပြိုင်နက် . . .

"ဟာ. . ဟုတ်လိုက်လေဗျာ . . ခင်ဗျားတို့နှစ်ယောက်က တစ်ကျိတ်တည်း တစ်ဉာဏ်တည်းတွေ အလိုတူ အလိုပါတွေ ကိုရဲကြီးမိန်းမက ခင်ဗျားကိုပါလှမ်းပြီး ဆဲအောင်လုပ်ပြမယ်"

ထိုစဉ် တီးတိုးတစ်ယောက် အစိမ်းရောင်သံဗူးလေးကို ကျွန်တော့်စားပွဲပေါ်သို့ ချပေးရင်း "ဖောင်း . . ခနဲ" မြည်အောင် ဗူးကို ဖွင့်လိုက်သဖြင့် . . .

"အလိုက်သိလှချည်လား . . ငါ့ကောင်ကြီးရာ . . Hip Hop နဲ့ ဘောင်းဘီအပွ၊ မင်္ဂလာဦးနဲ့ ဆာဒူးကြီးဆိုသလို ဘဲကင်နဲ့ ဘီယာကလည်း လိုက်မှလိုက်၊ ဘဲကင်စား ဘီယာသောက်ပြီးမှ ကိုကို ဖုန်းလာနေတယ်လို့ပြောတဲ့ ကောင်မအကြောင်းကို ကောင်းကောင်းကြီး တိုင်ထည့်လိုက်ဦးမယ်"

"မင်းမျက်စိကို သေချာဖြဲကြည့် သံဗူးအစိမ်းမြင်တိုင်း ဘီယာမှတ်မနေနဲ့ အဲဒါ Green Tea လို့ခေါ်တဲ့ လက်ဖက်ရည်ကြမ်း၊ ရေနွေးကြမ်းကို အအေးခံပြီး စည်သွပ်ထားတဲ့ဗူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . စည်သွပ်စရာရှားလို့ ရေနွေးကြမ်းတောင် အလွတ်မပေးကြတော့ဘူးလား ထားပါတော့ကွာ . . ဟိုနှစ်ယောက်ရဲ့ 'ကိုကို့ဖုန်းလာနေတယ်' ကိစ္စ မင်းလည်း သိတယ်မဟုတ်လား"

ကျွန်တော့်စကားပင် မဆုံးသေး တီးတိုးအိတ်ကပ်ထဲမှနေ၍ "ကိုကို ဖုန်းလာနေတယ်" ဟူသော အသံကထွက်လာသဖြင့် . . .

"ဩော် . . မင်းကလည်း ထိုနည်းလည်းကောင်းပေါ့ ဟုတ်လား။ ရေမြေပြောင်းတော့ စိတ်ထားတွေပြောင်းကြပြီပေါ့။ ဟင်း . . ဒီနိုင်ငံကို ရောက်လို့ စလုံးရေစပြီး တွေ့လိုက်ရတဲ့ ငါ့ရဲ့အားထားရတဲ့ မိတ်ဆွေကြီးတွေအားလုံးမှာ "ကိုကိုရေ ဖုန်းလာနေတယ်" လို့ ပြောပေးမယ့်သူတွေ ကိုယ်စီကိုယ်စီရှိနေကြပြီဆိုတော့ စင်္ကာပူနိုင်ငံမှာ လာရောက်ပြီး လုပ်ကိုင်နေကြတဲ့ ကိုကိုတွေအားလုံးလည်း ဖုန်းလာနေပြီပေါ့။ ရွာမှာကျန်နေခဲ့ကြတဲ့ ဇနီးမယားနဲ့ သမီးသားတွေခမျာလည်း လင်ပို့မယ့်၊ အဖေပို့မယ့်ငွေကို ဖြုန်းမယ် . . အဲ . . အဲ . . သုံးမယ်လို့ မျှော်လင့်စောင့်စားနေကြတာမဟုတ်လား။ ဒီကလင်၊ အဖေတွေကတော့ ကိုကိုရေ ဖုန်းလာနေတာနဲ့ ကုန်ပြီးရှာထားသမျှတွေ ပြုန်းတီးကာပါသွားပြီဆိုတဲ့အကြောင်း အောင်မယ်လေး . . ငါ ဘယ်လို ပြောထွက်ပါတော့မလဲ . . . ဟဲ"

"လျှာမှာ ဘရိတ်မရှိတိုင်း ဘလစ်၊ ဘလစ်နဲ့ အမြဲမပြတ်အသံထွက်နေတဲ့ မင်းပါးစပ်ကြီး ပိတ်ထားစမ်း။ အခုလာတဲ့ ဖုန်းက ကိုဝေယံရဲ့ဖုန်း မင်းရောက်မရောက် သိချင်လို့တဲ့ လှမ်းမေးတာ"

ပြောပြောဆိုဆိုနဲ့ ကိုရဲကြီးက သူ့လက်ထဲက ဖုန်းကိုလှမ်းပေးနေသဖြင့် ယူဖို့ပြင်လိုက်စဉ် ကိုမနဲ့က . . .

"ရော့ . . ဒီမှာလည်း မင်းရဲ့ဖုန်း မကျိုးမပဲ့ မသေမပျောက်နဲ့ မင်းစင်္ကာပူကို ရောက်တာဟုတ်မဟုတ် သန်းအောင်နဲ့ ဘိုစောတို့ကလှမ်းပြီး ကွန်ဖန်း (Comfirm) လုပ်နေတာ"





ကျွန်တော်လည်း သူတို့ဆီက ဖုန်းကို ယူလိုက်ရမလားဟု လက်ဟန်ပြင်လိုက်စဉ် တီးတိုးက သူ့လက်ထဲကဖုန်းကိုထိုးပေးရင်း . .

"ဒီမှာကော မင်းသိန်းဦးနဲ့ ညီညီတို့အုပ်စုတွေ မင်းရောက်နေတာ သေချာလား၊ မသေချာလား အတိအကျသိချင်ကြလို့တဲ့"

ကျွန်တော့်လက်ကြီးက ဟိုယမ်း၊ သည်ယမ်းဖြင့် သူတို့ပေးနေသည့် ဖုန်းသုံးလုံးထဲမှာ ဘယ်ဖုန်းကိုလှမ်းယူ၍ ဆက်သွယ်ရမှန်းမသိဖြစ်သွားသဖြင့် . . .

"ဒီမှာ ပါးစပ်က တစ်ပေါက်တည်း ဖုန်းက သုံးလုံး . . ဘယ်လို နားထောင်ပြီး ဘယ်လိုပြောရမှာတုံးဗျ"

"ရတယ် ပူမနေနဲ့ . . ဖုန်းက စပီကာဖွင့်ပေးမယ် . . သရီးအင်ဝမ်း ပြောပေတော့"

ကိုရဲကြီးက ပြောပြောဆိုဆို သူ့ဖုန်းမှ စပီကာကို ဖွင့်လိုက်သဖြင့် ကိုမနဲ့နှင့်တီးတိုးတို့ကလည်း ထိုအတိုင်းလုပ်ပြီး ကျွန်တော့်၏ မျက်နှာရှေ့သို့ ဖုန်းများကို ထိုးပေးစဉ် . . .

"ဘိုတောက် မင်းတကယ်ရောက်လာပြီပေါ့နော်"

ဟူသည့် ဆွတ်ပျံ့သောအသံက ကိုဝေယံ၏အသံဖြစ်ပြီး ကိုရဲလက်ထဲရှိ ဖုန်းထဲမှ ကျယ်လောင်စွာ ထွက်ပေါ်လာသလို . . .

"ကိုဘိုတောက် . . ခင်ဗျား . . ဒေါင်ဒေါင်မြည်တဲ့ ကျန်းမာရေး အခြေအနေနဲ့ စင်္ကာပူကို ခြေချနိုင်ပြီပေါ့ ဟုတ်လား"

"ကိုဘိုတောက် . . အခုစင်္ကာပူကို ရောက်လာတာ ကိုဘိုတောက် အစစ်အမှန်ဆိုရင် ခင်ဗျားအသံလေး ကြားပါရစေလားဗျာ"

အံ့ဩမှုအပေါင်း ကြည်နူးမှုအပေါင်းဖြင့် အငမ်းမရမေးမြန်းသံများက ဖုန်းတွေထဲမှထွက်လာသဖြင့် ကျွန်တော်ကလည်း လှိုက်လှိုက်လှဲလှဲဖြင့် . . . .

"ဟုတ်ကဲ့ပါ ကိုဝေယံ . . ကျွန်တော် ဘိုတောက် တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့လာပါပြီ။ တစ်နှစ်လုံးနေမှ တစ်ခါတစ်ရံသာ ငွေပို့တဲ့အတွက် ခင်ဗျားအမေက သူ့နို့ဖိုးကို အတိုးတွက်နဲ့မတွက်ဘဲနဲ့ အရင်းအတိုင်းတောင်မှ နောက်ဘဝကျမှ ကျေအောင်ဆပ်နိုင်မယ့် လမ်းမမြင်ပါဘူးလို့ ကျွန်တော့် ဖွင့်ဟဝန်ခံသွားသဗျ”

“မောင်သန်းအောင်နဲ့ ဘိုစောတို့ရေ မင်းတို့သွားနေကျ၊ လာနေကျ ရွှေလမ်းငွေလမ်းဖောက်ထားတဲ့ နိုက် . . အဲ . . . အဲ နိုက်တလပ်ကို လိုက်နိုင်အောင်လို့ ကျန်းမာရေးကို အထူးကောင်းမွန်အောင် ပြုစုပျိုးထောင်ပြီးမှ စက်ာပူကိုလာခဲ့တဲ့အကြောင်း သတင်းကောင်းလေးပါးလိုက်ပါရစေ”

“ညီလေးမင်းသိန်းဦး မင်းပို့သတဲ့ငွေအသပြာတွေကြောင့် မင်းရဲ့ မဒီကညာလေးကလည်း မင်းအရပ်ပုတယ်လို့ မထေမဲ့မြင်ပြောခဲ့မိတာကို နောင်တရတဲ့အတွက် မင်းပြန်လာရင် သူနဲ့အတူရင်ပေါင်တန်းပြီး ပေမီမီ ဒေါက်မီမီနဲ့ မင်းလျှောက်လှမ်းနိုင်ဖို့အရေးအတွက် လက်ဖက်ရည်ဆိုင်က ခွေးခြေအပုလေးကို သဲကြိုးတပ်ပြီး မင်းစီးဖို့ စီစဉ်ပြီးပါပြီတဲ့”

“ခေါင်းတုံးမ စိုးမင်း၊ ကုလားလေး၊ ကိုင်ဇာတို့နဲ့အတူ သွေးသောက်ညီအစ်ကိုဖွဲ့ပြီး တပျော်တပါးကြီး ဖားရိုက်ထွက်တဲ့ ညီညီကိုလည်း မင်းရဲ့မဟေသီက စပါယ်ရှယ်တုတ်တစ်ချောင်းနဲ့ အိမ်ပေါက်ဝကစောင့်နေတဲ့အကြောင်း သတင်းကောင်းတွေပါးရင်း၊ စလုံးမြေကို ကျွန်တော်ဘိုတောက်ခြေချချခြင်း ကျွန်တော် ချစ်ခင်လေးစား၊ မြတ်နိုးရပါသော ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမနဲ့တကွ မိတ်သဟာအပေါင်းကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုလိုက်ရုံနဲ့ အားမရသေးလို့ မင်္ဂလာအပေါင်းနဲ့ ခညောင်းနိုင်ကြပါစေလို့လည်း ဆုမွန်တွေပန်ချွေလိုက်ပါတယ် ခင်ဗျား . . . ”

“ကိုင်း. . ဒို့ဂလောက်ဆိုရင်လည်း သားသားလေးရုပ်အသွင်





ကို မမြင်ရပေမယ့် အသံကိုကြားရပြီမို့ ချစ်မိတ်သဟာအပေါင်းမ်းမြောက်လို့ ကျေနပ်အားရကြပြီထင်ပါတယ်။ ဒီမှာကလည်း စားန်း၊ သောက်တုန်းတန်းလန်းကြီးဆိုတော့၊ တန်းလန်းကြီးနဲ့ဆိုတော့”

ကျွန်တော့်စကားမဆုံးသေး ကိုဝေယံ အသံက . . .

“ဘိုတောက်. . မင်းမှ မင်းအစစ်. . စက်ာပူကို မင်းတကယ်ခြေချလာပြီဆိုတော့ မနက်ဖြန် Sign outလုပ်ပြီး အလုပ်ထွက်ဖို့ ရုံးကိုသွားမယ်”

“ကိုဝေယံ . . ကျွန်တော် သန်းအောင်နဲ့ ဘိုစောတို့ပါ ကိုယံ အလုပ်ထွက်စာတင်မယ့်ကိစ္စကို တားပါရစေဗျာ။ ထွက်စာတင်ရုံးလုပ်ထုံးလုပ်နည်းအရတစ်ပတ်၊နှစ်ပတ်ကြာတတ်လို့ ကျွန်တော်နှစ်ယောက်ကတော့ အခုချက်ချင်း သင်္ဘောပေါ်က ရေထဲကိုခုန်ဆင်းပြီး ကိစ္စတုံးလိုက်တော့မယ်။ အဲဒါက ပိုမြန်လိမ့်မယ်။ သင်္ဘောရင် ဝမ်း၊ တူး၊ သရီးပဲ”

“နေဦး . . နေဦး . . အရမ်းမလုပ်ကြပါနဲ့။ သူ့မျက်ခွက်ကိုကြည့်ချင်လို့ ကိုယ့်ဟာကိုယ် ရေထဲဆင်းသေဖို့ ကြံပေမယ့် အဖန်းရာ၊ ငါးကမ္ဘာကြီးက ပြေးလွတ်မှာမဟုတ်ဘူး။ ကျွန်တော့်မှာ အကြံကောင်းရှိတယ် . .

ကိုမနဲ့ ခင်ဗျားညီ အချိုမှုန့်က သူ့လခတွေ ခင်ဗျားသုံးပစ်လို့သတ်ချင်စိတ်ပေါက်နေတယ်လို့ ကြုံးဝါးနေတယ်။ ခင်ဗျားကိုကျတော့ အစ်ကိုကြီးအဖအရာမို့လို့ ပဥ္စနန္တိယကံကြီးထိုက်မှာကြောက်လို့သက်ရှောင်နေရပေမယ့် ဒီပြင်ကောင်ဆို မချောင်ဘူးဆိုပြီး တုတ်တပြင်ပြင်၊ဓားတပြင်ပြင်ဖြစ်နေတာသနားပါတယ်ဗျာ။ ခင်ဗျား ညီလေးအချိုမှုန့် စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ကိုဘိုတောက်နဲ့ လှည့် ရန်တိုက်ပေးလိုက်ပါဗျာ”

“ကောင်းလိုက်တဲ့ အကြံကွာ။ အထမြောက်အောင်မြင်ပြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အစပါပျောက်သွားလို့ကတော့ သူသောက်နေကျ ပုလင်းအကြီး တစ်လုံး ထောင်ပေးဦးမယ်ဆိုတဲ့အကြောင်း သတင်းကောင်းလေးပါ ပေးလိုက်စမ်းပါဗျာ”

“ကျေးဇူးရှင်ကြီး စက်ဘုကိုကြွလာလို့ ခြေဆုပ်လက်နယ်ပြုစုကြမယ်။ ကြံကြတယ်ပေါ့လေ။ မင်းတို့တွေ မြှောက်ပေးတိုင်း အစ်ကိုကြီး အဖအရာ ကိုမန္နဲ့ ညီတော်မောင် အချိုမှုန့်က ငါ့ကို လုပ်ကြံလိမ့်မယ်လို့ ထင်နေကြသလား”

“နော . . . ကိုမန္နဲရာ . . . အား . . . ကိုရဲကြီး လုပ်ပါဦး။ ကျွန်တော့် ဖင်ကို, ကိုမန္နဲ့ မီးခြစ်နဲ့မီးမြှိုက်နေတယ်ဗျို့”

“မှတ်ဟ . . ချကွ . . လုပ်ပစ်လိုက်စမ်းပါ”

စသည်ဖြင့် . . စသည်ဖြင့် အားပေးအားမြှောက်သံများက ဖုန်းထဲမှ တစ်ဆင့် စီစီညံညံ ပေါ်ထွက်လာသလို ကျွန်တော်တို့လည်း ရှုတ်ရှုတ်သဲသဲဖြစ်သွားစဉ် ဝင်းတံခါးဝမှ ဝင်လာသူ၏ တအံ့တသြ အသံကြောင့် ကိုယ်ရှိန်သတ်ရင်း လှည့်ကြည့်လိုက်တော့ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းသား ကိုအသေးလေးဖြစ်နေ၍ ကျွန်တော် ဝမ်းသာသွားစဉ် သူက . . .

“ဟာ . . တီးတိုးက ဧည့်သည်ရောက်နေတယ်လို့ပြောပြီး Green Tea တစ်ဗူးယူသွားလို့ ဘယ်ကဧည့်သည်များလဲလို့ လာကြည့်တာ လက်စသတ်တော့ ပန်တျာဘိုတောက်ကိုးကွ . .

တီးတိုး မင်းတော်တော်မကောင်းတဲ့ကောင်ကွာ။ တကယ်ဆို ဧည့်သည်ရဲ့နာမည်ဘိုတောက်လို့ပြောခဲ့ရင်မင်းဒေါက်(သဘော်ကျင်း) ထဲကိုငါလုံးဝခြေမချတဲ့အပြင် ငါရှိတယ်လို့တောင်မပြောခိုင်းဘူး”

“ချစ်လှချည်လား ကိုအသေးလေးရဲ့ ခင်ဗျား စက်ဘုကိုမသွားခင် လူမသိအောင်ကြိတ်ပြီး ဆေးထိုးတုန်းက အဖော်အဖြစ် ကျွန်တော်လိုက်ပေးခဲ့ရတဲ့ ကျေးဇူးတွေကိုမေ့ပြီပေါ့လေ”





“ခွေးကောင် . . အဲဒီ့လို ပါးစပ်စည်းကမ်းမရှိဘဲ စွတ်စွတ်ပြောလွန်းလို့ နင့်ကို ငါအမြင်ကတ်နေတာ။ ကိုမန္နဲ့ ခင်ဗျားလက်ထဲက တစ်မီးခြစ်လောက်ကတော့ ဒီကောင်က မဖြုံဘူး။ ဂက်စ်မီးဖိုပေါ်တင်ပြီး တစ်ခါတည်းသာ မီးမြှိုက်လိုက်ဗျာ”

“ဘာလဲ ကျွန်တော့်ကို ဇော်ဂျီဖိုဝင်သားအမှတ်နဲ့ မီးကင်ပြီး စားကြမလို့လား။ အလှူခံမယ့်သူသာရှိရင် အသက်နဲ့ခန္ဓာကိုယ်စွန့်ပြီး မီးပုံထဲကို ခုန်ဆင်းဝံ့တဲ့ အလောင်းတော် ယုန်မင်းလို ခင်ဗျားတို့သာ တကယ်စားမယ်ဆိုရင် ဂက်စ်မီးဖိုပေါ်တက်ပြီး ဘရိတ်ဒန့်စ်ကရင်း အရှင်ဆုံးကျက်မယ့် ကျွန်တော့်အသားကို စေတနာသုံးတန်ပြတ်သားစွာနဲ့ ဆားနဲ့ပုံပြီး ကျွေးလိုက်လို့ကတော့ ဝါးမရတာက တစ်ကြောင်း၊ ခံတာကတစ်ကြောင်းဖြစ်သွားမယ် . . ဟွန်း . .”

“ထွီ . . တော်တော်ညစ်စုတ်တဲ့ ဘိုတောက်၊ ကိုင်း . . ကိုင်း . . တော်ကြတော့။ ဘိုတောက် စားစရာရှိတာစားပြီး အိပ်တော့ကွာ။ နောက်စောစောကြီးထပြီး မင်းအေးဂျင့်မလာခင် ဟိုအိမ်ကိုအရောက်သွားရဦးမှာ မဟုတ်လား”

“အခုမှ ညဆယ်နာရီခွဲပဲ ရှိသေးတာ။ စောပါသေးတယ်ဗျ”

“လေယာဉ်ပေါ်က ဆင်းဆင်းချင်း နာရီမတိုက်ခဲ့တော့ မင်းနာရီရဲ့ မြန်မာစံတော်ချိန်ကဆယ်နာရီခွဲပဲရှိသေးတာ။ ရှေ့ကို တစ်နာရီခွဲ ထပ်ပေါင်းပြီး ရွှေ့လိုက်၊ အခု စက်ဘုစံတော်ချိန်ကလည်း ညဆယ့်နှစ်နာရီ ထိုးပြီ . .”

‘ဗျာ . . ဒါဆို ကျွန်တော် စက်ဘုကို ခြေချလိုက်တာနဲ့ တစ်နာရီခွဲတိတိ အသက်ကြီးသွားပြီပေါ့ ဟုတ်လား။ မှန်ယူခဲ့စမ်းပါဦးဗျာ။ တစ်နာရီခွဲလောက် ပိုပြီးအိုသွားတဲ့ ကိုယ့်ရဲ့ရွှေရုပ်သွင်ကို ကြည့်ချင်သေးပါ”

“စကားများမနေနဲ့ စားစရာရှိတာကို စားတော့”



www.burmeseclassic.com

www.burmeseclassic.com



"ရေခြားမြေခြားရောက်လို့ အားငယ်နေချိန်မှာ ကျောင်းနေဘက် သူငယ်ချင်းတွေ၊ သင်တန်းအတူတက်ခဲ့တဲ့ သူငယ်ချင်းတွေ၊ တစ်မြို့တည်းသား၊ တစ်ရပ်ကွက်တည်းသား၊ အိမ်နီးချင်းတွေကို တစ်စုတဝေးကြီးတွေ့လိုက်ရလို့ ဝမ်းသာလုံးဆို့ပြီး ဗိုက်ကမဆာတော့ဘူး။ ဒီကြားထဲ အချိုနဲ့အငန်ကလွဲလို့ ဘာအရသာမှမရှိတဲ့ နတ်ကျွန်၊ လူကျန်၊ စားကြွင်း၊ စားကျန်တွေကြောင့် ခံတွင်းပျက်သွားပြီ။ ကိုမန္တဲ့ ဘာငိုင်နေတာလဲ။ ဒီဟာတွေကို သိမ်းတော့လေဗျာ။ ကိုယ်ကတော့ အသည်းလေးမျက်နှာနဲ့ အရာရာ ခင်ဗျားကို ဦးစားပေးတာတောင်မှ အလိုက်ကမ်းဆိုး မသိဘူး။ တီးတိုးဆိုတဲ့ ဒေါက်သူကြီး ဒါမင်းရဲ့ ခွင်(ဂွင်)လေကွာ။ သွား . . ပန်းကန်းတွေ ယူသွားတော့"

တီးတိုးနဲ့ ကိုမန္တဲ့က အော်ကြီးဟစ်ကျယ်ဖြင့် မိဆိုင်ဖဆိုင် ပစ္စည်းများကိုတိုင်တည်ရင်း ပန်းကန်ခွက်ယောက်များကို သိမ်းနေစဉ် ကိုအသေးလေးက ကျွန်တော့် ပခုံးကိုပုတ်ရင်း . . .

"ကိုင်း . . ငါလည်း ပြန်လိုက်ဦးမယ် . . ဩော် . . အခုမှ သတိရတယ်။ ဟေ့ကောင် . . ဘိုတောက် . . မင်းရဲ့ မမလှိုင် . . ."

ကိုအသေးလေး၏ စကားမဆုံးခင်ပင် "ဘာ . ." ဟူသော ကျယ်လောင်သည့်အသံကြီးက ကျွန်တော့်နှုတ်ဖျားမှ ပွင့်အံထွက်သွားသည်နှင့် တစ်ပြိုင်နက်တည်း ကျွန်တော့်၏ ညာဘက်လက်ကလည်း စားပွဲခုံပေါ်သို့ "ဝုန်း . ခနဲ" မြည်အောင် ရိုက်ချလိုက်ရာ အချဉ်ရည်စိမ်ထားသော ငရုတ်သီးပန်းကန်က မြောက်တက်သွားပြီး ငုတ်တုတ်ကြီးထိုင်၍ မျက်လုံးအပြူးသားဖြင့် ကြည့်နေသော ကိုရဲကြီး၏ မျက်ခွက်ဆီသို့ တည့်တည့်ကြီးရောက်ရှိသွားလေသောအခါ . . .

"အောင်မလေး . . သေပါပြီဗျာ"

ဟုငယ်သံပါအောင်အော်လျက် ကိုရဲကြီးတစ်ယောက်သူ့မျက်ဝန်းအစုံကို လက်နှစ်ဖက်ဖြင့်ပွတ်ရင်း ဆွေ့ဆွေ့ခုန်လေတော့သည်။





ကိုအသေးလေးကလည်း အူလျားဖားလျားဖြင့် . . .

"ဟာ . . ကိုရဲကြီး ဘယ်ဘက်မျက်လုံးထဲကို ငရုတ်သီးဝင်ရင် ညာဘက်ခြေမ၊ ညာဘက်ဆိုရင် ဘယ်ဘက်ခြေမကို ရေလောင်းရတယ်။ အခု ဘယ်ဘက်ကို ဝင်သွားလဲ"

"နှစ်လုံးစလုံး . . အား . . ကန်းပါပြီဗျာ . . လုပ်ကြပါဦး"

"ဟောဗျာ . . စုံလုံးဝင်ရင် ဘယ်နေရာကို ရေလောင်းရမယ် မသိဘူး . ."

ကိုမန္တဲ့က အပြေးအလွှားဖြင့် ရေဖလားကိုယူလာပြီး . . .

"မျက်စိထဲဝင်ကာ မျက်စိကိုပဲ ဆေးရမှာပေါ့။ ရော့ . . ဒီမှာ ရေအပြည့်နဲ့ဖလား . . ."

ပြောပြောဆိုဆိုဖြင့် ရေဖလားထဲသို့ ကိုရဲကြီး၏ မျက်နှာကို နှစ်၍ မျက်လုံးကို ရေထဲတွင် ဖွင့်လိုက်ပိတ်လိုက်လုပ်ခိုင်းစဉ် ရေတစ်ပုံးကိုဆွဲလျက် တီးတိုးတစ်ယောက်အူလျားဖားလျားပြေးလာရင်း

"ဟာ. . ကိုမန္တဲ့အဲဒီဖလားက ကျွန်တော့်အတွင်းခံဘောင်းဘီကို ဖွတ်ဖို့အတွက် ဆပ်ပြာရည်တွေထည့်ပြီး စိမ်ထားခဲ့တဲ့ ဖလားကြီး . . ရော့ . . ဒီမှာ ရေပုံး . . ."

"အောင်မလေး . . ငါ့ကို ကန်းအောင်လုပ်ကြတာ။ ငါ့ကို ကန်းအောင်လုပ်ကြတာ။ ငါ့မျက်လုံးတွေပိုပြီးတောင် စပ်လာသလိုပဲ ဘယ်ကြပါဦးဗျ . ."

ကိုရဲကြီး၏ ခေါင်းကို ရေပုံးထဲသို့ ဆွဲနှစ်ရင်း ကိုမန္တဲ့နှင့် တီးတိုးတို့ အလုပ်ရှုပ်နေကြသည်။

သို့ပါသော်လည်း ကျွန်တော်က ဘာကိုမှ ဂရုမပြုမိတော့ပါ။

မမလှိုင်ဟူသည့်အသံက ကျွန်တော့်နားစည်ကို ရိုက်ခတ်ခုန်ဟီးသွားလိုက်ကတည်းက အရာရာကို မေ့လိုက်ပြီး လျှစ်လျူရှုထားလိုက်ပြီးဖြစ်သလို ကျွန်တော့်ရင်ခုန်သံတစ်ချက်တိုင်း အလွန်တရာ



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့နူးညံ့သော ကျွန်တော့်နှလုံးသားမှ စည်းချက်ကျကျထွက်ပေါ် နေသည့် အသံက . . .

“မမလှိုင် . . မမလှိုင် . . မမလှိုင် . .”

“သြော် . . ခက်ပဲခက်ရချည်ရဲ့ . . အမိအဘတို့ကို အတုံ့အလှည့်ပြု၍ လုပ်ကျွေးခြင်းသည်သာလျှင် မင်္ဂလာတရားတော်နှင့် အညီ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ နှစ်သက်ဝမ်းမြောက် ကြည်နူးချမ်းမြေ့ကာ ‘သာဓု . .’ ခေါ်ကြရုံမက ပန္နပွင့်၊ သံသရာ နှစ်ဖြာ၌ခပ်သိမ်းသော ကြီးပွားချမ်းသာ ကောင်းကျိုးမင်္ဂလာအဖြာဖြာ အပေါင်းတို့ဖြင့်ပြည့်ဝလတ္တံ့ ဟူသော အသိတရားများက ကျွန်တော့် နှလုံးသားကို သံမှိုနှက်၍ ဝက်အူစုပ်ကာ ဂျိုင်းဂဟေဆော်ထားသကဲ့ သို့ မြဲမြံစွာ ဆွဲမြဲနေပေပြီ . . .

သို့အတွက်ကြောင့်‘သုဝဏ္ဏသာမ’ထုံးကို နှလုံးမူ၍ အမိအဘ တို့ကိုလုပ်ကျွေးသမှုပြုပေတော့အံ့ ဟူသော သန္နိဋ္ဌာန်ချကာ ပြတ်ပြတ် သားသား ဆုံးဖြတ်ထားပြီးခဲ့လေပြီ . . .

ချမှတ်ပြီးသား ဆုံးဖြတ်ချက်ကို မယိမ်းမယိုင် ခိုင်မြဲစေရန် အတွက် သူ့မရှိသော ဤမြေလွှာပေါ်သို့ ကျွန်တော်၏ ခြေမချခင် MAI လေယာဉ်ပေါ်ကတည်းက ကျွန်တော့်နှလုံးသည်းပွတ်မကာ အသက်နှင့်ထပ်တူမြတ်နိုးခဲ့ရပါသော သူမကို ကျွန်တော့်နှလုံးသား မြေပြင်တွင် ကျင်းနက်နက် တူး၍မြှုပ်နှံကာ စတေးခဲ့ပြီးပြီ မဟုတ် တုန်လော . .

သို့အတွက်ကြောင့် မမလှိုင်ဟူသော သံစဉ်ကို ကျွန်တော့်နှ မှ သော်လည်းကောင်း၊ နှလုံးသားတင်သာမက ကျွန်တော့်ခန္ဓာကိုယ် တစ်ခုလုံးပါမကြားချင်ပါ။ မကြားလိုပါ။ အရိုးသားဆုံးဝန်ခံရပါလျှင် လည်း ထိုအမည်နာမကို လုံးဝမကြားဝံ့ကြောင်းပါ။

ယခုတော့ အိပ်ချင်ယောင်ဆောင်နေသည့် ကျွန်တော့်နှလုံး



BURMESE CLASSIC .com



သားလေးကို ဖနောင့်နှင့်ပေါက်၍ ရက်စက်စွာဖြင့် အနိုးခံလိုက်ရ သလို လန့်နိုးလို့ သွားခဲ့ရပါပြီ။

ငယ်ငယ်ရွယ်ရွယ်၊ နုနုနယ်နယ် လူပျိုဖော်ဝင်စတွင် စတင် အမြစ်တွယ်၍ ပွင့်လန်းလာခဲ့သည်။ အချစ်ပန်းကောင်းလေးတစ်ပွင့် ကို ရက်ရက်စက်စက် လူမဆန်စွာဖြင့် ပန်းကောင်းအညွန့်ချိုးသွားခဲ့ သော မမလှိုင်ကို ဖိုးတွမ်တီးတစ်ပိုင်း၊ မိန်းမရိုင်းကြီးဟူ၍သော်လည်း ကောင်း၊ အသည်းစား ကဝေမကြီးဟူ၍သော်လည်းကောင်း၊ ဖမ်းစား ဘတ်သော ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲမ၊ စုန်းမကြီးဟူ၍သော်လည်း မခေါ်ရက်ပါ။

မမလှိုင်ကြောင့် ကျွန်တော့်ယောကျ်ားသိက္ခာ၊ မာန်မာန အားလုံးနှင့်တကွ ဘဝတစ်ခုလုံးပါ သံကူကွန်ကရစ်ပေါ်သို့ ဥတစ်လုံး ကို ပစ်ခွင်းလိုက်ပြီးသကာလ ဆယ်ဘီးကားနဲ့ တက်နင်းခြင်းခံထား လိုက်ရသလို အဖတ်ပင်ဆယ်မရအောင် တစ်စစီကျိုးပဲ့ခဲ့ရပါပြီ။ ဘစ်စစီကြေမွခဲ့ရပါပြီ။ တစ်စစီ ဖတ်သနီလန်ခဲ့ရပါပြီ။

ငယ်ရွယ်သူသဘာဝမှာ စတင်ကာရေသောက်မြစ်ချခဲ့ရ သည့် အချစ်အညွန့်အဖူးလေးကို ချွေအခူးခံလိုက်ရလို့ မျောက်ကို ခတ်လိုက်သကဲ့သို့ ဖျတ်ဖျတ်လူးရင်း ဆောက်တည်ရာမရအောင် ဘုန်လှုပ်ချောက်ချားခဲ့ရဖူးပါသည်။

လူနှင့်မမျှအောင် ရရှိခဲ့သည့် အချစ်ဒဏ်ရာဒဏ်ချက်တွေ ကြောင့် ဖြစ်လိုရာဖြစ်ပါစေတော့ ဘဝကို ရေစုန်မျှောမယ်။ ရေသာခို မယ်။ အချောင်လိုက်မယ်အထိ စိတ်ကိုပိုင်းဖြတ်ခဲ့ပါသော်လည်း . .

အတိတ်ကို အတိတ်မှာချန်၊ အနာဂတ်ကို မစဉ်းစားနဲ့။ ပစ္စုပ္ပန်ကို တည့်တည့်ရှုဟူသော တရားရေအေးအမြိုက်ဆေးကို တိုက် ကျွေးရုံမက၊ ထားဝယ်ကြိမ်တစ်လုံးလုံးကုန်သည့်အထိ စေတနာ ထက်သန်စွာဖြင့် စည်းရုံးသိမ်းသွင်းတရားပြခဲ့သော ဘဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးသုမန၏ မဟာကရုဏာတော်ကြောင့်သော်လည်းကောင်း . . .

မနိုင်ရင် စက်ဘပူကိုပို့လိုက်။ ဒီရောက်ပြီးလို့ကတော့ ကိုယ့်အိမ်ကိုယ့်ရာကိုယ့်နိုင်ငံကို လူပြန်ရောက်မလာရင်တောင် လျော်ကြေးငွေတော့ အပြည့်အဝရအောင် တာဝန်ယူပေးမယ်ဆိုသည့် မေတ္တာတော်အနန္တဖြင့် အချုန်နှင့်မခဲ့သည့် ရွာတောင်ပိုင်းက အစ်ကိုဝမ်းကွဲဖိုးသံလုံး၏ တုန့်နှိုင်းယှဉ်လို့မရသော ဥပေက္ခာတရားများကြောင့် ကျွန်တော်ဘိုတောက် ဗိုင်းကောင်းကျောက်ဖိဖြင့် စက်ဘပူကိုရောက်လာခဲ့ရသည် မဟုတ်ပါလား ခင်ဗျား . . . ယခုတော့ တည်ငြိမ်စပြုနေသည့် ကျွန်တော့်နှလုံးသားကန်ရေပြင်ကို ဆူနာမီရိုက်ခတ်လိုက်သလို ဖရိုဖရဲဖြစ်သွားအောင် အစပြန်ဖော်ပေးသူက ကိုအသေးလေးမဟုတ်ပါလော . . .

လေထုထဲတွင် ချမှတ်ခဲ့သော ကျွန်တော့်ဆုံးဖြတ်ချက်ကို လေထုထဲမှာပင် လွင့်ပျောက်သွားအောင် လူမဆန်စွာပြုရက်လိုက်သူကလည်း ကိုအသေးလေး မဟုတ်ပါလော . . .

ကိုအသေးလေးက နာမည်နဲ့လူတစ်ထပ်တည်းကျလောက်အောင် ပိန်လိန်သေးသွယ်သော ခန္ဓာကိုယ်သာရှိသော်လည်း အရပ်ကတော့ ငါးပေမပြည့်၊ အသက်က ရေစက်ချရတော့မည့်အရွယ်ရောက်နေသော်လည်း မျက်ခွက်က ကလေးမျက်ခွက်လေး၊ အမှတ်တမဲ့သာကြည့်ပါက မူကြိုကျောင်းက ထွက်ပြေးလာသလိုလို၊ လေယာဉ်ပျံခိုးစီးပြီး စက်ဘပူကိုရောက်လာသလိုလို။ ခပ်ညှက်ညှက်၊ ခပ်သေးသေး ကလေးသာသာလေးသာရှိသည်။

ယခုလည်း ကျွန်တော့် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးကို ဗုံးခွဲခွာတ်လိုက်မိုးကြိုးအပစ်ခံလိုက်ရသလို ဖြစ်သွားအောင် မစာနာ၊ မငဲ့ကွက်ဘဲ၊ ညှာတာမှုကင်းမဲ့စွာဖြင့် ပက်ပက်စက်စက်ပြောခဲ့ပြီးနောက် တစ်ချက်မျှပင် ကျွန်တော့်ကို လှည့်မကြည့်တော့ဘဲ ဘာမ





ဟုတ်သည့် မည်းမည်းသဲသဲ၊ ဝဝတုတ်တုတ်ကြီးကရေပုံးထဲ ခေါင်းစိုက်လိုက်၊ ပြန်ဖော်လိုက်လုပ်နေသည်ကို ငေးကြည့်နေပြန်သည်။

သူ့ကိုကြည့်ရင်း ကျွန်တော့်၏ ဒေါသများက ငယ်ထိပ်အထိရောက်လာသဖြင့် သူ့ပခုံးကိုဆွဲပြီး ကျွန်တော့်ဘက်သို့ လှည့်လိုက်ရာ ကျွန်တော့် လက်အတွင်းသို့ ဗွေ့ . . ခနဲ ပါလာ၍ မျက်နှာချင်းဆိုင်ဖြစ်သွားပြီးနောက် . . .

"ကျွန်တော့်အကြောင်းကို အတွင်းသိ၊ အစင်းသိဖြစ်တဲ့ ခင်ဗျားက အခုတော့ ရက်ရက်စက်စက် ကျွန်တော် မကြားချင်တဲ့ စကားကြီးသုံးခွန်းကို ပြောရက်တယ်ဗျာ . ."

ကိုအသေးလေးက မျက်လုံးလေး ပေကလပ်၊ ပေကလပ်ဖြင့် ကျွန်တော့်ကို မော့ကြည့်ရင်း . . .

"စကားကြီးသုံးခွန်း ဟုတ်လား။ ငါ . . ငါ ပြောတဲ့အထဲမှာ စကားကြီးသုံးခွန်းဆိုတဲ့ စကားလုံးဝမပါဘူးလေကွာ . ."

အတီးအတ အခြောင်ခြောင် လုပ်နေသော သူ့ပုံပန်းအရ ကျွန်တော့်ဒေါသများက ဒီကရီတိုးလာပြီး သူ့ပခုံးနှစ်ဖက်ကို တင်းတင်းဆုပ်ရင်း . . .

"မမလှိုင်ဆိုတဲ့ စကားကြီးသုံးခွန်းလေဗျာ။ အဲဒါကို ကျုပ်လုံးဝမကြားချင်ဘူး . ."

"မင်းကလည်းကွာ . . မကြားချင်တာများ အေးအေးဆေးဆေးပြောလည်းရပါတယ် . . ဆွဲလား ရှန်းလားနဲ့ လွှတ်စမ်းပါဦး"

"မလွှတ်နိုင်ဘူး။ ကျုပ်မကြားချင်တဲ့ စကားကြီးသုံးခွန်း ခင်ဗျား ပါးစပ်ကထွက်ပြီးတဲ့နောက်တော့ ဆက်ပြောရမှာပဲ။ ကဲ . . ပြောစမ်းပါဦး . . မမလှိုင် ဘယ်မှာလဲ။ မမလှိုင် ဘာလုပ်နေလဲ။ မမလှိုင် ရည်းစားရပြီလား။ မမလှိုင် အိမ်ထောင်ကျပြီလား။ မမလှိုင်က ကျွန်တော့်အကြောင်းကို မေးသေးလား . . မမလှိုင်က . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘိုတောက် . ."

ကိုအသေးလေးကငယ်သံပါအောင်အော်ဟစ်လိုက်ပြီးမှ . .

"မင်းမေးခွန်းတွေက အဲဒီ့လောက်ကြီးများနေတော့ ငါ ဘယ်ကစပြောရမှာလဲဟ"

"ပြောချင်တဲ့နေရာက စပြီးပြော။ ဘယ်နေရာက စပြီးပြောသင့်တယ်ဆိုတာ အေးအေးဆေးဆေး ထိုင်စဉ်းစားပြီးမှ ပြော . ."

ပြောပြောဆိုဆို ကျွန်တော်က သူ့ပခုံးမှနေမ,၍ သူ့နောက်ရှိ ကုလားထိုင်ပေါ်သို့မ,တင်ပေးလိုက်ရာ သူက ဇွေ့ခနဲမြောက်ပါလာပြီးနောက် ကုလားထိုင်ပေါ်သို့ ငွပ်ခနဲအကျ . . .

"အား . . ခန်" အော်၍ ရှုန်းကန်ပါသော်လည်း ကျွန်တော်က လုံးဝလွှတ်မပေးဘဲ သူ့ပခုံးကိုအတင်းဖိ၍သူ့ကိုလှုပ်ယမ်းရင်း . .

"ခင်ဗျား စခဲ့တဲ့ ဇာတ်လမ်း ဆုံးအောင်ပြောရမယ်။ ကိုင်း . . ဘယ်ကနေစပြီး ပြောမလဲ . ."

ကိုအသေးလေးက တအားရုန်းကန်ရင်း . . .

"ငါ့ဖင်အောက် . . ငါ့ဖင်အောက် . . ."

ဟု ပြောလိုက်သောအခါ ကျွန်တော့်ဒေါသများက ထိန်းမရအောင်ထွက်သွားပြီး ကြမ်းကြမ်းတမ်းတမ်းဖြင့်သူ့ကိုလှုပ်ယမ်းရင်း. .

"ကျွန်တော့် နှလုံးသည်းပွတ်လောက် မြတ်နိုးရတဲ့သူ့အကြောင်းကို ခင်ဗျား ဖင်အောက်ကနေစပြီး ပြောမယ်ဆိုတော့ ရိုင်းလှချည်လား ကိုအသေးလေး . ."

သူ့လက်နှစ်ဖက်ကို လှုပ်မရအောင် ကျွန်တော်က ချုပ်ထားသောကြောင့် ခေါက်ဆွဲစားသည့် တူလောက်သာရှိသော သူ့ခြေနှစ်ချောင်းနှင့် ကျွန်တော့်ကိုကန်ရင်း ငိုကြီးချက်မဖြင့် . . .

"လူယုတ်မာ . . ငတောက် . . ငါ့ဖင်အောက်မှာ ငရုတ်သီးအချဉ်ပန်းကန်ကြီးကွဲသွားလို့ ငါ့ဖင်စူးနေပြီဟဲ့ . . လူယုတ်မာရဲ့ . ."





ဟု မျက်ရည်လည်ရွဲဖြင့် အော်ဟစ်လိုက်မှသာ ကျွန်တော်လည်း အံ့အားသင့်သွားပြီး သူ့ကိုလွှတ်ပေးလိုက်သည်နှင့် သူကထိုင်ရာမှထ၍ မျောက်မီးခဲနင်းမိသလို ဇွေ့ဇွေ့ခုန်နေချိန်တွင် ကျွန်တော်က ကုလားထိုင်ပေါ်သို့ ကြည့်လိုက်သည်။

ဟုတ်ပါသည်။ စားပွဲခုံကို ကျွန်တော်လက်သီးဖြင့် ထုလိုက်ချိန်က မြောက်တက်သွားသော ငရုတ်သီးအချဉ်ပန်းကန်က သူ့အထဲရှိ ငရုတ်သီးအချဉ်စိမ်များကို ကိုရဲကြီး၏ မျက်ခွက်ပေါ်သို့ ပက်ဖျန်းပေးပြီးနောက် တာဝန်ကျေစွာဖြင့် ကုလားထိုင်ပေါ်တွင် နေရာယူထားပြီးဖြစ်သည်။

ဒါကို ကျွန်တော်မမြင်ဘဲ ကိုအသေးလေးကို ဇွေ့ခနဲ မြောက်၍ ထိုကုလားထိုင်ပေါ်သို့ ဆောင့်ချလိုက်သောအခါ ငရုတ်သီးအချဉ်များထည့်ထားသည့် လက်ဖက်ရည်အချိုပန်းကန်၏ အောက်ခံပန်းကန်ပြားသည် ကိုအသေးလေးဖင်၏ ဒဏ်ကိုမခံနိုင်ဘဲ ကွဲကြေသွားခဲ့လေပြီတည်း။

ဖရုဿဝါစာ၊ သမ္ဖပ္ပလာဝါစာများကို အားရပါးရ ရေရွတ်လျက် ကိုအသေးလေးတစ်ယောက် ဇွေ့ဇွေ့ခုန်သည်ကိုကြည့်ရင်း ကျွန်တော်က သနားသွားမိ၍ . . .

"မှန်း . . ဒီဘက်ကို လှည့်စမ်းပါ။ ခင်ဗျားဖင်ကို ပန်းကန်ကွဲတွေ စူးသွားလားကြည့်ချင်လို့ . . ."

"ဘာကွ . . စိတ်သွားတိုင်း ကိုယ်ပါ ထင်ရာတွေစွတ်လုပ်တတ်တဲ့ မင်းရဲ့မျက်ခွက်နဲ့ ငါ့ဖင်နဲ့မတန်ဘူး။ ငါ့အသားကိုလည်း မထိနဲ့။ ငါ့ဖင်ကိုလည်း မကြည့်နဲ့။ လူယုတ်မာရဲ့ . ."

ဟု ရေရွတ်ရင်း လက်ကားယား၊ ခြေကားယား၊ ကုန်းကုန်းကွကွဖြင့် ဘာမှန်းမသိသည့် တိုက်ကွက်များနှင့် ဟန်ရေးပြရင်း ကျွန်တော့်ကို ထိုးနှက်ရန်ပြင်နေသော ကိုအသေးလေး၏ဖင်ကို ကိုမနဲ့



www.burmeseclassic.com

www.burmeseclassic.com



က ရေဖလားနှင့် ဖုန်း. . ခနဲ မြည်အောင်လှမ်းပက်လိုက်ရာ . . .

အငိုက်မိသွားသော ကိုအသေးလေးက အား . . ခနဲ မြည်အောင်အော်ရင်း အလန့်တကြားဖြင့် ကိုမနဲ့ကို လှည့်ကြည့်တာ . . .

"ကိုမနဲ့ ခင်ဗျား ဒါဘာလုပ်တာလဲ . . ."

"အိုး . . ခင်ဗျားရဲ့ ဘောင်းဘီကို ရှေတ်ရည်တွေ စွန်းကုန်မှာစိုးလို့။ အဲဒီ့လို ခင်ဗျားနဲ့တော်တဲ့ ကလေးဝတ်ဘောင်းဘီမျိုးကလည်း အရှာရခက်တယ် ဟုတ် . . ."

"အဲဒီ့ ဖလားထဲမှာ တီးတိုး အတွင်းခံဘောင်းဘီစိမ်ထားတယ်လေ"

"အိုး . . ခင်ဗျားကလည်း အယူမသည်းပါနဲ့။ အဲဒီ့ ဖလားထဲကရေနဲ့ ကိုရဲကြီး မျက်စိတောင်ကျင်းပြီးပြီ ဟုတ် "

ကိုအသေးလေးက သူ့ခြေထောက်နားတွင် ကျနေသော လိမ်ကျစ်နေသည့်အတွင်းခံဘောင်းဘီလေးကို ဖိနပ်ဦးဖြင့်ထိုးကြည့်ရင်း . .

"ကြည့်စမ်းပါဦး (Crocodile) မိချောင်းတံဆိပ်အတုအတွင်းခံဘောင်းဘီကလည်း ဘာအရောင်မှန်းမသိလောက်အောင် ညွှတ်တက်နေလိုက်တာများ လက်နှီးစုတ်လောက်တောင် မပြောင်ရောင်ဘူး။ အဲဒီ့ရောဂါပေါင်းစုံနဲ့ ဘောင်းဘီအစုတ်စိမ်ထားတဲ့ ရေနဲ့မှ ကျုပ်ကိုပက်ရသလား ကဲဟာ . . ကဲဟာ . ."

အတွင်းခံဘောင်းဘီကို အငြိုးတကြီးဖြင့် ဖနောင့်နှင့်ပေါက်နေသောအခါ တီးတိုး မျက်လုံးပြူးသွားပြီး အသေးလေးကိုဆွဲရင်း. .

"မဆီမဆိုင် ဘာကိစ္စနဲ့ ကျုပ်ဘောင်းဘီကို ဖနောင့်နဲ့ပေါက်နေရတာလဲ . . ဒီဘောင်းဘီက အီတလီမိတ်စစ်စစ်ဘောင်းဘီဗျ။ ဒါမျိုး ခင်ဗျားဝယ်နိုင်လို့လား . ."

"အောင်မာ. . ငါ့ဖိနပ်ကလည်း ဥရောပမိတ် 'စကက်ချာ'





တံဆိပ်ကွင်းထိုးဖိနပ်စစ်စစ်ကြီးပါဟ။ ငါ့ဖိနပ်နဲ့နင်းလို့မင်းဘောင်းဘီ ာက်မငယ်ပါဘူး။ ဖွတ်ဖွတ်ကျေနေတဲ့ နင့်ဘောင်းဘီအစုတ်ကြီးနဲ့ အထဲကပိုးတွေကတောင် စကက်ချာဖိနပ်အသစ်ကြီးနဲ့ အနင်းခံရလို့ ာက်တောင်ယူကြဦးမယ် . ."

"ဘာ ဘောင်းဘီအစုတ်ကြီးလဲ။ ဒီဘောင်းဘီက တစ်ခါမှ ဝတ်ရသေးတဲ့ အသစ်စက်စက်ကြီး။ မဝတ်ခင် တစ်ရေလောက် လျှော်ချင်လို့ စိမ်ထားတာ။ ခင်ဗျား မျက်လုံးကိုဖွင့်ပြီး သေသေချာချာ ကြည့်ဦး . . ကျုပ် ဒေါသထွက်လာရင် မလွယ်ဘူးနော် . ."

ထိုအခါကျမှ အသေးလေးလည်း သူ့အားရပါးရ တက်နင်းထားသော ဘောင်းဘီပေါ်မှဆင်း၍ ဘောင်းဘီကိုတစ်လှည့်၊ တီးတိုး ကို တစ်လှည့်ကြည့်ရင်း . . .

"ဒီဘောင်းဘီက အသစ်စက်စက်ဆိုတာ တကယ်နော်။ ဘာ ိးမှလည်း မရှိဘူးနော် . ."

မုတ်ဆိတ်မွေးဗရဗျစ်နှင့် ငါးပြေမရေထိုးထားသလို တင်းမာ ပြောင်လက်နေသော တီးတိုး၏ မျက်ခွက်ကြီးက ဘီယာကုန်သွား သဖြင့် ဖျစ်ညှစ်ခြင်းခံထားရသော ဘီယာသံဗူးခွံကဲ့သို့ တွန့်လိမ်ရှုံ့တွ နေသော ကိုအသေးလေး၏ မျက်နှာနားသို့ ကပ်သွားပြီး . . .

"ဘာပိုးရှိရမှာလဲ။ ကျုပ်မှာ ဘာပိုးရှိရမှာလဲ။ ပြီးခဲ့တဲ့ သုံးလ လောက်က ကုမ္ပဏီမှာသက်တမ်းထပ်တိုးဖို့အတွက် ဆေးစစ်၊ သွေးစစ် ရမယ်ဆိုတော့ မျက်နှာငယ်လေးနဲ့ ခင်ဗျား ကျုပ်ကိုလာပြောတာ မှတ်မိသေးလား . ."

"တီးတိုးရယ် မင်းနဲ့ငါက သွားအတူတူ၊ လာအတူတူ၊ စား အတူတူ၊ လုပ်အတူတူ၊ ကိုင်အတူတူ၊ အားလုံးအတူတူပဲမို့ ဘဝတူတွေ ကွာ။ အဲဒါကြောင့် ဆေးစစ်၊ သွေးစစ်မယ့်ကိစ္စကို မင်းအရင်စစ်ပါ။ င်းဆေးစစ်တာအောင်ရင်၊ ငါလည်း အောင်ပြီးသားမို့လို့ စိတ်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာလက်ချမ်းသာနဲ့ နောက်မှစစ်ပါရစေဆိုပြီး လာပြောခဲ့တာလေ. .

"ကျုပ်ဆေးစစ်တာအောင်တော့ ငါတို့လည်း အောင်တော့မယ်ဟေ့ဆိုပြီး ဝမ်းသာအားရကြီး ထ,ကတဲ့အထဲမှာ ခင်ဗျားနဲ့ ကိုမနဲ့က အဆိုးဆုံးမဟုတ်လား . . .

အခုမှ သူတော်ကောင်းယောင်ဆောင်ပြီး ဟိုပိုး၊ ဒီပိုးတွေ လာပြောမနေနဲ့ ကျုပ်နောက်ထပ်အသစ်ရထားတဲ့ ဖုန်းနံပါတ် ခင်ဗျားတို့ကို မပေးတော့ဘူးမှတ် . . ဟွန်း . ."

သူတို့နှစ်ယောက်ပြောနေသည့်စကား၏ အဓိပ္ပါယ်ကို ကျွန်တော်က နားမလည်။ ဘယ်လိုမှ နားလည်နိုင်စရာအကြောင်းကလည်းမရှိ။ ဘယ့်နှယ်ဗျာ . . ဆေးစစ်တဲ့ကိစ္စတစ်ယောက်အောင်တာနဲ့ ကျန်တဲ့သူတွေလည်း အောင်လိမ့်မယ်ဆိုတာ ဘယ်လိုကြီးပါလိမ့်။ သို့ပါသော်လည်း အပြည့်အဝ နားလည်သဘောပေါက်ပုံရသည့် ကိုမနဲ့နှင့် အသေးလေးကတော့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ရင်း ကိုအသေးလေးက ပြုံးပြုံးပြာပြာဖြင့် . . .

"တီးတိုး . . တီးတိုး . . စိတ်မဆိုးပါနဲ့ကွာ . . ငါတောင်းပန်ပါတယ်ကွာ . . ငါတို့တွေအားလုံး အရင်လို အားလုံးအတူတူပဲပေါ့နော်။ ဖုန်းနံပါတ်ကိုလည်း ငါ့ကိုပေးဦးနော်။ မင်းရဲ့ ဘောင်းဘီကို ပြန်ထားပေးမယ်နော် . ."

ကိုအသေးလေးက ပြောပြောဆိုဆို တောင်းတောင်းပန်ပန်ဖြင့် တီးတိုးကို မျက်နှာလိုအားရလုပ်ရင်း သူ့ခြေထောက်ဖြင့် တက်နင်းထားသော ဘောင်းဘီကို ကောက်၍ . . .

"ရော့ . . ကိုမနဲ့ . ."

ဟု ကိုမနဲ့ဆီကို လှမ်းပေးလိုက်သောအခါ ကိုမနဲ့ကလည်း ထို ဘောင်းဘီကိုလှမ်းဖမ်း၍ ကိုရဲကြီးရှေ့ရှိ ရေပုံးထဲသို့ လှမ်း၍ ပစ်ထည့်လိုက်သည်။





ဆယ့်လေးလက်မ တီဗွီလောက် ကြီးမားသော ခေါင်းကြီးကို မိုးပေါ်သို့မော့၍ မျက်ဝန်းအစုံကို ဖွင့်တုန်၊ မှိတ်တုန်လုပ်နေသာ ကိုရဲကြီးကတော့ သူ့ဝေဒနာမှတစ်ပါး အခြားအရာများကို အာရုံပြုနိုင်ပုံမရတော့ . . .

ထို့ကြောင့် သူ့မျက်လုံးနှစ်ဖက်ကို လက်နှင့်ပွတ်သပ်ပြီးနောက် သူ့ရှေ့ရှိရေပုံးထဲသို့ သူ့ခေါင်းကြီးကိုစိုက်ချလိုက်သည်မှာလည်း လျင်မြန်လွန်း၍ ကျွန်တော် လှမ်းဆွဲလို့ပင် မမီလောက်အောင် နောက်ကျခဲ့လေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com





စက်ဂူမဲတော်ချိန် မနက် ၇း၃၀

မနက်အစောကြီး ကျွန်တော့်ကိုနှိုး၍ မျက်နှာသစ်သွားတိုက်ပြီးနောက် အသင့်ပြင်ထားသော ခေါက်ဆွဲပြုတ်တစ်ထုပ်နှင့် ကော်ဖီမစ်တစ်ခွက်ကို စားသောက်ပြီးရုံရှိသေး ဖုန်းဆက်၍ ခေါ်လိုက်သော On Call တက္ကစီရောက်လာသည်။ ကျွန်တော်ဆင်းရမည့် လိပ်စာကို တိတိကျကျ ကားဒရိုင်ဘာကိုပြောပြပြီးနောက် ကျွန်တော့်လက်ထဲသို့ ဒေါ်လာနှစ်ဆယ်ထည့်ပေးပြီး အိတ်များကို ကားပေါ်သို့ လျင်မြန်စွာတင်ပေးကာ "ငါ့လက်က လွတ်. . ဖွတ် . . " စတိုင်ချီးလိုက်သည့်အတွက် ဒေါ်လာနှစ်ဆယ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း . . . ဒရိုင်ဘာခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင်လိုက်ရတော့တာပေါ့။

တက္ကစီကလည်း တချို့နေရာတွေမှာ ကီလိုတစ်ရာကျော်အောင်မောင်းလို့ "တင်တောင် . . တင်တောင် . . " (အလမ်း) သတိပေးခေါင်းလောင်းသံထွက်တဲ့အထိ အပြင်းမောင်းသော်လည်း ခရီးတာက ဝေးကွာလှ၍ တော်တော်နှင့်မရောက်နိုင်သေးသော်လည်း ဘေးဘီရှုခင်းကို ကျွန်တော့်မှာ မကြည့်အား . . .

ဒရိုင်ဘာဘေး ကားဒက်(ရှ်)ဘုတ် အလယ်တည့်တည့်မှာ





အင်္ဂလိပ်စာတန်းဖြင့် ဆယ်ဆင့်(ဆယ်ပြား)စီ တရိပ်ရိပ်တက်နေသည့် မီတာကိုကြည့်ရင်း . . . ကျွန်တော့်မှာ ဇောချွေးများပြန်နေသည်။ ဆယ့်ခုနစ်ကျပ်နဲ့ ပြားလေးဆယ် . . ဟော ပြားငါးဆယ် . . ဟော ပြားခြောက်ဆယ် . . (ဆယ့်ခုနစ်ဒေါ်လာနှင့် ဆင့်ခြောက်ဆယ်)။

ဆယ့်ရှစ်ကျပ်. . ဘုရား. . ဘုရား. . ငါမှတ်မိတဲ့ အဆောက်အဦနေရာတွေကလည်း တစ်ခုမှမရှိ။ ရောက်ဖို့ ဘယ်လောက်လိုသေးလဲဟ . . အောင်မလေး . . လေး . . ဆယ့်ကိုးကျပ် . . ပြည့်သွားပြီ . . နောက်ထပ် ငါးမူးဖိုးလောက်စီးပြီးရင် ကားကို ရပ်ခိုင်းရကောင်းမလား။

ကားရပ်ခိုင်းပြီး ဆင်းလျှောက်ရအောင်ကလည်း ဘယ်သွားရမှန်းမသိ။ ဘယ်လိုဖြစ်ဖြစ် နှစ်ဆယ်ဖိုးပြည့်လို့ကတော့ ကားရပ်ခိုင်းပြီးဆင်းမှဖြစ်မယ်။ တော်ကြာ ကားခထပ်ပေးစရာမရှိလို့ စောစောစီးစီးဈေးဦးပေါက်ကြီးမှာ အမင်္ဂလာပေးတဲ့ကောင်ဆိုပြီး ရဲခေါ်ဖမ်းခိုင်းရင် ဒုက္ခ၊ ငါ့မှာကလည်း ပတ်စပို့ကမရှိ။

အလို . . ဟိုဆိုင်းဘုတ်က 'စီရန်ဂွန်း' ဆိုပါလား။ သေချာပြီ။ ဒီဆိုင်းဘုတ်ကို ညက ငါမြင်ခဲ့တယ်။ ဟော . . ဆယ့်ကိုးကျပ်နဲ့ ပြားရှစ်ဆယ် နောက်ထပ်ပြားနှစ်ဆယ်ဖိုးပြည့်ရင်တော့ ကားကိုရပ်ခိုင်းရတော့မယ်။

ကျွန်တော့်အတွေးပင်မဆုံးသေး ကားက ကွေ့ခနဲ ထိုးရပ်သွား၍ ဘေးကိုကြည့်လိုက်တော့ မနေ့ညက ကျွန်တော် ထမင်းစားခဲ့သောဆိုင် ကွက်တိ၊ တက္ကစီက တစ်လမ်းလုံး အဲယားကွန်းဖွင့်ထားသော်လည်း ကိုယ့်အတွေးနဲ့ကိုယ် မွန်းကျပ်နေလို့ ဇောချွေးတွေထွက်ခဲ့သမျှ ယခုမှ နည်းနည်းသက်သာသွားသလိုရှိလို့ ပြားနှစ်ဆယ်ဖိုးလောက် ထပ်စီးရကောင်းမလားလို့တောင်မှ စဉ်းစားမိသေးပေမယ့် . . ကျွန်တော်ပေးလိုက်တဲ့ ဆယ်တန်နှစ်ရွက်ကိုယူပြီး ပြားနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပြန့်အမ်းတဲ့ တက္ကစီဒရိုင်ဘာက အောက်ကိုဆင်းရန်အချက် ပြနေတာကြောင့် ချေတာစုဆောင်း သူ့ဌွေးလောင်းစတိုင်နဲ့ ပြန်အမ်း ငွေအသပြာနှစ်ဆယ်ကို အိတ်ကပ်ထဲထည့်ပြီး ရင်ကော့ကာ ကားပေါ် မှ ဆင်းခဲ့ရတော့ဟာပေါ့။

အဆင့်မြင့်ကြမ်းပိုး ဟိုတယ်ကြီးပေါ်ကိုလည်း မဟက်ချင် တော့လို့ အောက်ထပ်အပေါက်ဝမှာ အိတ်နှစ်လုံးဘေးချပြီးတော့ ရ စောင့်နေတုန်း နီစပ်စပ်၊ ပုပြတ်ပြတ် အေးဂျင့်ရဲ့ ကားရောက် လာတာနဲ့ အိတ်နှစ်လုံးကို ကားနောက်ခန်းပေါ် တင်လို့အပြီး။ ရှေ့ကို လာစီးပါဟု လက်ဟန်ခြေဟန်ပြကာ ညွှန်ကြားနေတဲ့ အေးဂျင့်အလို ကျ ရှေ့ခန်းမှာ တက်စီးရပြန်တယ်လေ။

ဘယ်လိုစိတ်ကူးပေါက်ပြီး ချီးချီးမြှောက်မြှောက်နဲ့ ရှေ့ခန်း မှာ လာစီးခိုင်းပါလိမ့်လို့လဲ မတွေးချင်၊ ပတ်ဝန်းကျင်ရဲ့ ဆန်းသစ်တဲ့ ရှုခင်းကိုလည်း မကြည့်ချင်မမြင်ချင်ဘဲ မျက်စိကိုစုံမှိတ်လိုက်တာနဲ့ ကျွန်တော့်နှလုံးသွေးတွေ ဆူဝေပြီး ကျွန်တော့်ဦးနှောက်ကို တံခါးလာ ခေါက်သူကတော့ မမလှိုင်ပါပဲ။

ညတုန်းက မမလှိုင်ရဲ့ သတင်းကိုကြားချင်လို့ တီးတိုးတို့ ဒေါက်ရဲ့ တစ်ခုကျော်မှာရှိတဲ့ အသေးလေးတို့ဒေါက်က ကိုအသေး လေးရဲ့ အဆင့်မြင့်ကွန်တိန်နာဂေဟာမှာ သွားအိပ်ဖြစ်တယ်။

ကွန်တိန်နာထဲ ဝင်ဝင်ခြင်းအပေါက်ရဲ့ ဘေးကပ်လျက်မှာ ကိုအသေးလေးကိုယ်တိုင်ကိုယ်ကျ မနိုင်မနင်းနဲ့အမှိုက်ပုံက ကောက် လာရတယ်ဆိုတဲ့နှစ်ယောက်ထိုင်သားရေဆိုဖာကြီးပေါ် မှာ ကျွန်တော် က အနစ်နာခံပြီး နေရာယူလိုက်တော့ . . . .

ကွန်တိန်နာရဲ့တစ်ဖက်ထိပ်မှာ မွေ့ယာနှစ်ခုထပ်ပြီး ကိုရဲ ကြီးက နေရာယူတယ်။ မွေ့ယာပေါ် ပက်လက်လှဲပြီး မျက်လုံးပေါ်ကို ကွမ်းရွက်တစ်ရွက်ဖိကပ်လိုက်တာနဲ့ ဆီချပ်ထားတဲ့ ‘ထော်လာဂျီ’ကို





စက်နှိုးလိုက်သကဲ့သို့ တစ်ခန်းလုံး မုန်တိုင်းကျသလို ဝုန်းဒိုင်းသံညံ မစဲနဲ့ ကြောက်လန့်တုန်လှုပ်ဖွယ်ရာ ဟောက်သံကြီးပေးရင်း ကိုရဲကြီး ကတော့ အိပ်ပျော်သွားပြီပဲလေ။

ဂူး . . ခနဲ . . ဂွီး . . ခနဲ အသက်ကို ပြင်းပြင်းရှူသံ၊ ဂေါ် . . ဂူ . . နဲ့အသက်ကို ရှူထုတ်သံတွေနဲ့ နရီစည်းချက်ညီညီ ဟောက် သံကြီးကို နားမခံသာအောင် ပေးနေတဲ့ကြားက တစ်ချက်တစ်ချက် စည်းဝါးဖောက်ပြီး ဂူးဂူးဂေါ်ဂေါ် ဂန့် . . ဂန့် . . ဆိုတဲ့ သံပြိုင်အပိုဒ် ကို ဝင်လိုက်တဲ့သကာလ လက်ဟန်၊ ခြေဟန်တွေပါ ပါပြီး သံပြားနံရံ ကြီးကို ဒုန်း . . ခနဲ၊ ဒိန်း . . ခနဲ ကန်ကြောက်လို့ စည်းဝါးလိုက်ပြန် လေတော့လည်း ကြမ်းပိုးကိုက်တဲ့အခန်းမှာ ပြန်အိပ်တာကမှ အိပ်လို့ ရလိမ့်ဦးမယ်လို့တောင် တွေးမိပြန်သလို . . .

မြန်မာပြည်မှာရှိတဲ့ ဇနီးချော၊ ဇနီးအလှကလည်း ရေမြေခြား တဲ့အထိ သူ့လင်တော်မောင်ကို ပို့ထားတာ အကြောင်းမဲ့တော့ မဟုတ် ပေဘူးဆိုတာကိုလည်း သဘောပေါက်မိပြန်သဗျ။

ကိုအသေးလေးကတော့ ကိုရဲကြီးရဲ့ စက်ကွင်းလွတ်လောက် တဲ့ တစ်လံအကွာမှာ မွေ့ယာတစ်ခုနဲ့နေရာယူပုံကလည်း ‘စနိုက်ပါ’ ဇာတ်ကားထဲက မင်းသားသေနတ်ပစ်သလို မှောက်လျားလေးထိုးပြီး ခြေထောက်ကလေး နှစ်ချောင်းကားနေပုံများ ဖားခုံညင်းကို နွားနင်း ထားတဲ့အတိုင်းပါပဲ။

အရွယ်နဲ့မမျှအောင် ခံစားလိုက်ရတဲ့ ဝေဒနာတွေကြောင့် သူ့ခမျာ ပက်လက်လှန်ပြီး လူလိုအိပ်လို့မဖြစ်နိုင်ဘူး ထင်ပါရဲ့။ သို့ပါ သော်လည်း ကျွန်တော့်မှာက . . .

မမလှိုင်နဲ့ပတ်သက်ပြီး သိချင်တာတွေ ရင်ဘတ်ကြီးနဲ့ အပြည့်ရှိနေတော့လည်း သူ့ဝေဒနာကို ဘယ်လိုမှ ကိုယ်ချင်းမစာဘဲ နှုတ်မေးတော့ ခင်ဗျားကြီးက ဝေဒနာကြားကနေ အားတင်းပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"နေ့စွဲ တိတိကျကျမသိတဲ့ တိမ်ပြာပြာ ဆန်းဒေး တနင်္ဂနွေနေ့မှာ မရောက်တာကြာပြီဖြစ်တဲ့ ပင်နင်စူလာပလာဇာကို ငါသွားခဲ့တယ်။ စင်္ကာပူ ်တော်ချိန်နဲ့ဆိုရင် လေးနာရီကျော်ကျော်လောက် ပေါ့ကွာ . . .

အဲ . . ပင်နင်စူလာပလာဇာဆိုတာကလည်း စင်္ကာပူရောက် ြီး မြန်မာတွေ မသွားမဖြစ်တဲ့နေရာ။ အဲဒီမှာ မြန်မာစားသောက်ဆိုင်၊ ဈေးဆိုင်တွေအများကြီးရှိတယ်။ မြေညီထပ်ကနေ ငါးလွှာအထိက မြန်မာဆိုင်တွေချည်းပဲ။ သူ့အပေါ် ခေါင်းမိုးမှာ ကားပါကင်ရှိတယ်။ ကားတွေကို ဓာတ်လှေကားနဲ့ တင်တာ၊ ချတာကွ။ ဓာတ်လှေကားက နှစ်ခုတောင် ရှိ . . ရှိ "

"အဲဒီလောက် အသေးစိတ်ပြောဖို့မလိုဘူး ကိုအသေးလေး . . မမလှိုင်နဲ့တွေ့ပုံ၊ တွေ့နည်းသာပြော . . ."

"အေးပါကွာ . . မင်းဗဟုသုတရအောင်လို့ ငါပြောနေရတာပါ။ ဘိုတောက်တစ်ယောက် စင်္ကာပူကိုရောက်ရောက်ချင်း ကိုအသေးလေးနဲ့ တစ်ခန်းတည်း အိပ်ခဲ့တာတောင်မှ ဘာဗဟုသုတမှ မရှိဘဲနဲ့ တကယ့်နလပိန်းတုံး၊ အတီးအတ၊ မအူမလည်၊ ဘာမသိ၊ ညာမသိ၊ တောသားရဲ့ ဆွဲထုတ်"

"ရပြီ . . ရပြီ . . အဲဒီအခန်းကို ကျော်ပြီး ပြော . . "

"တပည့်မကောင်း ဆရာ့ခေါင်းဆိုသလို မင်းကြောင့် ငါ အပြောခံရမှာစိုးလို့ မြီးညောင်းရိုးနာနေတဲ့ကြားထဲက အားတင်းပြီး ပြောနေတဲ့ ငါ့ရဲ့စေတနာကို . . ."

"ဟုတ်ပါပြီ။ ကျေးဇူးတင်ပါတယ်။ ဗဟုသုတတွေကို နောက်မှပြောပါ"

"မြီးညောင်းရိုးနာပါတယ်ဆိုမှ မင်းက ဇွတ် . . ကဲ ကဲ . . . အဲဒီ ပင်နင်စူလာပလာဇာကြီးက နှစ်ဆယ့်လေးထပ်လောက်ရှိတယ်။





အပေါ်မှာရုံးခန်းတွေ၊ သင်တန်းခန်းမတွေ အများကြီးရှိသလို မြေကြီးထဲမှာလည်း Food Stall လို့ခေါ်တဲ့ စားသောက်ဆိုင်တွေ အများကြီးပဲ . . .

အဲဒီအထဲမှာ အင်းလေးစားသောက်ဆိုင်ကတော့ နာမည်အကြီးဆုံး မြန်မာစားသောက်ဆိုင်ပေါ့ကွာ။ စလုံးနဲ့နိုင်ငံခြားသားတွေတောင် လာစားကြတာများလို့ စားပွဲခုံကို မနည်းလုထိုင်ရတယ်။ ဒါပေမယ့်ကွာ Table Charge ဆိုပြီး ဆယ်ရာခိုင်နှုန်း အပိုဆောင်းပေးရတော့ ဈေးနည်းနည်းကြီး သလိုပဲ"

"မမလှိုင်ကို အဲဒီမှာ တွေ့တာလား"

"မင်းက သိပ်မလောနဲ့ကွာ။ ဝေဒနာကြားက အားတင်းပြီး ပြောနေရတဲ့ ငါ့ရဲ့ဒုက္ခကို စာနာပါဦး။ ဒီကြားထဲ ဘေးနားမှာကပ်ပြီး မီးသတ်ကားလို ဥဩဆွဲနေတဲ့ ဖိုးပါကြီးရဲ့အသံကတစ်မျိုး၊ အဲ . . အဲ ဘယ်ရောက်သွားပါလိမ့် ဟုတ်ပြီ။ ငါကတော့ ပင်နင်စူလာပလာဇာရဲ့ မြေညီထပ်က ကိုမောင်မြင့်ဆိုင်မှာပဲထိုင်ပြီး လက်ဖက်ရည်သောက်လေ့ရှိတယ်။ အဲဒီမှာကမ်းကုန်လို့ ရေထဲရောက်နေတဲ့ သင်္ဘောသား တစ်ပိုင်း ယောက်ျားရိုင်းကြီးတွေရဲ့စုရပ်လေကွာ။ လူစုံတွေ့ရတာပေါ့။

အသက်က ယပ်တောင်ကမ်းရတော့မယ့်အရွယ်ရောက်နေတဲ့ ကိုဝင်းမြင့် သိတယ်မဟုတ်လား။ ဘယ်သူက မြှောက်ပေးထားလဲ မသိပါဘူး။ ဝင်းဦးနဲ့တူတယ်ဆိုလို့ နှုတ်ခမ်းမွေးကြီး တသသလုပ်နေတာ အမှတ်တမဲ့သာကြည့်လို့ကတော့ ဟင်းအိုးကိုဖွင့်စားနေတဲ့ ကြောင်စုန်းကြီး အတိုင်းပဲ။ ဒါပေမယ့် လျှော့တော့မတွက်နဲ့ ဆရာရေ။ ဝတ်လိုက်ရင် အရောင်နုနု သရီးကွာတားဘောင်းဘီနဲ့ စပို့ရှပ် အကောင်းစားနဲ့ ကျော့မော့နေတာများ သူ့သားအကြီးကောင်တောင် သူ့အဖေ ကိုဝင်းမြင့်လောက် ဝတ်ရဲ၊ စားရဲမှာမဟုတ်ဘူး။ ဝတ်ပုံစားပုံကတော့ လူပျိုရှုံးတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ဟော ကိုဝင်းမြင့်ရဲ့ညီ ကိုအေးထွန်းကျတော့ရော ရုပ်ကလေးက ရန်အောင်လိုလို၊ ဘာလိုလိုနဲ့ ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင်လေးအတိုင်းပဲ ဒါပေမယ့် ငယ်ငယ်ရွယ်ရွယ်နဲ့ သနားစရာပါကွာ။ သူ့မှာ ရောဂါတစ်ခုစွဲကပ်နေတယ်ကွ"

"ဘာရောဂါလဲ 'အေ' ကိုက်သွားတာလား။ အဲဒီရောဂါက ပျောက်အောင်ကုမရဘူးဆိုပေမယ့် ရောဂါပိုးတန့်အောင်တားထားတဲ့ ဆေးတွေပေါ်နေပြီလေဗျာ။ အဲဒီဆေးတွေအကြောင်းသိချင်ရင် ဖဲယားဝင်းကုမ္ပဏီက ကိုသက်ခိုင်၊ ရဲကြီးနဲ့ဇော်မင်းတို့ကိုမေးကြည့်၊ ခင်ဗျားရဲ့သူငယ်ချင်း ကိုခင်မောင်ကတောင်မှ အဲဒီလိုဆေးတွေမှာ အိန္ဒိယကလာတဲ့ဆေးက ပိုပြီးမိုက်တယ်လို့ပြောနေတာပဲ"

"ကိုအေးထွန်းရောဂါက တစ်မျိုးကွ။ ရေသောက်လို့မရတဲ့ရောဂါ"

"ဟောဗျာ . . သူ့ရောဂါက ဆန်းလှချည်လား။ ရေသောက်မရတော့ သူကဘာကိုသောက်ပြီး အသက်ရှင်နေသလဲဗျ"

"ခမျာမှာလည်းသနားစရာပါကွာ။ရေသောက်မရလို့ ဘီယာကိုသောက်ပြီး သူ့ကျန်းမာရေးကို သူပြုစုပျိုးထောင်နေရတော့တာပေါ့"

"ရေသောက်မရလို့ ဘီယာသောက်နေရတဲ့ရောဂါနဲ့ မမလှိုင်က ဘယ်လိုပတ်သက်နေလို့လဲ"

"မင်း မမလှိုင်နဲ့ မပတ်သက်ပေမယ့် ဒီကိုရောက်နေကြတဲ့ မင်းရဲ့အပေါင်းအသင်းမိတ်ဆွေတွေမှာစွဲကပ်နေတဲ့ ထူးထူးဆန်းဆန်းရောဂါတွေကို မင်းသိထားသင့်တယ်ထင်လို့ပါကွာ။ တချို့ တချို့တွေဆို ငါးမမွှားရ မနေနိုင်၊ ရွှေမကျင်ရ မနေနိုင်၊ ဖားမရိုက်ရ မနေနိုင်တဲ့ရောဂါကြီးတွေနဲ့ကွ"

"အဲ . . အင်း . . ဖားရိုက်တဲ့ သတင်းကတော့ မြန်မာပြည်





ကတောင်ကြားရတယ်။ ဒီနိုင်ငံမှာ ဖားရိုက်စရာလယ်ကွက်တွေ ဘာတွေရှိလို့လား"

"ဒီမှာ ရိုက်တဲ့ဖားက လယ်ကန်သင်းရိုးပေါ်မှာ ကျွမ်းထိုးနေတဲ့ ဖားမဟုတ်ဘူးဟ . . သင်္ဘောသားနဲ့ ကားပွဲစားတို့ရဲ့ စကားနှစ်ခုကို ပေါင်းစည်းပြီး ထွင်ခေါ်ထားတာမို့ မင်းနားလည်အောင် ရှင်းပြရရင် . .

ဟိုး . . အရင့်အရင် နောင်တော့်နောင်တော် မြန်မာသင်္ဘောသားကြီးတွေက ကမ္ဘာပတ်ကြတဲ့သကာလ သူတို့တွေ ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံပေါင်းများစွာ၊ လူမျိုးပေါင်းများစွာကို အချင်းချင်းသာ သိတဲ့ ဗန်းစကားနဲ့ ပြောဆို၊ သုံးစွဲကြမယ်ပြင်တော့ ကိုယ့်လူမျိုးအချင်းချင်းကို အဖိုးအနဂ္ဃထိုက်တန်အောင် 'ရွှေ' လို့ သမုတ်သလို ကမ္ဘာတလွှားက နိုင်ငံနဲ့လူမျိုးများစွာကိုတော့ မြန်မာအက္ခရာဗျည်းသုံးဆယ့်သုံးလုံးနဲ့ အစပ်အဟပ်တည့်အောင် တီထွင်ခေါ်ဆိုကြတော့ . . .

ဥပမာအနေနဲ့ပြောရရင် ဂျပန်နိုင်ငံ၊ ဂျပန်လူမျိုးကို 'ဂငယ်'၊ ဗီယက်နမ်ဆိုရင် 'ဗ' ထက်ချိုင့်၊ ဘင်္ဂလားဒေရှ့်ဆိုရင် 'ဘကုန်း'၊ မလေးရှားကို 'မ'၊ အင်ဒိုနီးရှားကို 'အ'၊ စကော်ပူကို 'စ' လုံး၊ အဲသလိုခေါ်ဝေါ်ရင်း . . .

'ဖဦးထုပ်'လို့ခေါ်တဲ့ ဖိလစ်ပိုင်မလေးတွေကျတော့ လှလည်းလှ၊ ရဲလည်းရဲ၊ ကဲလည်း ကဲသလို ဗြိတိသျှစကားကိုလည်း ကျွမ်းကျင်ကြတော့ သူတို့နည်းတူ ဗြိတိသျှစကားကို လည်လည်ပတ်ပတ်ပြောတတ်ဆိုတတ်ရုံမက ပုဗ္ဗ၊ မုံ့ဥ၊ ပရစေတနာ သုံးတန်ပြတ်ပြတ်သားသားနဲ့ နှမြောတွန့်တိုမှုမရှိဘဲ အပေးအကမ်းရက်ရောကြတဲ့ ငါတို့ရွှေတွေအဖို့တော့ ခွေးငတ်နဲ့လေဒီရှူးအပြတ်လို လိုက်မှလိုက်ပေါ့ကွာ။

အဲဒီလို ဖဦးထုပ်မလေးတွေနဲ့ ရွှေမျက်နှာတော် တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မညှိုးရအောင် ထက်သန်တဲ့ သဒ္ဓါတရားနဲ့ ပေးရင်းကမ်းရင်း သွားအတူ၊ စားအတူ၊ ဟိုဟာအတူ၊ ဒီဟာအတူနဲ့ ခွဲမရအောင် ကဲချင်တိုင်းကဲကြတဲ့ သကာလ ဝမ်းမြောက်ရွှင်မြူးလွန်းလို့ ကားပွဲစားတွေနဲ့ ရိုက်စားစကားထဲက ရိုက်ကိုယူပြီး ဖဦးထုပ်ကိုလည်း ဖားလို့ စာလုံးပြောင်းကာ ဖားရိုက်တယ်လို့ တင်စားခေါ်ဝေါ်ကြတာပေါ့ . . .

တကယ့် တကယ်တော့ ဘယ်သူက ဘယ်သူ့ကို ရိုက်သလဲဆိုတာ ခွဲခြားလို့ကိုမရပါဘူး ဘိုတောက်ရာ။ တလက်စတည်း ဆက်ပြီးပြောရရင် ကိုယ့်လူမျိုးအချင်းချင်း ရွှေ ရွှေချင်းတောင် အလွတ်မပေးဘဲ တွဲကြ၊ ကဲကြတာကိုလည်း 'ရွှေကျင်တယ်' လို့ ခေါ်သလို . .

တရားဝင်ခွင့်မပြုပေမယ့် လွယ်လင့်တကူဝယ်ယူလို့ရတဲ့ 'ငါး' လို့ခေါ်တဲ့ ချောင်းဆိုးပျောက်ဆေးရည်ကို ပင်ပန်းတာကစလို့ အကြောင်းမျိုးစုံပြပြီး သုံးဆောင်မှီဝဲတာကိုလည်း 'ငါးမျှား'တာလို့ ခေါ်သကွ"

"အောင်မလေးဗျာ . . အလှအပစကားလုံး၊ စကားဆန်းတွေက ပေါကြွယ်ဝလွန်းလို့ မြန်မာစကားကို မြန်မာလိုနားလည်အောင် မြန်မာစကားပြော ကျူရှင်ပြန်ယူရမလိုတောင် ဖြစ်နေပါပေါ့လား . . .

ကိုင်း . . မြန်မာစကားဝေါဟာရ ဒီပနီကို အသာထားလို့ မမလှိုင် အကြောင်းလေးများ ကြားပါရစေလားဗျာ"

"ကိုင်း . . ကိုင်း . . မင်းစိတ်ချမ်းသာအောင် မမလှိုင် အကြောင်းပြောရရင်သူ့ကိုငါတွေ့တာပင်နင်စူလာပလာဇာက လေးလွှာမှာရှိတဲ့ Loi Heng Trading လွိုင်ဟိန်းဆိုင်မှာကွ။ ဆိုင်ပိုင်ရှင်ရဲ့နာမည်က ဒေါ်ခင်ဝင်းညိုတဲ့ အသက်ကငယ်သေးပေမယ့် ငါတို့ကတော့ လေးစားသမှုပြုပြီး အန်တီညိုလို့ ခေါ်ကြတယ် . . .

"သူ့ဆိုင်မှာ လစဉ်ထုတ်မဂ္ဂဇင်းအစုံရှိတယ်။ နာမည်ကြီး





ဝတ္ထုတွေကိုလည်းငှားလို့ရတယ်။ မြန်မာပြည်က ပစ္စည်းမျိုးစုံကိုလည်းဝယ်လို့ရတယ်။ လိုင်းဖုန်းကဒ်ကစလို့ ဖုန်းကဒ်မျိုးစုံလည်း ရတဲ့အပြင် အန်တီညိုက သဘောလည်းကောင်းတယ်။ လူတိုင်းကိုလည်း ကူညီလေ့ရှိတယ်ကွ"

"ကိုအသေးလေး . . ကျွန်တော်မေးနေတာက မမလှိုင် အကြောင်းလေဗျာ။ ဘယ့်နှာကြောင့် ကြော်ငြာတွေ ဝင်နေတာတုံး"

"အေး . . ပါ . . အေးပါ . . မင်းသိချင်တဲ့ မမလှိုင် အကြောင်းက ရောက်တော့မှာပါကွ . . အခုဟာက အန်တီညို သဘောကောင်းတော့ သူ့ဆိုင်က ဖုန်းကဒ်တွေ ငါအကြွေးဝယ်ထားတာ မဆပ်ရသေးတာသတိရပြီး ကြော်ငြာဝင်သလိုဖြစ်သွားတာပါကွာ . . .

ဒါပေမယ့် ဖုန်းကဒ်ဆိုတဲ့ အကြောင်းကို မင်းကိုအရင် ရှင်းပြဦးမယ်. . ဒါမှ မမလှိုင်ရဲ့ဇာတ်လမ်းကို မင်းပိုပြီး သဘောပေါက်မှာ"

"ဟန်းဖုန်းတစ်လုံးကို မင်းဝယ်ပြီဆိုပါစို့။ သုံးလို့ရတဲ့ မော်ဒယ်အနိမ့်ဆိုရင် သုံးလေးဆယ်ပဲပေးရသလို အဆင့်မြင့်ရင် ထောင်ကျော်တဲ့ အထိရှိတယ်။ အဲဒီ ဖုန်းမှာ လိုင်းနံပါတ်မပါသေးဘူး။ လိုင်းဖုန်းသဘောမျိုး သုံးချင်ရင် လိုင်းဖုန်းကဒ်မျိုးစုံရှိတယ်။ နှစ်ဆယ့်ခြောက်ကျပ်လောက်ဆို မိနစ်သုံးဆယ်လောက် အလကားပြောခွင့်ပေးတဲ့ ကဒ်တွေတောင်ရှိတယ်။ လိုင်းဖုန်းမဟုတ်ဘဲနဲ့ ရိုးရိုးနံပါတ်ဖုန်းကဒ်ဝယ်ရင်လည်း ဈေးအမျိုးမျိုးတော့ ရှိတာပေါ့ . . .

ဖုန်းနံပါတ်ဝယ်ပြီးလို့ ကဒ်ကိုဖုန်းထဲမှာထည့်ပြီးရင် မင်းပိုက်ဆံတတ်နိုင်သလောက် ပြောလို့ရတဲ့ ဖုန်းဆက်ခွင့်ကဒ်ဝယ်ရတယ်။ Sea Lion တို့ ရွှေမြန်မာတို့ Top Up ကဒ်တို့ ကဒ်မျိုးစုံရှိတယ်။ ရှစ်ကျပ်ကနေ တစ်ဆယ်၊ အစိတ်စသည်ဖြင့် ကိုယ်နိုင်သလောက်ဝယ်ပြီး အဲဒီကဒ်ထဲမှာပါတဲ့ နံပါတ်တွေကို ကိုယ့်ဖုန်းထဲက ခလုတ်တွေနဲ့ နှိပ်ပြီး နံပါတ်သွင်းလိုက်တာနဲ့ ရှစ်ကျပ်ဖိုး၊ တစ်ဆယ်ဖိုး ခေါ်လို့ပြော



www.burmeseclassic.com

www.burmeseclassic.com



လို့ရပြီ . . .

ကဒ်နံပါတ်တွေကို ကိုယ့်ဖုန်းထဲသွင်းတဲ့ကိစ္စမှာလည်း ဘယ်လို ထည့်သွင်းရပါ့မလဲလို့တွေးပြီး ပူစရာမလိုဘူး။ စီးပွားရေးဈေးကွက်ကို အမြင်ကျယ်ထားတဲ့ ကုမ္ပဏီကြီးတွေက ကဒ်တွေမှာမြန်မာလို ရေးပေးထားသလို သူတို့ပြောတဲ့အတိုင်း နံပါတ်တစ်ခုကိုနှိပ်လိုက်တာနဲ့ မြန်မာစကားသံပီပီသသကြီးနဲ့ ဖုန်းထဲကို နံပါတ်ထည့်သွင်းနည်း ပြောပြပါလိမ့်မယ်။ ကိုင်း . . မလွယ်လား . .

မင်းက ရှစ်ကျပ်တန်ဝယ်ပြီး ဖုန်းထဲမှာ နံပါတ်သွင်းလို့ ပြောဆိုဆက်သွယ်ရင်း ရှစ်ကျပ်ဖိုးကုန်သွားရင် နောက်ထပ်ကဒ်ဝယ်ထည့်ပေါ့။ အလုပ်အရှုပ်မခံနိုင်လို့ ငွေပါတတ်နိုင်ရင်တော့ တစ်ခါတည်းနဲ့သုံးလေးကဒ်သာ ဝယ်ထည့်ထားလည်း ရတာပဲပေါ့ကွာ"

"အဲဒီနေ့က ငါ့ဖုန်းထဲမှာ ပိုက်ဆံလက်ကျန်နည်းနေလို့ ဖုန်းကဒ် ဝယ်ရအောင် အန်တီညိုဆိုင်ကိုသွားတာ ဆိုင်ရဲ့ဝင်ပေါက်နားမှာ မင်းရဲ့မမလှိုင်နဲ့ တည့်တည့်ကြီးကို တိုးတော့တာပဲဟ . . .

ဝမ်းသာအားရနဲ့ ငါနှုတ်ဆက်လိုက်တော့ သူလည်း တအံ့တဩဖြစ်သွားပြီးမှ ငါ့ကိုပြန်နှုတ်ဆက်တယ်ကွ။ ဘာလုပ်ရအောင် လာတာလဲလို့ ငါမေးတော့ . . သူလည်း ဖုန်းကဒ်ဝယ်အောင် အန်တီညို့ဆိုင်ကို လာတာတဲ့။ ဒီကိုရောက်နေတာကြာပြီလားဆိုတော့ နှစ်နှစ်တောင် ပြည့်ခါနီးပြီတဲ့။ မမလှိုင် ဒီကိုရောက်နေတယ်လို့တော့ ပြောသံကြားတာကြာပြီ အခုမှပဲ တွေ့ရတော့တယ်ဆိုတော့ အပြင်ကို သိပ်မထွက်ဖြစ်လို့ပါလို့ ဖြေရင်း . . .

"ကိုအသေးလေးက ဘိုတောက်နဲ့ အဆက်အသွယ်ရှိလားတဲ့"

"ဘာ . . ကျွန်တော့်ကို မမလှိုင်က မေးတယ်ပေါ့ . . ဟုတ်လား ကိုအသေးလေး"

ဝမ်းသာအားရဖြင့် ခုံပေါ်မှကျွန်တော် ထလိုက်သည်နှင့်





တစ်ပြိုင်နက် ကိုအသေးလေးမှာ လက်ကားယား၊ ခြေကားယားဖြစ်သွားပြီး . . .

"ဟေ့ကောင် . . ဟေ့ကောင် . . ငါ့အနားမကပ်နဲ့။ ငါ့အနားမလာနဲ့၊ ရှေ့မတိုးနဲ့နော်၊ ရှေ့ကိုတစ်လှမ်းမှ မတိုးနဲ့နော်၊ လူထုတ်မာကြီးရှေ့ကို နည်းနည်းလေးမှ တိုးမလာနဲ့နော်"

"မတိုးနဲ့ဆိုရင် မတိုးဘူး။ ခင်ဗျား လျှောက်အော်နေတာ အပြင်လူတွေကြားသွားရင် ဘာထင်ကုန်ကြမလဲ။ ခင်ဗျားလည်း မအော်နဲ့၊ ကျွန်တော်လည်း မတိုးဘူး . . ဟင်း . . ကျွန်တော်က ဝမ်းသာလွန်းလို့ ထမိတာပါ"

"မင်းဝမ်းသာရင်ကော၊ မင်းဝမ်းနည်းရင်ကော နီးရာလူမှာ ဒုက္ခရောက်လွန်းလို့ အဲဒီမှာပဲ အေးအေးဆေးဆေးထိုင်ပြီး ဝမ်းသာပါကွာ"

"ဟုတ်ပါပြီ . . ကောင်းပါပြီ ထိုင်ရာက မထပါဘူး။ ကဲ ကဲ ခင်ဗျားက ဘယ်လိုဖြေလိုက်သလဲ"

"အဆက်အသွယ်ပြတ်နေတာ ကြာပြီလို့ ပြောလိုက်တယ်"

"ဟာဗျာ . . ခင်ဗျားကြီးကလုပ်ပြီ"

"အေးလေကွာ . . မင်းနဲ့ငါနဲ့ အဆက်အသွယ်ပြတ်သွားတာ ဘယ်လောက်ကြာပြီလဲ။ နောက်ပြီးတော့ ငါတို့ရပ်ကွက်ထဲကနေ မင်းတို့မိသားစု မြေနီကုန်းဆိုလား အဲဒီကိုပြောင်းသွားတယ်ဆိုတဲ့ သတင်းလေးပဲကြားလိုက်ရတယ်။ လိပ်စာတောင်မသိခဲ့ဘူး . . ဟွန်း"

"ဒါပေမယ့် မမလှိုင်နဲ့ ကျွန်တော့်အကြောင်း ခင်ဗျားသိရက်သားနဲ့ဗျာ။ နည်းနည်းပါးပါး ရှိုးလိုက်ပါတော့လား"

"ဟ . . မင်းနဲ့ မမလှိုင်အကြောင်းကို ငါသိတာလွန်ခဲ့တဲ့ သုံးလေးနှစ်က ငါခွင့်ယူပြီး မြန်မာပြည်ကို ပြန်လာတုန်းက သိခဲ့မြင်ခဲ့ တာလေကွာ။ ဘယ်လောက်ကြာပြီလဲ နောက်ပြီး ငါကမင်းလို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကဟုတ်ကတွေပြောတတ်တဲ့ကောင် မဟုတ်ဘူး။ မလိမ်တတ်၊ မညာတတ်တဲ့ မိကောင်းဖခင်သားသမီးကွ"

"ကဲပါ . . အဲဒါကိုအသာထား မမလှိုင်က ဘာပြောသွားလဲ"

"သူလည်း ဒီကိုထွက်မလာခင်လေးတင် မင်းနဲ့အဆက်အသွယ်ပြတ်သွားလို့ မင်းအကြောင်းဘာမှ မကြားမိတော့ဘူးတဲ့။ တကယ်တော့ မင်းဟာ လူငယ်ပီပီ တဇွတ်ထိုး ပြောတတ်၊ ဆိုတတ်တာကလွဲလို့ လူကောင်းလေးတစ်ယောက်ပါတဲ့။ သူ့ကြောင့် မင်းတစ်ယောက် ပေတောလေလွင့်သွားမှာကို စိုးရိမ်တယ်တဲ့။ သူပြောခဲ့ဆိုခဲ့တာတွေကြောင့်မင်းတစ်ခုခုဖြစ်သွားရင်တစ်သက်လုံး သူစိတ်ကောင်းနိုင်မှာမဟုတ်တော့ဘူးတဲ့။ ဟော့ကောင် ထိုင်ရာကမထနဲ့"

"မထပါဘူး။ သူ . . သူက အဲဒီ့လို တကယ်ပြောသွားတာလား"

"ဟ . . ပဋ္ဌာန်းကျမ်း ကဲကြီးငါးပါးထဲမှာ မုသာဝါဒကံကို ငါလုံတာ မင်းသိရဲ့သားနဲ့ကွာ"

"ပဋ္ဌာန်းမဟုတ်ပါဘူး ငါးပါးသီလပါဗျ"

"ဘာဖြစ်ဖြစ် ငါမညာတတ်တာ မင်းသိရဲ့သားနဲ့။ တကယ်လားလို့ မေးလိုက်တာဟာ ငါ့သိက္ခာကို မြေပေါ်ချ၊ ဖနောင့်နဲ့ပေါက်ပြီးတံတွေးနဲ့ ထွေး . . ထွေး . . ."

"တော်ပါတော့ဗျာ . . ခင်ဗျားကို ယုံပါတယ်။ ကျွန်တော့်နားကို ကျွန်တော်မယုံမိလို့ပါ။ မမလှိုင်ဟာ ကျွန်တော့်အသံကိုမကြားချင်ကျွန်တော့်ကို မမြင်ချင်လောက်အောင်မုန်းသွားခဲ့ပြီမှတ်တာ။ ဒါဆိုသူ ကျွန်တော့်အပေါ် သံယောဇဉ်ရှိသေးတာ သေချာတယ်။ နောက်ပြီးတော့ သူဘာပြောသွားသေးလဲ"

"သွားဦးမယ်နော်တဲ့"

"ဟင် . . ဒါပဲလား"





"အေးလေ . . ဒါပဲ . . ပြောပြောဆိုဆိုနဲ့ ချာခနဲလှည့်ထွက်သွားလို့ ဘာမှတောင်မှ ငါမမေးလိုက်ရတော့ဘူး။ ဘာဖြစ်ဖြစ်ကွာ မင်းကို သူသံယော ဇဉ်မပြတ်ဘူး။ ငါ့ဟာငါသာ ဘဝပေးကုသိုလ်အရ သူဌေးကြီးဖြစ်နေပေမယ့် မင်း မမလှိုင်ရဲ့ပြောပုံဆိုပုံနဲ့တကွ သူ့မျက်နှာကို ငါအနီးကပ်မြင်လိုက်ရတော့ သေချာတယ်။ မမလှိုင် မင်းကိုချစ်နေတယ် အား . . ငတောက် . . လူယုတ် မာ . ."

"မအော်နဲ့ . . မအော်နဲ့ ဝမ်းသာလွန်းလို့ ကျွန်တော်က ခင်ဗျား ဘေးနားလေးမှာ လာထိုင်ရုံထိုင်တာ။ ခင်ဗျားကို မထိသေးဘူး။ ဆက်ပြော . . ဆက်ပြော . ."

"မင်းနေရာ မင်းပြန်မသွားရင် ငါမပြောဘူး"

"အိုဗျာ . . ခင်ဗျားအသားကို ကျွန်တော် မထိပါဘူးလို့ ကတိပေးတယ်ဗျာ။ ပြောမှာသာ ပြောစမ်းပါ"

ကိုအသေးလေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကျွန်တော်နှင့် ဆေးရာဘက်သို့ တိုးရင်း . . .

"မမလှိုင်လည်း ဒီမှာရှိတယ်။ မင်းလည်း ဒီကိုရောက်နေပြီပဲ။ မင်း သူနဲ့တွေ့ပြီး ရင်ဖွင့်လိုက်ရင် ပွဲသိမ်းပြီ"

"ဟုတ်တယ် . . ဟုတ်တယ် . . ကျွန်တော် မမလှိုင်နဲ့ သွားတွေ့မယ် . . ကိုင်း . . သူဘယ်မှာနေလဲ ပြော . ."

"အဲ . . အဲဒါတော့ ငါလည်း မသိဘူး"

"ဘာ . . ဘာလို့မသိရတာလဲ။ ခင်ဗျား ရီးတီးယားတား မလုပ်နဲ့။ ပြောစမ်းပါဗျာ။ သူဘယ်မှာနေလဲ . . ."

ကျွန်တော်က ရှေ့ကို တိုးတော့ သူက တရွေ့ရွေ့နောက်ဆုတ်ရင်း . .

"မင်း မမလှိုင်က သူပြောချင်တာတွေ ပြောပြီး တန်းထွက်သွားလို့ သူဘယ်မှာ အလုပ်လုပ်တယ်။ ဘယ်မှာနေတယ်ဆိုတာ ငါ



www.burmeseclassic.com

www.burmeseclassic.com



မေးဖို့ အချိန်မရလိုက်ဘူး။ ဒါပေမယ့် စက်ာပူက ကျဉ်းကျဉ်းလေးပါ။ သူဘယ်မှာနေတယ်ဆိုတာ ငါစုံစမ်းပေးပါ့မယ်။ ဟော့ကောင် . . မင်း ငါ့အနားမတိုးနဲ့နော် . . ကိုယ့်နေရာကိုယ်သွားတော့ . . "

"ကောင်းပြီ . . ခင်ဗျားကတိကို ကျွန်တော်ယုံတယ်။ မနက်ဖြန်ကစပြီး မမလှိုင်ဘယ်မှာနေတယ်။ ဘယ်လိုဆက်သွယ်လို့ရမယ်ဆိုတာ စုံစမ်းပေး . . . "

"အေး . . ပါ . . အေးပါ . . မနက်မိုးလင်းတာနဲ့ . . ငါစုံစမ်းပေးမယ် . . မင်းတို့တွေ အဆင်ပြေလို့ သားလေးမွေးလာရင် . . "

"သားလေးမွေးရင် ကလေးစရိတ်ပေးပါပေါ့ဗျာ။ ဟီး ဟီး ဟီး ပျော်လိုက်တာဗျာ။ ခင်ဗျားအသားကို မထိဘဲနဲ့ ကိုယ့်နေရာကိုယ်ပြန်မယ်။ မျက်တောင်မခတ်၊ မျက်စိမမှိတ်ကြည့်ထားပေတော့ . . မင်းသပြိုင်(မင်းသားပြိုင်)အကလေးနဲ့ မဟာဆန်ဆန်သွားပြမှာ . . "

"လာ . . ပါ မေပုလဲ . . စွဲမက်ပါတယ် . . ပျိုဖြူ . . အပျို့စန္ဒကူး ပန်းဦးပန်မယ့်သူခင်ဗျား . . တား . . လား . . လား . . လား"

"အို . . ကောင်လေး . . ပန်တျာတောက်တောက်ရေ . . . ကြိုးစားထားကွ . . ဘုရားဖူးတွေ လာကုန်ပြီ"

"ဘုရားဖူးတွေလာရင် ခင်ဗျားရှေ့မှာ ခွက်ချထားလိုက် . . လာပါ မေပုလဲ . . စွဲမက်ပါတယ် . . ပျိုဖြူ အပျို့စန္ဒကူး . . ပန်းဦးပန်မယ့်သူ ခင်ဗျာရေ . . တား . . လား . . လား . . လား"

"အေးလေ . . အေးလေ . . တော်ပါတော့လေးလား . . . ပန်တျာတောက်တောက်ရေ . . ကလေးတွေက မျက်စိနောက်ပြီး ခဲတွေကောက်ကုန်ပြီကွ"

"ခင်ဗျားရဲ့ မယားပါသားတွေကို ချိုကိုင်၊ အမြီးဆွဲပြီး တောင်းပန်ထားဗျာ။ ဒီမှာ သဘင်ဦးသျှောင်ကြီး အနုပညာအဆီ အနှစ်တွေပြနေတာ . . အနှောင့်အယှက်မဖြစ်စေနဲ့ . . အပျို့စန္ဒကူး





. . ပန်းဦးပန်မယ့်သူ . . ခင်ဗျာရေ . . ခင်ဗျာရေ . . "

"သီချင်းထဲက အပျို့စန္ဒကူး . . ဆိုတာ ဘယ်လိုအဓိပ္ပါယ်ရှားလဲ သဘင်ဦးသျှောင်ကြီးရယ် . . ရင်တုန်ပန်းတုန်ရှိပါဘိသနဲ့"

"ခင်ဗျားဘယ်လိုဖြစ်နေတာလဲ ကိုအသေးလေး . . . ကျွန်တော့်ဟာကျွန်တော် ပျော်လွန်းလို့ နှစ်ပါးသွားမြိုင်ထကို မင်းသားမြိုင်အကနဲ့ ကနေတဲ့ကိစ္စ အနှောင့်အယှက်တွေ ပေးလှချည်လား။ သွား၊ သွားမကြည့်ချင်ရင်ရုံအပြင် အဲလေ . . ကွန်တိန်နာ အပြင်ကိုထွက်ဗျာ . . ပိုက်ဆံပြန်အမ်းပေးမယ်"

"အဲဒီ့လောက်ကြီးအထိ မရက်စက်နဲ့လေကွာ။ သဘင်ဦးသျှောင်ကြီးမကွယ်လွန် . . အဲလေ . . အရွယ်မလွန်ခင် နောင်လာနောက်သားတွေ အမှတ်မမှားရအောင်လို့ မရှင်းတာလေးတွေ မေးမိတာပါဗျာ . . စိတ် . . မဆိုး . . ပါနဲ့ . . ရှင်း . . လင်း . . ပြီးမှ . . ဆက်,ကပေတော့ . . ဆက်ကပေတော့ ဟော့ ဟော့ ဟော့ . . . အောင်မလေး သေပါပြီဗျ . . "

ဟု ကိုအသေးလေးက ငယ်သံပါအောင် အော်လိုက်သဖြင့် သူ့ အသားကိုမထိအောင် သူနှင့် ခပ်လှမ်းလှမ်းမှာ ကနေသော ကျွန်တော်က သူ့ကိုလှည့်ကြည့်လိုက်တော့ . . .

သူ့ကို ကျွန်တော် ထိမည်စိုး၍ နောက်သို့မှောက်လျှားထိုးလေးဆုတ်ရင်း ကျွန်တော့်ဘက်ကို ခေါင်းပေးကာ ကိုရဲဘက်ကိုခြင်ပေးမိသော ကိုအသေးလေးအဖို့ မီးသတ်ကားနှင့်အပြိုင် ဥသြဆွဲရင်း ခြေညောင်းလက် ဆန့်လုပ်လိုက်သော ကိုရဲကြီး၏ ဆင်ခြေထောက်လောက်နီးပါး ကြီးမားထွားကြိုင်းသည့် ညာခြေထောက်ကြီးက ကိုအသေးလေး၏ ဒကျ်ရာဟောင်းပေါ်သို့ ကွက်တိကျရောက်နေသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ပါးစပ်မှ မနေနိုင်ဘဲ ထွက်လာသည့် သံစဉ်က . . .



www.burmeseclassic.com


www.burmeseclassic.com



"သူတည်းတစ်ယောက် . . . ကောင်းဖို့ရောက်မူ . . သူတစ်ယောက်မှာ. . ပျက်လင့်ကာသာ ဓမ္မတာတည်း . . ဟီး. . အီး. တည်း . . ဟီး အီး"







စင်္ကာပူစံတော်ချိန် မနက် ၉း၃၀

"Wait"

"စောင့်နေ" ဆိုတဲ့ အသံကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ကားပါကင်တစ်ခုမှာ ကားကရပ်နားပြီး ဖြစ်သလို နီစပ်စပ်၊ ဗိုပြတ်ပြတ်ကလည်း ကားထဲမှ ထွက်သွားတာကို မြင်လိုက်ရသဖြင့် ငါဘယ်ကိုရောက်နေပါလိမ့်ဆိုပြီး ပတ်ဝန်းကျင်ကို လေ့လာသမှုပြုလိုက်တော့ . . .

အလို . . ဘုရား . . ဘုရား . . ဒီနေရာကို ငါမြင်ဖူး၊ တွေ့ဖူးဘယ်မှတ်နေတာ လက်စသတ်တော့ ချန်ဂီလေဆိပ်က ကားရပ်ခန်းကြီးပဲ။ ဘယ်လိုအကြောင်းနဲ့ ငါ့ကို ဒီကိုခေါ်လာတာလဲ . . ။

ညက ဟိုမှာ ငါမအိပ်တာသိသွားလို့ မြန်မာပြည်ကို ပြန်ပို့မလို့လား။ ကြမ်းပိုးတောထဲ အိပ်ရမယ့်အစား ရင်ကော့ပြီးပြန်ပြလိုက်မယ်။

အောင်မယ်လေး . . လေး . . ပြန်လို့ လုံးဝ . . လုံးဝမဖြစ်ဘူး။ ငါ့နှလုံးသားမှာ အမြစ်တွယ်ပြီး အလေ့ကျပေါက်လာတဲ့ အချစ်ပန်းကောင်းလေးတစ်ပွင့်ဟာ စလုံးရေ . . စလုံးမြေနဲ့အတူ မကြာခင်ရှင်သန်လာတော့မှာ . .

အချစ်ရှိရာအရပ်ကိုရောက်ပြီးမှ အချစ်မျက်ခြည်အပြတ်

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တော့ဘူး။ စိမ်းလန်းစိုပြည်ပြီး သန့်ထွားကြွခိုင်လာတော့မယ့် အချစ်မျိုးစေ့တွေကို မရိတ်သိမ်းရမချင်း ဒီမြေ ဒီရေကနေ မခွာတော့ဘူး။ စက်ဘူကွန်းရေမြုပ်မှ ပြန်ဖို့စဉ်းစားမယ်။

အဲဒါကြောင့် အခုအချိန်မှာ သိကြားမင်းကြီးက နားကင်းကြီးနဲ့ဆီးတားပြီး ဟဲ့ ငတောက် ကိုယ့်နေရာကိုယ်ပြန်လို့ပြောရင်တောင်မှ ခြေသလုံးဖက်ပြီး တောင်းပန်ရင်း ပြန်ဖို့အရေးကို ငြင်းဆန်မယ်လို့တောင်မှ ဆုံးဖြတ်ထားလိုက်ပြီဗျ။

အခုအချိန်မှာတော့ မမလှိုင်ရဲ့ မျက်နှာလေးကလွဲပြီး ဘယ်သူ့မျက်ခွက်မှမကြည့်ချင်တော့ဘူး။ ရင်ခုန်သံတစ်ချက်တိုင်းဟာ မမလှိုင် . . မမလှိုင်နဲ့ ဖြစ်နေခဲ့ပြီမို့ . . .

မမလှိုင်ရေ . . မမလှိုင်ရဲ့ သစ္စာတွေထားစို့လား . . သံသာလေ ကမ်းတိုင်ကို တူပြိုင်ကာ ကူးမယ်ဆိုရင်တော့ မမလှိုင်က ရှေ့ကသွားရင် တစ်ဖဝါးမှမခွာဘဲ ဖဝါးထပ်မျှ တောက်တောက်က နောက်ကနေ တကောက်ကောက်လိုက်မှာပဲဗျ။

ဆံထုံးနောက် သျှောင်ပါရသလားလို့ အများကမေးငေါ့ရင်လည်း တောက်တောက်ခံမယ်။ ချစ်တာကိုးဗျ။

ချစ်တယ်ဆိုတဲ့ စကားဟာလည်း ကျွန်တော့်နှုတ်ခမ်းနှစ်လွှာက လွယ်လင့်တကူ ပွင့်ထွက်လာတယ်လို့များ ထင်နေသလားဗျာ။ နှလုံးသားရဲ့ အနက်ရှိုင်းဆုံးက နိုးကြွားထကြွလာတဲ့ စစ်မှန်တဲ့ ချစ်ခြင်းနဲ့ပါမမလှိုင်ရဲ့။ ချစ်တယ်ဆိုတဲ့စကားလေး မမလှိုင်ကို ပြောဖို့အတွက် ဘယ်ဂလောက်တောင် ကြိုးစားရသလဲဆိုတာ မမလှိုင်မသိလို့များ . . .

"ချစ်တယ်ဆိုတဲ့စကားရာရာစစ မင်းကငါ့ကိုပြောရဲတယ်ပေါ့။ ခွေးလေးအရောဝင် ပါးလျက်၊ နားလျက်ဆိုတာ တယ်မှန်ပါလားတဲ့"





မမလှိုင်ရဲ့စကားကြောင့် ကျွန်တော့်မှာ ငါတော့ခွေးလုံးလုံးကြီးဖြစ်ရပြီ။ ပြောရက်ပါပေ့ မမလှိုင်ရယ်လို့ ဝမ်းနည်းကြေကွဲပေမယ့် ခွေးဖြစ်ရတာတောင်မှ လျက်ရမယ့်နေရာကို အတိအကျမြေပုံညွှန်းနဲ့တကွ ညွှန်ပြထားလေတော့ . . .

အိမ်ကြို၊ အိမ်ကြား၊ အိမ်သာကြို၊ အိမ်သာကြားက ဟိုအပုံ၊ ဒီအပုံကို 'ဟပ်' ရမယ်၊ 'လျက်' ရမယ်လို့ မပြောရက်ခဲ့တာတွေကိုပြန်တွေးမိရင်း မမလှိုင်ဟာငါ့အပေါ် ထားတဲ့သံယောဇဉ်တွေ မလျော့ပါသေးပါလားလို့ တွေးမိတိုင်း ကြည်နူးနေမိပါတယ် မမလှိုင် . . .

ပိန်လှီပြားကပ်နေတဲ့ မော်ဒယ်တွေလိုမဟုတ်ဘဲ မယ်မြန်မာ၊ မယ်ကမ္ဘာတွေလို ဖွံ့ဖွံ့ထွားထွားနဲ့ လှအားကြွယ်တဲ့ မမလှိုင်ရဲ့ အလှမှာ ယစ်မူးပြီး ချစ်ခဲ့မိသလို . . .

အမျိုးကောင်းသမီးပီပီ သူတစ်ပါးအသက်ကို သတ်ဖို့မဝံ့ရဲလို့ "တောက်တောက်ရေ လုပ်ပါဦး။ မမလှိုင်ဝယ်လာတဲ့ ပုစွန်ဆိတ်ကလေးတွေက မသေသေးဘူး"

လှုပ်လှုပ်လှုပ်လှုပ်နဲ့လို့ ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ ကြောက်ဒန့်တကြားဖြစ်နေတဲ့ မမလှိုင်အတွက် ရဲရင့်တဲ့ယောကျ်ားပီပီ ကျွန်တော်ကိုယ်တိုင် ပုစွန်ဆိတ်ကလေးတွေရဲ့ခေါင်းကို ဆတ်ခနဲ၊ ဆတ်ခနဲချိုးပေးလိုက်မှ သက်ပြင်းရှည်ကြီးချပြီး ပြုံးပန်းတဝေဝေနဲ့ ပုစွန်ထင်းချက်ကိုချက်ရဲတော့တဲ့ မမလှိုင်ရဲ့ စိတ်နှလုံး နူးညံ့သိမ်မွေ့မှုတွေအတွက်လည်း ကျွန်တော်က အမှတ်တွေအပြည့်ပေးပြီး ချစ်ခဲ့ရတာပါ မမလှိုင် . . .

စောစောစီးစီး ဘုရားဖူးအသွားလမ်းပေါ်မှာ ပိုက်ဆံအိတ်တစ်လုံး ကျွန်တော် ကောက်ရတုန်းကလည်း . . . .

"တောက်တောက်ရေ . . ရေအဆုံး ကုန်းတစ်ဝက်တဲ့ တောက်တောက်တစ်ဝက်၊ မမလှိုင်တစ်ဝက်နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



လို့ မျှတမှုအပြည့်နဲ့မယိမ်းမယိုင် စာရိတ္တမဏ္ဍိုင်တွေကြောင့် မမလှိုင်ကို ကျွန်တော်အချစ်ပိုခဲ့မိတာပါ။

မမလှိုင်ကို ကျွန်တော်မချစ်ဘဲ မနေနိုင်တော့တာဟာလည်း အနေနီးစပ်မှုက စတယ်လို့ပြောရမလားဟင်။

မမလှိုင်တို့က အောက်ထပ်၊ ကျွန်တော်တို့က အပေါ်ထပ် အဲဒီလိုနဲ့ တစ်မြေတည်းနေပြီး ဂျိုးဖြူရေတစ်ပိုက်တည်း သောက်ခဲ့ကြ မှတော့ မနီးစပ်ဘဲနေပါ့မလားဗျာ။

နောက်ပြီးတော့ ရပ်ကွက် သာရေး၊ နာရေးမှာ တက်တက် ကြွကြွနဲ့ တစ်တပ်တအားပါဝင်ရင်း ဘုန်းကြီးတွေပြန်ကြွသွားတာနဲ့ ရှေ့ဆုံးကနေပြီး ခေါင်းမဖော်တမ်း စားသောက်တတ်တဲ့ မမလှိုင်ရဲ့ မိဘတွေကိုလည်း တစ်ရပ်ကွက်လုံးက ရှေ့တန်းတင်ပြီး အားတိုး အားထားပြုကြသလို . . .

ကထိန်ပွဲကစလို့ ရပ်ကွက်အလှူပွဲတွေမှာ ကျွန်တော် ကို အတွက် အလှပြင်ပေးဖို့ကလည်း မမလှိုင်ကိုပဲ အားကိုးရပြန်တယ် လေ။

ကျွန်တော်တစ်ယောက် ကြွကြွရွရွနဲ့ကပြနိုင်အောင် လှလှ ပပ လိမ်းခြယ်ပြင်ဆင်ပေးနေတဲ့ မမလှိုင်ကို အနီးကပ်ကြည့်ရင်း ကျွန်တော်ရင်ခုန်သံတွေမြန်ခဲ့မိတာဟာ ကျွန်တော့်အပြစ်လား။

ကျွန်တော့်အပေါ်ထားခဲ့တဲ့ နှိုင်းတုလို့မရတဲ့ မမလှိုင်ရဲ့ စေတနာတွေကြောင့် ရွှေတံဆိပ်ဆုကြီးကို ကျွန်တော်ဆွတ်ခူးရရှိခဲ့ တော့ အဲဒီရွှေတံဆိပ်ကိုဆုအဖြစ် မမလှိုင်ကို ပေးအပ်တုန်းကလည်း

"ဒီဆုတံဆိပ်ဟာတောက်တောက်ရဲ့ အနုပညာသမိုင်း ကြောင်းမှာ ဂုဏ်ယူစရာအကောင်းဆုံး အထိမ်းအမှတ်ပစ္စည်းကြီးပါ မမလှိုင်မယူရက်ပါဘူး။ လက်မခံပါရစေနဲ့။ အမှတ်တရအနေနဲ့ဆိုရင် ဆုငွေတွေပဲပေးပါ"





လို့ ဆိုတဲ့ ညှာတာထောက်ထား အလိုက်သိတတ်တဲ့ မမလှိုင် လို မိန်းမသားမျိုးကိုမှ မချစ်ခဲ့ရင် ကျွန်တော် ဘယ်သူ့ကို ချစ်ရပါ့မလဲ မမလှိုင် . . .

လက်ပွန်းတတီးနဲ့ အတူနေ၊ အတူစား၊ အတူသွားခဲ့ကြတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ နှလုံးသားတွေဟာ တစ်နေ့သောအခါမှာ သူ့အလိုလို ရွှေလမ်းငွေလမ်းဖောက်လာလိမ့်မယ်လို့ ကလေးငယ်တစ် ယောက်လို ယုံကြည်မျှော်လင့်မိခဲ့တာဟာလည်း မဟာသမုဒ္ဒရာ ကမ်း အစပ်မှာ ရှူးရှူးပေါက်မိသလို အရာမထင်အောင်ဖြစ်ခဲ့ရခြင်းရဲ့ အကြောင်းအရင်းက . .

ပွဲစားမကြီး ဒေါ်သီဟန်နဲ့ သားတော်မောင်ဝင်းထွန်းတို့ ကြောင့်ပဲမဟုတ်ပါလား မမလှိုင် . . .

ကျွန်တော်တို့ရပ်ကွက်ကလေးထဲသို့ ပြောင်းရွှေ့လာတာ ကြာသေးတဲ့ ပွဲစားမကြီးဒေါ်သီဟန်နဲ့ဝင်းထွန်းတို့သားအမိခများ နောက်မှပေါက်တဲ့ ရွှေကြာပင်ဆိုပေမယ့် ဝေဆာကာ တင့်တယ်လာ တာက မမလှိုင်ရဲ့အဖေ ဦးပြည့်စုံကြောင့်ဆိုရင်လည်း မမှားပါဘူး။

ဦးပြည့်စုံရဲ့ စောင်မမှုနဲ့ ပွဲစားမကြီး ဒေါ်သီဟန်တစ်ရှိန်ထိုး ကျော်ကြားလူသိများလာသလို မမလှိုင်တို့အိမ်ကိုအဝင်အထွက် စိပ် လာတဲ့ဝင်းထွန်းကို မနာလိုသဝန်တိုဖြစ်ခဲ့ရတာလည်း မမလှိုင်ကိုချစ် တဲ့ ကျွန်တော့်ရဲ့ချစ်စိတ်ကြောင့်ပါပဲလေ။

ကားပွဲစား ဝင်းထွန်းရဲ့ ထည်လဲမျိုးစုံသော ကားတွေ မမလှိုင် တို့ အိမ်ရှေ့မှာရပ်တိုင်း ကျွန်တော့်နှလုံးသားကို ကားနင်းသလို ခံစား ရလွန်းလို့ မြွေမြွေချင်း ခြေမြင်ရုံမက သဲကြိုးကိုပါကြိုမြင်မိတဲ့ ကျွန်တော့်အဖို့ အိပ်မရတဲ့ ညပေါင်းတွေများခဲ့ရပြီပေါ့။

ရုပ်ရှင်ဗွီဒီယို၊ ဝတ္ထုတွေထဲကလို မလိမ္မာ ခဏခဏမိုက်မိခဲ့ တဲ့ မိဘတွေရဲ့ အသုံးအစွဲမတတ်မှုကြောင့် အကြွေးတွေ လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



နစ်နေလို့ သမီးကိုထိုးအပ်လိုက်ရတယ်ဆိုရင်လည်း . . .

ဘဝအတွက် နှလုံးသားကို စတေးခံလိုက်ရတဲ့ သမီးအလိမ္မာ အဖြစ် မမလှိုင်ကိုသတ်မှတ်ပြီး နှမြောတသစွာနဲ့ စီးကျလာမယ့် မျက်ရည်ကို လူမမြင်အောင် အားတင်းဖန်ဆင်းလို့ ခွဲခွာနှုတ်ဆက်ဖို့ လည်း ဝန်မလေးခဲ့ပါဘူး မမလှိုင် . . .

အခုတော့ ဖြစ်ချင်တိုင်းလည်း မဖြစ်လိုက်ရတဲ့ လောကကြီး မှာ ချစ်ချင်တိုင်းလည်း မချစ်လိုက်ရဘဲ လမ်းခွဲခဲ့ကြတဲ့ ဦးပြည့်စုံနဲ့ဒေါ် သီဟန်တို့ရဲ့ ငယ်ကအချစ်အနှစ်တစ်ရာ မမေ့သာဆိုတဲ့ အဖြစ်တွေနဲ့ လေးဆယ်ကျော်အချစ်တွေက ရှုပိုးထိုးပြီး လူကြီးချင်းမပေါင်းရရင် တောင် ကလေးချင်းတော့ ပေါင်းရစေမယ်လို့ မဟာစီမံကိန်းကြီးကို ချမှတ်ပြီးအားတက်သရော အကောင်အထည်ဖော်နေကြတဲ့ အိုကြီး အိုမတွေကို ကျွန်တော်ဘယ်လိုယှဉ်ပြိုင်ပြီးရင်ဆိုင်ရမလဲမမလှိုင် . .

အားကိုးရာမဲ့နေတဲ့ ကျွန်တော့်အဖို့ စကြာပူကနေ ခွင့်ပြန် လာတဲ့ အိမ်နီးနားချင်း ကိုအသေးလေးကို ဖွင့်ဟတိုင်ပင်ခဲ့တာက လည်း မမလှိုင်ကို ချစ်လို့ပါပဲ။

အချစ်နဲ့ ဟိုဒင်းကို အောင့်ထားလို့ကတော့ ဒုက္ခတွေလှလှ ပပ ကြွေရရကြီးတွေ့လိမ့်မယ်ကွ။ ယောကျ်ားပီပီရဲရဲရင့်ရင့်နဲ့ မင်းရဲ့ အချစ်တွေကို မမလှိုင်သိအောင် ရင်ဖွင့်ပစ်လိုက်စမ်း။ မင်းနောက်မှာ ငါရှိတယ်လို့ အဆင်းကို ဘီးတပ်ပေးရုံမက ဘရိတ်ပါဖြုတ်ပြီး ချောဆီ သုတ်ပေးခဲ့တဲ့ ကိုအသေးလေးရဲ့ မြှောက်ထိုးပင့်ကော်စကားကို မေ့ ဝယ်မကျ နားထောင်ရင်း . . .

တုနှိုင်းမရတဲ့ အချစ်မေတ္တာကြီး ရေအလျှင်ကြီးဟာ အသိ ဉာဏ်ဆိုတဲ့ ခနော်နီ၊ ခနော်နဲ့ တာတမံကို ကျော်လွန်ချိုးဖောက်ပြီး မမလှိုင်ရဲ့ရှေ့မှာ ဒူးထောက်ကာ ရင်ဖွင့်လိုက်တဲ့ သတ္တာလ . . .

ကျွန်တော်တစ်ယောက် လျက်ရမယ့်နေရာအတိအကျနဲ့ လူ





င်ဝင်ကခွေးဖြစ်ခဲ့ရတာပဲ အဖတ်တင်ခဲ့တယ်မဟုတ်လားမမလှိုင်. .

"ရာရာစစ နို့နံ့မစင်သေးတဲ့ မင်းက ငါ့ကိုများဒီစကားပြော ရတယ်"

လို့ ဆိုပြီး ဒေါသတွေထွက်နေတာ မြင်ရပြန်တော့လည်း ကိုအသေးလေးတိုက်လို့ ကျွန်တော် ပဲနို့တစ်ဘူးသောက်လာတာ မလှိုင် ဘယ်လိုများသိသွားပါလိမ့်။ အနံ့ခံကောင်းလှချည်လားလို့ တောင်မှ တအံ့တသြဖြစ်မိခဲ့ပါသေးတယ်ဗျာ . . .

"မင်းထက် ငါသုံးနှစ်နီးပါးလောက်ပဲ ကြီးတယ်ဆိုပေမယ့် ပါတာရင့်ကျက်တဲ့မိန်းကလေး၊ ငါ့ဦးနှောက်နဲ့ငါ ဆုံးဖြတ်မယ်။ မင်း င်စွက်စရာမလိုဘူး"

လို့ ပြောပြန်တော့လည်း အိမ်ထောင်စုစာရင်းဇယားအရ ကျွန်တော့်ထက် လေးနှစ်နဲ့ နှစ်လတိတိ အသက်ကြီးနေတာကို သိထား ဆမယ့် ကျွန်တော် ဝင်မစွက်ခဲ့တာဟာလည်း မမလှိုင်ကို ချစ်လို့ပဲ မဟုတ်လား။

"မိန်းကလေးတန်မဲ့ရဲရဲ့ဝံ့ဝံ့၊ စွန့်စွန့်စားစားနဲ့ ရေခြားမြေခြား ကိုသွားပြီး စီးပွားရှာဖို့အတွက် ဒေါ်သီဟန်တို့သားအမိရဲ့ အဆက် အသွယ်တွေနဲ့ ငါကြိုးစားနေချိန်မှာ . . .

မင်းကတော့ ဘွဲ့တစ်ခုရလို့ ပညာစုံခဲ့တာတောင်မှ မိဘတွေ ကို တစ်လှည့်လုပ်ကျွေးဖို့ မစဉ်းစားဘဲ ယောကျ်ားတန်မဲ့ ခေတ်နောက် ကျန်ဆွဲရင်း ဒူးထောက်ပြီးအချစ်ကို အသနားခံနေလိုက်တာများကွာ။ မယ် တောက်တောက် မင်းငါ့အချစ်ကိုလိုချင်ရင် ခေတ်နဲ့အညီ ရင်ပေါင်တန်းပြီး ဂန္ထဝင်မြောက် ရည်းစားစကားတွေကို ဗြိတိသျှလို ပြောတတ်အောင် အရင်သင်ဦး . . ပြောတတ်ပြီဆိုမှ ငါ့ဆီပြန်လာခဲ့။ င်းပြောပြမယ့် ဗြိတိသျှရည်းစားစကားတွေကို 'တန့်စ်မှန်မမှန်၊ ိုနေးတစ်' အသံထွက်ကောင်း၊ မကောင်း အရင်ဆုံးနားထောင်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ငါစဉ်းစားပါရစေ"

"အိုကေ . . ယူကန် ဂိုးဘက်ခ်"

ဆိုပြီး အမိန့်တော်ချမှတ်လိုက်လေတော့ ဝမ်းနည်းပက်လက် ဝမ်းနည်းမှောက်ခုံတွေနဲ့ အံ့ဩမှင်သက်ပြီး ပါးစပ်အဟောင်းသား ဖွင့်ကာ ကျောက်ရုပ်ဖြစ်သွားတဲ့ ကျွန်တော့်ကို . . .

မင်းနောက်မှာ ငါရှိတယ်လို့ ကတိပေးထားတဲ့အတိုင်း ကျွန်တော့်နောက်ကနံရံမှာ ကွယ်ရင်းချောင်းကြည့်နေတဲ့ ကိုအသေး လေးက ရင့်ကျက်တဲ့ ဣန္ဒြေကိုဆောင်တဲ့ခြေလှမ်းများနဲ့ အထဲဝင်လာ ပြီး ကျွန်တော့်ပခုံးကို ပုတ်ကာ . . .

"မင်းသွားလိုရာကို သွားနိုင်ပြီလို့ ဗြိတိသျှစကားနဲ့ ယဉ်ယဉ် ကျေးကျေး မောင်းထုတ်တာကွ ဘိုတောက်ရ"

လို့ မခံချိမခံသာ တုန်တုန်ရင်ရင်အသံကြီးနဲ့ပြောရင်း ကိုအ သေးလေးရဲ့ မေးကြောကြီးတွေ ထောင်လာတာကို ကျွန်တော်တအံ့ တဩတွေ့လိုက်ရစဉ်မှာပဲ ကိုအသေးလေးက ကျွန်တော့်ကို ကျော ပေးနေတဲ့ မမလှိုင်ကို လှမ်းကြည့်ပြီး . . . .

"အိပ်(ခ) (စ) ကျူ(စ်) မီ . . ."

"ဒီမယ် တစ်ဆိတ်လောက် . ." လို့ အစီပွါယ်ရတဲ့ ဗြိတိသျှ စကားကို ရှင်းလင်းပီသစွာဖြင့် ဘိုသံပါပါ ပြောလိုက်တဲ့အတွက် မမလှိုင်က သမင်လည်ပြန် ကျွန်တော်တို့ကို လှည့်ကြည့်ပါတယ်။

ဒီအချိန်မှာ ကိုအသေးလေးရဲ့ မျက်နှာပေါ်မှာ ဝမ်းနည်း ခြင်း၊ ယူကျုံးမရခြင်းတွေအပြင် ဒေါသပါပေါင်းစပ်ပြီး ဝင်းဝင်း တောက်နေတဲ့ မျက်လုံးအစုံကိုပါ မြင်လိုက်ရလို့ ကျွန်တော်တုန်လှုပ် သွားမိတာပေါ့။

ကိုအသေးလေးက ကျွန်တော်နဲ့ တရင်းတနှီးပေါင်းသင်း လာခဲ့တဲ့ ညီအစ်ကိုလို သံယောဇဉ်ရှိတဲ့သူဖြစ်လေတော့ ကျွန်တော့်





ဘက်က မခံမရပ်နိုင်ဖြစ်ပြီး နိုင်ငံခြားပြန်ပီပီ သူတတ်စွမ်းတဲ့ ဗြိတိသျှ စကားတွေနဲ့ မမလှိုင်ကို ပက်ပက်စက်စက်ပြောတော့မယ်ဆိုတာ ကျွန်တော်ကောင်းကောင်းကြီး ရိပ်မိလိုက်ပါပြီ။

ဒါပေမယ့်ဗျာ ကျွန်တော့်နှလုံးသားနဲ့ရင်းပြီး ချစ်ခဲ့ရတဲ့ မမလှိုင်ကို ဘယ်လိုဘာသာစကားနဲ့ပဲဖြစ်ဖြစ် ပက်ပက်စက်စက်ပြော မှာကိုတော့ ကိုအသေးလေးကို ခွင့်မပြုနိုင်ဘူး။ အဲဒါကြောင့် ကို အသေးလေးရဲ့လက်ကို လှမ်းဆွဲလိုက်ချိန်မှာ သူက ကျွန်တော့်လက် ကိုပုတ်ချပြီး မီးထတောက်လောင်တဲ့အထိဝင်းဝင်းလက်နေတဲ့ ဒေါသ မျက်လုံးနဲ့ မမလှိုင်ကိုစူးစူးရဲရဲကြည့်ရင်း . . .

"သွားလိုက်ပါဦးမယ်"

လို့ မြန်မာလို ပီပီသသကြီးပြောကာ ကျွန်တော့်လက်ကို ဆွဲပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ထွက်သွားလို့ သူ့နောက်ကို ကောက် ကောက်ပါအောင် ကျွန်တော်လိုက်ခဲ့ရတဲ့အချိန်မှာ ကျွန်တော့်နှလုံး သားနုနုလေးဟာ မီးလောင်တိုက်သွင်းခံလိုက်ရသလို ပြာဖြစ်ခဲ့ရပြီ ပေါ့။

ဩော် . . နှလုံးသားပြာကျ၊ လူမှာ ကမောက်ကမဖြစ်သွား ပေမယ့် အမှတ်မရှိတဲ့ အသည်းကတော့ ပြာပုံကြားမှာကို လန်းလန်း ဆန်းဆန်းကြီး ပွင့်လန်းနေတာကို တအံ့တဩတွေ့လိုက်ရလို့ . . .

ရည်းစားစကားကို မြန်မာလိုပြောတာ မမလှိုင်နားဝင်မချို ရှင်လည်း ဗြိတိသျှစကားနဲ့ အားရပါးရ ရည်းစားစကားပြောပြလိုက် တွေဆိုပြီး တစ်မြို့လုံးမှာရှိသမျှ ဗြိတိသျှစပီကင်သင်တန်းမှန်သမျှ တစ်ခုမကျန် အလွတ်မပေးဘဲနဲ့ ဘာသာခြားစကားကို အားကြိုးမာန် တက် သင်အံလေ့ကျက်ရတော့တာပေါ့ . . .

အဲဒီတော့လည်း ဗြိတိသျှပြောကြား အင်္ဂလိပ်စကား

အင်္ဂလိပ်ပြောကြား အမေရိကန်စကား



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြောကြား ဗြိတိသျှစကားစသည်ဖြင့် စသည်ဖြင့် သံတူကြောင်းကွဲ၊ ကြောင်းကွဲသံတူတွေနဲ့ ဆရာအဖုံဖုံရဲ့ အယူဝါဒမျိုးစုံကို ကမ်းကုန်အောင်သင်ယူရင်းက . .

ခက်ရာခဲဆစ်ဖိုးနက်တစ်လို့ခေါ်တဲ့ အသံထွက်ခြင်းအတတ်ပညာမှာလည်း တချို့ကအောက်စဖွတ်၊ တချို့ကကိန်းဘရစ်နဲ့ ဆရာသခင်တွေရဲ့ ကွဲပြားလှတဲ့ ဝိဝါဒတွေကြားထဲမှာ အတို့ကျွန်မှာလည်းနှုတ်ခမ်းနှစ်လွှာက လေသံမဟာခင် မေးရိုးကြီးက ဂိယာထိုးထားသလိုရှေ့ထွက်ထွက်လာလို့ စကားတစ်ခွန်းထွက်ဖို့အရေး မေးကိုနှစ်ခါသုံးခါထိုးရတဲ့အထိ ကြိုးစားပမ်းစားနဲ့ ဗြိတိသျှစကားတွေကို နပန်းလုံးရင်းက . . .

"အကျွန်ုပ်၏နှစ်လွှာသော နှုတ်ခမ်းမှ ထုတ်ဖော်ရွတ်ဆိုအပ်သော ချစ်ခြင်းမေတ္တာစကားအရာထက် အစပေါင်း သိန်းသောင်းချီ၍ ပိုမိုနက်ရှိုင်းသာလွန်ကြီးမားသော . . .

ကိ မေ မုခဝေ ဝ ဠို ကေန

အထခေါ မယှ်ျ မေတ္တာပေမံ

တုယှ်ျ ဥပရိ ပမာနံ နတ္ထိ။

တုနှိုင်းယှဉ်လို့မရသည့် မေတ္တာတော်အနန္တနှင့် သင့်ကိုချစ်ပါ၏"

လို့အနက်အဓိပ္ပါယ်ထွက်တဲ့ . . .

"I Love You More Than I Can Say"

ဆိုတဲ့ ဗြိတိသျှစကားနဲ့ ချစ်ခြင်းဖွဲ့သီမှုတွေက အစ . .

ဒီ့ထက်မက အဆင့်မြင့်တဲ့ မေတ္တာစကားတွေကိုပါ ဗြိတိသျှလို သံစဉ်ခုနစ်ပါးနဲ့ ကောင်းမွန်စွာရွတ်ဆိုတဲ့သကာလ . . .

လုံးဝအတွေ့မခံတဲ့ မမလှိုင်ဆီကို အရောက်လှမ်းပြီး နားနဲ့မနာ ဖဝါးနဲ့နာခိုင်းမယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ရေခြားမြေခြား





ကို စတင်ထွက်ခွာဖို့အတွက် ဝင်းထွန်းရဲ့ကားပေါ်ကို ကြွကြွရွရွလေးတက်လိုက်တဲ့ မမလှိုင်ကို လွမ်းစတွေဝေသီနေတဲ့ မျက်ဝန်းအစုံနဲ့ကျွန်တော်ကြည့်ရင်း. .

"သုတိမင်္ဂလာနဲ့ ပြည့်စုံသောခရီးဖြစ်ပါစေလို့" အဓိပ္ပါယ်ရတဲ့. . . .

"Have a Nice Trip" နဲ့

"ဘယ်သောအခါမှ နှုတ်ဆက်စကားမပြောကြားဘူး"

လို့အနက်ထွက်တဲ့ . . . .

"Never Say Good Bye"

ဆိုတဲ့ စကားတွေကိုသာ လှိုက်လှိုက်လှဲလှဲနဲ့ ဗြိတိသျှလိုရွတ်ဆိုပြခဲ့ရပေမယ့် . . .

ကျွန်တော့်မျက်ဝန်းအစုံမှာသာမက ရင်ထဲ၊ နှလုံးသားထဲမှာပါ ယိုစီးခဲ့ရတဲ့ မျက်ရည်တွေကတော့ မြန်မာပီပီ၊ မြန်မာလို ကျခဲ့ရတဲ့မျက်ရည်တွေဆိုတာကိုတော့ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို သက်သေအရာထားပြီး ကျိန်ဆိုဝံ့ပါတယ်မမလှိုင်. .

အားလပ်တဲ့အခါတိုင်း သတိရတဲ့အခါတိုင်း အောက်ကိုငုံ့ကြည့်ပြီး အလွမ်းဖြေခဲ့ရတဲ့ ကျွန်တော့်မှာလည်း မြေနီကုန်းကို ပြောင်းရွှေ့ဖို့ အားလုံးစီစဉ်ပြီးပြီလို့ ပြောကြားလိုက်တဲ့မိဘနှစ်ပါးရဲ့ စကားကိုကြားလိုက်ရစဉ်မှာပဲ မမလှိုင်အတွက်နဲ့ ကျွန်တော်အလွမ်းဖြေစရာအိမ်အောက်ထပ်ကိုတောင်မှ ငုံ့ကြည့်စရာမရှိတော့ပါလားဆိုပြီးကျွန်တော်တုန်လှုပ်မိတော့တာပေါ့။

တုန်လှုပ်မိတာကလည်း တစ်ကိုယ်လုံးကို ယိမ်းထိုးသွားလို့အလန့်တကြားနဲ့ မျက်စိကိုဖွင့်ကြည့်လိုက်တော့ . . . .

"အလို . . မီးသွေးတောင်းမှောက်ကျလိုက်သလို မည်းမည်းသဲသဲ အာရှသားတွေက ကားပေါ်ကို အလုအယက်တက်နေကြပါ

www.burmeseclassic.com

www.burmeseclassic.com



လားကွယ်ရှိရဲ့လို့ အံ့ဩမဆုံးခင်မှာပဲ နီစပ်စပ်၊ ပုပြတ်ပြတ်က ကားပေါ်တက်လာပြီး စက်နှိုးလိုက်တာကြောင့် သူ့ကို စေ့ငုကြည့်လိုက်တော့ . . .

"ဘကုန်း" လို့ခေါ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေဖြစ်မှန်း သိရသလို ခါးမှာပတ်ထားတဲ့ ခါးပတ်အိတ်အသေးလေးကလွဲပြီး ခရီးဆောင်အိတ် လုံးဝမပါတဲ့ တစ်ဆယ့်ခုနစ်ယောက်သော ဘကုန်းတွေနဲ့ အတူ လက်ရည်တပြင်တည်းနဲ့ ကျွန်တော်ပါရောပြီး ဆေးစစ်ရမယ်ဆိုတဲ့အကြောင်းကို သိလိုက်ရုံမက . . .

လေယာဉ်လက်မှတ်မပါ၊ ပွဲခ(အေးဂျင့်ကြေး) အစိမ်းရှစ်ထောင်ကျော်ပေးပြီး လာရရှာတဲ့ ခမျာတွေအကြောင်းကို သိလိုက်ရတော့လည်း ရင်သပ်ရှုမောဖြစ်ရပြန်ပြီပေါ့။

ဆေးရုံရောက်တော့ အဆုတ်ကို ဓာတ်မှန်ရိုက်၊ သွေးဖောက်၊ မျက်စိစစ် စတဲ့ စတဲ့ စစ်ဆေးမှုတွေလုပ်ရင်း ဓာတ်ပုံဖလင်ထည့်တဲ့ ပလတ်စတစ်ဗူးလေးလိုမျိုး အဖုံးပါတဲ့ဗူးလေးတွေ တစ်ယောက်တစ်ခု ဝေငှပြန်တော့ ကိုယ်ရတဲ့ဗူးလေးတွေယူပြီး သန့်စင်ခန်းကို သွားရပြန်တာပေါ့။

သန့်စင်ခန်းကလည်း လှဲပြီးအိပ်လို့ရလောက်အောင်ကို သန့်ရှင်းပြီး နံ့ရုံနဲ့ကြမ်းပြင်မှာကပ်ထားတဲ့ ကြွေပြားတွေရဲ့အရောင်က ဖိတ်ဖိတ်တောက်နေတာပါပဲ။

ဘိုထိုင်အိမ်သာသုံးခုနဲ့ နံရံမှာကပ်ပြီး ပန်းလို့ရအောင် ကြွေခွက်ငါးခုလည်း တပ်ထားပေးသဗျ။ သို့ပါသော်လည်း အချင်းလက်မဝက်လောက်သာကျယ်တဲ့ ဗူးလေးထဲကို ဝင်အောင်ထည့်ရမယ်ဆိုတော့ အလေ့အကျင့်မရှိတဲ့အပြင် ဟီရိုသြတ္တပ္ပနဲ့ ပြည့်စုံတဲ့ လူမျိုးဆိုတော့လည်း 'ဘကုန်း' တွေကိုပဲ ဦးစားပေးပြီး သူတို့ပြီးမှ ကိုယ်တစ်ယောက်တည်း စိမ်ပြေနပြေ ဗူးအတွင်းကို ရေသွင်းတော့မယ်လေလို့



ဆုံးဖြတ်ကာ စိတ်အေးလက်အေးနဲ့ အခန်းဝမှာပဲ စောင့်နေလိုက်တယ်လေ . . ."

လူကုန်သလောက်ရှိမှ အခန်းထဲကိုဝင် နံရံမှာကပ်ထားတဲ့ ကြွေခွက်ထဲမှာ ပလတ်စတစ်က နေသားတကျနဲ့ လှုပ်ရှားမှုမရှိတာကို တွေ့လိုက်ရလို့ ဇစ်ကိုဖြုတ်ကာ ခွက်အပေါက်ကို တည့်တည့်ချိန်ပြီး ရွှေပြွန်ချောင်းက ရေသွန်လောင်းလိုက်တဲ့သကာလ . . .

ဖြုန်းခနဲ . . ဘကုန်းတစ်ကောင်က အပြေးအလွှားနဲ့အခန်းထဲဝင်လာပြီး ကျွန်တော်ဗူးသွင်းနေတဲ့အရာကို ငုံ့ကြည့်လိုက်တာကြောင့် ကြက်သီးမွေးညှင်းတွေ တစ်ကိုယ်လုံးထောင်ထကာ အလန့်တကြားနဲ့ ဖုံးဖုံးဖိဖိလုပ်လိုက်ရတဲ့သကာလ ခွက်လဲသွားသလို လက်လည်း ရွှဲသွားသဗျ။

ဒေါသတကြီးနဲ့ ဒင်းမျက်နှာကို စေ့စေ့ကြည့်ရင်း "မင်း ဘာလာလုပ်တာလဲ" လို့ ဗြိတိသျှစကားနဲ့ ရန်တွေ့လိုက်တာတောင်မှ အကောင့်သားက ကျွန်တော့်မျက်နှာကိုမကြည့်ဘဲ လဲကျသွားတဲ့ ခွက်ကိုကြည့်ပြီး . .

"OK ... Colour is Clear"

"ကောင်းလိုက်တဲ့ ဖြစ်ခြင်း။ သန့်ရှင်းကြည်လင်နေတဲ့ အရောင်လေး"

လို့ ဥဒါန်းကျူးရင့်ပြီးမှ ကျွန်တော့်ကိုမော့ကြည့်ရင်း သူ့ဗူးလေးကို ထောင်ပြကာ . . .

"ငါ့ကိုယ်ပိုင်ပစ္စည်းတွေက အဝါရောင် နည်းနည်းသမ်းနေတယ်၊ ဟုတ်တယ်နော် . . "

ဆိုပြီး သူ့ဟာတွေအပြည့်ဖြည့်ထားတဲ့ ပလတ်စတစ်ခွက်ကို ကျွန်တော့်မျက်နှာနားအထိ ကပ်ကာ သက်သေထူခိုင်းလေတော့ ကျွန်တော့်မှာလည်း နောက်ကို တစ်လှမ်းခုန်ဆုတ်ရင်း ဒေါသတကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ပြီး. .

"အဲဒါ ဘာဖြစ်လဲ . ."

လို့ ခပ်အုပ်အုပ်အော်လိုက်တော့ ဒင်းက မျက်နှာငယ်လေးနဲ့

မျက်စိနဲ့အမြင်မှာတောင် အဝါရောင်သမ်းနေတဲ့ သူ့ကိုယ်တွင်းထွက်ပစ္စည်းတွေဟာ ဘယ်လိုနည်းနဲ့မှ ဆေးစစ်ချက်ကို အောင်လိမ့်မယ်လို့ မထင်မိပါဘူးတဲ့။

လေယာဉ်ခနဲ့ အေးဂျင့်ကြေးပါမကျန် ကြီးလေးစွာဆောင်လို့ ဒီကိုရောက်ပြီးမှ ဆေးမအောင်လို့ ပြည်တော်ပြန်ရမယ်ဆိုရင်လည်း ပေါင်နှံ့ရောင်းချ၊ ချေးငှားထားတဲ့ အကြွေးပင်လယ်ကြီးထဲမှာ နစ်မွန်းရမယ့်အရေးထက် သေတာကမှကောင်းပါလိမ့်မယ်လို့ဆုံးဖြတ်ထားပါသတဲ့ . . အဲဒါကြောင့် . . .

စင်္ကာပူနိုင်ငံကို လာရောက်ပြီးလုပ်ကိုင်ကြတဲ့သူ အချင်းချင်း ရိုင်းပင်းကာကူညီလို့ သူ့ခွက်အတွင်းသို့ ကျွန်တော့်ရှူးရှူးအနည်ငယ်မျှပြီးထည့်ပေးပါရန် မေတ္တာရပ်ခံသည့်စကားကို ဗြိတိသျှလိုသာမက လက်ဟန်၊ ခြေဟန်နဲ့ပါ နားချနေတာကြောင့် . . .

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားတတ်တဲ့ အမျိုးကောင်းသား ကျွန်တော့်မှာလည်း မျက်ရည်လည်ရွဲနဲ့ အားကိုးရာမဲ့နေတဲ့ ဘကုန်းကြီးကို အသနားပိုသွားပေမယ့် ဘောက်မဲ့ကြောင့် သူတို့လူမျိုး အချင်းချင်းကိုမရိုင်းပင်းဘဲ အတို့ကျွန်မှသာ လာရောက်တောင်းခံသမှုပြုရကြောင်းကိုလည်း သိချင်သေးသဖြင့် စေ့ငုကြည့်တော့ . . . .

အားလုံးသော ဘကုန်းအပေါင်းက ကိုယ့်ဗူးကိုယ်ကိုင်ပြီး ယုံကြည်ချက်အပြည့်နဲ့ ဆေးစစ်တဲ့အခန်းထဲဝင်သွားကြလို့ ဒီအခန်းထဲမှာ နောက်ဆုံးကျန်တဲ့ အတို့ကျွန်ထံမှရှူးရှူးကိုသာ တောင်းခံရခြင်းဖြစ်ကြောင်း ပြန်ပြောင်းဖြေရှင်းရုံမကသေး . . .





အတို့ကျွန်ထံမှ အကူအညီကိုသာမရပါက သူဆေးကျလို့ပြန်[illegible]င်ဖြင့် အားကိုးရာမဲ့နေမယ့် ဇနီးမယားနဲ့သမီး၊ သားရှစ်ယောက်[illegible] အရေးကိုထောက်ဆကာ စာနာသင့်ပါကြောင်း ထပ်ဆောင်းပြီး[illegible]ပြပြန်တော့ . . .

ကိုယ်နဲ့သက်တူရွယ်တူ နှစ်ဆယ်ကျော်အစိတ်ပိုင်းမရောက်[illegible]လို့ တစ်ဆိတ်မဟိုင်းသေးတဲ့ အာဂယောကျ်ားဘကုန်းကုလား[illegible] ဇနီးတစ်ယောက်ကို ဖယ်ထား၊ သမီးသားခုနစ်ယောက်တိတိ[illegible]စီးပြီးဖြစ်ကြောင်း သိရလေတော့ လက်ဖျားပင်မက ခြေဖျားပါ[illegible]တဲ့အထိ အားကျစိတ်တွေ တရိပ်ရိပ်တက်လာသလို . . .

ဒီအသက်အရွယ်ရောက်တဲ့အထိ အမြီးမပေါက်သေးတဲ့ [illegible]ပန်ဇီမျောက်မျိုးလို အဖြစ်ဆိုးလှတဲ့ ကိုယ့်ဖြစ်အင်ကို မမလှိုင်ရေ . . မြင်လှည့်ပါဦးဗျလို့ ငိုချင်းချလိုက်ချင်စိတ်များပင် ပေါက်လာ[illegible]တဲ့သို့ . . .

စင်္ကာပူကိုရောက်လို့မှ မမလှိုင်နဲ့ဖုံးစာမဆုံရရင်တော့ သတ္တ[illegible] ဖုံးစာရေးနတ်မင်းနဲ့ ဒီတစ်သက်သေခန်းပြတ်ပြီသာမှတ်ပေ[illegible]လို့ ဒေါသကိုမောင်းတင်ပြီးမှ စိတ်ကိုပြန်လျှော့ရင်း . . .

ဟော . . အခုလို လိုအပ်တဲ့သူကလည်း လိုလိုချင်ချင်နဲ့[illegible]တောင်းဆိုနေချိန်မှာ ငါ့ဘက်ကလည်း စိတ်ပါလက်ပါနဲ့ ပိုပိုသာသာ[illegible]ပေးလိုက်လို့ကတော့ သူလည်း အလိုဆန္ဒပြည့်ဝလို့ စိတ်ချမ်းသာ[illegible]ရင် ရောင်ပြန်ဟပ်တဲ့စေတနာအရ ငါလည်း အလိုဆန္ဒပြည့်ဝ[illegible] စိတ်ချမ်းသာမှာမလွဲပါဘူး. .

အဲဒါကြောင့် မောင်မင်းကြီးသားအတွက် ငါတတ်နိုင်သမျှ[illegible]စ်ခွက်တစ်ဖလားတော့ ကူညီရပေတော့အံ့လို့ ဆုံးဖြတ်ကာ[illegible]ဘောတူလို့ ကူညီမယ့်အကြောင်းကို ခေါင်းညိတ်ကာ အမူအရာပြ[illegible]လိုက်ရင်ပဲ. .



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကြီးက ဝမ်းသာအားရနဲ့ သူ့ဗူးကို အဖုံးဖွင့်လို့. . သူ့ရဲ့ ကိုယ်တွင်းဖြစ်တွေကို ဘေးကခွက်ထဲကို လက်ပြန်ကြီး'ဘတ်ခနဲ' သွန်ပြီးတဲ့ သကာလ အတို့ကျွန်ရဲ့ဘောင်းဘီရှေ့ကို ခွက်ထိုးခံကာ. .

နည်းများမဆို သွန်းလောင်းပေးတော်မူပါ လို့. . တလေး တစား အမူအရာတွေပြနေတာကြောင့် ကျွန်တော့်မှာ ရှက်အားတွေ ပိုပြီး၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့နောက်ကိုဆုတ်မိတော့ ခမျာကြီး လည်း မျက်ခြည်ပြတ်မခံဘဲ ခွက်ထိုးခံရင်း အတင်းရှေ့တိုးလာသလို စိတ်မလုံလို့ ကျွန်တော်ဘေးရွှေ့လျှင်လည်း သူပါလိုက်ရွှေ့နေတာ ကြောင့် 'ဝမ်းဘိုင်ဝမ်း' ထုပ်ဆီးတိုးပွဲကြီး ကျင်းပသလိုတောင်ဖြစ်နေ ရပြီလေ။

ကိုယ်ကတော့ ရှက်လို့ကြောက်လို့ လူအမြင်မခံဝံ့တာကို သူ က နှမြောတယ်ထင်နေသလားမသိ။ စိတ်မရှည်လို့ နွားမများ နှိုညှ သလို ငှတ်အတင်းခွန်အားသုံးမယ့်ဟန်ပန်တွေမြင်နေရတာကြော ကြာလာရင် ခက်ရချည်ရဲ့။ ရင်ဆိုင်စရာရှိတာ ရဲရဲရင်ဆိုင်မှပဲ တွေးကာ . . . .

"အဲ. . အဲဒီ့လိုကြီးငှတ်မလုပ်နဲ့ကွာ။ ငါ. . ငါက ယောက် ချင်းပေမယ့် လူအမြင်ခံဝံ့တာမဟုတ်ဘူး။ ရှက်. . ရှက်တယ်ကွ နောက်ပြီး ဘေးနားမှာ လူရှိနေရင်လည်း မထွက်ဘူး။ မင်းရဲ့ခွက်ကြီ ရှုံ့ပေါက်တဲ့ကြွေခွက်ထဲမှာထောင်ထားပြီး ဟိုဘက်ကို မင်းလှည့်နေ စိတ်ချမ်းသာ၊ လက်ချမ်းသာနဲ့ အလိုဆန္ဒတွေ ပြည့်ဝမှာပေါ့"

လို့ အတင်းနားချမှသာ ခမျာကြီးလည်း သဘောပေါက်သွား ပြီး ပျာပျာသလဲနဲ့ကြွေခွက်ထဲမှာ လဲကျနေတဲ့ ကျွန်တော့်ခွက်ကို ပြန်ထောင်ပေးသလို သူ့ခွက်ကိုပါ ဘေးနားမှာယှဉ်ထားပြီး . . .

"မင်းဟာက ညာ . . ငါ့ဟာက ဘယ် . . "

လို့ သတ်မှတ်အတည်ပြုကာ အပေါက်ဝနားသွားလို့ ကျော





နေမှသာလျှင် ကျွန်တော်လည်း ရှောရှောရှူရှူရှိသွားတာကြောင့် ပါ။ လက်ပါနဲ့အညီအမျှ နှစ်ခွက်မျှပြီး ခွဲတမ်းချကာ ပန်းပေးရင်းမှ

တစ်ခါတုန်းက ရပ်ကွက်ထဲက လူငယ်တွေစုပြီး ပြည်သူ့ ရုံကြီးကိုသွားလို့ ဇီဝိတဒါန သင့်သွေးဖြင့် အသက်ကယ်ပါ ဆိုပြီး သာအားရ သွေးလှူတုန်းက နွားနို့၊ ကြက်ဥတွေနဲ့တကွ အားဆေး လုံးတွေ တပွေ့တစ်ပိုက်ကြီးရရှိခဲ့တာကို သတိရသွားပြန်ပြီး . . .

သူ့ကျန်းမာရေး လိုအပ်ချက်အရ ကိုယ့်အရှက်ကိုယ်တောင် တွက်ဘဲ သူ့ခွက်အတွင်းသို့ ဝင်အောင်ထည့်သွင်းပေးရတဲ့ အ ဘယ်လိုဘယ်ပုံများ ကျေးဇူးတုံ့ပြန်ပါလိမ့်မလဲလို့ အတွေးတွေနဲ့ ခွက်ကိုအရင် ဦးစားပေးလိုက်လေတော့ ကိုယ့်ခွက်တောင်မှ တက်မကျိုးခင် ကျွန်တော့် ပေါင်နှစ်ချောင်းကြားမှနေ၍ မည်းနက် လက်ကြီးတစ်ဖက်ထွက်ပေါ်လာပြီး လျင်မြန်စွာဖြင့် ဖြည့်ပြီး ခွက်ကိုဆွဲယူသွားတာကို မြင်လျှင်မြင်ခြင်း . . . .

ဟဒယကိုလေခလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ က်လန့်တကြားနဲ့ စွေ့စွေ့ခုန်လိုက်တဲ့သကာလ ချိန်သားလွဲပြီး လဲသွားသလို ဘောင်းဘီတောင်မှ ရွှဲသွားသေးသဗျ။

ခမျာကြီးကတော့ "Thank You"ဆိုတဲ့ စကားတစ်လုံးကို သာကမျှောသုံးရင်း အပြေးတစ်ပိုင်းနဲ့ အခန်းထဲမှထွက်သွားလေ ကျွန်တော့်မှာလည်း စိုရွှဲသွားသော ဘောင်းဘီကိုတောင် စက္ကူနဲ့ မသုတ်အားသေးဘဲ ခွက်ကိုပြန်ထောင်လို့ လျာထား ပြည့်မီအောင် ကြိုးစားတဲ့သကာလ၊ ခွက်နှစ်ခါလဲခဲ့ရတဲ့အပြင် အပ်ချက်အတွက်ပါ ဖြည့်ဆီးပေးလိုက်ရလို့ လက်ကျန်နည်းသွား တွက် လျာထားချက်ကို ပြည့်မီအောင် အားကြိုးမာန်တက်နဲ့ ချွေးတွေ ဖြိုင်ဖြိုင်သီးတဲ့အထိ အားသွန်ခွန်စိုက်ကာ မနားမနေ မ်းလေမှ ကိုယ့်တာဝန်ကိုယ်ကျေပွန်ခဲ့သဗျ။




www.burmeseclassic.com

ရရှိလာတဲ့ အောင်မြင်မှုအသီးအပွင့်တွေကို တယုတယနဲ့ ကိုင်ကာ ဆေးစစ်တဲ့ဌာနကို သွားရောက်ပေးအပ်ပြီးတဲ့အချိန်မှာ လူ တစ်ကိုယ်လုံး နုံးချိချိနဲ့ ပုံပြီးလဲကျမသွားအောင် မနည်းကြီးကို တင်း ဆောင်ရင်း နီစပ်စပ်၊ ပုကွကွအလာကို လေသာပြတင်းကနေ လှမ်း မျှော်ပြန်တော့လည်း ပြတင်းတံခါးပေါက်တွေက အလင်းရရုံသာ လုပ် ထားတာဖြစ်ပြီး အသေပိတ်ထားတဲ့ တံခါးတွေဖြစ်နေတာကြောင့် အဲယားကွန်းတွေဖွင့်ထားပေမယ့် မွန်းကြပ်ကာ စိတ်အိုက်လွန်းလို့ ဆေးရုံအောက်ထပ်က ကားပါကင်နေရာမှာ သွားထိုင်ရင်း "နီစပ်စပ် ရေ လာပါတော့ တောက်တောက် တမော့မော့" လုပ်နေရတော့တာ ပေါ့။

မှတ်ချက်။ ။ ယခုအချိန်မှာတော့ ခေါက်ဆွဲစားတဲ့ 'တူ' တို့ တစ်ဝက်ချိုးထားတဲ့ အရွယ်လောက်ရှိသော စက္ကူတုတ်ချောင်း အပြားလေးပေါ်ကို ပန်းပေးရတဲ့ စနစ်ကိုပြောင်းပြီး ကျင့်သုံး နေပါပြီ။ စလုံးကိုလာကြမည့် အမျိုးကောင်းသားများ အပေါ်ထပ် အလမ်းတည့်အောင် လေ့ကျင့်ထားကြပါကုန်လော့။ ။





စင်ကာပူစံတော်ချိန် နေ့လယ် ၁၂း၃၀

"ဘာပြောတယ်ကွ။ ငါးရက်လုံးလုံး နေဝင်မိုးချုပ် သေလု အောင် လုပ်ပြီးကာမှ မကြိုက်ဘူးဆိုပြီး အလုပ်မပေးတော့ဘူး ဟုတ် လား"

" ------------- "

"ဟ . . ဒါဆိုရင်လည်း တစ်ရက်လောက် လုပ်ပြရုံနဲ့ မင်းတို့ တွေ တကယ်တတ်မတတ် သူသိရမှာပေါ့။ အခုတော့ကွာ ငါးရက်လုပ် ပြီးမှ"

" ------------- "

"အေးပါ . . တစ်နေ့ကို ခြောက်ဆယ်ရှင်းပေးတယ်ဆိုတော့ ဆစ်လကို ထောင့်ရှစ်ရာကွာ။ အဲဒါ S Pass ( Special Pass) တွေကိုပေးတဲ့ လစာပဲ။ နောက်ပြီး မင်းတို့ကို S Pass ပေးမယ်လို့ သူတို့တွေပြောခဲ့တယ် မဟုတ်လား"

" ----------- "

"အဲဒါ မင်းတို့ကို ဆက်သွယ်ပေးတဲ့ မြန်မာအေးဂျင့် ကိုယ်တိုင် 'အ'လို့ ခံရဟာဖြစ်ဖြစ်၊ သိရဲ့သားနဲ့ သူရိုက်စားလုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်ဖြစ်၊ တစ်ခုခုပဲ။ ကဲ . . မင်းတို့ စက်ဘူမှာနေခွင့် တစ်
လောက်ကျန်သေးတယ် မဟုတ်လား။ တစ်ခုခုနဲ့ ချိတ်မိအောင်
ကြိုးစားကြည့်ကြတာပေါ့"

ခြောက်နာရီ ဆယ့်ငါးမိနစ်တိတိမှာ ပင်နင်စူလာပလာ
ကို ငါအရောက်လာခဲ့မယ် . . စောင့်နေ . . အဲဒီ့ကျမှ စီစဉ်ကြတာ
. . ဒါပဲ"

" ----------"

ဆိုသည့် တကောင်းအဘိရာဇာ သကျသာကီဝင် မ
မြန်မာစကားစစ်စစ်ကြီးက ကျွန်တော်ထိုင်နေသော ကားပါကင်
ရှိ ဓာတ်လှေကားခန်းထဲမှ အဆက်မပြတ်ထွက်ပေါ်လာ၍ ကျွန်တေ
အံ့အားသင့်သွားသည်။

ဓာတ်လှေကားတံခါးကြီးပွင့်နေသော်လည်း ကျွန်တေ
နေရာမှကြည့်လျှင် အခန်းထဲကို မမြင်ရ၊ တံခါးရှေ့တွင်လည်း မြန်
လို ရမ်းသမ်းဘာသာပြန်ပါက "ဓာတ်လှေကား ပြုပြင်နေသည်
အသုံးပြုခွင့်မပြု" ဟု အဓိပ္ပါယ်ရသည့် ဗြိတိသျှစာသားဖြင့် သတိပေ
ချက်ဆိုင်းဘုတ်ကို ထောင်ထားသည်။

သတိပေးချက်အရ ဓာတ်လှေကားကို အသုံးမပြုသော်လည်
အနီးအပါး မလှမ်းမကမ်းမှ သွားရောက်ကြည့်ရှုခွင့်ရှိသည်ဟု ယူဆ
တစေ့တစောင်း သွားရောက်အကဲခတ်လိုက်တော့ . . .

ဘယ်လိုနည်းနှင့်မျှ မြန်မာမှုပြုလို့မရသည့် အာရှသားလေ
ယောက်က အပြာနုရောင် ယူနီဖောင်းများနှင့် အလုပ်ရှုပ်နေသည်
တွေ့ရသဖြင့် စောစောက မြန်မာစကားကို အဘယ်သူများ ပြော
လိမ့်ဟု ကျွန်တော်အံ့ဩနေစဉ် . . .

"ဤဓာတ်လှေကားနှင့်ပတ်သက်သည့် စစ်ဆေးစရာ အ
လုံးပြီးဆုံးသွားပြီဖြစ်သလို အပြစ်အနာအဆာမရှိပါသဖြင့် လတ်





သတ်ပြီး လုပ်ငန်းကိုသိမ်းကြပါရန်" အမိန့်ပေးစကားကို ရှင်းလင်း
သသော ဗြိတိသျှစကားဖြင့် ပြောကြားကာ . . . .

ထိုးထိုးထောင်ထောင် အာရှသားလေးဦးကြားမှ ထိုးထွက်
လာသော အရပ်ပုပု၊ ဝဝတုတ်တုတ်၊ အသားညိုညိုလူတစ်ယောက်ကို
မျက်နှာချင်းဆိုင်တွေ့လိုက်ရသဖြင့် ကျွန်တော့်မှာ အံ့ဩမှုအပေါင်း
သရုပ်ဆောင်းပြီး ပါးစပ်အဟောင်းသားဖြစ်သွားသလို ထိုသူက
သည်း ထိုနည်းနှင်နှင်ပင်တည်း။

"ဟာ . . ကိုဘိုတောက် . . ."

ဟု ထိုသူက တအံ့တဩဖြင့် ရေရွတ်လိုက်သလို ကျွန်တော်
သလည်း . . .

"ဟာ . . မျိုးမြင့်မောင်ပါလားဟ"

ဟု အာလုတ်သံပြင်းပြင်းဖြင့် တုံ့ပြန်ကာ မြွက်ဟလိုက်မိလေ
တော့သည်။ ထိုအရပ်ပုပု၊ ဝဝတုတ်တုတ်၊ အသားညိုညို လူက
ကျွန်တော့်ထက် အသက်ငယ်သော်လည်း အကျင့်စာရိတ္တမှာပြော
စရာမရှိအောင် ကောင်းမွန်၍ စာတော်ဉာဏ်ကောင်းသည့် မိတ်
ဆောင်းဆွေဟောင်းကြီးပင် ဖြစ်သည်။

ဆယ်တန်းကို တဖုန်းဖုန်းကျ၍ သောင်တင်နေသော
ကျွန်တော့်ကို သူကမိလာရုံမက နည်းပေးလမ်းပြဖြင့် ဆယ်တန်း
ဟူသောတောင်ကြီးကို အတူတကွကျော်လွှားနိုင်အောင် ခေါ်ဆောင်
ခဲ့သည့် ကျွန်တော့်သူငယ်ချင်းအရင်းကြီး မျိုးမြင့်မောင်ပင်တည်း။

"ဘရူးနိုင်းမှာ မင်းအလုပ်သွားလုပ်နေတယ်ဆိုပြီး ငါကြား
ထားတာ။ မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ ဟ"

"ဘရူးနိုင်းကနေ ဒီကိုပြောင်းလာတာ မကြာသေးဘူးဗျ။
ဒီမှာကလစာလည်းကောင်းတယ်။လုပ်ပိုင်ခွင့်လည်းပိုရတယ်လေဗျာ"

"ဒီကိုပြောင်းလာတော့ အေးဂျင့်ခ ဘယ်လောက်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသလဲ"

"ကျွန်တော့်အကြောင်းကိုသိရဲ့သားနဲ့ ခင်ဗျားက မေးနေသေးတယ်။ ကျွန်တော့်မှာ ဘွဲ့လက်မှတ်ရှိတယ်ဗျာ။ လုပ်ငန်းနဲ့ပတ်သက်တဲ့ အောင်လက်မှတ်တွေရှိတယ်ဗျ။

နောက်ပြီး မြန်မာနိုင်ငံကအစ ဘရူးနိုင်းအဆုံး ကျွန်တော်အလုပ်ဝင်ခဲ့တဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းတွေရဲ့ ထောက်ခံချက်တွေရှိတယ်ဗျ။ အဓိကကျတဲ့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရေးမှာ ကျွန်တော်က အင်္ဂလိပ်စကားကို ကောင်းကောင်းပြောတတ်တယ်ဗျာ။ အဲဒီ့တော့ ကိုယ့်အားကိုယ်ကိုးတယ်။ အေးဂျင့်ကို အားမကိုးဘူး"

"မဟုတ်မခံနဲ့ ကိုယ့်ဒူးကိုယ်ချွန်တတ်တဲ့ မင်းရဲ့အကြောင်းကိုငယ်ပေါင်းအချင်းချင်း သိပါတယ်ကွာ။ မင်းသွားတုန်းက ဘရူးနိုင်းအခု ငါနဲ့တွေ့တော့ စင်္ကာပူမှာ ဖြစ်နေလို့ အံ့ဩမိလို့ပါကွာ။ ဘရူးနိုင်းမှာ မင်းလုပ်ခဲ့တဲ့ ကုမ္ပဏီက စင်္ကာပူကဆိုတော့ အခုလက်ရှိ ဝင်လုပ်နေတဲ့ ကုမ္ပဏီနဲ့အတူတူပဲလား . ."

သူက ခေါင်းယမ်းရင်း . . .

"ဒီလိုဗျ . . ကျွန်တော် ဘရူးနိုင်းမှာလုပ်တဲ့ စင်္ကာပူကုမ္ပဏီခွဲမှာ ရှေ့ကဆယ်ယောက်ရှိတယ်။ အားလုံးကလည်း တကယ်ကျွမ်းကျင်တဲ့ Technician တွေချည်းပဲဖြစ်သလို တစ်ယောက်နဲ့တစ်ယောက်လည်းသိပ်ခင်ကြတာပဲ။ ပြီးခဲ့တဲ့ ဆယ်လလောက်မှာ ကုမ္ပဏီက သူ့လုပ်ငန်းကိုပိုပြီး ကျစ်လျစ်အောင်ကျုံ့ဖို့အတွက် လူလျှော့မယ်တဲ့ . .

ထုံးစံအတိုင်း သူတို့နိုင်ငံသားနဲ့ ဒုတိယဦးစားပေး 'မ'တွေကိုတော့ တတ်နိုင်သမျှမထိအောင်ကြိုးစားရင်း ကျွန်တော်တို့ဆယ်ယောက်ထဲက ငါးယောက်ကိုလျှော့ဖို့ဖြစ်လာတယ်။

ဘယ်သူ့ကိုဆိုပြီး နာမည်တပ်မပြောဘဲထားတော့ ကျီးလန့်စာစားဖြစ်ကုန်တာပေါ့ဗျာ။ လုပ်ရကိုင်ရတာကလည်း အဆင်ပြေတာကလည်း မဆိုးဘူး ဆိုတော့ ဘယ်သူမှအဖြုတ်မခံချင်ကြတာနဲ့ တချို့တွေက ကုမ္ပဏီထိပ်ပိုင်းကသူတွေကို ပူဇော်ပသ၊ တချို့ကလည်း သူတို့ရဲ့ လုပ်ရည်ကိုင်ရည်ကို ကုမ္ပဏီကပိုသိအောင် အားကြိုးမာန်တက် စွမ်းစွမ်းတမံ အလုပ်တွေကိုလုပ်ပြကြ၊ တချို့ကလည်း သူတစ်ပါးမကောင်း သူ့အကောင်းတွေကို ထိပ်ပိုင်းထိရောက်အောင် ကြိုးတ်ပြီး သတင်းပို့တဲ့သူကပို့နဲ့ ဟသ်ာကိုးသောင်းပျက်ကိန်းစဖို့ အစပျိုးလာချိန်မှပဲ ကျွန်တော် အလုပ်ထွက်ပစ်လိုက်တယ်"

"ဩ . . ဩ . . မင်းက အနစ်နာခံလိုက်တယ်ဆိုပါတော့"

"အနစ်နာခံတာ မဟုတ်ဘူး။ ကုမ္ပဏီဘက်က လူပါးဝတယ်ထင်လို့ဗျ။ သူတို့တွေ ကျွန်တော့်ကိုဖြုတ်မလား၊ မဖြုတ်ဘူးလားဆိုပြီး စိတ်တထင့်ထင့်နဲ့ စောင့်မနေနိုင်ဘူးလေ။ ကိုယ်က ဦးအောင်ထွက်ခဲ့တာ။ စာရင်းအင်းနဲ့ လစာတွေ ရှင်းနေချိန်မှာ On Line ပေါ်ကနေ စင်္ကာပူမှာအလုပ်ရှာတယ် . . . .

ဒီကိုရောက်လာတော့ တစ်လနေခွင့် ဗီဇာရတဲ့အချိန်မှာ ဗုဒ္ဓဟူးနေ့နဲ့ စနေနေ့ထုတ်သတင်းစာတွေမှာပါတဲ့ အလုပ်ခေါ်စာတွေကိုဖတ်ပြီး ကိုယ်နဲ့ကိုက်မယ့် အလုပ်တွေကို ရှာတယ်။

On Line ကနေလည်း အလုပ်လျှောက်သလို လူကိုယ်တိုင်လည်းသွားပြီး အင်တာဗျူးဖြေ အလုပ်ရှာတယ်ဗျာ"

"မင်းမှာရှိတဲ့ ဘွဲ့လက်မှတ်၊ ကျွမ်းကျင်မှု စာတီဖိကိတ် (Certificate) မင်းလုပ်လာခဲ့တဲ့ ကုမ္ပဏီတွေရဲ့ ထောက်ခံချက်တွေအပြင် မင်းရဲ့ကျွမ်းကျင်မှုအရ အလုပ်ရရော ဆိုပါတော့ . . ."

"ခင်ဗျားပြောသလောက်လည်း မလွယ်ဘူး ကိုဘိုတောက်ရဲ့။ ကျွန်တော့်အရည်အချင်းနဲ့ ကျွန်တော်လုပ်ရမယ့်နေရာက PR (Permanent Residence) အခြေချနေထိုင်ခွင့်ရှိသူတွေနဲ့ သူ့နိုင်ငံသားလည်း လုပ်ခွင့်ရှိတဲ့ လုပ်ငန်းနေရာဆိုတော့ ကျွန်တော့်အရည်အချင်း







www.burmeseclassic.com

www.burmeseclassic.com



ကိုကြိုက်လို့ လူတွေ့ခေါ်ပြီး အင်တာဗျူးတော့မှ ကျွန်တော်ဟာ သူတို့နိုင်ငံသားမဟုတ်သလို၊ PR လည်းမဟုတ်လို့ အလုပ်မခန့်နိုင်ဘူးဆိုပြီး အငြင်းခံရတာ ခဏ၊ ခဏပဲ"

"ဒါဆိုရင်လည်း အလုပ်ခေါ်ကတည်းက PRနဲ့ နိုင်ငံသားများအတွက်သာဆိုပြီး ကြော်ငြာပါတော့လား"

"အဲဒီလိုက တရားဝင်ကြော်ငြာခွင့်မရှိဘူး ထင်ပါရဲ့။ ရောက်လာတော့မှသာ တွေ့ဖြတ်ကြတာ။ စနေနေ့သတင်းစာထဲက အလုပ်ကြော်ငြာမှာခေါ်ထားတဲ့အလုပ်က ငါနဲ့အံကိုက်ပဲဆိုပေမယ့် ကြော်ငြာထားတာက တစ်လက်မပတ်လည် တစ်ကော်လံတောင်မရှိတော့ သိပ်လည်းအထင်ကြီးစရာမရှိဘူး။

နောက်ဆုံးတော့မထူးပါဘူးလေဆိုပြီး ကျွန်တော့်ရဲ့ကိုယ်ရေးရာဇဝင် (OB)တွေကို On Line ကနေ အဲဒီကုမ္ပဏီကို ပို့ပေးလိုက်တယ်။

"နောက်တစ်နေ့ကျတော့ လူတွေ့လာဖို့လှမ်းချိန်းတော့ ကျွန်တော်က မင်းတို့ကုမ္ပဏီကိုပို့ထားတဲ့ ငါ့ရဲ့အချက်အလက်တွေအားလုံးဟာ ငါ့ရဲ့ တကယ့်အရည်အချင်းတွေဖြစ်သလို ငါကိုယ်တိုင်ကလည်း အမှန်တကယ် ကျွမ်းကျင်စွာ လုပ်နိုင်သူဖြစ်ပေမယ့် ငါဟာ PR လည်း မဟုတ်သလို နိုင်ငံသားလည်း မဟုတ်ပါဘူးဆိုတာ ကြိုပြီးအသိပေးထားပါရစေ"

"လူတွေ့လာပြီးမှ PR နဲ့နိုင်ငံသားမဟုတ်လို့ လက်မခံနိုင်ဘူးဆိုရင် ငါ့အတွက်လမ်းစရိတ်၊ စားစရိတ်ကုန်၊ အချိန်ကုန်၊ လူလည်းပင်ပန်းမှာဖြစ်လို့ အခုလစ်လပ်နေတဲ့ အလုပ်နေရာဟာ ပြင်ပလူတွေနဲ့လည်း သင့်တော်ရင်ခန့်မယ်လို့ ဆုံးဖြတ်ထားတယ်ဆိုမှ ငါလာပါရစေလို့ ကျွန်တော် ပြောချလိုက်တယ်ဗျာ"

"ဟ . . မင်းက အဲဒီလိုကြီး ဒဲ့(တည့်)ပြောချလိုက်တာလား"





"မပြောလို့မဖြစ်ဘူးဗျ။ သူတို့ ကုမ္ပဏီရဲ့လိပ်စာက ကျွန်တော်တည်းတဲ့နေရာနဲ့က အဝေးကြီးဆိုတော့ အရင်အလုပ်တွေတုန်းကလို အငြင်းခံရရင် ငွေကုန်တာက တစ်မျိုး၊ ကိုယ့်သိက္ခာကို အစော်ကားခံရသလို ခံစားရတာကတစ်မျိုးဆိုတော့ တစ်ခါတည်းအပြတ်ပြောချလိုက်တာ"

"အဲဒီတော့ ဟိုက ဘာပြန်ပြောလဲ"

"ကျွန်တော် ထင်တယ်။ တစ်မိနစ်လောက်တော့ ငြိမ်သွားတယ်ဗျ။ ပြီးတော့မှ ငါတို့ ကုမ္ပဏီကို လူတွေ့လာမယ်ဆိုရင် မင်းမှာ နောင်တရစရာမရှိပါဘူး လို့ ပြန်ပြောတယ်ဗျ"

"အဲ . . အဲဒါ ဘာအဓိပ္ပါယ်လဲဟ"

"မင်းအလုပ်ကို မင်းတကယ်ကျွမ်းကျင်ရင် PR နဲ့နိုင်ငံသားမဟုတ်ရင်လည်း ခန့်ပေးဖို့ ဝန်မလေးဘူးဆိုပြီး သွယ်ဝိုက်ပြောလိုက်တာလေ။ ဟိုကိုလည်းရောက်ရော သူဌေးနဲ့တွေ့ပေးပြီး တန်းခန့်လိုက်တာဗျ"

"ကြားလိုက်ရတဲ့ သတင်းစကားအရ ဖရဏာပီတိ ဂွမ်းဆီဆီလိုက်သလို နှစ်ထောင်းအားရရှိလိုက်ပါဘိတော့တယ် မျိုးမြင့်မောင်ရယ်။

ကိုယ့်ဒူး ကိုယ်ချွန်နဲ့အရာရာကို ကိုယ်တိုင်ကိုယ်ကျ စွမ်းစွမ်းတမံလုပ်ကိုင်တတ်တဲ့ မင်းအကြောင်းကိုသိပြီးသာဖြစ်ပေမယ့် အလုပ်ရှာမယ့်အရေးမှာ ဘာကိုများသဘောမကျလို့ သူများတွေလို အေးဂျင့်တွေနဲ့ မဆက်သွယ်ရတာလဲဟ"

"အေးဂျင့်တွေဟာ အဆက်အသွယ်တွေကောင်းလို့ အလုပ်ရှာရာမှာမြန်ဆန်တယ်ဆိုပေမယ့် အဓိက,က သူတို့တွေက အလုပ်ရှင်မဟုတ်ဘူးလေဗျာ"

"တကယ့် တကယ်အေးဂျင့်လုပ်ပေးတာက (OB)လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ကိုယ်ရေးရာဇဝင်၊ ဘွဲ့လက်မှတ်နဲ့ Certificate လို့ခေါ်တဲ့ ကျွမ်းကျင်လက်မှတ်စာရွက်၊ စာတမ်းတွေကို ဖိုင်တွဲပြီး သူတို့အဆက်အသွယ်နဲ့ ရှာဖွေထားတဲ့ အလုပ်သမား လိုအပ်နေတဲ့ အလုပ်ရှင်ဆီ ပို့ပေးပြီး လူတွေ့အင်တာဗျူး သွားဖြေခိုင်းတာပဲရှိတယ်လေ"

"လုပ်ငန်းရှင်နဲ့ဝင်တွေ့ပြီး တစ်ယောက်ချင်း အင်တာဗျူးတော့၊ အေးဂျင့်က ကိုယ့်ဘက်ကနေ ထောက်ခံချက်တွေ ဘယ်လိုပဲရေးပေး၊ ပြောပေးထားထား လုပ်ငန်းရှင်လိုချင်သလို မဟုတ်ရင်၊ သဘောမကျရင်ကတော့ Sorry ပဲလေဗျာ"

"အဲဒါကြောင့် လုပ်ငန်းရှင်မေးသမျှကို ကိုယ်တိုင်တတ်ကျွမ်းထားတဲ့ အင်္ဂလိပ်စကားနဲ့ရှင်းလင်းစွာဖြေကြားရသလို လုပ်ငန်းရှင်လိုချင်တဲ့ ကျွမ်းကျင်မှုဆိုတာကလည်း ကိုယ်တကယ် ကျွမ်းကျင်ပိုင်နိုင်တတ်မြောက်ထားမှဖြစ်မယ်မဟုတ်လား . . .

လက်သည်ကိုချည်း အားကိုးပြီး ကိုယ်တိုင်မညစ်လို့ကတော့ လူဖြစ်မလာဘူး ကိုဘိုတောက်ရေ"

"ဒါတော့ဒါပေါ့ကွာဆိုပေမယ့် အထူးလက်သည်တွေ အားကိုးပြီး အထူးကုဆေးရုံကြီးမှာ ခွဲစိတ်မွေးဖွားလိုက်တော့ လူမသက်သာဘူးလားကွဟ"

"လူသက်သာပေမယ့် ငွေမှမသက်သာတာ ကိုဘိုတောက်ရဲ့၊ အေးဂျင့်အဆက်အသွယ်နဲ့လုပ်ငန်းရှင်ကို ဝင်တွေ့အင်တာဗျူးလို့ လုပ်ငန်းရှင်က ကိုယ့်အရည်အချင်းကိုကြိုက်လို့ အလုပ်ခန့်လိုက်တယ်ဆိုရင်ပဲ အလုပ်ရလို့ အရင်ဆုံးထခုန်လောက်အောင် ပျော်မြူးတာက အေးဂျင့်ခင်ဗျ"

"အလုပ်ရသွားတဲ့ သကောင့်သားကတော့ လုပ်ခငွေအသပြာ ခြောက်လစာလောက်ကတော့ ဝန်ဆောင်ခအဖြစ် အေးဂျင့်ကို ပေးရတော့မယ်လေ။





ဒီကြားထဲ ကံဆိုးစွာနဲ့ စလုံးနိုင်ငံသား အေးဂျင့်ကို ဆရာဆင်ပြီး တစ်ဆင့်ခံလက်ခွဲအေးဂျင့်လုပ်စားနေတဲ့ မဖြစ်ညစ်ကျယ်အေးဂျင့်မျိုးနဲ့ တိုးလို့ကတော့ ခရုအဆန်ကျွတ်သလို ဖွတ်ဖွတ်ကြေအောင် ဆယ်လစာလောက် ဝန်ဆောင်ခငွေကြေးပေးရတဲ့သူတွေသည်း ရှိသေးတယ်လေ"

"အေးဂျင့်ကို ပေးရတဲ့ ဝန်ဆောင်ခက များလှချည်လားဟ။ ဒါပေမယ့် ဖြည်းဖြည်းချင်းပေးရရင်တော့ လှုပ်ရရှားရ၊ အသက်ရှူခွင့်ရလို့ မဆိုးဘူးလို့တော့ ပြောရမယ်မဟုတ်လား"

"ဘယ်ကလာ ဖြည်းဖြည်းချင်းရမှာလဲ စတင်ပြီးဆက်သွယ်ကတည်းက အနည်းဆုံးသုံးရာကျော်က စပေါ်စပေးရတယ်။ အင်တာဗျူးအောင်လို့ အလုပ်ခန့်တော့မယ်ဆိုရင် သုံးပုံတစ်ပုံ ဆေးစစ်ပြီးဝပ်ပါမစ်လျှောက်ရင် သုံးပုံတစ်ပုံနဲ့ပါမစ်ကဒ် လက်ထဲအရောက်အေးဂျင့်က လာပေးချိန်မှာ ကျန်ငွေအကုန်ပေးရတာမို့ မြန်ရင်တစ်လ၊ ကြာရင် တစ်လခွဲ၊ နှစ်လအတွင်း အကျေချေရတာခင်ဗျ"

"ငွေမျော ငွေနဲ့လိုက် ဆိုပေမယ့် ငွေတွေကို မချိမဆန့်ကြီးပုံပေးပြီး လိုက်ရမယ်ဆိုတော့လည်း မသက်သာသလို မလွယ်လှပါလားဟ"

"အဲဒါကြောင့် ကျွန်တော်က သူတို့နဲ့မဆက်သွယ်ဘဲ သတင်းစာနဲ့ အွန်လိုင်းကနေ ကိုယ့်ဟာကိုယ်အလုပ်ရှာတာ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။ ကိုယ်ကျွမ်းကျင်တဲ့ လုပ်ငန်းနဲ့ပတ်သက်တဲ့ စာရွက် စာတမ်း အောင်လက်မှတ်တွေလည်း ရှိမယ်။ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော၊ ကျွမ်းကျင်တယ်။ အသွားအပြန်လေယာဉ်ခနဲ့ စင်္ကာပူမှာ တစ်လလောက် စားသောက်နေထိုင်နိုင်တဲ့ စားစရိတ်ရှိရင် ရဲရဲရင့်ရင့်နဲ့ ဒီကိုလာပြီးအလုပ်ရှာစမ်းပါဗျာ။ မရမရှိစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . ကျွန်တော်က တစ်ဖက်သတ်ကြီး အေးဂျင့် အပြစ်ပုံချနေတာမဟုတ်ဘူးနော်။ ကိုယ်တိုင်ကိုယ်ကျရှာဖို့မလွယ်ရင် ငွေလည်း တတ်နိုင်ရင်တော့ အေးဂျင့်နဲ့ဆက်သွယ်ပေါ့။ ဒါဆိုရင် ခေါင်းစားတောင် သက်သာသေးတယ်"

"အခု ဒီကိုလာပြီး အလုပ်လာရှာကြတဲ့ လူတော်တော်များများကတော့ ဖုတ်ပူမီးတိုက်ရက်တိုသင်တန်းလေးတွေတက်ပြီး အမှန်ရော၊ မမှန်ရော ရသမျှလက်မှတ် Certificate တွေကို ယူလာခဲ့ပေမယ့် ကိုယ်ကိုယ်တိုင်က တကယ်လည်း မကျွမ်းကျင်၊ အင်္ဂလိပ်စကားကိုလည်း တစ်ဖက်လူ နားလည်အောင် မပြောတတ်တော့ ဘာရရလုပ်ပါ့မယ်ဆိုပြီး အေးဂျင့်ကို ပုံအပ် . . . ."

"စရံရလိုက်တာနဲ့ အေးဂျင့်ကလည်း သူတို့ယူလာခဲ့တဲ့ Certificate တွေကိုကြည့်ပြီး သင့်တော်မယ်ထင်တဲ့ လုပ်ငန်းရှင်ဆီပို့ပေးရော၊ လုပ်ငန်းရှင်ကဘာစကားမှမပြောဘဲ အလုပ်ရုံထဲကို တန်းသွင်းပြီး တကယ်လက်တွေ့လုပ်ခိုင်းတော့တာပေါ့"

"ဝါယာရင်းလက်မှတ်နဲ့ဆိုရင် တစ်ခါတည်း ဝါယာဆက်သွယ်မယ့်ပစ္စည်းတွေနားခေါ်သွားပြီး လျှပ်စစ်နဲ့သက်ဆိုင်တဲ့ သင်္ကေတတွေကြီးရေးဆွဲထားတဲ့ ပုံစံစာရွက်ကိုချပေးပြီး လုပ်ပြခိုင်းပါလေရောလား"

"အဲဒီလိုပဲ ဂျိုင်းဂဟေလက်မှတ်ဆိုရင်လည်း သံပြားအထူအပါးမျိုးစုံနဲ့ ဂျိုင်းဆော်တဲ့ စက်ကြီးထုတ်ပေးပြီး ရေပြင်ညီဆော်နည်း၊ ဒေါင်လိုက် ဆော်နည်းတွေအပြင် ငါးကြင်းကွက်ပုံစံကျမကျကအစ စနစ်တကျလုပ်ခိုင်းပါလေရောလား"

"တကယ်ကျွမ်းကျင်လို့ကတော့ တွံတေးသိန်းတန်ရဲ့ ပျင်းတောင် ပျင်းသေးတယ်သီချင်းကို ဆိုပြီးကနေလို့ရတယ်။ မကျွမ်းကျင်





လုပ်တတ်လို့ကတော့ 'တာ့တာ' လို့တောင် နှုတ်ဆက်မခံဘူး။ သွားတော့ပဲဗျ . ."

"တကယ်ဖြစ်သင့်တာက နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်ချင်သူဟာ ဆရာဝန်၊ အင်ဂျင်နီယာ၊ အကောင့်တင်း စသည်ဖြင့်ပေါ့ဗျာ။ ပညာတတ်ပိုင်းဆိုင်ရာမဟုတ်ဘဲ ကိုယ့်ခွန်ကိုယ့်အားနဲ့ ရင်းနှီးပြီး လုပ်ရမယ့်လူမျိုးကတော့ ကိုယ်ဘာလုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်လဲ။ လုပ်နိုင်လဲဆိုတာ ကိုယ့်ဟာကိုယ် မညာတမ်းအရင်ဆုံးဖြတ် . . . ."

"ဥပမာ . . ဝယ်လ်ဒင်(Welding)တတ်တယ်ဆိုရင် အဲဒီလုပ်ငန်းနဲ့ပတ်သက်ပြီး တကယ်ကျွမ်းကျင်အောင် လေ့ကျင့်၊ ဒီနိုင်ငံက အသိအမှတ်ပြုထားတဲ့ကျောင်း မြန်မာနိုင်ငံမှာရှိတယ်။ အဲဒီမှာအောင်လက်မှတ်၊ အသိအမှတ်ပြုတဲ့ ထောက်ခံစာ စာရွက်စာတမ်းတွေကို တစ်ပါတည်းယူလာပြီး ဒီနိုင်ငံက ဝယ်လ်ဒင်လုပ်ငန်းခွင်မှာပဲ သွားလျှောက်ဗျာ။ မရ မရှိပါဘူး"

"အခုတော့ ဘာရရလုပ်မယ်။ ဘာဖြစ်ဖြစ်လုပ်မယ်ဆိုပြီး လာတဲ့သူတွေသာများတယ်ဗျ။ ကိုယ်တကယ်ပိုင်နိုင်ကျွမ်းကျင်တဲ့ လုပ်ငန်းကိုပစ်မှတ်မထားဘဲ ထိချင်ရာထိဆိုပြီး ရမ်းသမ်းပစ်လို့ကတော့ဗျာ . . ."

"ဟိုအလုပ်လည်း အဆင်မပြေ၊ ဒီအလုပ်လည်းမရနဲ့ ဒုက္ခတွေ ပင်လယ်ဝေလို့ပြန်တော့မယ်ဟ ဆိုတော့လည်း နောက်ကိုပြန်လှည့်လို့ မရအောင် ဖောင်ဖျက်လာခဲ့ကြောင်းကို ညည်းတွားပြနေတဲ့ သူတွေနဲ့ချည်းတွေ့နေရလို့ . . ."

"ကိုယ်တကယ် ကျွမ်းကျင်တတ်ကျွမ်းတဲ့ ပညာကလည်း မရှိ၊ ထိတိကျကျရည်မှန်းချက်ကလည်း မရှိဘဲနဲ့ သူများတွေအဆင်ပြေ၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တာကိုကြည့်ပြီးအားကျလို့ ဖောင်ဖျက်ခဲ့တဲ့သူတွေကိုတော့ သနားမိရုံမှတစ်ပါး ကျွန်တော်ဘာတတ်နိုင်ပါဦးတော့မလဲ ကိုဘို တောက်ရယ်"

မျိုးမြင့်မောင်၏ ညည်းညည်းညူညူ စကားကြောင့် ကျွန်တော်လည်း ကြိတ်ပြီး သက်ပြင်းချမိသည်။

ကျွန်တော်ကရော ဘာထူးလို့လဲ။ အခုအထိ ဘယ်လုပ်ငန်း ခွင်ကိုဝင်၍ ဘာလုပ်ရမှန်းမသိ၊ ဒီနိုင်ငံတွင်ရောက်ရှိပြီး အလုပ် လုပ်နေတာကြာပြီဖြစ်သော ကျွန်တော့်အစ်ကိုဝမ်းကွဲ ရှာတောင်ပိုင်း က ဖိုးသံလုံးက မင်းအတွက် သင့်လျော်မယ့်အလုပ် ငါတွေ့ထား မင်းရဲ့စာရွက်စာတမ်းတွေနဲ့ သွားလျှောက်လိုက်တာ အလုပ်ရပြီ အဲဒီကုမ္ပဏီကမင်းကို တိုက်ရိုက်ခေါ်စာပို့ပေးရင် ထွက်ခဲ့ဆိုလို့ ဒီနိုင်ငံ ကို ထွက်လာခဲ့ရသည် မဟုတ်ပါလော။

သို့ပါသော်လည်းပေါ့လေ . . . ကိုယ့်နိုင်ငံက သတင်းစာ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲမှာ ဖတ်ဖူး၊ မှတ်ဖူးသလို ကြားဖူးနား ဗဟုသုတလေးတွေကလည်း နည်းနည်းလောက်ရှိနေလေတော့ မဖြစ် ညစ်ကျယ်ဖြင့် စောဒကတတက်လိုက်ရပြန်တာပေါ့။

"အေးကွာ . . ဒါတော့ ဒါပေါ့ . . ဒါပေမယ့် တချို့တွေက တော့လည်း အမြှူအဆွယ်ကောင်းတဲ့ အေးဂျင့်၊ ပွဲစားတွေရဲ့ ဖြား ယောင်းမှုကို အဟုတ်မှတ်ပြီး ဘဝကိုပုံအပ်လာသူတွေလည်း အများ ကြီးပါမှာပေါ့"

"နိုင်ငံခြားကိုသွားပြီး သက်သက်သာသာနဲ့ ဒေါ်လာစား လုပ်ရမယ်ဆိုပြီး မက်လုံးကြီးကို ငါးစာလုပ်ပြီး မျှိုချမိတော့ ထွေးမရ မျိုမရ၊ အန်မရနဲ့ ရေခြားမြေခြားမှာ ဒုက္ခရောက်ရတော့တာပေါ့ကွာ"

"ကျွန်တော် ပြောချင်တာကလည်း အဲဒါပဲ . . ဉာဏ်ပညာနဲ့ မရင်းနှီးဘဲ ခွန်အားနဲ့ ရင်းနှီးနေတဲ့ လုပ်ငန်းကတော့ ဘယ်နိုင်ငံကိုပဲ





သွားသွား မပင်မပန်းနဲ့ သက်သက်သာလုပ်ရတဲ့ လုပ်ငန်းမျိုးမရှိ သလောက် ရှားတယ်လေဗျာ။

အဲဒါကိုထည့်မတွက်ဘဲနဲ့ ငွေရမယ် သာတွက်ပြီး ဖောင်ဖျက် လာလို့ကတော့ သူတို့တွေ ဖျက်ထားခဲ့တဲ့ တောင်ပုံ၊ ရာပုံဖောင်ပျက် တွေကြောင့်တစ်နိုင်ငံလုံးသစ်ပင်၊ ဝါးပင်ပြုန်းတီးပြီး တောင်ခေါင်းတုံး (ထောင်ဂတုံး)တွေကြီးပဲဖြစ်ကုန်ပြီ ထင်ပါရဲ့"

"ဟ . . ပင်ပန်းတာခြင်း အတူတူ သူများနိုင်ငံမှာ ပင်ပန်း တာက ငွေပိုရသလို လူလည်းမသိဘူးလေကွာ"

"ငွေပိုရတယ်ဆိုပေမယ့် သူများနိုင်ငံရဲ့ စားစရိတ်၊ နေ စရိတ်၊ သွားလာစရိတ်ကရော ကျားကြီးရင်၊ ခြေရာကြီးတာပဲဗျ။ စေ့စေ့စစ်စစ်နဲ့ မချွေတာလို့ကတော့ အိမ်အပြန်ငွေပါလိမ့်မယ် မထင်နဲ့။

နောက်ပြီး ပင်ပန်းတာ လူမသိဘူးဆိုတာလည်း ဘဝတူတွေ ကတော့သိပြီးသားကြီးပဲ။ အကြောင်းအမျိုးမျိုးနဲ့ ဖုံးထားလို့သာ သူ သားစုနဲ့ သူ့အသိုင်းအဝိုင်းကမသိကြတာ"

"အဲဒါကြောင့်လည်း ဟိုမှာကျန်နေခဲ့တဲ့ ဇနီးမယားနဲ့သမီး သားတွေက ငါ့ရဲ့လင်၊ ငါတို့ရဲ့ အဖေ၊ နိုင်ငံခြားမှာ အလုပ်လုပ်တာမို့ နိုင်ငံခြား အဆောင့်အတန်းနဲ့ လျော်ညီအောင်နေထိုင် စားသုံးမှသာ တက်လိမ့်မယ်ထင်ပြီး ခပ်ကြွမ်းကြွမ်းလေး သုံးစွဲကြရင်း မယောင် ဆီလူးကြလို့ အသုံးအစွဲပြတ်ရင်တောင်မှ ငါ့လင်၊ ငါတို့ရဲ့ အဖေပြန် လာရင် ငွေပါလာမှာမို့ လင်ပြန်လာရင်၊ အဖေပြန်လာရင် ငွေပြန်ပေး မယ်ဆိုပြီး . . .

လင်ပြန်ပေး၊ အဖေပြန်ပေးငွေတွေ ကြိုယူကာ အသုံးလွန် ကြ နောက်ဆုံးတော့ ဒုံရင်း၊ ဒုံရင်းသာမက နိုင်ငံခြားထွက်သွားမှ ပျက်သွားတဲ့သူတွေ ဒုနဲ့ဒေး မဟုတ်လား ကိုဘိုတောက်ရဲ့ . . ."

"တော်ပါတော့ မျိုးမြင့်မောင်ရယ်။ ရေခြားမြေခြားကို ခြေချ



www.burmeseclassic.com

www.burmeseclassic.com



လို့ နှစ်ဆယ့်လေးနာရီမပြည့်ခင် မင်းရဲ့တရားဦးကို နာလိုက်ရတာ ကြောင့် လူပျိုစစ်စစ်ဖြစ်တဲ့ ငါတောင်မှ သားစိတ်၊ မယားစိတ်နဲ့တစ် နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ချင်စိတ်တောင် ကုန်သွားပါပြီကွာ . .

မျိုးမြင့်မောင်က တခစ်ခစ်ရယ်ရင်း . . .

"ရေရှည်ကို ကြိုမတွေးဘဲ မဆင်မခြင်နဲ့ ဖောင်ဖျက်လာသူ တွေကြောင့် ကိုယ်တကယ် ကျွမ်းကျင်တတ်ကျွမ်းတဲ့ ပညာရပ်တို့ လည်း ယုံကြည်ချက်အပြည့်အဝရှိသလို နည်းပညာတွေလည်း ပြည့်စုံ လွန်းလို့ စိတ်ဒွိဟမဖြစ်အောင် ဖောင်ဖျက်ခဲ့တဲ့ ဘုရင့်နောင်တို့ ကျွန်တော် အားနာမိလို့ပါဗျာ . ."

"နောက်ပြီး ခင်ဗျားနဲ့မတွေ့ခင်လေးတင် ဖုန်းဆက်ခဲ့တဲ့ ဖောင်ဖျက်လာတဲ့ သူငယ်ချင်းနှစ်ယောက်လည်း အေးဂျင့်ရဲ့ လက်ဆင် (Lesson) ပေးခြင်းခံလိုက်ရတာကို ကြားလိုက်ရလို့ ဒေါသ တွေထွက်သွားလို့ပါဗျာ"

"စိတ်မကောင်းစရာတွေကို ကြားမိလက်စနဲ့မို့ မထူးတော့ ဘူး။ သူတို့နှစ်ယောက် ဒုက္ခကိုလည်း ပြောစမ်းပါဦးကွာ။ သူတို့က ငါနဲ့ရော သိလားဟ"

"ခင်ဗျားနဲ့ မသိလောက်ဘူး။ ဒီနှစ်ယောက်က လုပ်ငန်းပိုင် ဆိုင်ရာမှာ ဆရာတစ်ဆူဖြစ်လောက်တဲ့အထိ ကျွမ်းကျင်ပေမယ့် သူတို့ ကျွမ်းကျင်မှုကို ဒီနိုင်ငံကအသိအမှတ်ပြုတဲ့ စာရွက်စာတမ်းမရှိကြ ဘူးဗျ။

ဒီမှာကလည်း အမှိုက်သိမ်း၊ တံမြက်စည်းလှည်းမယ်ဆိုရင် တောင်မှ သူတို့နိုင်ငံကအမှိုက်သိမ်း၊ တံမြက်စည်းလှည်းနည်း ကျွမ်း ကျင်ကြောင်း အောင်လက်မှတ်ထောက်ခံချက်မပါရင် လက်မခံချင် ကြဘူးလေ"

"အဲဒါကြောင့် အေးဂျင့်ကို အားကိုးပြီး အလုပ်ရှာတော့





ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုမှာ ကြွေပြားကပ်တဲ့အလုပ်ရှိ တယ်။ ငါးရက်အစမ်းခန့်မယ်။ တစ်ရက်ကို ခြောက်ဆယ်နဲ့ရှင်းပေး မယ်။ ငါးရက်လုပ်ပြတာကိုစိတ်တိုင်းကျရင် S Pass(Special Pass) အလယ်အလတ်တန်းစား ကျွမ်းကျင်ပညာရှင်အဆင့်နဲ့ ခန့်ပေးမယ် တဲ့"

S Pass နဲ့ခန့်ပေးရင် လစာကလည်း မြင့်မယ်။ ခြောက်လ၊ တစ်နှစ်လုပ်သက်ရှိလာရင် ကိုယ်လုပ်နေတဲ့ကုမ္ပဏီကလည်း ထောက်ခံချက်ပေးရင် PR (Permanent Residence) အမြဲတမ်း နေထိုင်လုပ်ကိုင်နိုင်ခွင့်ကိုလည်း လျှောက်လို့ရတယ်ဆိုတော့ ငါးရက် လုံးလုံး အားကြိုးမာန်တက်လုပ်ကြတာပေါ့။ အခု ငါးရက်ပြည့်တော့ ခန့်နိုင်ဘူးဆိုပြီး နေ့တွက်ပဲ ရှင်းပေးလိုက်တယ်"

"သူတို့နှစ်ယောက်က လုပ်ငန်းမကျွမ်းကျင်လို့လား"

"သူတို့က တကယ်ကျွမ်းကျင်တဲ့သူတွေ။ ဖြစ်ပုံက ဆောက် လုပ်ရေးလုပ်ငန်းခွင်ကြီးမှာ သူတို့နှစ်ယောက် သွားလုပ်တဲ့ ကုမ္ပဏီ ရေချိုးခန်း၊ အိမ်သာတွေမှာ ကြွေပြားကပ်ဖို့အတွက် တစ်ဆင့် ထပ်ဆင့်ထပ်ယူထားတဲ့ ကုမ္ပဏီသေးသေးလေးဗျ။

ကန်ထရိုက်ပေးထားတဲ့ရက်က စေ့ကာနီးနေပြီး အလုပ်က မပြီးသေးတော့ ဒုက္ခတွေ့နေတာ။ မကျွမ်းကျင်တဲ့သူတွေကို ခေါ်ခိုင်း ရင်လည်း အချိန်မီပြီးမှာကမဟုတ်၊ ကျွမ်းကျင်ဝန်ထမ်းကို ငှားမယ်ဆို လည်း တရားဝင်ဖြစ်ဖို့အတွက် အချိန်တွေကုန်မယ်။ ငွေတွေကုန် မယ်။ မပြီးပြတ်လို့ ကျန်ရှိနေတဲ့ သူတို့လုပ်ငန်းခွင်ကလည်း လေး၊ ငါး ခြောက်ရက်လုပ်ရုံနဲ့ ပြီးနိုင်မှန်းလည်းသိတော့ . . ."

"အလုပ်ရှာပေးတဲ့ အေးဂျင့်နဲ့ပေါင်းပြီး ရိုက်စားလုပ်လိုက် တာလေ။ သူငယ်ချင်းနှစ်ယောက်ကတော့ S Pass ရလိမ့်နိုးနိုးနဲ့ ခိုမကပ်ဘဲ ကျွမ်းကျင်မှုကို လက်ကုန်လုပ်ပြရတာမို့ ကုမ္ပဏီအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရက်ပိုင်းအတွင်း ငွေကုန်ကြေးကျအသက်သာဆုံးနဲ့ အချိန်မီလုပ်ငန်းက ပြီးစီးသွားသလို . . ဟော . . အေးဂျင့်ကျတော့လည်း သူ့ကတိအတိုင်း S Passရနိုင်တဲ့အထိ လုပ်ငန်းကြီးကိုရှာပေးရဲ့သားနဲ့ မကျွမ်းကျင်လို့၊ ကုမ္ပဏီကမကြိုက်လို့ အလုပ်မခန့်တာကတော့ သူ့အပြစ်မဟုတ်ဘူးလို့ အသံကောင်းဟစ်လို့ ရသွားတာကြောင့် . . .

သူ့ဆီမှာ စရံပေးပြီး အလုပ်မျှော်နေကြတဲ့ သူတွေအတွက်လည်း ငါတို့တွေ ဇာတာစန်းလဂ်တဟုန်းဟုန်းတက်လို့ အာဂ . . အေးဂျင့်နဲ့ဆက်သွယ်မိပြီပာလို့ ဝမ်းသာအားရဖြစ်ကုန်ကြတာကြောင့် အေးဂျင့်အတွက် ကံစမ်းမဲပေးစရာမလိုဘဲ ကြော်ငြာပြီးသားဖြစ်သွားတာပေါ့ဗျာ"

"ဒါဆို မင်းသူငယ်ချင်းနှစ်ယောက်က အသုံးချခံလိုက်ရတာပေါ့"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ . . ငါးရက်လုပ်ခ သုံးရာစီရသွားကြတဲ့အတွက် စင်္ကာပူမှာနေထိုင်ခွင့်စေ့လို့ မလေးရှားကို စတေးရှောင်တဲ့အချိန်မှာ သုံးဖို့၊ စွဲဖို့လေးတော့ ရသွားသေးတာပေါ့လို့ စိတ်ဖြေရုံပဲရှိတာပေါ့။

ဒီမှာ နေထိုင်ခွင့်ကျန်ရှိနေသေးတဲ့ အချိန်လေးမှာ အလုပ်တစ်ခုခုချိတ်မိအောင်လို့ စီမံကိန်းချဖို့အရေးအတွက် အခုညနေမှာ သူတို့ဆုံဖို့ ချိန်းထားတာကို သွားရဦးမယ်လေဗျာ"

သူများအပူကို ကိုယ့်အပူလုပ်၍ အားတက်သရောကူညီနေသော မျိုးမြင့်မောင်ကို တအံ့တဩ၊ တလေးတစားဖြင့် ကျွန်တော်ငေးကြည့်နေစဉ် . . .

"ကိုင်း . . ကိုဘိုတောက် ခင်ဗျားကရော ဘယ်လိုမျက်စိလည်လမ်းမှားပြီး ဆေးရုံရောက်လာတာလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျား ဆေးရုံကိုရောက်မှတော့ အခြေအနေက သေချာနေပြီပေါ့"





"ဘာ . . ဘာစကားတွေပြောနေတာလဲ။ ငါက ဘာရောဂါရှိလို့ ဘာသေချာရမှာလဲ"

"ဆေးရုံမှာလာပြီး ဆေးစစ်ရပြီဆိုကတည်းက အလုပ်ကသေချာနေပြီလေ။ ဆေးအောင်တာနဲ့ ဝပ်ပါမစ်ကဒ် ခင်ဗျားလက်ထဲရောက်တော့မယ်။ အဲဒါကိုပြောတာပါဗျာ။ ကဲ . . ခင်ဗျားအလုပ်ကဘာလဲ။ ဘယ်မှာလုပ်ရမှာလဲ"

"သိဘူး . ."

"ဗျာ . ."

www.burmeseclassic.com

www.burmeseclassic.com





စင်္ကာပူစံတော်ချိန် ၁၄း၃၀
ညနေ ၂း၃၀

မျိုးမြင့်မောင် ကျွေးမွေးသမှုပြုသည်ကို စားသောက်ပြီးနှစ်ယောက်သားစကားကောင်းကာ ညနေသုံးနာရီထိုးသည်အထိ ကိုရွှေအေးဂျင့်က ပေါ်မလာ။ မျိုးမြင့်မောင် ထွက်ခွာသွားပြီးမှ နီစပ်စပ်ပုပြတ်ပြတ်ရဲ့ကားရောက်လာလို့ အားလုံးကားပေါ်တက်ကြတဲ့ အချိန်မှာ ကျွန်တော်ကတော့ ရွှေ့ခန်းကပဲပေါ့။

ဘာစကားမှ မြွက်ဟမဆိုဘဲ ကားမောင်းနေတဲ့ အေးဂျင့်ကိုကြည့်ရင်း . . ဆေးစစ်သမှုပြုကြတဲ့ သူ့အပေါင်းကို သူ့လက်ခုပ်ထဲက ရေလို့ သတ်မှတ်ပြီး တစ်နေကုန်အစာရေစာမကျွေးဘဲ ပစ်ထားတဲ့အတွက် သင်းကိုဒေါသထွက်သလို မျိုးမြင့်မောင်ရဲ့ ကျွေးမွေးတာကို စားသောက်ပြီး ထမင်းဝနေတဲ့ ကျွန်တော်က အခုအချိန်အထိ မစားသောက်ရသေးတဲ့ ဘာကုန်းအပေါင်းကို အသနားပိုနေစဉ်မှာပဲ . . .

"မာကမ်း Ready Lah?"

ဆိုတဲ့အေးဂျင့်ရဲ့စကားကြောင့် နားမလည်လို့ ပခုံးတွန့်ပြတော့ . .

"မာ့ကမ်း . . မာကမ်း"



ဆိုပြီး ပါးစပ်ထဲကို စားစရာထည့်သလို ပုံစံမျိုးလုပ်ပြရဲ့တော့ . .

"မာကမ်း . . Finish Lah?"

လို့ ထပ်မေးလိုက်မှ Ready ဆိုတဲ့ အဆင်သင့်ဖြစ်သောလို့ အဓိပ္ပါယ်ရတဲ့ ဗြိတိသျှစကားဟာ ဒီကိုရောက်မှ Finish ပြီးဆုံးခြင်း (သို့မဟုတ်) နိဂုံးလို့ အဓိပ္ပါယ်ပြောင်းကာ သုံးစွဲကြောင်းကို မျိုးမြင့်မောင် ပြောလို့ သတိရသွားမိသလို မာကမ်းဆိုသည်မှာလည်း မလေး၊ အင်ဒိုစကားနဲ့ ထမင်းစားတာလို့ သဘောပေါက်သွားပြီး ကိုယ်စားပြီးသမယ့် မစားရသေးတဲ့ ဘာကုန်းတွေကို ကိုယ်ချင်းစာလို့ ခေါင်းခါပြလိုက်တဲ့ သကာလ . . .

"မင်းတို့အားလုံး ဆယ့်ရှစ်ယောက်အတွက် ထမင်းထုပ်ဆယ့်ရှစ်ထုပ်ကို ဘာကုန်းတွေထံ ပေးထားကြောင်း . . "

ပြောဆိုကာ ကားကိုရပ်၍ နောက်ခန်းသို့ လှမ်းမေးပါသော်လည်း အဖြေမရပါသဖြင့် ခမျာကြီးက ဒေါသူပုန်ထပြရုံမှတစ်ပါး သူလည်း ဘာမှမတတ်နိုင်တော့တဲ့အကြောင်း ပခုံးကို တွန့်ပြကာ ကားကိုဆက်မောင်းတော့တာကြောင့် . . .

သဘင်ဦးသျှောင်ကြီးရွှေမန်းတင်မောင်ရဲ့ နှစ်ပါးသွားသီချင်းတစ်ပိုဒ်တစ်စကို ညည်းညူမိတော့တာပေါ့ ခင်ဗျာ။

"မင်းတို့ကိုလည်း အပြစ်မတင် . . တင်မောင် . . ကိုယ့်ကိုယ်ကိုယ်ပင် . . သနားလှချည်ရဲ့ . . အစဉ် . . . "

www.burmeseclassic.com

www.burmeseclassic.com





ဗြိတိန်စံတော်ချိန် ၁၅း၃၀

ညနေ ၃း၃၀

ယန္တရားကားတွေအများကြီးရှိတဲ့ အဝန်းအဝိုင်းအကျယ်ကြီးထဲတွင် ဘကုန်းများကို ချထားပြီးနောက် ကားကိုဆက်မောင်းတော့ ပတ်ဝန်းကျင်မြင်ကွင်းက ကိုယ်ရောက်ဖူးပြီးသားလို ထင်မြင်လို့ မျှပြကြည့်ရင်း. . ငါကို ဘယ်ခေါ်သွားနေပါလိမ့်လို့ အတွေးမဆုံးခင် ကားရပ်လိုက်တဲ့အတွက် ဘေးနားရှိဂိတ်တံခါးကိုကြည့်လိုက်တော့. .

အလို . . ဒါ . . တီးတိုးတို့ သဘော်ကျင်းကြီးပါလားဟ။ ငါဒီမှာများ အလုပ်လုပ်ရမှာလား။ အတွေးမဆုံးခင် ကိုရဲကြီးနဲ့ ကိုမနဲ့က တစ်ခါသင်ပေးထားရုံနဲ့ ထပ်ခိုင်းစရာမလိုအောင် အလိုက်တသိ အိတ်နှစ်လုံးကိုဆွဲယူသွားစဉ်မှာနီစပ်စပ်၊ ပုပြတ်ပြတ်က ဂိတ်အပေါက်ဝမှာရပ်ပြီး စကားပြောနေတဲ့ တရုတ်နှစ်ယောက်ထံ ကျွန်တော့်ကိုခေါ်သွားပြီး ထိုသူနှစ်ဦးကို မေးငေါ့ကာ . . .

"ဒါ . . မင်းတို့ ကုမ္ပဏီက စူပါဗိုက်ဇာ"

လို့ မိတ်ဆက်ပေးတဲ့သကာလ ကျွန်တော်တစ်ချက်လှမ်းအကဲခတ်လိုက်တော့ အရပ်ငါးပေခြောက်လက်မခန့်မြင့်ပြီး အသက်လေးဆယ်ခန့်ရှိသော ရင့်ကျက်တဲ့ကြွေနှင့်ရုပ်ရည်သန့်ပြန့်သူတတစ်ယောက်၊ အရပ်ခြောက်ပေနီးပါးခန့်နှင့် အသက်အစိတ်ခန့်ရှိသော ရုပ်ရှင်မင်းသားကဲ့သို့ ချောမောလှပသည့် လူငယ်တစ်ယောက်





ကို တွေ့လိုက်ရတဲ့သကာလ ဖြတ်ထိုးညာဏ်နဲ့ အသက်လေးဆယ်ခန့်သူထံ လက်ကိုကမ်းပြီး . . .

"How do you do"

လို့ ဗြိတိသျှလို နှုတ်ဆက်လိုက်တဲ့ သကာလ လေးဆယ်ကျော်ကြီးက သူ့လက်ကိုမကမ်းဘဲ ပါးစပ်အဟောင်းသားဖြစ်နေစဉ်မှာ အသက်အစိတ်ခန့်ရှိတဲ့ တရုတ်မင်းသားလူငယ်က သူ့လက်ကိုကမ်းလင့်ရင်း . . .

" I am a your Supervisor"

"ငါဟာ မင်းရဲ့ ကြီးကြပ်ကွပ်ကဲသူပါ"

လို့ ဝန်ခံစကားပြောကြားလေမှ သူ့လက်ကိုဆွဲကိုင်နှုတ်ဆက်သမှုပြုလိုက်ရတော့တာပေါ့။

အေးဂျင့်ပေးတဲ့ ကျွန်တော့်ပတ်စပို့နဲ့တကွ စာရွက်စာတမ်းတွေကို သူကယူပြီး ကျွန်တော့်ကိုကြည့်ကာ . .

ယခု ကျွန်တော်လုပ်ရမယ့် လုပ်ငန်းမှာ ရှုပ်ထွေးမှုမရှိသည့်အပြင် Operation ပြုလုပ်ပုံ အဆင့်ဆင့်ကိုလည်း မြန်မာအချင်းချင်းသင်ကြားပေးမှာဖြစ်လို့ *အခက်အခဲမရှိဘဲ အဆင်ပြေမှာဖြစ်ကြောင်း*

ကျွန်တော်ဟာ ရွှေတံဆိပ်ဆုရတဲ့ အကသမားဖြစ်ကြောင်းကို လုပ်ဖော်ကိုင်ဖက် ရွှေမြန်မာတွေပြောပြ၍ သိရှိထားသဖြင့် ဂုဏ်ယူမိကြောင်း . . .

အနုပညာသမားများဟာ ငြိမ်းချမ်းစွာနေထိုင်တတ်သလို ငြိမ်းချမ်းရေးကိုသာ အလိုရှိသူတွေလို့ ဆိုရိုးစကားရှိတဲ့အတွက် အနုပညာအရာမှာ ပြောင်မြောက်လွန်းလို့ ရွှေတံဆိပ်ဆုကြီးကို ရရှိထားတဲ့ သင်ဟာလည်း ရွှေရောင်လွှမ်းတဲ့ ငြိမ်းချမ်းရေးသမားကြီးတစ်ယောက်ဖြစ်ကြောင်းကို သင့်ရဲ့ အနုပညာအရာမှ ပြောင်မြောက်လွန်းလို့သင်ရရှိထားတဲ့ ရွှေတံဆိပ်ဆုကြီးက သက်သေပြနေပြီမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင် (သို့မဟုတ်) ငြိမ်းချမ်းရေးသမားတစ်ယောက်ကို အလုပ်ခန့်ခွင့်ရတဲ့အတွက် ကုမ္ပဏီပိုင်ရှင်နှင့်တကွ ကျွန်ုပ်ကပါ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်း . . .

စသည်ဖြင့် . . စသည်ဖြင့် . . ကျွန်တော့်ကိုသာမက ကျွန်တော့် ဝါသနာအရ အောင်မြင်အောင် ကြိုးစားလို့ရရှိထားသော ရွှေတံဆိပ်ဆုကြီးကိုပါ ချီးမွမ်းခန်းဖွင့်လိုက်သော စူပါဗိုက်ဇာရဲ့ စကားများက ကျွန်တော့်၏ နားဝမှတစ်ဆင့် နှလုံးသားသို့တိုင် စီးဆင်းသွား၍ ကြည်နူးမှုပီတိများက တစ်ကိုယ်လုံးကို စိမ့်အေးသွားလို့ ပါးစပ်အဟောင်းသားတောင်မှ ဖြစ်နေရတော့တာပေါ့။

ဩော် . . ဒုက္ခများမြောင် ဤလူ့ဘောင်မှာလည်း အချိန်အတိုင်းအတာ အကန့်အသတ်တစ်ခုအတွင်း လူဖြစ်ပြီး ရှင်သန်နေထိုင်ရတဲ့ အချိန်တိုလေးအတွင်းမှာတောင် လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတွေနဲ့တကွ ဣဿာမစ္ဆရိယတွေကို ရှေ့တန်းတင်လွန်းလို့ . . . .

တစ်ယောက်နဲ့တစ်ယောက် တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယုံကြည်မှုတွေကင်းမဲ့ကြပြီး ကမ္ဘာကြီးပူလောင်ဆူပွက်အောင် တစ်ခဲနက် အကြမ်းဖက်နေကြတာတွေကြောင့် . . .

သေကြေပျက်စီးဒဏ်ရာအနာတရတွေနဲ့ သွေးတွေ၊ မျက်ရည်တွေ ပင်လယ်ဝေနေကြတာကိုလည်း နေ့စဉ်နဲ့အမျှ မီဒီယာတွေမှာ မြင်တွေ့နေကြရတော့ သံဝေဂတွေရပြီး ငြိမ်းငြိမ်းချမ်းချမ်းသာနေလို၊ ထိုင်လိုတဲ့ငြိမ်းချမ်းရေးကိုသာ လိုလားတောင့်တနေတဲ့ လူသားတွေအဖို့မှာလည်း . . .

သူတို့နဲ့ပတ်သက်ဆက်နွယ်လာတဲ့ လူစိမ်း၊ သူစိမ်းတွေဟာ လာခြင်းကောင်းတဲ့သူမှဟုတ်ပါလေစလို့ သံသယပွားမိတာဟာ ဓမ္မတာပဲလေ. .





ဟော . . အခုတော့ ကြည့်ပါဦး . . ကျွန်တော့်ကို မမြင်မတွေ့ရခင်ကတည်းက လူသားအားလုံးရဲ့ အသည်းနှလုံးကို ကြည်နူး၊ ဝမ်းမြောက်နှစ်သက်အောင် လုပ်ဆောင်ပေးတဲ့ အနုပညာသမားမှန်းသိလိုက်ရုံနဲ့ ငြိမ်းချမ်းရေးသမားကြီးလို့ တံဆိပ်ခတ်သတ်မှတ်ကာ ဝမ်းမြောက်စွာနဲ့ ကြိုဆိုတာကို ခံလိုက်ရတော့ နှိုင်းတုလို့မရတဲ့ပီတိတွေ ရင်ထဲမှာတဖွားဖွားနဲ့ပေါ့ . . . ။

ဂိတ်တံခါးအတွင်းမှ ကျွန်တော့်ကို စောင့်ကြိုနေသော သူငယ်ချင်းအပေါင်း၏မျက်နှာများတွင်လည်း ပီတိတွေကူးစက်လို့ ကြည်နူးမှုအပေါင်းယှက်သန်းနေသဖြင့် သူတို့မျက်လုံးများက ဝင်းဝင်းလက်ပြီး အရောင်တောက်ပနေသည်ကိုလည်း ကျွန်တော်မြင်တွေ့နေရသလို . . .

စူပါဗိုက်ဇာ၏ စကားများကို ရုပ်ရည်သန့်ပြန့်၍ ရင့်ကျက်သော ဣန္ဒြေရှိသည့် အသက်လေးဆယ်ခန့်လူက တရုတ်စကားဖြင့် ဘာသာပြန်ပေးနေသည့် နီစပ်စပ်၊ ပုကွကွကိုလည်း မြင်နေရပြန်သည်။

စူပါဗိုက်ဇာက ကျွန်တော့်ပခုံးကိုတရင်းတနှီးပုတ်ရင်း . . .

မကြာမီ ကုမ္ပဏီမှ သင်္ဘောတစ်စီးကျွန်တော့်ကို လာခေါ်လိမ့်မည်ဖြစ်၍ ဤသင်္ဘောကျင်းမှာပင် စောင့်ဆိုင်းရင်း သူငယ်ချင်းမိတ်ဆွေများ၏ ကြိုဆိုပွဲကိုဝင်နွှဲပါဦးလို့ တိုက်တွန်းပြောကြားပြီး . . .

ကျွန်တော့်လက်ကို ထပ်မံဆွဲကိုင်လှုပ်ရမ်းကာ . . . .

"Congratulation"

လို့ ဗြိတိသျှစကားဖြင့် ချီးကျူးဂုဏ်ယူကြောင်းပြောကြားလိုက်တဲ့သကာလ အသက်လေးဆယ်ခန့် လူကလည်း ကျွန်တော့်လက်ကိုဆွဲ၍ . . .

"ကွန်ကရက်ကျူလေးရှင်း"



www.burmeseclassic.com

www.burmeseclassic.com



လို့ ချီးကျူးသမှုပြုလိုက်ပြန်တော့ နီစပ်စပ်၊ ပုကွကွကလည်း ယောင်ရမ်းပြီး ကျွန်တော့်လက်ကိုဆွဲကိုင်လှုပ်ယမ်းကာ 'ကွန်ကရက်ကျူလေးရှင်း' ရတော့တာပေါ့။

အငြိုးအတေးမထားတတ်တဲ့ အမျိုးကောင်းသားဆိုတော့လည်း နှလုံးအေးအောင် အပြုံးလေးနဲ့တုံ့ပြန်သမှုပြုပြီးတဲ့နောက်မှာတော့ သူတို့ တရုတ်တွေအချင်းချင်း တရုတ်ဘာသာဘာဝ ကွိကွိကွကွ တွေပြောကြားလို့ ကားကိုယ်စီနဲ့ထွက်သွားကြတဲ့သကာလ . . .

ကျွန်တော်လည်း ဂိတ်တံခါးအဝကို ခြေစပြီးချလိုက်တာနဲ့ ကိုရဲကြီးက အပြေးလာပြီး . . .

"မင်းတို့ရဲ့ စူပါဗိုက်ဇာပြောတဲ့စကားကြားလိုက်ရတာနဲ့တင် မင်း အတွက်နဲ့ တို့များမှာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်ကွာ။ မင်းတို့ စူပါဗိုက်ဇာက ငါတို့ရွှေမြန်မာတွေအပေါ် သဘောကောင်းပြီး မျက်နှာသာပေးသလို ဟို ရုပ်သန့်သန့်တရုတ်ကလည်း မြန်မာပြည်ကို ခဏ ခဏသွားလို့ မြန်မာတွေအကြောင်း ကောင်းကောင်းသိသလို မြန်မာတွေကို ဦးစားပေးလေ့ရှိတဲ့ တီးတိုးတို့ရဲ့ သဘော်ကျင်းပိုင်ရှင် သူဌေးလေကွာ"

"မင်းတို့ ကုမ္ပဏီက သင်္ဘောမှန်သမျှ နှစ်စဉ်၊ နှစ်တိုင်း ဒေါက်တက်တာက ဒီသင်္ဘောကျင်းမှာဆိုတော့ သူတို့တွေက စီးပွားဖက်တွေ၊ ရင်းနှီးတဲ့သူတွေလေ"

"သူတို့နှစ်ဦးဆုံတဲ့အချိန် အခွင့်သာတာနဲ့ ငါတို့တွေက မင်းရဲ့အကြောင်းနဲ့ မနေ့ညက မင်းဖြစ်ပျက်သမျှကို ခရေစေ့တွင်းကျ ပြောပြထားတာကွ"

"ကိုင်း . . ကိုင်း အထဲကိုလာ ဟောဒီမှာ မင်းရဲ့သူငယ်ချင်းတွေ အားလုံးနီးပါးက မင်းကိုကြိုဆိုအောင် လာပြီးစောင့်နေကြတာ မို့ ကြုံတုန်း မင်းရဲ့ ပညာခန်းလေးတွေ ပြလိုက်ပါဦး"





ကိုရဲကြီးကို ကျော်၍ ကျွန်တော်လှမ်းကြည့်လိုက်တော့ ပိတောက်ပင်အောက်က စားပွဲခုံနားမှာ စုရုံးနေကြသူအပေါင်းက ကျွန်တော်နှင့် ကျောင်းနေဖက်တွေ၊ သင်တန်းတက်ဖက်တွေ၊ အိမ်နားနီးချင်း တစ်ရပ်ကွက်တည်းသားတွေဖြစ်တဲ့ . . .

ကိုရဲကြီး၊ ကိုမန့် အစရှိတဲ့ အသက်လေးဆယ်နီးပါးကြီးများ၊ တီးတိုး၊ စိုးမင်း၊ မင်းမင်း၊ သန်းအောင်၊ ဘိုစော အစရှိတဲ့ အသက်သုံးဆယ်နီးပါးနှင့်တကွ ကိုင်ဇာ၊ ကုလားလေး၊ အချိုမှုန့်၊ မင်းသိန်းဦး၊ ညီညီ၊ ဘိုဘို၊ သိန်းသန်းဦးအစရှိတဲ့ အသက်နှစ်ဆယ်နီးပါး အစရှိသဖြင့် အရွယ်သုံးပါးမရွေး ကျွန်တော့်မိတ်ဆွေသူငယ်ချင်းများကို တစုတဝေးကြီး တွေ့လိုက်မြင်လိုက်ရလို့ အံ့သြဝမ်းသာဖြစ်နေစဉ်မှာပဲ

တီးတိုးနဲ့စိုးမင်းက ဝပ်၁၀၀၀အားရှိတဲ့ ရေဒီယို၊ VCD ကက်ဆက်ကြီးထဲသို့ တိပ်ခွေတစ်ခွေထည့်၍ ဖွင့်လိုက်သည်။

"လာခြင်းကောင်းတဲ့. . မင်းဘဝပျော်ပါစေ . . ဆုတောင်းပေးမယ့် . . ."

စတီရီယိုအဆိုကျော် စိုးပိုင်ရဲ့ သီချင်း ဝပ်တစ်ထောင်အားအပြည့်နဲ့ ထွက်ပေါ်လာစဉ်မှာပဲ ကိုင်ဇာက အပြေးအလွှားနဲ့ ကက်ဆက်ကိုပိတ်လိုက်ရင်း . . . .

"ခင်ဗျားတို့က ကိုဘိုတောက်ကိုကြိုဆိုတဲ့ သီချင်းဖွင့်တာများဗျာ နှစ်ဆယ်ရာစုနှောင်းပိုင်းက စတီရီယိုသီချင်းကြီးနဲ့ ခင်ဗျားတို့တွေအသက်သုံးဆယ်သာ မကျော်သေးတာ လူတွေကတော့ ဒိတ်အောက်ကုန်ပြီ။ ဒါ နှစ်ဆယ့်တစ်ရာစုထဲကို ဆယ်စုနှစ်တစ်ခု မစွန်းသေးတဲ့ နှစ်ဆယ့်တစ်ရာစု Vergin Time မှာ ဂီတရဲ့ အဓိပတိက Hip Hop ဗျ"

"ကုလားလေး မင်းရဲ့ဖုန်းအားသွင်းတဲ့ အထိုင်စက်ကလေးပေးစမ်း။ အဲဒီ့အထိုင်စက်က စပီကာနဲ့တွဲပြီး ငါ့ဖုန်းထဲက MP3



www.burmeseclassic.com

www.burmeseclassic.com



Hip Hop သီချင်းတွေနဲ့ ကိုဘိုတောက်ကို ကြိုဆိုချင်လို့ . ."

တီးတိုးနဲ့ စိုးမင်းလည်း ရှုံးရှုံးရှဲရှဲဖြစ်သွားပြီး . . . .

"မင်းတို့ Hip Hop ဖွင့်ချင်ရင် ငါတို့ သီချင်းပြီးမှ ဖွင့်ပေါ့ကွ"

"ခင်ဗျားတို့ စတီရီယိုတွေ နှစ်ဆယ့်တစ်ရာစုမှာ နားထား စမ်းပါဗျာ။ ပေး ပေး ကုလားလေး အဲဒီ့စက် ငါ့ကိုပေး"

ကျွန်တော့်ကိုချစ်ခင်ကြလွန်းလို့ တေးသံသားများနဲ့ အလု အယက် ကြိုဆိုချင်ကြတဲ့ သူငယ်ချင်းများရဲ့ ဗရုတ်ဗရက်ကိုကြည့်ရင်း ဘာလုပ်ရကောင်းမလဲ တွေးနေတုန်း၊ ကိုရဲကြီးက ကိုင်ဇာနှင့်တီးတိုး တို့ကြားထဲဝင်၍ သူတို့နှစ်ယောက်ကို တွန်းဖယ်ရင်း . . . .

"မင်းတို့ကောင်တွေ ဘေးဖယ်နေကြစမ်း။ တစ်ယောက်က လည်း စတီရီယို၊ တစ်ယောက်ကလည်း Hip Hop တဲ့ ဘာတွေလဲ။ သွား . . သွား ခပ်ဝေးဝေးသွားနေစမ်း။ ရွှေတံဆိပ်ဆုရအက မင်းသားလေးကို မင်္ဂလာရှိရှိ ကျက်သရေရှိရှိနဲ့ ကြိုဆိုရမယ့်သီချင်းက ဟော့ကောင် မနဲ့ . . ပေး . . အဲဒီ့အခွေ"

ကြီးမားထွားကြိုင်းသည့်ခန္ဓာကိုယ်အတ္တဘောကြီးကြောင့် တီးတိုးတို့၊ ကိုင်ဇာတို့တွေ နောက်ကိုဆုတ်ရင်း ကိုရဲကြီးဘာသီချင်းဖွင့် မလဲလို့ နားစွင့်နေမှာပဲ ထွက်ပေါ်လာတဲ့သီချင်းက ကိုအံ့ကြီး သီဆို ထားတဲ့ နန်းတော်ရှေ့ဆရာတင်ရဲ့ ကျေးရွာဝါဒသီချင်းခင်ဗျ။ သီချင်း ရဲ့ နောက်ဆုံးအပိုဒ်ဖြစ်တဲ့ စည်တော်ကြီးရွှန်းသံနေရာကနေ ဖြတ်ပြီး ဖွင့်လိုက်တာမို့ မင်္ဂလာရှိတဲ့ စည်တော်ရွှန်းသံကြီးနဲ့အတူ ကိုအံ့ကြီးရဲ့ ကျက်သရေရှိတဲ့အသံကြီးက သဘော်ကျင်းတစ်ခုလုံးကို ဝပ် ၁၀၀၀ အားနဲ့ ဟိန်းသွားတော့တာပေါ့။

စည်တော်သံ၊ စည်ရွှန်းသံလို့လည်း ခေါ်တွင်တဲ့ စည်တော် ကြီးသံကို ဝိုင်းရံပြီး ပံ့ပိုးပေးကြတဲ့ တူရိယာတွေထဲမှာတော့ ငွေနှဲကျော် က အခရာပါပဲ။





ငွေနှဲကျော်ရဲ့ အဝေ့အဝိုက်၊ အဆွဲအငင်နဲ့ အဆက်မပြတ် သက်ပြန်မှုတ် (အသက်ရှူထုတ်ချိန်မှာတောင် မရပ်မနားဘဲ တစ်ဆက်တည်းမှုတ်ခြင်း) ပြီး ဦးဆောင်မှုနောက်ကို ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် အစရှိတဲ့ တူရိယာငါးပါးကလည်း မြန်ဆန် ခြင်းလည်းမရှိ။ လေးပင်မှုလည်းမရှိဘဲ ဣန္ဒြေရရနဲ့ ဟန်ချက်ညီညီ စုပေါင်းညီညာစွာ တီးမှုတ်လိုက်တော့ . . .

ထွက်ပေါ်လာတဲ့ သံစဉ်က ကြားရသူအပေါင်းရဲ့ရင်ထဲ၊ အသည်းနှလုံးထဲရောက်သည်အထိ ဆွတ်ပျံ့ကြည်နူးရုံမက ငြိမ်းအေး သွားသည့်တိုင်အောင် စွမ်းဆောင်နိုင်ဖို့အတွက် . . . .

ချစ်ခင်မြတ်နိုးဖွယ်ရာ 'သိင်္ဂါရ' ရသ၊ ရဲရင့်တက်ကြွဖွယ်ရာ 'ဝီရ' ရသ၊ ရွှင်မြူးဖွယ်ရာ 'ဟာသ' ရသတွေတင်မက အဓိကကျတဲ့ အေးငြိမ်းဖွယ်ရာ 'သန္တ' ရသကိုပါ တစ်ပြိုင်နက်တည်း အချိုးကျကျ လှလှပပ ပေးစွမ်းလိုက်တာခင်ဗျ။

ဒီလို ရသပေါင်းစုံပါဝင်တဲ့ ငြိမ်းအေး၊ ချမ်းမြေ့၊ ဆွတ်ပျံ့ ကြည်နူးဖွယ်ရာ တီးလုံးနဲ့ သံစဉ်မျိုးကို ကမ္ဘာတစ်လွှားမှာ ရှာကြည့် လိုက်စမ်းပါ။ မြန်မာမှာကလွဲလို့ ဘယ်မှာမှ မရှိနိုင်ပါဘူးလေ။

ဒီလို ထူးခြားပြီး ကျက်သရေမင်္ဂလာရှိတဲ့ တီးလုံးသံစဉ်နဲ့ လိုက်ဖက်အောင် သီချင်းစာသားကို ထည့်သွင်းရေးစပ်ပုံကလည်း ဇမ္ဗူဒီပါသြဘာ နိမိတ်ထွန်းတဲ့ လကျာတောင်ကျွန်းနဲ့အညီ အောင် အတိတ်၊ အောင်နိမိတ်တွေ ပြည့်လျှမ်းလို့ပေါ့ . . .

"ကောင်းချီး . . သဒ္ဒါ . . မြန်မာတို့ . . ရွှေတေဇာ . . . .

ဘုန်းမိုး . . ဆွေကာ . . သွန်းဖြိုး . . ရွာလေတာ . . .

ဦးအောင်ဇေယျ . . ယင်း ပထမနေတာ . . မုဆိုးဘိုခေါ် ရွာ တလေး ပါခင်ဗျ . . ."

အချီပိုဒ်ကလေးဝင်လိုက်လေတော့ ကိုရဲကြီးတို့နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



တီးတိုးတို့ကလည်း ခေါင်းတညိတ်ညိတ်ဖြစ်သွားပေမယ့် လူငယ်တစ်စု ကတော့ ခေါင်းတယမ်းယမ်းနဲ့ သိပ်ပြီးတော့ စိတ်မဝင်စားကြောင်း ပြသလိုက်နေစဉ်မှာပဲ. .

အမျိုးသားများ . . တိုးပွားစရာ . . နိုးကြားကာ . .

အောင်မြင်ဆောင်ရွက်လာ. . ဇာတိ . . ကမ္ဘာသိ . .

မြန်မာသိ. .

ပါရမီရှင်တောင် ထွက်ခဲ့ဖူးတဲ့ ရွာလေးပါ . . .

ဆိုတဲ့ အပိုဒ်လည်း ပြီးရော . . .

"တို့ လူလေးများ . . ဆိုသလေ . . ."

လို့ ကိုအံ့ကြီးက ညာသံပေးလိုက်တဲ့ သကာလ . .

"ဝေ . . လေ . . လေ . . ."

ဆိုတဲ့ သံပြိုင်အော်သံကြီးကို ကြားလိုက်ကြရရင်ပဲ လူငယ်အုပ်စုဝင်အားလုံး ခေါင်းထောင်ပြီး တအံ့တသြဖြစ်သွားရုံမက . . .

"အောင်မြန်မာ. . ဟာအာ. . အောင်ဇာတာ . . အောင်ရာနိမိတ်ရယ်သွန်းစေဖို့ရာ . . အောင်ရပ်ကယ့် သာသလေးလေ့ . . .

အောင်ရာဓိမယ္ဍင်း . . ရှိုင်းပင်းကာ . . ကူညီပေးတယ် . .

ဆရာတင်. . နန်းတော်ရှေ့ပါဗျာ . . သွင်း . . ဆိုသည့်စာ"

လို့ သီချင်းသံအဆုံး မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထွက်ပေါ်လာတဲ့ စည်တော်ကြီးရွှန်းသံကို ကြားလိုက်ရတဲ့အခါမှာတော့ လူငယ်တွေအားလုံးရဲ့မျက်ဝန်းများက ဝင်းဝင်းလဲ့လဲ့ ဖြစ်နေလိုနေပါပြီ။

စည်တော်သံဆုံးလို့ ကက်ဆက်ပိတ်လိုက်တာနဲ့ တစ်ပြိုင်နက်. .

"ဟာ . . သံစဉ်က ရေရေလည်လည် မိုက်တယ်ဟေ့"

"စာသားက ပိုတောင်မိုက်သေးတယ်ဟ။ နာမည်တွေပါ ထည့်စပ်ထားတာ"





"ကြားထဲမှာလည်း တို့လူလေးများ ဆိုသလေလို့ အော်သံကြီး ထည့်ထားတာ ရှယ်ပဲကွာ . . ."

သူတို့တွေ၏ တစ်ယောက်တစ်ပေါက် အားပေးသံကြောင့် ဖြုံးပြုံးပြုံးဖြစ်နေတဲ့ ကိုရဲကြီးရဲ့ မျက်နှာမဲ့သွားပြီး . . .

"မိုက်တယ်ဆိုတဲ့ မင်းတို့လူငယ်တွေရဲ့စကားဟာ ကောင်းတယ်လို့ ပြောမှန်းသိပေမယ့် ဒီလိုကျက်သရေ မင်္ဂလာရှိတဲ့ သီချင်းမျိုးကို မင်းတို့ချီးမြှောက်လိုက်ပုံက ဆင်ဖြူတော်ကိုအရောင်လက်အောင် ထုံးသုတ်ပေးလိုက်သလို အဖြစ်မျိုးဆိုတော့ နားထဲမှာ အဝင်ဆိုးလိုက်တာကွာ"

"ခင်ဗျားနားထဲ အဝင်ဆိုးပေမယ့် ကျွန်တော်တို့မှာ နားထောင်မဝလို့ Once More လုပ်ပါဦးဗျာ"

လို့ လူငယ်အုပ်စုက တောင်းပန်လိုက်တဲ့သကာလ ကိုရဲကြီးက ပြုံးဖြီးဖြီးဖြင့် အခွေကိုပြန်ရစ်နေစဉ် လူငယ်အုပ်စုလည်း ခေါင်းချင်းဆိုင်ပြီး စကားတွေတွတ်ထိုးနေရင်းက . . .

"ကဲ ကိုဘိုတောက်ရေ . . အဲဒီ့သီချင်းရဲ့ တေးသွားနဲ့အညီ ဌာန်ကရိုဏ်းကျကျ ကပြအသုံးတော်ခံပြလျှင်ဖြင့် ကျွန်တော်တို့အတွက် အကနဲ့ပတ်သက်တဲ့ အထွေထွေဗဟုသုတတွေ တိုးရပါလတ္တံ့"

လို့ လိုလိုချင်ချင်နဲ့ တောင်းဆိုသမှုတွေ ရှိလာပြန်တော့လည်း ဆိုင်းသံကိုကြားရရုံနဲ့ ဘယ်သူတွေတားလို့မှ မနေနိုင်တဲ့ ဆိုင်းကြိုက်မောင် သဘင်ဦးသျှောင်ကြီးခမျာလည်း မိန့်မိန့်ကြီးပြုံးရင်း . . .

"ကိုင်း . . ကိုင်း . . မြန်မာပြည်မှာမွေးပြီး မြန်မာပြည်မှာကြီးပြင်းခဲ့တာတောင်မှ စည်တော်ကြီးသံကို မကြားဖူးသလို၊ စည်တော်ကြီးအကကို မမြင်ဖူးတဲ့ ရွှေညီအစ်ကိုဘွေအတွက် တတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ပညာရပ်ကို အိတ်သွန်ဖာမှောက် တင်ဆက်ကပြပေးရတော့မှာပေါ့ . . အဲဒီတော့ ”

စကားတောင်မှ မဆုံးသေးဘူး။ ကိုရဲကြီးက ကက်ဆက်ဖွင့်လိုက်သဖြင့် ထွက်ပေါ်လာတဲ့ စည်တော်သံအတိုင်း ကျွန်တော်ကလိုက်ရတော့တာပေါ့။ ရေခြားမြေခြားမှာရောက်ပြီး အကြောင်းမညီညွတ်လို့ ဘောင်းဘီဝတ်ထားတဲ့ မသိနိုးနားတဲ့ လူငယ်တွေအတွက် ရည်ရွယ်ပြီး စနစ်တကျကပြ အသုံးတော်ခံတဲ့နေရာမှာ အရှိုးပေါ်အရွက်မဖုံးစေဘဲ ရှေးမူမပျက် ကပြမှုဖြစ်တော့မှာပေါ့။

အဲဒါကြောင့် လူတစ်ဖက်စာလောက်ရှိတဲ့ စည်ကြီးရဲ့မျက်နှာဝရှေ့မှာ စည်တော်ဝန်က သူဝတ်ထားတဲ့ ‘သိုရင်း’ အင်္ကျီကြီးတို့ လေထဲမှာ ဝေ့ခနဲ . . ဝေ့ခနဲ . . ဖြစ်သွားအောင် ဝိုင်းပတ်ရင်းနရိစည်းချက်ညီညီ၊ ဟန်ချက်ညီညီနဲ့ကရင်း တစ်မောင်း၊ နှစ်မောင်း၊ သုံးမောင်းအစရှိတဲ့ မောင်းထုသံနဲ့ အံကိုက်ကျအောင် စည်တော်ကြီးရဲ့ မျက်နှာပြင်ကို လက်ဖဝါး၊ လက်ခုံ၊ တံတောင်တွေနဲ့ တီးခတ်လိုက်တဲ့ပုံသဏ္ဍာန်ဟန်ပန်တွေနဲ့ငြိမ့်ညောင်းစွာ ကပြအသုံးတော်ခံလိုက်တဲ့သကာလ . . .

လူငယ်တစ်စုက မျက်လုံးကျွတ်လုမတတ် စူးစိုက်ကြည့်ရင်းက တစ်ယောက်ကိုတစ်ယောက် လက်တို့၊ ခြေတို့ဖြင့် ဘာတွေကိုတိုင်ပင်ကာ အချက်ပြနေမှန်းတောင် မသိပါဘူးခင်ဗျ။

သီချင်းသံဆုံးသွားတော့ အားလုံးလက်ခုပ်တီးလိုက်ကြတဲ့အချိန်မှာ ကိုင်ဇာက ကုလားလေးယူလာပေးတဲ့ လက်ကိုင်ဖုန်းကိုစွပ်ပြီး အားသွင်းတဲ့ Sony Ericsson အထိုင်စက်ပေါ်မှာ သူ့ဖုန်းကိုထိုးစိုက်လိုက်ပြီး အထိုင်စက်က စပီကာနဲ့တွဲဆက်ကာ သူ့ဖုန်းထဲမှ MP3ကို ဖွင့်လိုက်တဲ့သကာလ ကျယ်လောင်တဲ့ Rap Beat သံကြီးကစူးစူးဝါးဝါးထွက်လာလိုက်ရင်ပဲ . .





မင်းသိန်းဦးက မြေကြီးပေါ်ကို ခေါင်းစိုက်ပြီး တစ်ပတ်လောက်လှည့်လိုက်တဲ့အချိန်မှာ ကိုင်ဇာ၊ ကုလားလေး၊ ညီညီ၊ ဘိုဘို၊ သိန်းသန်းဦးတို့က တညီတညာတည်း ပခုံးကို တွန့်လိုက်၊ လက်ညှိုးကြီးကို ဟိုထိုးသည်ထိုးလုပ်ရင်း . . .

MP3 က Rap Beat နှင့်အညီ တစ်ယောက်တစ်ပေါက်အော်ဆိုပြီးနောက် သူတို့တွေအားလုံးတညီတညာတည်း လေထဲကိုတစ်ပတ်ကျွမ်းပစ်လိုက်ပြီးတာနဲ့တစ်ပြိုင်နက် တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရပြေးဖက်ရင်း . . .

“ဟေး . . . ငါတို့တွေကိုယ်ပိုင် Rap သီချင်းတစ်ပုဒ်ရပြီကွ”

လို့ ရွှင်မြူးစွာ အော်ဟစ်လိုက်တဲ့သကာလ ကိုရဲကြီးခမျာသူ့ရင်ဘတ်ကို သူဖိရင်း . . .

“ဘုရား . .,ဘုရား . . တို့ လူလေးများဆိုသလေ . . အဟမ်း . . အဟမ်း . . ဝေလေလေ . . ရှိုးရှိုး ဆိုပါလား ဆရာတင်သာကြားရင်တော့ နှစ်ခါပြန်တောင် သေလိမ့်မယ်ထင်ပါရဲ့ လုပ်ရက်လေခြင်းကွာ”

ကိုမန့်ကလည်း ခါးထောက်ရင်း ဒေါသသံကြီးဖြင့် . . .

“သိင်္ဂီရွှေခွက်ကို အရောင်ထွက်အောင်ဆိုပြီး ကြေးနဲ့အနားတွပ်ကြမလို့ ဟုတ်၊ လူကြားမကောင်း သူကြားမကောင်းကွာ မလုပ်ကြပါနဲ့”

မရပါ။ ဘယ်လိုမှ ပြောမရတော့ပါ။ လူငယ်အုပ်စုကတော့ လေထဲကို လွှားခနဲ . . လွှားခနဲ ခုန်ပျံဝဲရင်း . . .

“တို့လူလေးများကတော့ ဆိုလိုက်ရင် Rap နဲ့ Hip Hop မှ ခံတွင်းတွေ့တယ်။ အဲဒါကြောင့် . . .

တို့လူလေးများ ဆိုသလေး . . .

(အာဟ . . အာဟ . . ဝေလေလေ . . ရှိုးရှိုး)



www.burmeseclassic.com

www.burmeseclassic.com



(အာဟ . . အာဟ . . ဝေလေလေ . . ရှိ့ရှိ့)

လို့ အော်ဟစ်၍သာနေရုံမက . . . .

"လာ. . ကိုဘိုတောက် . . ခင်ဗျားရဲ့ ပန်တျာနဲ့ Rap ကဗျာတို ပေါင်းစပ်ပြီး ကကွက်သစ်တွေ တီထွင်ကြရအောင် လာပါဗျာ"

လို့ဖိတ်ခေါ်သမှုတွေပြုနေတာကြောင့် သဘင်ဦးသျှောင်ကြီးခမျာ ခေါင်းကိုယမ်းလို့ ရင်ဘတ်ဖိရင်း . . .

"ဆိုင်းသံ၊ ဗုံသံကြားရရင် တားမရဆီးမရအောင် မဟားတရား ငါကချင်ပေမယ့် မင်းတို့ရဲ့ ဒုတ်ချပ်ချပ် ဒိန်းဂွမ်းဆိုတဲ့ Rap Beat ကြားထဲမှာ ငါ့လက်နဲ့ခြေ ဘယ်လိုထားရမှန်းမသိလို့ ခွင့်လွှတ်ကြပါကွယ်ရို့"

"လူငယ်သဘာဝ မင်းတို့ဆန်းသစ်တီထွင်တဲ့ ဂီတသံစဉ်တွေကိုလည်း ငါ့နားမှာ အဝင်မချိုသော်ငြားလည်း အနုပညာသမားချင်း ငါ မတားမြစ်ရက်ပေမယ့် ခုနစ်ရက်သားသမီး အထိတ်တလန့်မဖြစ်အောင်လို့ လူနာတင်၊ ဝါယာလက်နဲ့ မီးသတ်ကားတွေရဲ့ ဥသြဆွဲသံတွေကိုသာ တတ်နိုင်သမျှမထည့်ကြပါနဲ့လို့ပဲ တောင်းပန်ပါရစေကွာ"

ကျွန်တော့်စကားအဆုံး တီးတိုးက ကိုရဲကြီးနဲ့ ကိုမနဲ့ ပခုံးတို့ပုတ်ရင်း . . .

"တစ်ချိန်ကျရင် အရှိန်သတ်သွားပါလိမ့်မယ်ဗျာ။ လွှတ်ထားလိုက်ပါ။ ကဲ . . ကဲ . . ကိုဘိုတောက် ဟောဒီမှာ စားစရာတွေအပြည့်ပဲ စားစမ်းကွာ"

"ရခြားမြေခြားမှာ ချစ်သူငယ်ချင်းတွေကို တစုတဝေးကြီးတွေ့လိုက်ရလို့ ရင်ပြည့်သွားပြီ။ မဆာတော့ဘူး။ မစားချင်တော့ဘူး"

"တကယ်လားဟ"

"တကယ်. . တကယ် . . မျိုးမြင့်မောင်ကျွေးလို့ စားသောက်လာတာ သိပ်မကြာသေးဘူး။ အဲဒါကြောင့် ဂရင်းတီး (Green Tea) တစ်ဗူးဖောက်ပြီး ငါ့လက်အရောက် ဆက်သစမ်းပါကွဲ့ . . ငယ်ကျွန်ကြီးရဲ့"

တီးတိုးက ဂရင်းတီး တစ်ဗူးပစ်ပေးသဖြင့် လှမ်းဖမ်းကာ ဖောက်၍ သောက်ရင်း . . .

"ကိုအသေးလေးကို မမြင်ပါလားဗျ။ သူ ဘယ်သွားနေလဲ"

"အချိန်ပို OT (Over Time) ဆင်းနေရတယ်ကွ"

"အရေးထဲကျမှ ဒင်းက OT ဆင်းနေရသေးတယ်"

"မင်းနဲ့ ဘာကိစ္စရှိလို့လဲ"

"မမလှိုင်ရဲ့ လိပ်စာ ဒင်းကို စုံစမ်းခိုင်းထားတာလေ။ နည်းနည်းလေးမှ အားကိုးလို့ မရတဲ့လူ။ သူငယ်ချင်း မျက်နှာမကြည့်ဘဲ ငွေမျက်နှာကြည့်ပြီး OT ဆင်းနေရတယ်လို့ဗျာ"

"OT က မဆင်းမဖြစ် ဆင်းပေးရလို့ပါကွာ။ မင်းကိစ္စလည်း စုံစမ်းနေပါတယ်။ နေ့လယ်ခင်း ထမင်းစားနားချိန်မှာ လှိုင်ဟိန်းက အန်တီညိုရဲ့ ဟန်းဖုန်းနံပါတ်လှမ်းတောင်းနေလို့တောင် ငါပေးလိုက်ရသေးတယ်"

"အန်တီညိုရဲ့ ဟန်းဖုန်းနံပါတ်တောင်းတာနဲ့ ကျွန်တော့်ကိစ္စနဲ့က ဘာပတ်သက်လို့လဲဗျ"

"အန်တီညို့ဆီမှာ လိုင်းဖုန်းကဒ်ဝယ်တဲ့သူတွေကို အန်တီညိုက နံပါတ်ကောင်းကောင်းလှလှလေးတွေ ရွေးပေးတဲ့အပြင် အဲဒီဖုန်းနံပါတ်တွေကိုလည်း သူ့ကွန်ပျူတာထဲမှာ မှတ်တမ်းတင်ထားတော့ အန်တီညိုရဲ့ ကွန်ပျူတာက ငါတို့အတွက် ဖုန်းလမ်းညွှန်စာအုပ်ကြီးလို အားကိုးရတယ်လေကွာ"

"အဲဒါဆို ကိုအသေးလေးက မမလှိုင်ရဲ့ဖုန်းနံပါတ်ကို ရသွားပြီပေါ့ဟုတ်တာလား"

"ရ မရတော့ ငါလည်း မသိဘူး။ အန်တီညို့ကွန်ပျူတာထဲမှာ







www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ကတော့ ရမှာသေချာတယ်"

"ရမရ ကိုအသေးလေးကို ဖုန်းဆက်မေးပေးဗျာ"

"ဒီမှာက အလုပ်ချိန်အတွင်းကို ဟန်းဖုန်းမကိုင်ရဘူးကွ။ အရေးကြီးရင် SMS (Message) သတင်းပို့အကြောင်းကြားထားရတယ်။ အလုပ်နားချိန်ကျမှ ဖုန်းဖွင့်ပြီး SMS ကိုကြည့်ပြီး အကြောင်းပြန်ကြတယ်လေ"

"ဒါဆိုရင်လည်း ကိုအသေးလေးဆီ SMS ပို့ပြီး သတင်းမေးပေးဗျာ"

"ခဏနေ သူဒီကိုလာမှာပဲ။ SMS ပို့မနေပါနဲ့တော့"

ထိုအချိန်မှာပင် တီးတိုး၏ ခါးရှိဟန်းဖုန်းမှနေ၍ . . .

"ကိုကို . . ဖုန်းလာနေတယ်"

ဟု အသံစာစာလေးကိုကြားလိုက်ရသဖြင့် တီးတိုးက ဖုန်းဖွင့်လိုက်ရင်း စပီကာကိုပါ ဖွင့်လိုက်ရာ ဖုန်းထဲမှအသံကျယ်ကြီး ထွက်လာသည်။

"ကိုတီးတိုး ကျွန်တော်ဝေယံပါ။ ဘိုတောက်ကိုခေါ်ဖို့ ကျွန်တော့် သင်္ဘောလာနေပြီ။ ခင်ဗျားတို့ 'ဒေါက်' နောက်ဘက်တ သင်္ဘောတွေကပ်ပြီး ရပ်ဖို့လုပ်ပေးထားတဲ့ ဆိပ်ခံသံခွံ 'ဘတ်' (Barge ဖောင်)ကြီးမှာ ကျွန်တော့် သင်္ဘောကပ်ပြီး ဘိုတောက်ကို ခေါ်သွားမယ်။ အခု သူရောက်နေပြီလား"

"ရောက်နေပြီ။ ဒီမှာ သူ့ကိုကြိုဆိုတဲ့ ပါတီပွဲလုပ်နေတာ ခင်ဗျားလည်း ဝင်ပြီးနွှဲသွားဦးလေဗျာ"

"ဝင်တော့နွှဲချင်ပါရဲ့။ ဒါပေမယ့်အချိန်မရဘူးဗျ။ ဘိုတောက်ကိုခေါ်ပြီး သူအလုပ်လုပ်ရမယ့် သင်္ဘောပေါ်ကို ပို့ပေးပြီးပြီးခြင်း ကျွန်တော့်သင်္ဘောက'အခွံ' မှာ ဆီတင်အောင် တန်းသွားရမှာမို့ ဘယ်လိုမှ အချိန်မရလို့ပါဗျာ။ ကဲ . . ကဲ . . ဘိုတောက်ရောက်နေရင်





အဆင်သင့်သာပြင်ထားလိုက်လို့ပြောလိုက်ပါဗျာ။ ကျွန်တော့်သင်္ဘောလည်း ခဏနေရင် ရောက်လာတော့မယ် ဒါပဲနော်"

ဆိုပြီး ဖုန်းချသွားသဖြင့် တီးတိုးက ဖုန်းပိတ်ရင်း . . .

"အခွံမှာ ဆီတင်မယ်ဆိုတာ ဘာကိုပြောတာလဲ ကိုရဲကြီး"

"Shell ကုမ္ပဏီမှာ ဆီတင်မယ်လို့ ပြောသွားတာ။ ငါတို့ Bunker လေဘာသမားတွေသုံးတဲ့ စကားပေါ့။ CALTEX ကုမ္ပဏီဆိုရင် ကြယ်၊ BP (Brigish Petroleum) ကုမ္ပဏီဆိုရင် 'စိမ်းဝါ' စရှိသဖြင့် အဲဒီကုမ္ပဏီတွေရဲ့ တံဆိပ်တွေကိုကြည့်ပြီးခေါ်တာ . ."

ကျွန်တော်က ခေါင်းကုတ်ရင်း . . . .

"နေပါဦး ဘန်ကာဆိုတာ ခံတုတ်ကျင်းကို ပြောတာမဟုတ်လား"

"ဒီလိုကွ လောင်စာဆီတွေကို သယ်ပို့တဲ့သင်္ဘောကြီးတွေ၊ တန်ချိန်ထောင်သောင်း၊ သိန်းချီတင်နိုင်တဲ့ သင်္ဘောတွေကို (Tanker Ship)လို့ခေါ်သလို ဆီတန်ချိန်တစ်ထောင်အောက်လောက်ပဲ တင်နိုင်တဲ့ဆီတင် သင်္ဘောလေးတွေကို (Bunker Boat)လို့ ခွဲခြားပြီး ခေါ်တယ်ကွ။ ဒီနိုင်ငံမှာတော့ ဘန်ကာဘုတ်တွေကို မလေးရှား စကား နဲ့ 'မီးညတုန်ကမ်း'လို့ပဲခေါ်ကြတယ်။ 'မီးည'က 'ဆီ'၊ 'တုန်ကမ်း' က 'သင်္ဘော' လို့ အဓိပ္ပါယ်ရတယ်"

စက်ပူရေပိုင်နက်ထဲမှာ ကုန်တင်၊ ကုန်ချလုပ်ရင်း ရပ်နားထားတဲ့ ရာထောင်ချီတဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေမှာ လိုအပ်တဲ့ (FO) လို့ခေါ်တဲ့ဆီမဲ၊ ဆီပျစ် (ထိုဆီကိုသုံးပါက သင်္ဘောဆီစားသက်သာသလို ကုန်ကျစရိတ် နည်းပါးသော်လည်း မည်းနက်သော မီးခိုးကြီးများထွက်ရှိသဖြင့် အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်အတွင်း၌သာ သုံးစွဲခွင့်ရှိသည်။) (MGO)လို့ခေါ်တဲ့ (Marine Gas Oil) ဆီဖြူ၊ ဆီသန့် (စက်ပူရေပိုင်နက် အတွင်းဝင်လာသမျှ သင်္ဘော



www.burmeseclassic.com

အားလုံး MGO သာအသုံးပြုရသည်။ ဈေးကြီးသော်လည်း မီးနှိုး အတွက်သက်သာသည်)

Lubricant လို့ခေါ်တဲ့ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်ချောဆီတွေကို သယ်ယူပို့ဆောင်ပေးတဲ့ ဘန်ကာသင်္ဘော၊ မီးညှိတုန်ကမ်းရှေ့ အများကြီးပဲ။ အဲဒီကြားထဲမှာ MGO ဆီသန့်တင်တဲ့ ဘန်ကာဘုတ်ကို နှစ်မျိုးခွဲခေါ်သေးတယ်။

Shell, Caltex, BP အစရှိတဲ့ ဆီကုမ္ပဏီကြီးတွေမှာ ဆီသွား တင်လိုက်၊ ပင်လယ်ကူးသင်္ဘောကြီးတွေကိုသွားပြီး ဆီပို့လိုက်နဲ့ မရပ်မနားလှုပ်ရှားရတဲ့ ဘန်ကာဘုတ်ကို 'အပြေးဘုတ်'။

စက်ာပူရေပိုက်နက်ထဲမှာ ခိုဝင်ရပ်နားကြတဲ့ ရာထောင်နဲ့ တဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေပေါ်က သင်္ဘောသားတွေ ကမ်းတက် ကမ်းဆင်းလုပ်ဖို့အတွက် သယ်ယူပို့ဆောင်ပေးတဲ့ ခရီးသည်ဆယ့်နှစ် ယောက်စီး (Passenger Boat) ခေါ် Water Taxi သင်္ဘောလေး တွေကို မောင်းဆီထည့်ပေးရတဲ့ ဘန်ကာဘုတ်ကျတော့ ရေလယ်ခေါင် မှာ (Bouy)ဘွိုင်၊ ဗော်ယာလို့ခေါ်တဲ့ ရေပေါ်ပေါ်နေတဲ့ သင်္ဘော ချည်တိုင်မှာ အမြဲချည်ပြီး ဘယ်ကိုမှ မရွေ့လျားရတာမို့ 'အထိုင်ဘုတ်' လို့ခေါ်တယ်ကွ"

"မင်းလည်း အထိုင်ဘုတ်ပေါ်မှာ လုပ်ရမှာဆိုတော့ တဖြည်း ဖြည်းနဲ့ ဘန်ကာဘုတ်တွေအကြောင်း နောက်ဆိုရင် မင်းကောင်း ကောင်းသိလာမှာပါ"

ကိုရဲကြီး၏ နောက်ဆုံးစကားကြောင့် ကျွန်တော် မျက်လုံး ပြူးသွားသလို . . . .

"ဘာဗျ . . . ကျွန်တော်က အထိုင်ဘုတ်မှာလုပ်ရမှာဟုတ် လား"

"အေးလေကွာ"





"ဒါ . . ဒါဆို ကျွန်တော်က သင်္ဘောပေါ်မှာ လုပ်ရမှာပေါ့"

"အောရိုက် . . အောရိုက် . . အောရိုက် . . ကမ်းမောင်း . . ဘေးဘေ . . အောရိုက်"

လူငယ်အုပ်စုက Rap သီချင်းဖြင့် အဖြေပေးလိုက်သည့် သကာလ ကျွန်တော့်တစ်ကိုယ်လုံးရှိ အမွေးများအားလုံး ကိုးဆယ် ဒီဂရီဖြစ်ကုန်ပြီး . .

"အလိုလေးလေး . . မထိတ်သာ . . မလန့်သာရှိလိုက်ပါဘိ တော့တယ်ဗျာ။ ချောင်းသာကိုတောင် မရောက်ဖူးလို့ ပင်လယ် ဆိုသဟာ ဘယ်လိုကြီးမှန်းတောင် မသိတဲ့ကောင်က သင်္ဘောသား လုပ်ရမယ်တဲ့လား"

"ကုန်းပေါ်မှာ ကားတွေမောင်းဆီထည့်တဲ့ ဓာတ်ဆီဆိုင်ရဲ့ သဘောသရုပ်နဲ့ အတူတူပဲမို့ လုပ်ငန်းခွင်က မခက်ခဲတာကြောင့် စိုးရိမ်ကြောင့်ကျစရာမရှိပါဘူး . . ကိုဘိုတောက်ရဲ့ . . ."

"ဘယ့်နှယ် . . ဘယ့်နှယ် မစိုးရိမ်ရရင်ကောလားကွယ်ရို့ရဲ့။ သွားလမ်းသာရှိပြီး အပြန်လမ်းမရှိချက်ကတော့ ငါကိုယ်တော်မြတ်က ရေမကူးတတ်ဘူးဟ"

"ဒါလေးများတွေးပြီး ပူစရာလားဗျာ။ (Non Certificated crew) စာရွက်စာတမ်းမရှိတဲ့ ဝန်ထမ်းသင်္ဘောသားအဖြစ်ခန့်အပ် မှာဆိုတော့ ရေမကူးတတ်လည်း အလုပ်ပြုတ်စရာအကြောင်းမရှိလို့ ဒီကိစ္စတွေက Never Mind လို့ သတ်မှတ်ပြီး စိတ်အေးလက်အေးနေ တော်မူပါ သဘင့်ဦးသျှောင်ကြီးရဲ့"

"ဘယ်လိုလုပ်ပြီး စိတ်အေးလက်အေး နေလို့ရမလဲ။ ရေမကူး တတ်တဲ့ကောင်က ပင်လယ်ခေါင်ခေါင်ကြီးမှာ လုပ်ကိုင်ရမယ်ဆိုတော့ တစ်နေ့ကိုနှစ်ဆယ့်လေးနာရီလုံးလုံး သေမင်းကို မျက်စောင်းထိုးနေရ မယ့်ဘဝမျိုးဆိုတော့ မတော်တဆသင်္ဘောပေါ်ကပြုတ်ကျရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ကြာမှ ရေပေါ်ပြန်ရောက်လာမယ့် ငါ့ခန္ဓာကိုယ်ကြီး အတွက် ငါမပူရတော့ဘူးလား ဟ . . .”

“ဒီကိစ္စအတွက်လည်း တွေးပြီးပူမနေပါနဲ့။ ဆားခါတ် အပြည့်ပါတဲ့ ပင်လယ်ရေရှိလို့ သုံးရက်ထဲနဲ့ ရေပေါ်ပြန်ပေါ်လာရစေ မယ်ဗျာ။ ခင်ဗျားအနေနဲ့ ခုနစ်ရက်သားသမီးစိတ်ချမ်းသာဖို့ အရေး အတွက် လူအမြင်တင့်တယ်ပြီး လုပ်ကိုင်ပေးချင်စိတ်ပေါ်အောင် ဘောင်းဘီကိုတော့ မချွတ်တမ်းသာ ဝတ်ထားလိုက်ရင် အားလုံး အေးဆေးပါ”

“ဘုရား . . ဘုရား . . တစ်ယောက်တစ်ပေါက်နဲ့ အားပေး အားမြှောက်ပြုကြပုံကလည်း ရေတိမ်မနစ်ရအောင် စောင့်ရှောက် သလိုလိုနဲ့ အသူတရာနက်တဲ့ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ် အတွင်းကို ဇွတ်အတင်းတွန်းပို့နေသလို အဖြစ်တွေကြောင့် ရှာ တောင်ပိုင်းက ကိုဖိုးသံရေ . . ခင်ဗျား ညီရဲ့အဖြစ်ကို အောင်မယ် လေး . . ဟောဒီမှာ ကြည့်လှည့်ဦး”

“ဟာ . . မိုက်ပြန်ပြီဟေ့ . . စကားလုံးအသစ်တွေရပြန်ပြီဟ . . အောင်မယ်လေး . . အောင်မယ်လေး . . အာဟ . . အာဟ . . ကမ်းမောင် . . ဘေးဘေ . . လှည့်ကြည့်ပါဦး”

သူများ၏ဒုက္ခကို Rap သီချင်းလုပ်ရက်သော သူငယ်ချင်း တွေကို ကျွန်တော် ဒေါကန်သွားစဉ်မှာပဲ ကိုရဲကြီးက . . .

“မင်းတို့ကလည်း တော်ကြစမ်းကွာ။ ဒီကောင်က လုံးဝရေ မကူးတတ်လို့ ရေထဲမှာလုပ်ရမှာကို တကယ်ကြောက်နေတာကွ။ ဟဲ . . ကဲ . . ဘိုတောက်ဘာမှကြောက်မနေနဲ့ (Life Jacket)အသက် ကယ်အင်္ကျီကို မချွတ်တမ်းဝတ်ပြီး‘ဓာရဏ’ သုတ်တော်ကြီးကို မပြတ် တမ်းရွတ်နေလို့ကတော့ ဥပဒ္ဒေဒကကာနဲ့ ဝေးမှာပါကွာ”

ကျွန်တော်က သက်ပြင်းများကိုရှိုက်ရင်းအားကိုးတကြီးနဲ့ . .





“အဲဒီသင်္ဘောပေါ်မှာ ကျွန်တော်နဲ့တွဲလုပ်ရမယ့်သူက ရွှေ လား၊ နိုင်ငံခြားသားလား”

ကျွန်တော့်အမေးကြောင့် အားလုံးပါးစပ်အဟောင်းသား ဖြစ်သွားစဉ် တီးတိုးက ခေါင်းယမ်းရင်း . . .

“အထိုင်ဘုတ်တွေမှာက သင်္ဘောတစ်စီးကိုဝန်ထမ်း တစ် ယောက်နှုန်းပဲ ထားရိုးထုံးစံရှိတာမို့ စိတ်သောကတွေ ဘေးချိတ်ပြီး တစ်ပင်တိုင်မင်းသားက,ဖို့ကိုပဲ မင်းစဉ်းစားထားပေါ့ကွာ”

တီးတိုးစကားကြောင့် ကျွန်တော့်မှာ အားငယ်စိတ်များ ငယ် ထိပ်ရောက်ကုန်ပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် တုန်လှုပ်နေစဉ် ကိုရဲကြီးက. .

“ယောက်ျားဖြစ်ပြီး ဒီလောက်ကြီး အားငယ်မနေစမ်းပါနဲ့။ ဒီနိုင်ငံအထိ ရောက်လာပြီးမှတော့ နောက်ဆုတ်လို့လည်း မရတော့တဲ့ အတူတူ ရဲရဲရင့်ရင့်သာ လုပ်ဖို့ပြင်ပေတော့ကွာ”

“နောက်ပြီး မင်းဘယ်လိုမှ ပြန်လှည့်သွားလို့ မဖြစ်တဲ့အ ကြောင်းကလည်း မင်းရဲ့မမလှိုင်က ဒီနိုင်ငံမှာရှိနေတယ်လေကွာ”

ကိုရဲကြီး၏ အချက်ကျကျအားပေးစကားက ကျွန်တော့်နှလုံး သားကို ဆူပွက်လှုပ်ရှားသွားသည်။

မမလှိုင်တစ်ယောက် အမိမြန်မာပြည်မှထွက်ခွာသွားက တည်းက မမလှိုင်နှင့်ပတ်သက်ပြီး ကျွန်တော့်နှလုံးသားတွင် အချစ် နေဝင်ချိန်ရောက်ခဲ့လေပြီဟု ကျွန်တော်ထင်မှတ်ခဲ့သော်လည်း . . . .

ယခု မမလှိုင်ရှိသည့် ရေခြားမြေခြားသို့ ကျွန်တော်ခြေချ လိုက်ရုံမျှနှင့်ပင် မမလှိုင်၏ ရင်တွင်း၌ ကျွန်တော့်အတွက်မေတ္တာ လက်ကျန်ရှိနေသေးကြောင်း သိလိုက်ရသဖြင့် ကျွန်တော့်နှလုံးသား မှာ အချစ်တိမ်တောက်ချိန်ဖြင့် ကြုံဆုံခဲ့ပြီ မဟုတ်ပါလော။

တူနှစ်ကိုယ်သာ မျက်နှာချင်းဆိုင်ပြန်လည်တွေ့ဖြစ်ပါက



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရောင်ခြည်သန်းသည့် အချစ်လမ်းကြောင်းကြီး ဖြောင့်ဖြူးစွာဖြင့် ပေါ်ထွန်းလာမည်ကလည်း မည်သည့်နည်းနှင့်မျှ မလွဲနိုင်တော့ဟု ကျွန်တော့်ယုံကြည်ချက်အသစ်တွေက ပြည့်လျှမ်းလို့လာနေပြီ မဟုတ်ပါလော။

ခွေးကူးလောက်တောင်မှ ရေမကူးတတ်သည့် ကျွန်တော့်အတွက် ပင်လယ်ပြင်အတွင်းက လှိုင်းပုတ်လို့ လှုပ်တုပ်လှုပ်တုပ်ဖြစ်နေသော သင်္ဘောပေါ်တွင် လုပ်ရမည့်အလုပ်ကလည်း တကယ့်တကယ် အသက်နှင့် ရင်းနှီးပြီးလုပ်ရမည့်လုပ်ငန်းဖြစ်၍ ကျွန်ဘော် မလုပ်ရဲ၊ မလုပ်ဝံ့သည်မှာလည်း အမှန်အကန် ....

ငွေကုန်ကြေးကျ မြောက်မြားစွာခံ၍ ဒီနေရာအထိရောက်အောင်လာပြီးမှ သရဲဘောကြောင်စွာဖြင့် နောက်ပြန်လှည့်ဖို့ မဖြစ်နိုင်တာကလည်း အမှန်အကန် ....

မဖြစ်မနေ ဤအလုပ်ကို အသက်စွန့်လုပ်၍ ငွေကိုရှာရမည့်အရေးတွင် မမလှိုင်နှင့်ပြန်လည်နီးစပ်ပြီး အချစ်ပန်းတွေပွင့်ဖူးရန်အတွက် သတ္တဘာဂ ဖူးစာရေးနတ်နှင့်တကွ၊ ဘဝအဆက်ဆက်က ပန္နက်ဖူးတဲ့ သစ္စာ၊ ချဖူးခဲ့တဲ့ ရေစက်တွေက စုပြုံ၍တွန်းအားပေးသလို ဖြစ်နေတာကြောင့် ..

ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် သင်္ဘောကုန်းပတ်ပေါ်သို့ ကျွန်တော်ခြေချကာ ဘဝတစ်ခုလုံးကို ရင်းနှီးမြှုပ်နှံပါတော့မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အချစ်အတွက်ဖြင့် ရဲရင့်လိုက်ခြင်းလည်း ဖြစ်ပါသည်။

ဆုံးဖြတ်ချက်ကို ဘယ်နည်းနှင့်မျှ ဘယ်သူဖျက်ဖျက် မပြင်တော့ဟု သန္နိဋ္ဌာန်ချလိုက်ချိန်က ကျွန်တော့်မျက်ဝန်းထဲတွင်သာမက နှလုံးသားထဲတွင် စွဲထင်လာသည့် ပုံရိပ်က မမလှိုင်ပင်တည်း ....

မမလှိုင်နှင့်ပြန်လည်ဆုံစည်းရန်အတွက် မဖြစ်မနေ ဤ





အလုပ်ကို လုပ်မည်ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့သော်ငြားလည်း ပင်လယ်ပြင်အတွင်းသက်ဝင်၍ လှုပ်တုပ်၊ လှုပ်တုပ် သင်္ဘောအစုတ်အနုတ်ပေါ် တက်ရမည့်အရေးကိုတော့ ဇောချွေးများပြန်လျက် ဒူးများပါ တုန်နေသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ်မညာတမ်း ဝန်ခံဝံ့ပါသည်။

ကြောက်ချွေးများကိုသုတ်၍ ဒူးနှစ်ဖက်ကိုလက်ဖြင့် စုံကိုင်ရင်း ... မာန်တင်းကာဖြင့် ထီမထင်တဲ့အမူအရာပြုလိုက်သည့် သကာလတွင် ကိုရဲကြီး၊ ကိုမန်္နှင့်တီးတိုးတို့က ...

"ကိုင်း .. ကိုင်း .. တို့ရဲ့မင်းသားလေးသင်္ဘောပေါ်ခြေချမည့်အရေးမှာသွေးပူပြီး ကြောက်စိတ်ပျောက်သွားအောင်လို့ အနုပညာ တွန်းအားပေးမယ့် အရေးအတွက် ငါတို့တွေ တကူးတကရှာဖွေထားတဲ့ နောက်ပိုင်းဇာတ်ထုပ်ထဲက သီချင်းလေးတစ်ပုဒ်ကို ဖွင့်ပြမယ်"

သူတို့စကားကြောင့် ကျွန်တော်စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်မိသည်။

"နောက်ပိုင်း ဇာတ်ထုပ် ဟုတ်လား"

"ဟုတ်ပ . . ဟုတ်ပါ့ . . စိန်မဟာသဘင်က ကိုရဲစိန်တို့ညီဝင်းစိန်တို့ရဲ့ဇာတ်ထုပ်ခင်ဗျ။ ရှေးဦးစွန့်စားသင်္ဘောနဲ့ခရီးသွားခဲ့တဲ့ အကြောင်းအရာပါတဲ့ ပရိက္ခရားဇာတ်ထုပ်လေကွာ"

"ကုလားမင်းသားက မြန်မာပြည်ကို ကုန်ရောင်းကုန်ဝယ်သွားတဲ့အခန်းမှာ ကုလားစကားနဲ့ မြန်မာစကား၊ ကုလားဆိုင်းနဲ့ မြန်မာဆိုင်းတွေကို အချိုးကျကျ အနုပညာပြောင်မြောက်အောင်တီးမှုတ်စပ်ဆိုထားတဲ့အပြင် ဝီစီ၊ ခရာမှုတ်သံတွေကိုပါ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ လက်ဦးပထမရောသမမွှေသီချင်းကွ"

"ငါတို့က အဲဒီ့သီချင်းကို အသံပဲကြားဖူးတော့ မင်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို သရုပ်ဆောင်ခဲ့သလဲဆိုတာကို မင်းမသိဘူးကွ။ ငါတို့ မင်းသားလေးကသာ ရှေးမူမပျက် သရုပ်ဆောင်ပြလျှင်ဖြင့် ကျေးဇူးတင်ရပါလတ္တံ့။ အဲ . . အဲ . . ဟိုကောင်တွေ Rap လုပ်ဖို့တော့ မကြံကြနဲ့။ ကဲ . . တီးတိုး ဖွင့်လိုက်စမ်းကွာ။ အဲဒီ သီချင်းနဲ့ တွတ်တီကျအောင် တိပ်သားကရစ်ပြီးသား . . .”

ကက်ဆက်ကိုဖွင့်လိုက်တာနဲ့ ရေကင်းသံကနေ ကုလားဗုံတောက်သံကိုပြောင်းသွားပြီးနောက် . . .

“စိန်စက်ကြိုနဲ့ . . . မီးခိုးလျှံ . . . စိန်စက်ကြိုနဲ့ . . မီးခိုးလျှံ
လှိုင်းသံရယ် . . လေသံရယ် . . လေသံရယ် . . လှိုင်းသံ
ရယ် . . .
နားခါးဘူး . . နားခါးဘူး . . .
မာလိန်မှူးရယ်နဲ့ . . ခရာစီ . . တွီ တွီ . . .
ကပ္ပိတန်ရယ် . . စလင်ချီလို့ . . ဗွန်ဒလီ . . ဗွန်ဒလီ . .
ရေ . . ပါနီ . . နက်တယ် . . အလိုဗျာ . . ကမ်းချပါလို့
. . ချိန်
ရွှေ . . မှန်အိမ် . . ငွေ . . မှန်ပြောင်းရယ်နဲ့ . . .
မြစ်ချောင်းလုံးပြည့် . . နဒီလျှံ၊ မြစ်ချောင်းလုံးပြည့်
. . နဒီလျှံ
စက်ခုတ်သံလား . . မိုးသံလား . . စက်ခုတ်သံရော
. . မိုးသံရော
ဝါယောလေ . . စီသလေ . . စီသလေ . . ဝပြောငယ် . .
စီသလေ . . စီသလေ . . .
တစ်နာရီဆယ်တိုင်ပေါက်အောင် . . အလိုဗျာ . . ရောက်ခဲ့
ပါပေါ့လေ . . .
ခရာသံကိုပေးပါလို့ . . ကျောက်နှုတ်သံကိုပေးပါလို့





ဟော . . လေ . . လား . . ဝါး . . ဝါးလား . . ဝါးလား
. . ဟော
ဟာ . . လာ . . ဟော . .”

ရေကင်းသံတွေ၊ ဗုံတောက်သံတွေ၊ ခရာသံတွေနဲ့ မြူးမြူးကြွကြွစပ်ဆိုထားတဲ့ သီချင်းဆိုတော့ ကြောက်စိတ်တွေပျောက်ပြီး ကွေးနေအောင် ကျွန်တော်ကမိတာပေါ့။

ယခုခေတ်သင်္ဘောတွေမှာ လျှပ်စစ်ဆလိုက်မီးတွေ၊ ပလတ်စတစ် မှန်ပြောင်းတွေသုံးစွဲနေချိန်မှာ ဟိုးယခင်က သုံးခဲ့တဲ့ မှန်အိမ်နဲ့ မှန်ပြောင်းကိုတောင်မှ ရွှေမှန်အိမ်၊ ငွေမှန်ပြောင်းလို့ တင်စားသုံးစွဲထားတဲ့အပြင် လှိုင်းသံတွေ၊ လေသံတွေ၊ စက်သံတွေ၊ ကျောက်နှုတ်သံတွေ၊ ခရာသံတွေပါ ရောပြွန်းပါလာတာမို့ ဘာပြောကောင်းမလဲ ကိုင်ဇာ၊ ကုလားလေး၊ မင်းသိန်းဦးတို့ လူငယ်အုပ်စုကလည်း ခေါင်းချင်းရိုက်ကြပြန်တာပေါ့။

အဲဒီအချိန်မှာ စိုးမင်းထွန်းတို့ လူလတ်ပိုင်းအဖွဲ့ကလည်း စီဒီတစ်ချပ်ကိုကောက်ထည့်ပြီး ဖွင့်လိုက်တော့ ဝပ်တစ်ထောင်အားနဲ့ ထွက်လာတဲ့အသံက ဇော်ဝင်းထွဋ်ရဲ့ အသံကြီးခင်ဗျ။

“ငါဟာ . . ရွက်လွှင့် . . ငါဟာ ရွက်လွှင့် . . .
မင်းနဲ့နီးဖို့ . . လှိုင်းတွေ ဖြတ်လို့ . . .
ပင်လယ်ဖြတ်ကာ . . ရွက်လွှင့်ခြင်း . . . .”

သီချင်းသံနဲ့အတူ သူတို့တွေအားလုံး ဟေး . . ဝါး . . နဲ့ ကခုန်နေကြချိန်မှာ ကျွန်တော်မကဖြစ်ပေမယ့် ရင်ထဲမှာတော့ ကြည်နူးမှုအပြည့်နဲ့ အားသစ်အင်သစ်တွေ ဝင်ရောက်လာနေပါပြီ။ အရာရာကို ရင်ဆိုင်နိုင်ဖို့အတွက် ခွန်အားတွေအပြည့်ရှိနေပါပြီ။

ကျွန်တော့်အဖြစ်ကလည်း ကြားဖူးနားဝ ပုံပြင်လေးတစ်ပုဒ်လိုပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက တိုက်ပွဲဝင်နေကျ တိုက်ဆင်အိုကြီးတစ်ကောင်ဟာ ရေဆင်းချိုးရင်း ရွှံ့နွံ့ထဲမှာ နစ်နေခဲ့ပါသတဲ့။ ရွှံ့နွံ့ထဲက လွတ်အောင် တိုက်ဆင်အိုကြီးက ကြိုးစားရုန်းကန်ပေမယ့် အားအင်ကုန်ခမ်းလို့ ဘယ်လိုမှလည်း မရုန်းနိုင်၊ နွံနစ်နေတဲ့ တိုက်ဆင်အိုကြီးလွတ်မြောက်ဖို့အတွက် ဝိုင်းဝန်းကြိုးစားပေးကြသူတွေလည်း မတတ်နိုင်လို့ လက်မှိုင်ချပြီးနေချိန်မှာ . . .

တိုက်စစ်မှူးကြီးရောက်လာပြီး ဖြစ်ပုံ၊ ပျက်ပုံအလုံးစုံကို သေသေချာချာ ခြုံငုံသုံးသပ်ပြီးနောက် တိုက်စည်၊ တိုက်မောင်းတွေနဲ့ စစ်သွေး၊ စစ်မာန်တက်ကြွဖွယ်ရာ သီချင်းတွေကို တီးမှုတ်ပေးလိုက်တဲ့ အခါမှာတော့. .

ကြားလိုက်ရတဲ့ သီချင်းတွေကြောင့် တိုက်ဆင်အိုကြီးလည်း စိတ်ဓာတ်တက်ကြွရုံမက အားခွန်တွေပြည့်ဖြိုးလာပြီး ကိုယ်တိုင်ရုန်းကန်ကာ ရွှံ့ညွန်အတွင်းမှ လွတ်မြောက်လာခဲ့ပါသတဲ့။

အဲဒီလိုပါပဲ ဆိုင်းသံကိုကြားရရုံနဲ့ ဘယ်သူတွေတားလို့မှ မနေနိုင်တဲ့ ဆိုင်းကြိုက်မောင် ကျွန်တော်လည်း ကြားလိုက်ရတဲ့သီချင်းသံတွေက စိတ်ဓာတ်ကိုတက်ကြွရုံမကသေး . . ရေကြောက်တဲ့သူက ရေထဲမှာတစ်ယောက်တည်းလုပ်ရမယ်ဆိုပေမယ့် ကိုယ့်ကိုအားပေးမယ့် ကူညီမယ့်သူငယ်ချင်းတွေအပြည့်ရှိနေမှတော့ နောက်မတွန့်တမ်း သင်္ဘောပေါ်ကို ကျွန်တော်အရောက်လှမ်းရမယ့်အရေးမှ ကြောက်စိတ်တွေပျောက်ပြီး အရာရာကို ရင်ဆိုင်ဖို့ခွန်အားတွေအပြည့်ရှိလာတာလည်း အမှန်ပါ။

လူငယ်တွေကတော့ သင်္ဘောနဲ့ပတ်သက်တဲ့ လှိုင်းတွေလေတွေနဲ့ ပတ်သက်တဲ့ Rap သီချင်းတစ်ပုဒ်မရှိသေးလို့ စုပေါင်းဝိုင်းဝန်းပြီး စပ်ဆိုဖို့အတွက် ကြိုးပမ်းနေကြပါပြီ။

"တို့လူလေးများ ဆိုသလေ။ အာဟ . . အာဟ . . အာဟ





. . ဝေလေလေ . . ရှိုရှို"

ကို အရင်ဆုံးဖန်တီးဖို့အတွက် ဘယ်သူ့ကွန်ပျူတာမှာ ဘယ်လို ဆော့ဖ်ဝဲတွေရှိတယ်။ ဘယ်သူ့ MP3, MP4 နဲ့အသံဖမ်းမယ်ဆိုတာတွေကို အားကြိုးမာန်တက် တာဝန်တွေခွဲဝေနေစဉ်မှာပဲ . . .

တီးတိုးတို့ သင်္ဘောကျင်းနောက်က ဆိပ်ခွံသံခွံဘတ်ကြီးနားကနေ ဘော် . . ဘော် . . . ဘော် ဆိုတဲ့ သင်္ဘောတစ်စီးရဲ့ ဥသြသံထွက်လာသလို 'ဘတ်' ကြီးပေါ်ကနေ ပြေးလာနေတဲ့ ကိုဝေယံကိုလည်း မြင်လိုက်ရလို့ . . .

အားလုံးက ကျွန်တော့်ကို ဝိုင်းဝန်းအားပေးနှုတ်ဆက်ရင်း ကျွန်တော့်အိတ်တွေကို သယ်ယူကာသင်္ဘောဆီသို့ သွားဖို့ပြင်လိုက်ချိန်မှာပဲ သင်္ဘောကျင်းဂိတ်တံခါးနားကနေ အပြေးအလွှားအော်ဟစ်ဝင်လာသူက ကိုအသေးလေး . . .

"ဘိုတောက် . . ဘိုတောက် . . သွားတော့မလို့လား . . နေပါဦးဟ . . ဒီမှာ မင်းရဲ့ မမလှိုင်နဲ့ ငါဖုန်းဆက်အသွယ်ရခဲ့ပြီ။ သူနဲ့အပြန်အလှန် ဖုန်းပြောခဲ့တာတွေကို ငါဖုန်းက MP3 နဲ့ အသံဖမ်းထားတယ်။ နားထောင်သွားဦး"

သူ့စကားကြောင့် ကျွန်တော့်ခြေလှမ်း တုန့်သွားသလို အားလုံးကလည်း ကိုအသေးလေးနား ဝိုင်းလာပြီး . . .

"ကိုအသေးလေး ခင်ဗျား ဟန်းဖုန်းက Sony Ericsson မဟုတ်လား။ ဟိုစားပွဲပေါ်မှာ ကုလားလေးရဲ့ စပီကာပါတဲ့ ဖုန်းအားသွင်းစက်အထိုင်ရှိတယ်။ အဲဒီမှာ ခင်ဗျားဖုန်းနဲ့စပီကာနဲ့တွဲပြီး ဖွင့်လိုက်ဗျာ။ ကျွန်တော်တို့ပါ နားထောင်ချင်လို့ပါ"

ပြောပြောဆိုဆို အချိုမှုန့်က ကိုအသေးလေးလက်ထဲမှ ဖုန်းကိုဆွဲယူပြီး ဖုန်းအားသွင်းအထိုင်စက်ပေါ်မှာ ထောင်၍စွပ်ကာ စပီကာဖြင့်တွဲ၍ ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . မမလှိုင်လား . . ကျွန်တော် အသေးလေးပါ"

"အသေးလေးလား . . မမလှိုင်ပါ . . မမလှိုင်လေ . . မင်းနဲ့ ပင်နင်စူလာပလာဇာမှာတွေ့တုန်းက မင်းရဲ့ဖုန်းနံပါတ်မတောင်းမိခဲ့လို့ ကိုယ့်ကိုယ်ကိုယ် ဒေါသတွေထွက်နေတာ . . မင်းဖုန်းနံပါတ်ကို ဘယ်သူ့ဆီမှာ မေးရမှန်းမသိလို့ စိတ်ပျက်နေတာကွ။ တော်ပါသေးရဲ့ အချိန်မီ မင်းနဲ့ဖုန်းအဆက်အသွယ်ရလို့ ဝမ်းသာလိုက်တာ"

"မမလှိုင်ကို အသေးလေး ရင်ဖွင့်တုန်းက အသေးလေးကနံရံအကွယ်မှာရှိနေတော့ အားလုံးကို ကြားမယ်ထင်ပါတယ်"

"ဟုတ်ကဲ့ . . အားလုံး ကျွန်တော် ကြားပါတယ်"

"အဲဒီတုန်းက မမလှိုင်အရမ်းရိုင်းသွားတယ်ကွာ။ နိုင်ငံခြားကို ထွက်ပြီးအလုပ်လုပ်ဖို့ ကြိုးစားနေချိန်၊ ဘယ်လိုနည်းနဲ့မှ ကိုယ့်ရဲ့ရည်ရွယ်ချက်ကို အပျက်မခံနိုင်ဘူးဆိုပြီး ပက်ပက်စက်စက် တောက်တောက်ကို ပြောခဲ့မိတယ်"

"ဒီနိုင်ငံကိုရောက်လို့ အလုပ်ဝင်ကတည်းက စပြီးတွေ့ဆုံဆက်ဆံရတဲ့သူအပေါင်းဟာ ရင်ထဲ၊ အသည်းထဲက မပါဘဲ အပေါ်ယံကြောနဲ့ ဆက်ဆံကြတာတွေကိုပဲ တွေ့ကြုံရသလို အနစ်နာခံဖို့ဝေးလို့ ခွင့်လွှတ်ဖို့တောင်မှမဖြစ်နိုင်တဲ့ သဘောထားသေးသိမ်တဲ့လူစားမျိုးတွေနဲ့ချည်းပဲ ဆက်ဆံမိတဲ့အချိန်မှာ . . .

"မမလှိုင်အပေါ်ကိုခွင့်လွှတ်၊အနစ်နာခံတဲ့ တောက်တောက်က လူသာငယ်ပေမယ့် ပြည့်ဝတဲ့သဘောထားနဲ့ မမလှိုင်အနိုင်ယူအနိုင်ကျင့်ခဲ့သမျှကို အပြုံးမပျက်ဘဲ သည်းခံနိုင်တဲ့ တောက်တောက်ကိုပဲ မမလှိုင်သတိရနေမိတယ်။ တမ်းတနေမိတယ်"

"တောက်တောက်အကြောင်းကိုတွေးလေ၊ မမလှိုင်အပေါ်မှာထားခဲ့တဲ့ တောက်တောက်ရဲ့မေတ္တာတွေ၊ စေတနာတွေ၊ ကရုဏာတွေဟာ တဖြည်းဖြည်းပေါ်လေပဲမို့ . . ."





"မရှက်တမ်းဝန်ခံရရင် အသေးလေးရေ . . မမလှိုင်ကတော့ တောက်တောက်ကိုချစ်မိနေပြီ . . ဟုတ်တယ် . . တောက်တောက်ကိုချစ်တယ် . ."

ဝေး . . ဟေး . . ဟေး . . ဆိုပြီး အော်ဟစ်လိုက်သံကြီးက သဘော်ကျင်းတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ထုံးစံအတိုင်း လူငယ်အုပ်စုကလည်း မြေကြီးပေါ်ခေါင်းစိုက်သို့ ချာလပတ်လှည့်ရင်း . . .

"တို့လူလေများဆိုသလေ . . အာဟ . . အာဟ . . ဝေလေလေ . . ရှိုရှို"

ဆိုပြီး လုပ်နေကြသဖြင့် မမလှိုင်အသံကိုမကြားရသောကြောင့် ကိုရဲကြီးက အားလုံးကို ငြိမ်ခိုင်းပြီး ပြန်ရစ်ကာ ပြန်ဖွင့်ပေးသည်။

"အဲဒီအချိန်မှာ ကျွန်တော့်ရဲ့မျက်ဝန်းအစုံမှာ ချစ်မေတ္တာတွေနဲ့ ပြည့်လျှမ်းနေတဲ့ မျက်ရည်တွေဟာ ဝေသီနေပါပြီ။ ဥစ္စာရင်းမှန်ဆို့ ကျွန်တော့်အချစ်တွေပြန်ရပြီမဟုတ်လား။ ဒီနိုင်ငံမှာ မမလှိုင်ရှိနေမှ ပင်လယ်ထဲမကလို့ အဝီစိအထိဆင်းပြီး အလုပ်လုပ်ရမယ်ဆိုရင်တောင် ကျွန်တော် နောက်တွန့်တော့မှာ မဟုတ်ဘူး ဆိုတာကိုလည်းကောင်းကောင်းကြီးသိထားပြီးပြီလေ"

"ဟုတ်တယ် . . တောက်တောက်ကိုချစ်တယ်။ တောက်တောက်ကိုချစ်တဲ့အကြောင်းကို အခုမှဝန်ခံပေမယ့် မမလှိုင်တောက်တောက်ကိုစချစ်မိတာက မနက်အစောကြီးဘုရားကို အသွားလမ်းမှာ ထိုက်ဆံအိတ်တစ်လုံးကောက်ရတုန်းကပေါ့"

"ရေအဆုံး ကုန်းတစ်ဝက်ဆိုပြီး မမလှိုင်က တစ်ဝက်ယူလိုက်တယ်။ တောက်တောက်က ဘာတစ်ခွန်းမှမပြောဘဲ ပြုံးပြီးနေတယ်"

"ဟော နောက်တစ်နေ့ကျတော့ မမလှိုင်ယူခဲ့တဲ့ ပိုက်ဆံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ပြန်ဖြည့်ပြီး ပိုင်ရှင်ကို သွားပြန်ပေးတယ်လေ"

"ကိုင်း . . အဲဒီ့လောက် ရိုးသားသိမ်မွေ့အနစ်နာခံတဲ့ ယောကျ်ားကောင်းမျိုးကို မမလှိုင်မချစ်မိဘဲနေနိုင်ပါ့မလား"

"တို့လူလေများ ဆိုသလေ . . အာဟ . . အာဟ . . ဝေလေ လေ . . ရှို့ရှို့"

လို့အော်ဟစ်လိုက်ကြတဲ့အချိန်မှာ တီးတိုးက ဖုန်းကိုခဏ ပိတ်ပြီး တိပ်ခွေတစ်ခွေကို ကက်ဆက်ထဲထည့်ပြီး ဖွင့်လိုက်တော့ ဝပ်တစ်ထောင်အားနဲ့ထွက်ပေါ်လာတဲ့ သီချင်းသံက ကိုသန်းလှိုင်ရဲ့ ဥသျှလှိုင်ထိပ်ထား သီချင်းခင်ဗျ။

"စိတ်မှာ ပြန်တွေးမိရင် . . အတိတ်ကမ္ဘာဇာတ်ကြောင်း သာမြင်

လှိုင်ထိပ်ထား . . ထိပ်ထား ပျိုစင် . . .

လိပ်ပြာကန်ပြေးကြည့်ရင် . . အရိပ်ပမာထပ်လောင်းသာ ထင်

လှိုင်ထိပ်ထား . . ထိပ်ထား ပျိုစင် . . .

နန်းမြင့်နွယ်ဖွားမို့လဲ . . . အရေးထားကြ လူတကာပင် . . .

လှိုင်ထိပ်ထား . . . ထိပ်ထားပျိုစင် . . .

ပန်းပွင့်စံပယ်များလိုပဲ . . အသွေးအသားက ဖြူကာ အလှဆင် . .

လှိုင်ထိပ်ထား . . ထိပ်ထား ပျိုစင် . . .

သီချင်းသံက မြူးသလို ညာသံပေးပြီး ဝိုင်းဝန်းသီဆိုရသော တွေလည်းပါတော့ ဟိုကောင်တွေ ဆိုကလိုက်တာ တွေးကောတ်ပေ ပေါ့။ အဲဒီ့အချိန်မှာ သဘင်ဦးသျှောင်ကြီးတောင်မှ စည်းလွတ် ဝါးလွတ်နဲ့ ဤန္ဒြေမရအောင်တောင် 'က' ဖြစ်သွားပြီလေ။





ဝမ်းသာမှုတွေ ဖုံးလွှမ်းနေတဲ့ ကိုရဲကြီးက . . .

"ဟေ့ကောင် ဘိုတောက် . . စလုံးကိုစရောက်ရောက်ခြင်း ခင်းနဲ့ မမလှိုင်ရဲ့ အချစ်တွေကလည်း စလုံးရေစတော့မှာမို့ ရေထဲမှာ ခင်းအလုပ်လုပ်ရဲပြီလား . . ."

"လုပ်ရဲတယ် . . လုပ်ရဲတယ် . ."

"ရေထဲမှာ ဘယ်လောက်ကြာကြာအထိ လုပ်မှာလဲ"

"စက်ဘုပ္ပကျွန်း ရေမြုပ်တောင်မပြန်ဘူး ဆက်လုပ်ဦးမှာ"

ဟေး . . ဝါး . . နဲ့ အားလုံးပျော်မြူးစွာဖြင့် ကျွန်တော့်အိတ် တွေကိုထမ်းပိုးလို့ ကိုဝေယံနောက်ကို လိုက်မယ်ပြင်ချိန်မှာ ကိုအသေး လေးက . . . .

"ဖုန်းပြောတာ မဆုံးသေးဘူးလား . . တီးတိုး ဆက်ဖွင့်လေ ကွာ"

လို့ အော်လိုက်တဲ့အတွက် အားလုံးက ခြေလှမ်းတန့်ရင်း ပျော်တပြုံးပြုံးနဲ့ မမလှိုင်ရဲ့ အသံကိုထပ်မံပြီး နားစွင့်ကြပြန်တာပေါ့။

"မမလှိုင်နဲ့တောက်တောက်နဲ့ကွဲကွာပြီး အဆက်အသွယ်တွေ ပြတ်ခဲ့တာကြာခဲ့ပြီဆိုတော့ တောက်တောက်ရဲ့ရင်ထဲမှာ မမလှိုင် အတွက်အချစ်လက်ကျန်တွေမှရှိပါဦးတော့မလားလို့တွေးမိနေလို့ . .

မြန်မာပြည်ကို မမလှိုင် ပြန်ရောက်ရောက်ချင်း တောက် တောက်ကိုတွေ့အောင်ရှာမယ်။ မမလှိုင်ကို ချစ်သေးရဲ့လားလို့ မေးမယ် . . . .

မမလှိုင်အပေါ်မှာ ထားခဲ့တဲ့သူ့အချစ်တွေ မကုန်ခမ်းသေး ဘူးဆိုလို့ကတော့ အသေးလေးရေ . . မမလှိုင်မရှက်မကြောက် အမှန် အတိုင်းသာဝန်ခံရရင် မမလှိုင်ဘက်က ငွေကုန်ကြေးကျခံပြီးတောက် တောက်နဲ့ တင့်တင့်တယ်တယ်မင်္ဂလာဆောင်ဖို့အထိတောင်မှ မမ လှိုင်ဆုံးဖြတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟေး . . ဝါး . . နဲ့ အားလုံးက အော်ဟစ်ကာအားပေးလိုက်
ချိန်မှာ တီးတိုးက ဖုန်းကိုပိတ်လိုက်ပြီးနောက် အင်္ဂလန်အသင်း လင်
ရွှေးစင် ဘောသမားပီတာခရော့ရဲ့ စက်ရုပ်အကကို ကလိုက်တာန့်
တစ်ပြိုင်နက် . .

"မင်းတို့ မင်္ဂလာဆောင်အခွေကို ငါတို့တွေစုပြီး မူပိုင်လုပ်ထဲ့
ခိုင်သင်းကြည်၊ လူမင်း၊ ကြည်လဲ့လဲ့ဦး၊ ဇော်ပိုင်တို့ရဲ့ မင်္ဂလာဆောင်
အခွေတွေထက်သာအောင် ဗြိတိသျှစကားနဲ့ ဘိသိက်သွန်း၊ မင်္ဂလာ
ဆောင်သီချင်းမှန်သမျှ Rap သံစဉ်ပြောင်းပြီး ဗြိတိသျှလိုဆို၊ ဗြိတိသျှ
လို စာတန်းထိုးပြီး တစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးကို ဖြန့်ဝေ
လိုက်မယ်မှတ် . . ."

ကွေးနေအောင်ကနေတဲ့ စိုးမင်း (ခေါင်းတုံးမ) က . . .

"ခိုးကူးခွေတွေကိစ္စက ဘယ်လိုလုပ်မလဲ ကိုရဲကြီးရဲ့ . ."

"ပူမနေပါနဲ့ ဝယ်မယ့်သူရှိမှာမဟုတ်လို့။ အလကားပေး
မယ့်အတူတူ မြန်မာ့မင်္ဂလာဆောင်ကမ္ဘာကိုလွှမ်းစေသတည်းပေါ့
ကွာ"

ကျွန်တော့်လက်ကိုပါ ဆွဲလို့ အားလုံးက တပျော်တပါးကနေ
ချိန်မှာ ဘော် . . ဘော် . . ဘော် ဆိုသည့် အက်ကွဲကွဲနဲ့ သဘော်
ဟွန်းသံကြီးကို ကြားလိုက်ရသဖြင့် . . .

"မိုက်တယ်ဟေ့ . . ရှယ်မိုက်တယ် . . အဲဒီ့အခွေထဲက
သီချင်းတွေထဲမှာ လူနာတင်၊ ဝါယာလက်နဲ့ မီးသတ်ကား ဥသြသံ
တွေအပြင် သင်္ဘောဟွန်းသံ၊ သင်္ဘောဥသြသံကြီးတွေကိုပါ ထည့်ပေး
မယ်မှတ် . ."

အဲဒီ့အချိန်မှာ ကိုဝေယံက . . .

"ငါ့သင်္ဘောက ဆီတင်အောင်အချိန်မီသွားရမှာမို့ ငါ့
သင်္ဘောသူကြီး (ကပ္ပတိန်)က မြန်မြန်လာဖို့ ဟွန်းတီးနေတာကွ





တဲ . . ဘိုတောက် သွားရအောင်ဟေ့"

အားလုံးက ကျွန်တော့်အိတ်တွေကို သယ်ဖို့ ပြင်ဆင်နေ
စဉ်မှာပဲ ကိုအသေးလေးက . . .

"ဖုန်းပြောနေတာ မပြီးသေးဘူးကွ။ ဟဲ့ . . တီးတိုး ကမနေနဲ့
. . မြန်မြန်ပြန်ဖွင့်လိုက်ဦး"

တီးတိုးက စက်ရုပ်အကဖြင့် ဖုန်းနားကို သွားရင်း စက်ရုပ်
ပုံစံဖြင့် ဖုန်းကိုဖွင့်လိုက်တော့ . .

"ဒါပေမယ့် မမလှိုင်အနေနဲ့ တောက်တောက်ကိုရှာဖို့က
အချိန်သိပ်မကျန်တော့ဘူး အသေးလေးရေ . . ရွှေလထဲမှာ လူကြီး
ချင်းသဘောတူထားတဲ့ ဝင်းထွန်းနဲ့ လက်ထပ်ဖို့အတွက် ရက်တောင်
သတ်မှတ်ပြီးနေပြီကွ"

အဲဒီ့စကားသံထွက်ပေါ်လာချိန်မှာတော့ သင်္ဘောကျင်း
တစ်ခုလုံး သုဿန်တစပြင်လို တိတ်ဆိတ်ငြိမ်သက်သွားသည်။

"အဲဒါကြောင့် . . မမလှိုင်အနေနဲ့ တောက်တောက်ကိုရှာဖို့
အချိန်ပိုရအောင် အခုမြန်မာပြည်ကိုပြန်ဖို့အတွက် MAI လေယာဉ်
ပေါ်ကို ရောက်နေပြီ"

ထိုစဉ်မှာပဲ ချိုသာသည့်အသံလေးတစ်သံက ဖုန်းထဲမှထွက်
ပေါ်လာသည်။

"ကျေးဇူးပြုပြီးတော့ ဟန်းဖုန်းကိုပိတ်ပေးပါရှင်။ လေယာဉ်
ထွက်ခါလည်းနီးပါပြီ။ လေယာဉ်ပေါ်မှာလည်း ဟန်းဖုန်းပြောခွင့်
မရှိလို့ပါ။ ကျေးဇူးတင်ပါတယ်ရှင့်"

"ဟုတ်ကဲ့ပါရှင့် . . ဖုန်းပိတ်ပေးပါ့မယ် . . ကဲ . . အသေး
လေးရေ မမလှိုင်တစ်ယောက် တောက်တောက်ကို အချိန်မီရှာတွေ့ပါ
စေလို့ ဆုတောင်းပေးပါနော် . . ဘိုင့်ဘိုင့်"

"ကလစ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် အသံနှင့်အတူ ဖုန်းပိတ်သွားချိန်မှာတော့ အားလုံးရဲ့ မျက်လုံးများက ကျွန်တော့်ကိုတစ်လှည့်၊ ဖုန်းကိုတစ်လှည့်၊ အသေးလေးကို တစ်လှည့်နဲ့ ကြည့်နေကြရုံမှတစ်ပါး ဘာသံမှမထွက်ဘဲ တိတ်ဆိတ်လို့ပေါ့။

ကျွန်တော်က တုန်တုန်ရင်ရင်နဲ့ ဖုန်းကိုလက်ညှိုးထိုးရင်း

"ကျွန်တော့်ကို ရှာဖို့ မမလှိုင် . . . မြန် . . . မြန်မာပြည်ကို ပြန်. . ပြန်သွားပြီ"

အားလုံးက လေးလေးပင်ပင်ကြီး ခေါင်းညိတ်လိုက်ကြသည်။

"ကျွန် . . ကျွန်တော်က ဒီ . . ဒီနိုင်ငံမှာ ရောက် . . ရောက်နေတာလေ . ."

အားလုံးက တညီတညာတည်း ခေါင်းညိတ်လိုက်ကြပြန်သည်။

"ကျွန်တော် . . ဒီ . . ဒီကိုရောက်နေတာ မမလှိုင်မသိဘူးလား"

အားလုံးက တစ်ပြိုင်နက်တည်း ခေါင်းယမ်းပြလိုက်သည်နှင့် ကျွန်တော်က ကိုအသေးလေး၏ ပခုံးနှစ်ဖက်ကိုကိုင်လှုပ်ရင်း. .

"ကျွန်တော် . . ကျွန်တော် ဒီမှာရောက်နေတာကို ခင်ဗျားသိရဲ့သားနဲ့ ဘာပြုလို့ မမလှိုင်ကို မပြောလိုက်တာလဲ"

"အမ် . . ငါ . . ငါ . . မပြောခင် . . သူ . . သူက ဖုန်းပိတ်သွားတာကွ"

"သူ ဖုန်းမပိတ်ခင် ခင်ဗျားပြောရမှာပေါ့"

"ဟ . . ဖုန်းဆက်လိုက်ကတည်းက ငါပြောချိန်မရအောင် သူကချည်းပဲ တောက်လျှောက်ကြီး ပြောနေတာကိုးကွ"

"ဘာဖြစ်ဖြစ် အဲဒါခင်ဗျား ညံ့လို့၊ အဲဒါ ခင်ဗျား ညံ့လို့၊ အခု မမလှိုင်က ကျွန်တော့်ကိုရှာဖို့ မြန်မာပြည်ကိုပြန်သွားပြီ။ ဟိုမှာ



BURMESE CLASSIC .com



တလည်း ကျွန်တော့်အိမ်ကပြောင်းသွားတာ ကြာလှပြီ။ သူက ဘယ်သွားရှာမှာတဲ့လဲ။ ပြီးတော့ ကျွန်တော်ကဒီမှာ . . ဒီမှာ . . ဒီမှာ. ."

ကျွန်တော့် စကားအဆုံး လူငယ်တွေက . . .

"သူက ဟိုမှာ . . ဟိုမှာ . . ဟိုမှာ . . ၊ ဒီမှာ . . ဟိုမှာ ဟိုမှာ . . ဒီမှာ . . ဘယ့်နှယ်လုပ်မလဲ . . အာဟ"

ဟု သံစဉ်တွေဖြင့် ဝိုင်းဖြေကြသဖြင့် ကျွန်တော်က ဒင်းတို့ကို အော်ဆဲရင်း ကိုအသေးလေးကို လှုပ်ယမ်းကာ . . .

"သူက ဟိုမှာ . . ကျွန်တော့်ကိုရှာမတွေ့ရင် ဘာဖြစ်သွားမလဲ"

"အခါတော်တွေပေးတော့မှာ ဝင်းထွန်းကြီးနဲ့ပါ . . အာဟ"

လို့ ဟိုကောင်တွေက အော်ဟစ်လိုက်သော်လည်း ကိုအသေးလေးကတော့ မျက်လုံးပေကလပ်၊ ပေကလပ်လုပ်ရင်း ပါးစပ်အဟောင်းသားနဲ့ ဘာတစ်ခွန်းမှ ထွက်မလာသဖြင့် ကျွန်တော့်ဒေါသတွေ ပိုထွက်လာပြီး. .

"ကျွန်တော် နောက်ကောက်ကျရတော့မှာလား။ ဟောဒီနိုင်ငံအထိ အချစ်ကိုလိုက်ရှာမိတာ အခုတော့ ဒုက္ခအသစ်တွေ လာတွေ့နေပြီလား။ ဘုရား . . ဘုရား . . ကျွန်တော် ဘယ်လိုဖြေသိမ့်ရမလဲဗျာ"

ငိုကြီးချက်မဖြင့် ကျွန်တော်ပြောလိုက်စဉ်မှာပင် အချို့မှန့်က CD တစ်ချပ်ကိုကောက်ထည့်၍ ဖွင့်လိုက်ရာ စိုင်းစိုင်းခမ်းလှိုင်၏ အသံကြီးက ဝပ်တစ်ထောင်အားဖြင့် ထွက်ပေါ်လာသည်က . . .

"ဒုက္ခ . . ငါဘယ်လို ဖြေသိမ့်ရမှာလဲ . . .

ဗုဒ္ဓ . . တပည့်တော်ကို ကယ်ပါဘုရား . . .

နောက်ကောက်ကျနေပြီ . . .

အချစ်အသစ်ကို လိုက်ရှာ . . ဒုက္ခအသစ်တွေပဲ ထပ်တွေ့



www.burmeseclassic.com

www.burmeseclassic.com



နန္ဒစိုင်း . . အချစ်ဆိုတာ ဘာလဲဟေ့ . . ”

အလိုလိုမှ ဒေါသတွေ ထွက်နေရတဲ့အထဲ အချိုမှုန့်လက်ချက်ဖြင့် စိုင်းစိုင်းက ကျွန်တော့်ရင်ကို ဗလောင်ဆူအောင် လုပ်လိုက်သောအခါ ဒေါသတွေ ဟုန်းဟုန်းတောက်ပြီး ကိုအသေးလေးတို့ လှုပ်ယမ်းရင်းမှ . .

“ခွေးကောင် အချိုမှုန့် နင့်ဟာကို အခုပိတ်လိုက်စမ်း . . ဒီမယ်နန္ဒစိုင်း အဲလေ . . ဒီမယ် ကိုအသေးလေး . . ဟိုမှာ ကျွန်တော့်တို့ ရှာမတွေ့ရင် ဘာတွေဖြစ်ကုန်တော့မှာလဲ . . ကျွန်တော့်မေးခွန်းတို့ ဖြေပါဦး . . ကိုအသေးလေးရဲ့ . . ကျွန်တော့်အတွက်အချိန်မရှိတော့ဘူး။ ကျွန်တော့်ဘဝက ဆိုးလွန်းလှပါတယ်ဗျ”

အချိုမှုန့်က CD စက်ကိုမပိတ်ဘဲ အသံတိုးရုံထိုးထားသည်ထင်သည်။ ညီညီလား၊ မင်းသိန်းဦးလား မသိ။ CD စက်၏အသံကို ‘ဘား’ အဆုံးတင်လိုက်သည့်သကာလ . . .

“အရှုံးများဟာ ရေငုံပြီး . . စိတ္တဇကိုခံစားမိ . . .
မေးခွန်းအတွက် အချိန်ဟာမရှိ . . ဆိုးသွားပြီ ငါ့ဘဝကြီး
ဆိုးလွန်းလှတဲ့ နေ့ညတွေ . . မနေတတ်ဘူး . . .
အရာရာပျောက်ဆုံးသွားပြီလား . . ငါလေ မမျှော်လင့်ဘူး
ဒါတွေအားလုံး မေ့ပစ် . . အားလုံး မေ့ပစ် . . .
ဘာမှမသိတော့ဘူး . . . .
အိုး . . အဲဒါ . . ဒုက္ခ . . ငါဘယ်လိုဖြေသိမ့်ရမလဲ . . ”

စိုင်းစိုင်းနှင့် နန္ဒစိုင်းတို့၏ အသံကြီးကျယ်လောင်စွာ ထွက်ပေါ်လာသည်နှင့် ကျွန်တော်က ကိုအသေးလေးကို တွန်းပစ်လိုက်ရင်း . .

“ဒုက္ခ . . အဲဒါ ဒုက္ခ ငါပြောချင်တဲ့ ငါ့ရဲ့ခံစားချက်တွေအကုန်လုံး စိုင်းစိုင်းနဲ့ နန္ဒစိုင်းတို့ဆိုသွားတဲ့အတိုင်းပါပဲခင်ဗျ”





ဟု ကျွန်တော်က ငိုကြီးချက်မဖြင့် ပြောလိုက်သောအခါ ကျွန်တော့်၏ ရင်နှင့်အမျှ ခံစားရသမျှကို မစာနာသော Rapper အုပ်စုကတော့ . . .

“ဟာ မိုက်တယ်ဟေ့ . . ရှယ်မိုက်တယ် . . စိုင်းစိုင်းနဲ့ သူငယ်ချင်းများစွာထက်အများကြီးသာတဲ့ တောက်တောက်နဲ့သူငယ်ချင်းများစွာဟေ့”

“ဟုတ်ပ . . ဟုတ်ပ . . မျက်ရည်တွေက အစစ်တွေကျတာအတုမဟုတ်ဘူး။ ကိုအသေးလေးကို တွန်းပစ်လိုက်တာ ဘယ်လောက်ပါဖော့မင့်ဆန်သလဲ တောက်တောက်ကွ . . ကြိုးစားထား . . . ”

“ငါပြောချင်တဲ့ . . . ငါ့ရဲ့ခံစားချက်တွေ အကုန်လုံး . . .
စိုင်းစိုင်းနဲ့ နန္ဒစိုင်းတို့ ဆိုသွားတဲ့ အတိုင်းပဲ။ ကမ်းမောင် . . ဘေးဘေ . . ရှီရှီ”

လို့ Rap သီချင်းလုပ်၍ ဆိုလိုက်ကြပြန်သည်။

ဒင်းတို့အားလုံး၏ အမူအရာနှင့် အပြောအဆိုများကြောင့် ကျွန်တော်က မျက်ရည်ပင်မသုတ်အားဘဲ ဒင်းတို့ကို ဆဲပစ်လိုက်ရာ

“မိုက်ပြန်ပြီဟေ့ . . . စကားလုံး အသစ်တွေနဲ့ မိုက်ပြန်ပြီ”

“ခွေးကောင်လေးတွေ . . . ခွေးကောင်လေး . . ကမ်းမောင် . . ဘေးဘေ . . ခွေးကောင်လေး”

ကျွန်တော်ပြောသမျှ၊ ဆဲသမျှ စကားလုံးတိုင်းကို Rap လုပ်နေသဖြင့် စကားမပြောတော့ဘဲ ဒင်းတို့ကို လိုက်ထိုးစဉ် . . . .

“ဘော် . . . ဘော် . . ဘော် . . . ”

အက်ကွဲကွဲဖြင့် သဘော်ဟွန်း၊ ဥဩသံကြီး ထွက်လာသဖြင့် တိုဝေယံက . . .

“ဟကောင် . . ဘိုတောက် မြန်မြန်လာပါဟ . . ဟိုမှာ ငါ့သဘော်သူကြီးက ကြာလို့ဒေါသတွေထွက်နေပြီကွ”



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဒေါသက ကျွန်တော့်သောကလောက်မကြီးပါဘူး ကိုဝေယံရဲ့ . . ခင်ဗျားဟာ ခင်ဗျား သွားပါတော့ . . အီး . . အီး . . ကျွန်တော် မလိုက်ဘူး . . သင်္ဘောပေါ်မှာ ကျွန်တော် အလုပ် မလုပ်ဘူး။ ပြန်မယ် . . မြန်မာပြည်ကို ပြန်မယ် အီး . . အီး . ."

"ဒေါသက . . သောကလောက်မကြီး . . .

ခင်ဗျားဟာ ခင်ဗျား . . သွားပါ . . သွားပါ . . သွားစမ်းပါ

သင်္ဘောပေါ်မှာ ကျွန်တော်မလုပ် . . ပြန်မယ် . . ပြန်မယ် . . အီး . . အီး . . အီး . ."

ကျွန်တော့်၏ ကိုယ်ပိုင်ရင်တွင်းဖြစ် ခံစားချက်ငိုချင်းတွေကို Rap လုပ်ပစ်ကြသည့် မစာနာသော သူငယ်ချင်းတစ်စုအပေါ်သို့ ကျွန်တော့် ဒေါသတွေကို စုပုံလိုက်စဉ် . . . .

"ဘော် . . ဘော် . . ဘော် . . ဘော် . . ဘော် . ."

အဆက်မပြတ် အသံကွဲကြီးထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဆယ့်လေးလက်မ တီဗီလောက်ကြီးမားသော ဦးခေါင်းပိုင်ရှင် အရပ်ခြောက်ပေနီးပါး ခန္ဓာကိုယ်အတ္တဘော ပိုင်ရှင်ကိုရဲကြီးက နောက်ဘက်မှနေ၍ ကျွန်တော့်ကို ဖမ်းချုပ်လိုက်ရင်း . . .

"မနဲ့ . . ဒီကောင့်ခြေထောက်ကိုချုပ်ပြီး မ,စမ်းကွာ။ ဟို ကောင်တွေ ဘာကြောင့်ကြည့်နေတာလဲ။ ဒီကောင်ရဲ့ အိတ်တွေယူကြ သင်္ဘောပေါ်ကို တစ်ခါတည်း တင်ပေးလိုက်မယ်"

"မသွားဘူး . . သင်္ဘောပေါ်ကို မတက်ဘူး။ ရေမကူးတတ်ဘူး။ ကြောက်တယ်။ ပြန်မယ် . . ပြန်မယ် . . လွှတ် . . လွှတ် . ."

မရပါ။ ကျွန်တော် ဘယ်လိုမှမရုန်းနိုင်အောင် ထမင်းလုံးတို ပုရွက်ဆိတ်တွေ မ,ချီကြသကဲ့သို့ သင်္ဘောကျင်းရှိသူအပေါင်းက ကျွန်တော့်ကို ဝိုင်းချုပ်၍မ,ကာ ကိုဝေယံ၏ သင်္ဘောပေါ်သို့ ဦးတည်၍ ခေါ်သွားသော သကာလ . . .





ကျွန်တော်က အတင်းရုန်းကန်ရင်း . . .

"မလိုက်ဘူး . . မလိုက်ဘူး . . လွှတ် . . လွှတ် . . အီး အီး . . လွှတ်ကြပါဗျ။ ခင်ဗျားတို့ ကျွန်တော့်ကို သင်္ဘောပေါ်တင်ပေးရင် ကျွန်တော်က ရေထဲခုန်ချမှာနော် . . ."

"ရေမကူးတတ်တဲ့ကောင်က၊ ရေကြောက်တဲ့ကောင်က ရေထဲကို ခုန်ချမယ် ဟုတ်လား။ မင်းဟာမင်း ခုန်ချရဲရင် ခုန်ချလေ။ မင်းရေနစ်သေရင် မင်းမိဘတွေက လျော်ကြေးရမှာ။ မင်းကို ဟိုမှာ မနိုင်လို့ စက်ဘူကိုခေါ်လိုက်တာတဲ့။ မြန်မာပြည်ကို လူပြန်မရောက်ရင်တောင် လျော်ကြေးငွေ အပြည့်အဝရောက်စေရမယ်လို့ မင်းမိဘတွေကို ကတိပေးထားတဲ့အကြောင်း မင်းအစ်ကိုဝမ်းကွဲ ရွာတောင်ပိုင်းက ကိုဖိုးသံက ငါ့ကိုပြောထားတယ်ကွ"

"မိဘကျေးဇူးဆပ်မယ့်သား မြင်ဖူးကြရဲ့လား . . အာဟ . . အာဟ . . ရှီ့ရှီ့ . . လူပြန်မလာရင်ငွေနဲ့ဆပ် . . တောက်တောက် ဘတဲ့ဇာတ် . . အာဟ . ."

"အောင်မယ်လေး မမလှိုင်ရေ . . မမလှိုင်ရဲ့ဟောဒီမှာ တောက်တောက်ရဲ့သူငယ်ချင်းများစွာက ကမ်းကုန်ပြီး ရေထဲကို ရောက်အောင် ရက်စက်နေကြပြီဗျ . . အိ . . အီး . . . စလုံးကို ရောက်လို့ ကျွန်တော့်အချစ်တွေ စလုံးရေမစခင် ဆလိမ်နဲ့ ဆုံးတော့မှာကို လာကြည့်လှည့်ပါဦး မမလှိုင်ရဲ့ . . အီး . . အီး . ."

ကျွန်တော် အော်ဟစ်ကာ ငိုယိုလို့မဆုံးခင်မှာပဲ . . .

"ဘော် . . ဘော် . . ဘော် . . ဘော် . . ."

ဟူသည့် ကွဲအက်အက်အသံကြီးကို အနီးကပ်ကျယ်လောင်စွာ ကျွန်တော့်နားတွေပင်းမတတ် ကြားလိုက်ရလေတော့သတည်း။

**အစဉ်ကြိုးစားလျက်**

**ထူးဆွေအောင်**

www.burmeseclassic.com

www.burmeseclassic.com





**စက်ပျက်တော်ချိန် ၁၆း၀၀**
**ညနေ ၄း၀၀**

## ကျေးဇူးတင်လွှာ

လေးစားခင်မင်ရပါသော ပရိသတ်ကြီးခင်ဗျား . . . .

အနန္တစကြာဝဠာအတွင်း၌ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် ဆွေမျိုးမတော်စပ်ဖူးသူမရှိသလို . . .

ကျေးဇူးမတင်ထိုက်သူဟူ၍လည်း မရှိပြားသော်လည်း . . .

'စလုံးရေ စ'ဝတ္ထုနှင့် ပတ်သက်၍ မှတ်မှတ်ရရ အနီးကပ်ကျေးဇူးတင်ရမယ့်သူအပေါင်းကို ကျေးဇူးတင်လွှာမှတစ်ဆင့် ဖော်သည်ချပြီး အမည်နာမတပ်ကာ ကျေးဇူးတင်ရမည်ဆိုလျှင်ဖြင့် . . .

လက်ဦးဆရာမည်ထိုက်စွာသား ပုဗ္ဗစရိယ မိနှင့်ဖ ဆိုစကားနှင့်အညီ ဖခင်ကြီး (ဦးခို)၊ အမိ ဒေါ်ခင်မြင့်ကို အစထား၍ အစ်မကိုးယောက်၊ ညီတစ်ယောက်ကိုလည်းကောင်း . . .

ထူးဆွေအောင် ဟူသော ကလောင်အမည်ကို ကင်ပွန်းတပ်ပေးပြီး စာပေမှော်ရုံတောထဲသို့ ဖေးမကာ လမ်းပြခေါ်ဆောင်ပေးသည့် လက်ဦးဆရာဦးအောင်သင်းကိုလည်းကောင်း . . .

ကျွန်တော့်ဝတ္ထုများကို အချိန်ကုန်၊ ငွေကုန်ခံ၍ ဖတ်ရှုအားပေးကြသော ပရိသတ်ကြီးကိုလည်းကောင်း . . . .





ကျွန်တော့်ကို စင်္ကာပူနိုင်ငံသို့ မရ ရအောင်ခေါ်ကာ အလုပ်ခန့်ပေးခဲ့သော ကျွန်တော်၏အစ်ကို S'pore မှ စီးပွားရေးလုပ်ငန်းရှင်ဦးသူရိန်အောင် thureign@gmail.com အားလည်းကောင်း . . .

တယ်လီဖုန်းကဒ်များကို အကြွေးပေးသည့်အပြင် လိုအပ်ပါက ပိုက်ဆံပါထုတ်ချေးသော စင်္ကာပူနိုင်ငံ ပင်နင်စူလာပလာဇာရှိ လှိုင်ဟိန်းကွန်ပျူတာထရေးဒင်းမှ အန်တီညို (ဒေါ်ခင်ဝင်းညို)နှင့် မိသားစုဝင်များကိုလည်းကောင်း . . .

ကျွန်တော်ရေးသမျှကို လက်မနှေးဘဲ ထည့်သွင်းဖော်ပြလေ့ရှိရုံမက အကြံကောင်းများပေးလေ့ရှိသော ဒေါက်တာခင်မောင်လတ် မိသားစုနှင့်တကွ စင်္ကာပူနိုင်ငံထုတ် ရွှေမြန်မာမဂ္ဂဇင်းအဖွဲ့သားများကိုလည်းကောင်း . . . .

ကျွန်တော့်အနှံ့အတာကို အပြုံးမပျက်ခံသော ကမ်းကုန်၍ရေထဲရောက်နေသည့် 'ဘန်ကာ' သင်္ဘောသားများဖြစ်ကြသော ကိုရဲကြီး၊ ကိုမနဲ့၊ ကိုဝေယံဝင်း၊ မောင်လွင်၊ စိုးမင်းထွန်း၊ ကိုဝင်းမြင့်၊ ကိုအေးထွန်း၊ သန်းအောင်၊ ဘိုစော၊ မင်းသိန်းဦး၊ ညီညီ၊ ကျုံးကြီး၊ ဘိတ်သား၊ ကိုင်ဇာစိုး၊ ကုလားလေး၊ အချိုမှုန့်တို့ကိုလည်းကောင်း . . .

အပျော်စီးသင်္ဘောမှ ကိုသက်ခိုင်၊ ရဲကြီး၊ ဇော်မင်းတို့ကိုလည်းကောင်း . . .

ဘီးဇင်းသင်္ဘောကျင်းမှ ကိုအသေးလေး၊ တီးတိုး၊ မင်းမင်းပြည့်စုံ၊ ဘိုဘို၊ ဝင်းထွန်း၊ သိန်းသန်းစိုး တို့ကိုလည်းကောင်း . . .

ပေါ်လီကျောင်းသားသီဟန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ ကိုခင်မောင်တို့ကို လည်းကောင်း . . .

ကုမ္ပဏီမှ Technician မျိုးမြင့်မောင်(ရိမျိုး) ကိုလည်းကောင်း . .



www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထုကိုရေးရန်အတွက် ကွန်ပိုအခန်းတစ်ခုလုံးကို ကြိုတ်သလောက်နေ၊ ကြိုက်သလို အသုံးပြုခွင့်ပေးသော ပင်နင်စူလာ ပလာဇာရှိ အမေ့ရွှာ Internetမှကိုထွန်းထွန်းနှင့်မဒိုဒိုတို့ ဇနီးမောင်နှံအားလည်းကောင်း . . .

ဤဝတ္ထုကို ရေးသားနေစဉ်အတွင်း စားရေး၊ သောက်ရေးမှစ၍ ဝေယျာဝစ္စအားလုံး မညည်းမညူ ထောက်ပံ့ခဲ့သော ကိုမိုး (တော်ဝင်မြို့မမိသားစု) ကိုလည်းကောင်း . . .

ဤဝတ္ထုတွင် အသုံးပြုမည့် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ သီချင်း၊ တိပ်ခွေ၊ CD ၊ ဓာတ်ပြားတို့ကို မရမကရှာဖွေပေးသည့် ဒါရိုက်တာစိုးဟိန်း (မန်းတက္ကသိုလ်)နှင့် ဝိဇ္ဇာမဂ္ဂဇင်း အဖွဲ့သားများကိုလည်းကောင်း. .

ညီအရင်းသဖွယ် ချစ်ခင်ရသော စာရေးဆရာ ပြည့်ပိုင်မှူးအိမ်နှင့် မိုးဆက်လင်းထက်တို့ကို လည်းကောင်း . . .

ကျွန်တော့်ကို အထူးတလည် ဝေဖန်အကြံပြုခဲ့သော ဦးတင်နိုင်ဝင်း(ဝင်းဝင်းစိန် ပီနံအိတ်ရောင်းဝယ်ရေး၊ ဈေးချို မန္တလေး) မလေးလေးမွန်၊ ကိုမိုးကျော်ခိုင် (မုံရွာပြည်သူ့ဆေးရုံကြီး)၊ မရီရီခိုင် (ပခုက္ကူ)၊ မကွေးတက္ကသိုလ်ရှိ ဆရာ၊ဆရာမအပေါင်း၊ ဆေးတက္ကသိုလ် မကွေးရှိ ကျောင်းတော်သူ၊ ကျောင်းတော်သားအပေါင်း၊ ကိုတင့်လွင် မဖြူနှင်းစံမိသားစု (ရေစကြို+သနပ်ပင်)၊ နေဝင်းကျော် (အနန်းပင်) တို့ကိုလည်းကောင်း . .

အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော ကိုနိုင်နှင့်တကွ တော်ဝင်မြို့မအဖွဲ့သားများအားလုံးကိုလည်းကောင်း . . .

ရင်နှင့်အမျှ ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် . . .

အခါသင့်၍ အခွင့်သာပါက 'စလုံးရေ စ' ဝတ္ထုတွင် ပါဝင်သော ဇာတ်ကောင်များနှင့် စင်္ကာပူနိုင်ငံကို နောက်ခံထား၍ ရယ်မောရင်း လွမ်းဆွတ်ရဦးမည့်ဝတ္ထုတစ်ပုဒ်ကို ထပ်မံရေးသားပါဦးမည်ဟု . . .



BURMESE CLASSIC .com



ကျေးဇူးတင်လွှာအတွင်း၌ ကြားဖြတ်၍ ကြော်ငြာသွင်းရင်း . . . . . .

အားလုံး၊ အားလုံးကို
အထူးထလည်၊ အမှန်အကန်
လေးလေးစားစားဖြင့် ကျေးဇူးတင်လျက်
ထူးဆွေအောင်

ဆက်သွယ်ရန်လိပ်စာ
ရန်ကုန် - ဒေါ်ခင်သန်းဆွေ
အမှတ် (၂၈)၊ မဟာဗောဓိလမ်း၊
မြေနီကုန်း (တောင်) ရပ်ကွက်၊
စမ်းချောင်းမြို့နယ်။
Tel - 502580

စင်္ကာပူ - DAW KHIN WIN NYO
LOI HENG TRADING
#04-66 Peninsula Plaza.
111 Noth Bridge Road,
Singapore 179098.
Tel: 82859439

www.burmeseclassic.com